www.burmeseclassic.com



BURMESE CLASSIC .com

မုညခင်စာအုပ်တိုက်

# မုညခင်

အချစ်ဆိုတာ . . .

နှင်းဆီပွင့်ဖတ်ပေါ်က ရေလေးတစ်စက်လို . .

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ထုတ်ဝေခြင်း | – | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ<br>ပထမအကြိမ် |
| မျက်နှာဖုံးပန်းချီ | – | L လင်း |
| အုပ်ရေ | – | ၅၀၀ အုပ် |
| တန်ဖိုး | – | ၁၅၀ ကျပ် |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမာ<br>ပုညခင်စာပေ၊ (မြ – ၀၄၅၅၈)<br>တိုက် (၆၁)၊ အခန်း (၁၁)<br>ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | – | ဒေါ်နီနီခိုင် (၀ရ၁၃၅)<br>သီရိမေရောင်ပုံနှိပ်တိုက်၊<br>အမှတ်(၁၉)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| မျက်နှာဖုံးပုံနှိပ် | – | ဦးမြသိန်း<br>(သိန်းမြင့်ဝင်း ပုံနှိပ်တိုက်)<br>အမှတ် (၉၆)၊ (၁၁) လမ်း၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – | ပုညခင် စာအုပ်တိုက် |

၈၉၅ . ၈၃
ပုညခင်
အချစ်ဆိုတာ နှင်းဆီပွင့်ဖတ်ပေါ်က ရေလေးတစ်စက်လို/ပုညခင်၊ – ရန်ကုန်။
ပုညခင်စာအုပ်တိုက်၊ ၂၀၁၃။
၃၃၆ – စာ၊ ၁၈ X ၁၂ စင်တီ။
(၁) အချစ်ဆိုတာ နှင်းဆီပွင့်ဖတ်ပေါ်က ရေလေးတစ်စက်လို ...


BURMESE CLASSIC .com

- ပုညခင်စာအုပ်တိုက်

# ပုညခင်

## အချစ်ဆိုတာ ...
## နှင်းဆီပွင့်ဖတ်ပေါ်က ရေလေးတစ်စက်လို ...



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သူဟာ ... ငါ့ဘဝရဲ့ မိုးကုတ်စက်ဝိုင်းပဲ
သူ့ကို ငါ မြင်နေရပေမယ့် ...
သူ့ဆီ ဘယ်တော့မှ မရောက်နိုင်ဘူး ...။

www.burmeseclassic.com

www.burmeseclassic.com

* * *

'ခေတ်ဆန်းမေ' သည် ပုဏ္ဏာရိုက် ခြံစည်းရိုးကြားသို့ လက်ကလေးနှစ်ဖက်ဖြင့် တွန်းဖြဲလျက် ချောင်းကြည့်ပေါက်လေးတစ်ခု ဖန်တီးလိုက်သည်။

ထိုအပေါက်ကလေးနားသို့ မျက်နှာကလေးငုံ့ကပ်၍ ချောင်းကြည့်လိုက်သောအခါ တစ်ဖက်ခြံထဲက ပြာလဲ့လှပလွန်းသော ရေကူးကန်ကြီးကို မြင်ရလေသည်။

ဆန်းမေသည် ရေကြည်ပြာလဲ့သော ရေကူးကန်ထဲသို့ ဒိုက်ဗင်ထိုးချချင်လာကာ စိတ်ထဲမှာ ကျလိ ကျလိ ဖြစ်လာရ၏။ ထိုရေကူးကန်ကြီးက ဆန်းမေကို အသည်းယားအောင် မြှူဆွယ်နေတတ်၏။ ရေကူးတတ်ချင်လှသော ဆန်းမေရဲ့ အိမ်ဟာ မြစ်ချောင်း အင်းအိုင်နှင့်လည်း မနီး ...။ ပိုက်ဆံမတတ်နိုင်တာမို့ ရေကူးကန်ကိုလည်း မသွားနိုင် ...။ ကိုယ်ပိုင် ရေကူးကန်ရှိဖို့ဆိုတာလည်း ဒီတစ်သက်တော့ မဖြစ်နိုင်ပါဘူးလေဟု စိတ်လျှော့သွားခဲ့တာ ကြာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တစ်ဖက်ခြံထဲက အဲ့ဒီရေကူးကန်လှလှကြီးဟာ လွန်ခဲ့သော တစ်လလောက်ကမှ နတ်ဖန်ဆင်းလိုက်သလို ဘွားခနဲ ပေါ်ပေါက်လာခဲ့တာဖြစ်သည်။ ဒီမတိုင်ခင်ကဆို ဒီခြံကြီးဟာ ခုလောက် သစ်လွင်လှပမလာသေး ...၊ ရေကူးကန်လည်း မရှိသေးပါ။

အဲ့ဒီဘက်က တိုက်အိမ်အကြီးကြီးရှိတဲ့ ခြံကြီးနဲ့ ဆန်းမေတို့ နေတဲ့ ခြံဝန်းလေးကို ပိုင်ရှင်သူဌေးတစ်ဦးတည်းက ပိုင်ဆိုင်သည်။ ထိုသူဌေးဟာ အိမ်ဆောက်ထားတဲ့ ဘက်ခြမ်းကိုတော့ ရောင်းဖို့ရည်ရွယ်ပြီး ဆန်းမေတို့ သစ်သားအိမ်ကလေးရှိတဲ့ ဘက်ခြမ်းကိုတော့ မရောင်းဘဲထားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

သူဌေးပိုင် ထိုခြံကလေးထဲက အိမ်ကလေးမှာ ဆန်းမေတို့ သားအမိကို ခြံစောင့်သဘောမျိုး နေထိုင်ခွင့်ပြုခဲ့တာပင်။ အမေက ဖက်ရှင်ဆိုင် ဒီဇိုင်နာတစ်ယောက်ဆီမှာ စီးကွင့်ထိုးပန်းထိုး၊ ဘော်ကြယ်တပ်၊ ကြယ်သီးတပ် အလုပ်ကလေးလုပ်နေရင်း မကြာခဏ အဝတ်အစား လာအပ်သည့် သူဌေးကတော်နှင့် သိကျွမ်းခဲ့ရသည်။

သဘောကောင်းတဲ့ သူဌေးကတော်ဟာ အိမ်ငှားနေနေရတဲ့ ဆန်းမေတို့ သားအမိကို သူ့ခြံထဲက အိမ်ကလေးမှာ နေခွင့်ပေးပြီး ဆန်းမေတို့နေဖို့ သစ်သားအိမ်ကလေးတောင် ဆောက်ပေးခဲ့ပါသည်။ ဒါကြောင့်ပဲ ဆန်းမေဟာ သူဌေးသမီးမဟုတ်သော်လည်း သူဌေးရပ်ကွက်မှာ နေခွင့်ရခဲ့တာပင် ...။

သူဌေးရပ်ကွက်မှာ နေရတာဟာ သူဌေးတွေအတွက်





ကောင်းပေမယ့် ဆန်းမေတို့ အတွက်တော့ အဆင်ပြေလှတာ မဟုတ်ပါ။ ကိုယ့်အနားပတ်ချာလည်မှာ သူဌေးတွေချည်းပဲ နေနေကြတာမို့ အိမ်နီးချင်းရယ်လို့ ပေါင်းသင်းစရာ လူမရှိ...။ သူဌေးတွေဟာ သိပ်အလုပ်များလွန်းလို့ပဲလား၊ ဒါမှမဟုတ် သီးသန့်နေချင်ကြလို့လားတော့ မသိ၊ အမြဲတမ်း ခြံတံခါးကြီးတွေ အလုံပိတ်ကာ တိတ်တိတ်ဆိတ်ဆိတ် နေထိုင်ကြပါသည်။

ဆန်းမေတို့ နေတဲ့ ခြံကလေးနဲ့ ဘတ်စ်ကားတွေသွားတဲ့ လမ်းမကလည်း ဝေးလှတာမို့ ကားမရှိတဲ့ ဆန်းမေတို့ သားအမိဟာ အပြင်သွားချင်ပြီဆို လမ်းမအထိ တော်တော်ဝေးဝေး လမ်းလျှောက်ထွက်ရပါသည်။ ကိုယ်ပိုင်ကားရှိတဲ့ သူဌေးတွေကတော့ ဘာအရေးလဲ ...။ ဆန်းမေတို့မှာတော့ မသက်သာ ...။ ဒါကြောင့် အမေက သူ့အလုပ်ရှင် ဒီဇိုင်နာ မမကေသွယ်ဆီမှာ စုငွေကလေး ကြိုထုတ်ကာ ဆန်းမေအတွက် စက်ဘီးလေးတစ်စီး ဝယ်ပေးခဲ့ပါသည်။

စက်ဘီးလေးရတော့ ဆန်းမေ တော်တော်ပျော်ခဲ့ရပါသည်။ အဲ့ဒီတုန်းက ဆန်းမေက ရှစ်တန်းနှစ်ပဲ ရှိသေးတာ။ စက်ဘီးမရှိခင်ကဆို စာအုပ်တွေအများကြီးထည့်ထားသည့် လွယ်အိတ်ကြီးကို သယ်ပိုးကာ ဟိုအဝေး လမ်းမထိပ်ထိ လမ်းလျှောက်ပြီး ကျောင်းတက်ရပါသည်။ ကျောင်းက လမ်းမထိပ်နဲ့ဆို ကားတစ်မှတ်တိုင်စာလောက် ဝေးပါသည်။ စက်ဘီးကလေး ရပြီးတော့မှပဲ ကျောင်းသွားရတာ တော်တော် အဆင်ပြေသွားခဲ့ပါသည်။

အမေ အလုပ်သွား အပြင်သွားရင်လည်း ဆန်းမေဟာ



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို စက်ဘီး ကယ်ရီယာမှာ တင်နင်းပြီး လမ်းထိပ်ထိ ပို့ဆဲမြင်ပင် ဖြစ်ပါသည်။

ဆန်းမေတို့ သားအမိဟာ မချမ်းသာပေမယ့် ဆင်းရဲစုတ်ပြတ်သည့် အဆင့်အတန်းထဲမှာတော့ မပါ။ အမေက လက်မှုပညာ တတ်ကျွမ်းတာမို့ ဒီဇိုင်နာ အစ်မရဲ့ အားကိုးရသော လက်ထောက်ဝန်ထမ်းတစ်ယောက်ပင်။ ထို့ကြောင့် အမေရသော လခဟာ ဆန်းမေရဲ့ ကျောင်းစရိတ်ရော အိမ်စရိတ်ပါ ဖူလုံလောက်ငပါသည်။ ပြီးတော့ … ခြံထဲမှာ သစ်ခွပင်တွေ မျိုးပြီး အပင်ရော အပွင့်ပါ ရောင်းရသည့် ဝင်ငွေကလည်း မဆိုး …။

ဆန်းမေဘဝမှာ အဖေလည်း မရှိတော့၊ ညီအစ်ကို မောင်နှမလည်း မရှိပေမယ့် အမေနဲ့ ခုလိုလေး အပူအပင်ကင်းကင်း အေးအေးချမ်းချမ်း နေခွင့်ရသော ဘဝကို နှစ်သက်ပျော်မွေ့လှပါသည်။

တစ်ရက်မှာ အမေ အလုပ်ကပြန်လာတော့ သတင်းစကားလေးတစ်ခု သယ်ဆောင်လာခဲ့သည်။

"သမီးရေ… ဟိုဘက်က အိမ်ကြီးတော့ ရောင်းထွက်သွားပြီတဲ့ဟဲ့ သိလား …"

"ဟုတ်လား အမေ၊ အမေ ဘယ်လိုသိလာတာလဲ"

"ဒီနေ့ သူဌေးကတော် ဆိုင်ကိုလာရင်း ပြောသွားတာလေ"

"ဒါဆို နေမယ့်သူတွေ ပြောင်းလာကြတော့မှာပေါ့နော်"

"လောလောဆယ်တော့ မပြောင်းသေးဘူးတဲ့ သမီးရဲ့ …၊ ဝယ်လိုက်တဲ့ သူဌေးက နိုင်ငံခြားမှာ နေတာကြာပြီတဲ့၊





ခုမှ ဒီမှာ စီးပွားရေးလုပ်ငန်းတစ်ခု ပြန်အခြေချမှာမို့ ဒီမှာ ပြန်လာနေမှာတဲ့ …"

"မိသားစုတွေ အများကြီး လာပြန်နေကြမှာပေါ့နော်"

"မများဘူး သမီးရဲ့၊ သူဌေးနဲ့ သူ့နှမလေးတစ်ယောက်ပဲ ရှိတာတဲ့၊ အိမ်မှုကိစ္စလုပ်ပေးတဲ့ ဆွေနီးမျိုးစပ်တွေလည်း ပါချင်ပါမှာပေါ့ …၊ မိသားစု အရင်းအချာကတော့ မောင်နှမ နှစ်ယောက်တည်းတဲ့၊ သူဌေးက သူ့နှမလေးကို သိပ်ချစ်တာတဲ့၊ သူ့နှမလေးက ရေကူးကန်ပါတဲ့အိမ် မဟုတ်ရင် မနေဘူးဆိုလို့ ဝယ်ပြီးတာနဲ့ ချက်ချင်းပဲ အိမ်ရှေ့မြေပိုမှာ ရေကူးကန်လုပ်ဖို့ ကုမ္ပဏီတစ်ခုကို အပ်လိုက်တယ်တဲ့၊ အိမ်ကိုလည်း သစ်လွင်တောက်ပလာအောင် မွမ်းမံပြီးမှ ပြောင်းလာကြမှာတဲ့ …"

အမေ အဲ့ဒီစကားပြောပြီး မကြာခင်မှာပဲ ဟိုဘက်ခြံဝန်းထဲမှာ လူသံသူသံ ဆူညံသံတွေ ကြားရတော့တာပင် …။ ဆန်းမေက စိတ်ဝင်စားလှတာမို့ အသံတွေကြားတိုင်း ခြံစည်းရိုးကြားထဲကနေ တစ်ဖက်ခြံကို ချောင်းချောင်းကြည့်ခဲ့ရပါသည်။

ဝန်ထမ်းအလုပ်သမားတွေ ဖြစ်ပုံရတဲ့သူတွေဟာ အိမ်ကြီးကိုလည်း မွမ်းမံပြင်ဆင်ကြ၊ ရေကူးကန် တည်ဆောက်ကြနှင့် နေ့စဉ်နှင့်အမျှ လူသူဆူညံ ရှုပ်ထွေးပြီးနောက် မကြာခင်မှာပဲ ပြာလဲ့လှပသော ရေကူးကန်ကြီးတစ်ခု ပေါ်ပေါက်လာခဲ့ရပါသည်။ အိမ်ကြီးဟာလည်း ယခင်ထက် ပိုပြီး လှပသစ်လွင် ပြောင်လက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေဟာ အဲ့ဒီအိမ်ကြီးဆီကို ဘယ်လို အိမ်ကြီးရှင်များ ရောက်လာလေမလဲဟု စဉ်းစားတွေးတောနေခဲ့မိသည်။

"အမေ … အဲ့ဒီ အိမ်ရှင်သူဌေးသား မောင်နှမက ဘယ်လို လူမျိုးတွေလဲ မသိဘူးနော်"

ဟု အမေ့ကို မေးမိတော့ အမေက ဆန်းမေရဲ့ခေါင်းကလေးကို အသာအယာ ပုတ်လိုက်ရင်း …

"စိတ်ဝင်စားမနေပါနဲ့ သမီးရယ်၊ သူတို့ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ် တို့တွေနဲ့ ပေါင်းလို့သင်းလို့ ရမှာမှမဟုတ်တာ"

"ပေါင်းလို့ရရင် ကောင်းမှာပဲနော် အမေ၊ ဆန်းမေဖြင့် ဒီမှာနေရတာ ပျင်းနေတာပဲ …၊ သူဌေးနှမဆိုတာလေးက ဆန်းမေနဲ့ ရွယ်တူဆို သိပ်ကောင်းမှာပဲ၊ သူနဲ့သာ သူငယ်ချင်းဖြစ်ရင် ဆန်းမေတော့ သူတို့ ရေကူးကန်မှာ တစ်ခါလောက် သွားကူးမှာပဲ သိလား … ဟိ ဟိ"

ဖြစ်နိုင်တာ မဖြစ်နိုင်တာ အသာထားလို့ အဲ့ဒီလိုလေး ကိုယ့်ဘာသာ စိတ်ကူးယဉ်ကာ ကိုယ့်စိတ်ကူးနဲ့ကိုယ် တဟိဟိ တခိခိလေး ဖြစ်နေခဲ့သော ဆန်းမေသည် ဟိုဘက်အိမ်ကို အိမ်ရှင်သစ်တွေ ရောက်လာပြီးနောက်မှာ သိချင်စိတ်ဖြင့် ဟိုကလှည့်ချောင်း၊ ဒီကလှည့်ချောင်း ဂဏှာမငြိမ် ဖြစ်နေခဲ့ရသည်။

သူတို့ပြောင်းလာသော နေ့က အမေလည်း အလုပ်သွား၊ ဆန်းမေလည်း ကျောင်းသွားနေတာမို့ ဘယ်လိုကားမျိုးတွေနဲ့ ဘယ်သူဘယ်ဝါ ရောက်လာတယ်ဆိုတာ မမြင်လိုက် …။





စာမေးပွဲအတွက် စာကျက်နေရတဲ့ကြားကပဲ ဆန်းမေစိတ်က အဲ့ဒီအိမ်ဘက်ဆီ ရောက်ရောက်သွားသည်။

ဒီနေ့ကတော့ ဆန်းမေ ကျောင်းပိတ်သည့် နေ့ …။ အမေကတော့ အလုပ်မပိတ်။ ထို့ကြောင့် ဆန်းမေ လွတ်လပ်ရေး ရနေကာ ခြံစည်းရိုးနားမှာ ခုံနှစ်လုံးဆင့်ချပြီး ခုန်ပေါ်တက်ကာ တစ်ဖက်ခြံသို့ ချောင်းကြည့်နေခြင်း ဖြစ်ပါသည်။

ဆန်းမေသည် ပုဏ္ဏရိုက်စည်းရိုးအပေါက်လေးနားမှာ မျက်နှာကပ်ထားရင်း တစ်ဖက် ခြံထဲကိုသာ သဲကြီးမဲကြီး ချောင်းကြည့်နေ၏။ ဆင့်ထားသော ခုံနှစ်ခုံကလည်း လှုပ်စိလှုပ်စိနှင့် ပြုတ်မကျအောင် သတိထားနေရသေး၏။

ခြံထဲမှာ လူသူလေးပါး မမြင်ရ။ ခဏကြာတော့မှ ခြံစောင့်နှင့်တူသော လူကြီးတစ်ယောက်ကို လှမ်းမြင်ရသည်။ အိမ်ဆားက ရေကူးကန်ကြီးကတော့ နှမြောစရာကောင်းလှစွာ လူသူကင်းမဲ့ ငြိမ်သက်ပြာလဲ့နေသည်။ ရေကူးကန် အကောင်းစားကြီး ရှိနေမှတော့ အလဟဿမဖြစ်အောင် ခဏခဏ ဆင်းဆင်းကူးကြပါတော့လား …။ တစ်ယောက်မဟုတ် တစ်ယောက်တော့ ကူးနေမှပေါ့ဟု တွေးကာ ဆန်းမေက မချင့်မရဲ ဖြစ်နေသည်။

ထိုစဉ်ခိုက်မှာပဲ …

"ဟင် …"

ဆန်းမေသည် ရေကူးကန်ဘက်သို့ လျှောက်လာနေသော အပေါ်ပိုင်း ဗလာကျင်းနေသော ယောကျ်ားတစ်ယောက်ကို အတွေ့မှာ မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်လာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယောကျ်ားသည် ခါးအောက်ပိုင်းကို အဖြူရောင်တဘက်ကြီးဖြင့် ပတ်ထားပြီး အပေါ်ပိုင်းကတော့ ဗလာကျင်းနေ၏။ ထိုဗလာကျင်းနေသော အပိုင်းဟာ အင်မတန် ကြည့်ကောင်းတာတော့ အမှန်ပင်တည်း ...။

အို ... ကြည့်ကောင်းပေမယ့် မကြည့်တာပဲ ကောင်းပါတယ်လေ။

ဆန်းမေသည် ရှက်စိတ်ကြောင့် ပါးကလေးတွေပင် ထူပူရှိန်းဖိန်းလာရကာ ခြံစည်းရိုးပေါက်နားမှ ဆတ်ခနဲ မျက်နှာကို ခွာလိုက်၏။

သို့သော် စိတ်ကမပြတ် ...။ ဆက်ကြည့်ချင်နေမိ၏။ ကိုယ့်ရင်ဘတ်ကလေးကို လက်ဖြင့်ပြန်ဖိမိတော့ အထဲကနေ ဒိတ်ခနဲ ဒိတ်ခနဲ လာလာတိုးနေ၏။

ဆန်းမေ ဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ဗလာကို မြင်ဖူးတာ ဒီတစ်ကြိမ် ပထမဆုံးဖြစ်လေသည်။ ရုပ်ရှင်တွေထဲက မင်းသားတွေကိုတော့ မြင်ဖူးသားပေါ့။ မောင်ဗမာပြိုင်ပွဲက ကိုယ်လုံးတီး ဗလကြီး ဓာတ်ပုံတွေလည်း မြင်ဖူးတာပေါ့။ အရှင်လတ်လတ် မြင်ဖူးတာတော့ ဒီတစ်ကြိမ် ပထမဆုံးဖြစ်လေသည်။

အို ... ဘာဖြစ်လဲဟယ် ... မမြင်ဖူးလို့ ကြည့်တာပဲဟာ ဟု တွေးကာ ဆန်းမေက အားတင်းလိုက်ပြီး ခြံစည်းရိုးပေါက်လေးနားသို့ ဖျတ်ခနဲ မျက်နှာပြန်ကပ်လိုက်ပြန်သည်။

ဟော ... သူ ရေကူးကန်နား ရောက်လာပြီ။ နီးလာ





လေ သူ့ခန္ဓာကိုယ်ကို ပို၍ ပို၍ ထင်ထင်ရှားရှား မြင်ရလေ။ သူ့အသားအရောင်က မဖြူ၊ သို့သော် မညို ...။ အဖြူနဲ့ အညိုကြားက ဝင်းဝါဝါအသားဟု ခေါ်ရမလား ...။

သူ့ခန္ဓာကိုယ်က ဗလတောင့်တင်းကြီးတော့ မဟုတ်၊ သို့သော် ပိန်လည်း မပိန် ...။ ကြွက်သားတွေ တအား ဖုထစ်ဖောင်းကြွမနေသော်လည်း အဆီပိုမရှိဘဲ အချိုးတကျ ကျစ်လျစ်နေသော ခန္ဓာကိုယ်က နိုင်ငံခြားမင်းသားတစ်ယောက်လို စမတ်ကျသည်။ ပခုံးက ကားပြီး ခန္ဓာကိုယ်က ခါးဘက်နားထိ သွယ်ရှူးသွားကာ ဗိုက်သားမှာ အဆီမရှိ၊ နံရိုးလည်း မပေါ်။ တဘက်ပတ်ထားပုံက ခါးအောက်နည်းနည်း လျောကာနေသည်။ ရေကူးကန်ဆီသို့ လျှောက်လာနေပုံက မြင့်မားစွင့်ကားနေကာ သူ့အရပ်ကြီးကလည်း အမြင့်ကြီးမို့ ဝံ့ထည်ထင်ရှားလှလေသည်။

သူ့မျက်နှာဟာ နုတော့ မနု ...။ သို့သော် ရင့်လည်း မရင့် ...။ ချောမောလှပမနေသော်လည်း အင်မတန်မှ ကြည့်လို့ကောင်းပေ၏။

ထူးခြားတာကတော့ သူ့ရဲ့ ညိုပျော့ပျော့ ဆံပင်များဖြစ်လေသည်။ ကြည့်လိုက်တာနှင့် နူးညံ့ပျော့စင်းမှန်း သိသာစေသော ထိုဆံပင်ညိုများသည် လည်ကုပ်တစ်ဝိုက်မှာ ဝေ့ဝဲနေသည်။ ဘေးတစ်စောင်းခွဲထားသော ဆံပင်စများက မျက်နှာတစ်ဝိုက်မှာ ဖွာလွင့်နေသည်။

သူ့အသက်ကို ဆန်းမေ မခန့်မှန်းတတ်ပါ။ သူဟာ ဆန်းမေတို့အရွယ် လူငယ်လေး မဟုတ်သော်လည်း လူကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေး ...။ ဆန်းမေထက် အများကြီး အသက်ကြီးမည့်သူ တစ်ယောက်ဆိုတာတော့ ဆန်းမေ သိသည်။ ရောမ ကျောက်ဆစ် ရုပ်လို မြင့်မားဝံ့ကြွား ပျိုရွယ်ထွားသော ထိုယောကျ်ားထံမှ ဆန်းမေ၏ အကြည့်များ မလွှဲဖယ်နိုင်သေးချေ။

ဒီလို ယောကျ်ားတစ်ယောက်ရဲ့ အပေါ်ပိုင်း ဗလာ ခန္ဓာကိုယ်ကို ဆန်းမေ ခိုးကြည့်နေတာ အမေ သိရင် သတ်များ သတ်မလား မသိ ...။ ဒီလိုလုပ်တာ ရှက်စရာကောင်းလိုက်တာ နော်ဟု တွေးကာ ရှက်မဆုံးသော်လည်း မျက်လုံးက မခွာ ...။ အောက်နှုတ်ခမ်းလေးကို အသာဖိကိုက်ကာ မျက်လွှာကလေး ချမိ သော်လည်း တစ်ခဏသာ ...။ ပြီးတော့လည်း ဖျတ်ခနဲ မျက်လွှာ ကလေး ပြန်ပင့်ကာ မျက်လုံးက သူ့ဆီမှာသာ ...။

ထိုအချိန်မှာပဲ ရေကူးကန်ဘက်သို့ ပြေးလာသော ဝဝတုတ်တုတ် ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရလေ သည်။

ကောင်မလေးကတော့ ဆန်းမေနဲ့ မတိမ်းမယိမ်း လောက်ပဲ ရှိမည်ထင်ရသည်။ ဟို ... ရောမကျောက်ဆစ်ရုပ်ရဲ့ နှမလေးဆိုတာများလား ...။ ရောမကျောက်ဆစ်ရုပ်ကရော ဒီ အိမ်ကြီးပိုင်ရှင် သူဌေးလား ...။

ဆန်းမေ၏ အကြည့်က ကောင်မလေးဆီသို့ ပြောင်း ရွှေ့သွားသည်။ ကောင်မလေးက တော်တော်လေး ဝသည်။ ဘောင်းဘီတို ဝတ်ထားသဖြင့် ခြေသလုံးတွေ ဖောင်းပြည့်လှတာ ကိုလည်း မြင်ရသည်။ အသားလေးကတော့ ဖြူဖွေးကာ မျက်နှာ





လေးကလည်း ပါးအိအိဖောင်းဖောင်းကြီးကြောင့် ချစ်စဖွယ်ကြီး ဖြစ်နေသည်။ သို့သော် ... သူမပုံစံက အပျိုပေါက်ကလေးပုံစံမျိုး တော့ မဟုတ်ချေ ...။ ဝတ်ထားသည့် ဘောင်းဘီတို အကွက် ကျဲကျဲကြီးက ပွပွကားကား ...။ ရင်ဘတ်မှာ ကာတွန်းရုပ်ကြီး ပါသည့် တီရှပ်အပွကြီးက ဖိုသီဖတ်သီ ...။ ဟိုလူနဲ့တူတဲ့ ဆံပင် ညိုပျော့ပျော့လေးတွေက ကုပ်ပေါ်မှာ လုံးလုံးဖောင်းဖောင်းလေး ဝဲနေကာ ရှေ့ဘက်ကိုတော့ ဖဲပြားအကြီးကြီးပါသည့် ဘီးကုပ် ကလေးဖြင့် ကုပ်ထားသည်။ လမ်းလျှောက်လာပုံက ကလေးကြီး လို ခြေဆောင့်ကာ ဆောင့်ကာဖြင့် ပုံမကျ ပန်းမကျ ဖြစ်နေသည်။ နှုတ်ခမ်းကို စူထော်ထားပုံက တစ်စုံတစ်ရာကို စိတ်တိုင်းမကျ သဖြင့် စိတ်ဆိုး စိတ်ကောက်နေသော ပုံစံမျိုးပင် ...။

ရောမကျောက်ဆစ်ရုပ်က ကောင်မလေးကိုမြင်သွား ကာ ကောင်မလေးဆီသို့ ဆက်လျှောက်သွားသည်။ ကောင်မလေး အနားရောက်တော့ ကောင်မလေးပခုံးကို တယုတယဆုပ်ကိုင်ပြီး ပြုံးပြုံးရွှင်ရွှင် စကားတွေပြောနေတာမြင်ရသည်။ အသံကို မကြား သော်လည်း ချော့မော့ပြောဆိုနေမှန်း အဝေးကမြင်ရုံနှင့် သိသာ နေသည်။ ခဏနေတော့ ကောင်မလေးက စိတ်ကောက်ပြေသွား ပုံဖြင့် အိမ်ဘက်သို့ ရွှင်မြူးခုန်ပေါက်ပြေးထွက်သွားသည်။ သူ့ ခန္ဓာကိုယ်ကြီး အိပွဲအိပွဲဖြင့် ပြေးထွက်သွားပုံကလည်း ကလေးနဲ့ပဲ တူနေသည်။

ရောမကျောက်ဆစ်ရုပ်ကတော့ ရေကူးကန်နားမှာပဲ ရပ်ကျန်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေ၏ အကြည့်ကလေးသည် ထိုကျောက်ဆစ်ရုပ်ထံသို့ပဲ ပြန်လည်ရွေ့လျားသွားကာ ဒုတိယအကြိမ်မြောက် ရင်ကလေးဖိုနွေး ခုန်လှုပ်လာရပြန်၏။

ကျောက်ဆစ်ရုပ်က ရေကူးကန်ရဲ့ တစ်ဖက်ခြမ်းသို့ လျှောက်သွားပြီး ရေကူးကန်ကို မျက်နှာမူကာ ရပ်လိုက်၏။ သူ့မျက်နှာမူရာအရပ်က ဆန်းမေဘက်မှာပင်။ သူ ရေကူးတော့မလို့လားဟု ဆန်းမေ တွေးနေတုန်းမှာပဲ သူက ခါးမှာပတ်ထားသည့် တဘက်ဖြူကြီးကို ဖြုတ်ဖယ်လိုက်သောအခါ ...

"ဟယ် ..."

ဆန်းမေရဲ့မျက်ဝန်းထဲမှာ ရုတ်တရက် ကြယ်တွေလတွေ ပြိုးပြက်သွားသလား ထင်လိုက်ရကာ ခြစ်ညည်းရိုးပေါက်မှ ဖျတ်ခနဲ မျက်နှာပြန်ခွာလိုက်မိလေသည်။

ရင်ထဲမှာတော့ 'အမလေး' 'အို ... ဘယ်လိုကြီးလဲ' 'ရှက်လိုက်တာနော်' 'ငါ့နှယ် ... ဘာလို့များ သွားကြည့်မိပါလိမ့်' ဟု မျိုးစုံရေရွတ်မြည်တမ်း ရှက်ရွံ့ တုန်လှုပ် ဖိုလှိုက်နေရသည်။

ဒီလူကြီးဟာ ရေကူးဘောင်းဘီကို ဒီလောက်သေးသေးလေး ဝတ်ရကောင်းလားဟု တွေးကာ ဒေါသဖြစ်လျက် မျက်လုံးတွေကို တအားမှိတ်ထားမိသော်လည်း ကျစ်လျစ်ဖြောင့်စင်းသော အချိုးကျလှသည့် ပေါင်တံများနှင့် ခြေသလုံးပေါ်က အမွေးကလေးများကိုပင် ထင်ထင်ရှားရှား မြင်ယောင်နေသည်။

အို ... မကြည့်တော့ဘူး၊ ဒီနားကို လာကိုမလာတော့ဘူးဟုတွေးကာ ပါးစပ်က တီးတိုးရေရွတ်ရင်း လက်နှစ်ဖက်ကို





ရင်ဘတ်နားမှာ ကပ်ထားကာ တဒိတ်ဒိတ် ခုန်နေသော ရင်ကို ဖိထားရ၏။

ဆန်းမေသည် ခုံပေါ်က ပြန်ဆင်းဖို့ မေ့နေကာ ဒီအတိုင်းလေးပဲ မတ်မတ်ဆက်ရပ်လျက် မျက်လုံးကလေးကိုတော့ ဆက်မှိတ်ထားမိ၏။

သို့သော် ... မပြတ်။ စိတ်ကတော့ မပြတ်။ မမြင်ဖူးလို့၊ ကြည့်ကောင်းလို့၊ ရိုးရိုးသားသားလေး ကြည့်မိတာဟာ အပြစ်ရှိဘူးဟုတော့ ထင်သည်။ ဒီလိုမြင်ကွင်းမျိုး မြင်ရလိမ့်မယ်လို့ ကြိုသတင်းရထားလို့ လာစောင့်ကြည့်တာမှ မဟုတ်ဘဲနော်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာမျိုးလို ဆန်းမေ ချောင်းကြည့်တဲ့အချိန်နဲ့ သူ ရေကူးတဲ့အချိန်နဲ့ တိုက်ဆိုင်သွားလို့ပါနော် ...။

ဆန်းမေက ကိုယ့်ဘာသာ စိတ်ထဲကနေ ဆင်ခြေတလေးတွေပေးရင်း မျက်နှာကလေးက ခြစ်ညည်းရိုးပေါက်နားသို့ ကပ်မှန်းမသိ ပြန်ကပ်သွားကာ မျက်လုံးတွေကို မရဲတရဲလေး ပြန်ဖွင့်လိုက်သည်။

ဆန်းမေရဲ့ မြင်ကွင်းထဲမှာ ရောမကျောက်ဆစ်ရုပ်ကို မြင်ရပြန်သည်။ သူက သူ့ခါးက ဖယ်ချွတ်လိုက်သည့် တဘက်ဖြူကြီးကို အနားက ပက်လက်ကုလားထိုင်ပေါ်သို့ လှမ်းပစ်တင်လိုက်ပြီး ရေကူးကန်ထဲသို့ လှပစွာ ဒိုက်ဗင်ထိုးဆင်းလိုက်လေသည်။

သူ ဒိုက်ဗင်ထိုးလိုက်သည့်အချိန်နှင့် တစ်ပြိုင်နက်တည်းမှာပဲ ဆန်းမေ ရပ်နေသည့် ခုံက ယိုင်နဲ့ဟန်ချက်ပျက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေလည်း ခုံပေါ်မှ မလှုမပ ခွေးကျဝက်ကျ ပြုတ်ကျသွားတော့သည်။

"အမလေး သေပါပြီ၊ နာလိုက်တာနော်၊ ကျွတ် … ကျွတ် ကျွတ် …"

ဆန်းမေသည် တကျွတ်ကျွတ် ညည်းတွားရင်း လဲရာမှ ဖုတ်ဖတ်ခါ ထရ၏။ ထို့နောက် တစ်ခြမ်းစောင်းနေသော ခါးကို လက်ကလေးဖြင့် ထောက်ထားကာ ခြေတစ်ဖက် ထော့နင်းဖြင့် အိမ်ဘက်သို့ အားတင်းကာသာ ပြန်လျှောက်လာခဲ့ရသည်။

အဲ့ဒီ ရောမကျောက်ဆစ်ရုပ်ကြီးဟာ စတွေ့ကတည်းက ဆန်းမေ့ကို ဒဏ်ရာရစေသော လူကြီး ဖြစ်ခဲ့ပါသည်။

■ ■ ■

"ဆန်းမေ … ခြေထောက်က တော်တော် နာနေလား"

"ဟုတ် … အမေ၊ ခလုတ်တိုက်ပြီး လဲတာဆိုတော့ ခြေကျင်းဝတ်မှာ ဒဏ်ဖြစ်သွားသလား မသိပါဘူး အမေရယ်"

ဆန်းမေက အမေ့ကို ညာပြောလိုက်မိပြီးမှ တစ်ဖက်သို့ လှည့်ကာ ပြုံးစိစိကလေး ဖြစ်လာသည်။

"ရော့ … သမီး ပရုပ်ဆီကလေး ပွတ်ထားပါလား၊ မနက်ဖြန်အထိ အနာမသက်သာရင်တော့ ဆေးခန်း သွားပြတာပေါ့"

"မနက်ဖြန်လောက်ဆိုရင်တော့ သက်သာသွားမှာပါ အမေ၊ ဒဏ်ဖြစ်ရုံပဲဆိုတော့ အရိုးတွေဘာတွေထိ မထိလောက်ပါဘူး"

ဆန်းမေသည် အမေလှမ်းပေးသည့် ပရုပ်ဆီဘူးပြားပြားလေးကို လှမ်းယူပြီး ခြေကျင်းဝတ်ကို ပရုပ်ဆီဖြင့် လိမ်းရင်း ပြန်ပြောမိသည်။





www.burmeseclassic.com

www.burmeseclassic.com



အမေက ရင်ဖုံးအင်္ကျီလေးတစ်ထည်ကို ကြောက်လေးတွေ တပ်ပေးနေရင်းက ...

"အမေ သတင်းတစ်ခုကြားလာတယ် ဆန်းမေ ..."

"ဘာသတင်းလဲ အမေ ..."

"သတင်းကတော့ စိတ်မကောင်းစရာပါ သမီးရယ်၊ ဟိုဘက်ခြံက သူဌေးနှမကလေးဟာ သိပ်ဉာဏ်ရည် မမီရှာဘူးတဲ့ကွယ် ..."

"ဘယ်လိုဉာဏ်ရည်မမီတာလဲ အမေ ..."

"သူ့ဉာဏ်ရည်က အသက်ထက်နိမ့်နေတယ်လို့ပဲ ပြောရမလား၊ သူ့အသက်ကသာ သမီးနဲ့ မတိမ်းမယိမ်းလောက်ရှိနေတာ၊ သူ့အသိစိတ်ကတော့ ၈ နှစ်သမီးလောက်ပဲရှိတာတဲ့၊ သူဌေးကိုမွေးပြီး ၁၄ နှစ်လောက်ကြာမှ မွေးလာတဲ့ ကလေးတဲ့၊ သူတို့အမေ အသက်ကြီးမှ မထင်မှတ်ဘဲရသွားတဲ့ ကလေးလို့ ပြောတာပဲ ..."

"အမေ့ ဘယ်သူပြောလိုက်တာလဲ ..."

"ဒီနေ့ ဆိုင်ကို သူဌေးကတော် လာရင်း ပြောသွားတာလေ၊ အမေတို့ခြံရှင် သူဌေးကတော် မသီဂီနဲ့ ဟိုဘက်ခြံက သူဌေးနဲ့က အရင်ကတည်းက မိတ်ဆွေတွေတဲ့၊ အင်း ... ပိုက်ဆံရှိတဲ့သူတွေဆိုပေမယ့်လည်း ဒီလိုအဖြစ်မျိုးကြီးဖြစ်ရတော့ စိတ်ဆင်းရဲကြရမှာပေါ့လေ၊ လူ့ဘဝဆိုတာ တစ်ခုမဟုတ်တစ်ခုတော့ လိုအပ်ချက် ရှိတတ်တာပဲနော်၊ အရာရာ ပြည့်စုံတဲ့ဘဝဆိုတာ မရှိဘူးထင်ပါရဲ့ ..."





"အဲဒီသူဌေးခမျာလည်း သူ့ညီမလေးက ဒီလိုဖြစ်နေတော့ စိတ်ဆင်းရဲရှာမှာပဲနော် အမေ ..."

"ညီမလေးကို ငဲ့ပြီး ခုထိ အိမ်ထောင်မပြုဘဲ နေတာလို့တော့ ကြားတာပဲ၊ မိသားစုထဲ ဒီလို တစ်ယောက်ရှိတော့ စိတ်ဆင်းရဲရှာမှာပေါ့လေ ..."

ဆန်နီးမေက အမေ့စကားတွေကို နားထောင်ရင်း စိတ်မကောင်းဖြစ်မိသွားပါသည်။ ဒီလိုဆို ကျောက်ဆစ်ရုပ်ခမျာ သနားစရာပေါ့ ...။ အညိုရောင် ဆံပင်ပျော့ကလေးတွေ တူညီသည့် သူတို့နှစ်ယောက်ဟာ ဒီအိမ်ပိုင်ရှင် သူဌေးမောင်နှမပဲ ဖြစ်မှာ သချာပါသည်။

"သမီး ဒီနေ့ အိမ်မှာ ဘာတွေလုပ်နေလဲ ..."

"ချောင်း ...၊ အဲ ... ဟိုဟာ ... စာကျက်နေတာ အမေ"

"အေး ... အေး ... စာတော့ ကြိုးစားနော် သမီး၊ စာမေးပွဲလည်း နီးပြီ"

"ဟုတ်ကဲ့ အမေ ..."

"အမေ မရှိတဲ့အချိန်ဆို ခြံတံခါးကို သေချာပိတ်ပြီး နေ၊ သမီး ကျောင်းဖွင့်ရက်ဆို သမီးလည်း ကျောင်းသွား၊ အမေလည်း အလုပ်သွားဆိုတော့ သမီးအတွက် နောက်ဆန်မငင်ရဘူး၊ သမီး ကျောင်းပိတ်ရက်ဆို တစ်ယောက်တည်းထားခဲ့ရတာ စိတ်မဖြောင့်ဘူး၊ နောက်ဆို ... သမီးကျောင်းပိတ်ရက်မှာ လုပ်စရာအလုပ်ကလေးတွေ အိမ်သယ်လာပြီး အိမ်မှာပဲ လုပ်မလားလို့ စဉ်းစားထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆန် မငင်ပါနဲ့ အမေရယ်၊ ဆန်းမေလည်း ကလေး မှ မဟုတ်တော့တာ၊ ဆန်းမေ အေးအေးဆေးဆေး စာ ကျက်နေတာပါ"

အမေ့ကို ပြောသာပြောရ၊ တကယ်တမ်းတော့ ဆန်းမေမှာ စာလည်း ကျက်လို့မရ ...။ ပါးစပ်က စာရွတ်ရင်း နဲ့လည်း မျက်စိထဲမှာ ရောမကျောက်ဆစ်ရုပ်က လာလာပြီး ပေါ် နေတော့တာကိုး ...။

"ဟိုဘက်ခြံနဲ့ ခြားထားတဲ့ ခြံစည်းရိုးက ပုဏ္ဏရိုက်စည်းရိုး ဆိုတော့ အုတ်တံတိုင်းလောက်တော့လည်း မလုံခြုံဘူးပေါ့၊ အမေတို့ ခြံပိုင်ရှင်သူဌေးကလည်း သူပိုင်တဲ့ ခြံကြီးကို နှစ်ခြံ့တစ်ခြံ သဘောမျိုး ထားထားလို့သာ ဒီနှစ်ခြံကြားကို အုတ်တံတိုင်းနဲ့ မကာသေးတာ၊ ခု ဟိုဘက်ခြံက ပိုင်ရှင် သီးသန့်ဖြစ်ပြီဆိုတော့ သူတို့ ဒီစည်းရိုးကို ဖျက်ပြီး အုတ် တံတိုင်း ပြန်ကာမယ်ထင်တယ်"

"ဟင် ... ဘာလို့ကာမှာလဲ၊ ပုဏ္ဏရိုက်စည်းရိုးလေးက ဒီလောက်လှတာကို ..."

"သူတို့ခြံဆိုတော့ သူတို့သဘောပေါ့ သမီးရယ်"

ဆန်းမေက ပုဏ္ဏရိုက်စည်းရိုးကလေးကို နှမြောတသ စွာ ပြောမိသည်။ ဒီစည်းရိုးကလေးထဲမှာ ဆန်းမေရဲ့ လျှို့ဝှက်ချက် တွေ ရှိပါသည်။ ဒီစည်းရိုးရဲ့ အမြင့်တစ်နေရာမှာ ဆန်းမေရဲ့ ချောင်းကြည့်ပေါက်ကလေးရှိပြီး ဒီစည်းရိုးရဲ့အောက်ခြေတစ်နေရာ





မှာ တစ်ဖက်ခြံသို့ လေးဖက်ထောက်ပြီး ကူးသွားလို့ရတဲ့ ခွေးတိုး ပေါက်လေးတစ်ခု ရှိနေပါသည်။

"သူဌေး နှမလေးက သမီး ဆန်းမေနဲ့ ရွယ်တူဆိုတော့ သူငယ်ချင်းဖြစ်လို့ရရင် သိပ်ကောင်းမှာပဲနော် အမေ၊ ဉာဏ် ရည်မမီလည်း ဘာဖြစ်လဲနော်၊ အဖော်ရရင် ပြီးတာပဲ ..."

"ငါ့သမီးလည်း တစ်နေ့ တစ်နေ့ ဒါပဲ၊ အဲ့ဒီလောက်တောင် ပဲ အဖော်မင်ရသလားဟယ် ..."

"ပျင်းတာကိုး အမေရဲ့၊ ကျောင်းပိတ်ရက်ဆို ကျောင်းက သူငယ်ချင်းတွေနဲ့ မတွေ့ရတော့ ပိုတောင်ပျင်းသေး၊ သမီး သူငယ်ချင်း သော်တာ့ အိမ်နဲ့လည်း မနီး၊ အနီးအနားမှာ လည်း ပေါင်းစရာလူ မရှိ ..."

တစ်ဦးတည်းသော သမီးကလေးလည်းဖြစ်၊ နေရ သော နေရာကလည်း အဖော်မဲ့သော နေရာမျိုးမို့ သမီးကလေး ခေတ်ဆန်းမေက ခုလိုမျိုး မကြာခဏ အဖော်ကို တတတ်သည်ပင်။

ဒေါ်မေမေခင်က သမီးရဲ့ ချစ်စဖွယ် ပုံစံလေးကို လှမ်းကြည့်ရင်း ပြုံးမိသည်။

ကိုယ့်မျက်စိထဲတော့ ကလေးပဲလို့ ထင်မိသေးတဲ့ သမီးကလေး ခေတ်ဆန်းမေဟာ ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာပဲ အရုပ်ကလေး သိသာစွာ ရှည်ထွက်လာကာ ခန္ဓာကိုယ်လေးလည်း ပြည့်တင်းလုပလာခဲ့ပါသည်။ ပခုံးနား မရောက်တရောက်မှာ ဆေး နှစ်ဖက်သို့ ကော့ပျံ့ပျံ့လေးဖြစ်နေသော ဆံပင်ပုံစံလေးနဲ့ သမီးရဲ့ ဘဲဥပုံ မျက်နှာလုံးလုံးလေးက အလွန်ပဲ လိုက်ဖက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ အသားအရေက ခရင်(မ်)ကာလာကလေးလို့ပဲ ပြောရမလား မသိ၊ ကိတ်မုန့်တွေရဲ့အပေါ်ယံမှာ ဖြူးထားအုပ်ထားတတ်တဲ့ ချိ(စ်)အမှုန်ကလေးတွေရဲ့ အရောင်ပဲလို့ ပြောရမလား …။ ဖြူသော်လည်း ဖွယ်တယ်တယ်ကြီး ဖြူစုတ်နေတာမျိုး မဟုတ်ဘဲ အဝါသွေးကလေး ဖောက်သည့် ချိစ်ထောပတ်ခဲလို ကာလာမျိုးကလေး …။

သမီးရဲ့ မျက်နှာပေါ်က မျက်ခုံးမွေးလေး နှစ်ခုဟာ လက်ဖျားကလေးတွေမှာ ကော်သုတ်ပြီး စုကာ စုကာ ကိုင်၍ ပုံချထားသလိုမျိုး မျက်ခုံးရိုးပေါ်မှာ ထူထူမဲမဲ အစုအခဲကလေး ဖြစ်နေသည်။ သမီးရဲ့ နှုတ်ခမ်းကလေးဟာလည်း လက်ဖျားကလေးတွေနဲ့ စုဆွဲဆုပ်ကိုင်လိုက်ချင်စရာ စုစုဖူးဖူး နီနီထွေးထွေးကလေး ဖြစ်နေသည်။ စင်းလုံးသော နှာခေါင်းကလေးက ကျစ်လျစ်ထင်ရှားလှကာ မျက်သားပြာပြာနဲ့ မျက်ဝန်းညိုကလေးကလည်း စင်ကြယ်တောက်ပလှပေသည်။

သွယ်မျှောလှပသည့် ခြေတံလက်တံကလေးများကလည်း သန့်ပြန့်လှပလေရာ သမီးရဲ့ အသွေးအမွေးကလေးဟာ အဆင့်အတန်းမြင့်မြင့်ကလေး လင်းလက်တောက်ပလှသည်ဟု ဒေါ်ထွေးက မြင်သည်။

ကလေးစိတ် မကုန်သေးချိန်မို့ ပြင်တတ်ဆင်တတ်နေတတ်ထိုင်တတ် မရှိသေးတာကြောင့်သာ ရှိရင်းစွဲအလှကလေးက ပေါ်လွင်သင့်သလောက် မပေါ်လွင်သေးတာပင်။

ဒီလို အသွေးအမွေးနဲ့ မိန်းကလေးဟာ တစ်နေ့သော





အခါမှာ ပြည့်ပြည့်စုံစုံအဆင့်မြင့်မြင့်လေး နေခွင့်ရမှာပါဟု ဒေါ်ထွေးက ယုံကြည်မျှော်လင့်ထားပါသည်။

အပျိုပီပီကလေး ဖြစ်လာသော သမီးလေးဟာ အပျိုပီသစွာ အိုက်တင်ထုတ်တတ်ခြင်းလည်း မရှိ။ လှချင် ပချင်စိတ်ကလေးလည်း မပြင်းပြရှာသေး …။ သွက်သွက်လက်လက်ရှိပေမယ့် အရိုးခံစိတ်ကလေးနှင့် ကလေးလည်း ဆန်နေသေးသည်။

"သမီး ပျင်းရင် ကျောင်းပိတ်ရက်တွေမှာ ကာတွန်းကလေး ဝတ္ထုကလေး ငှားဖတ်နေပေါ့ သမီးရဲ့ …၊ မကေသီဆီမှာလည်း ခေတ်ပေါ်မဂ္ဂဇင်းတွေ ရှိတယ်၊ သမီး ဖတ်ချင်ရင် အမေ ငှားလာပေးမယ်လေ၊ ခုတော့ စာမေးပွဲ နီးပြီဆိုတော့ မဖတ်သေးနဲ့ဦး၊ ကျောင်းပိတ်မှ အမေ ငှားခဲ့မယ်"

ဒေါ်မေခင်တို့အလုပ်ရှင် ဒီဇိုင်နာ မကေသီကို လက်ဆောင်လာလာပေးကြသည့် မဂ္ဂဇင်းတွေကို မြင်ဖူးတာမို့ ဒေါ်မေခင်က ပြောမိသည်။

"ကဲ … ကဲ … အမေ စကားများနေတာနဲ့ ငါ့သမီး ကျောင်းပျက်နေဦးမယ်၊ မနက်လည်း ကျောင်းသွားရဦးမှာ မဟုတ်လား … ကျက် … ကျက်၊ အမေလည်း ဒါလေးလုပ်ပြီးရင် ကြယ်သီးတပ်စရာ အင်္ကျီလေးတွေ ဆက်တပ်ပေးလိုက်ဦးမယ်"

"ဒါဆို အမေ အကြာကြီး ထိုင်နေဦးမှာပေါ့နော် …"

"အေးလေ …"

"အဟဲ … ဒါဆို ဒါလေး ဖင်ခုထိုင်ထားပေးနော် အမေ"



www.burmeseclassic.com

www.burmeseclassic.com



သမီးက သူ့ကျောင်းစိမ်းလုံချည် အခေါက်လေးကို ဒေါ်မေခင့် တင်ပါးအောက်သို့ အတင်းတွန်းထည့်လိုက်တာမို့ ဒေါ်မေခင်က လန့်ဖျပ် ဖင်ကြွမိကာ ...

"ဟဲ့ ... ဟဲ့ ... လုပ်ပြန်ပြီ၊ ဆန်းမေရယ် ... အမေ ညည်း လုံချည်ကို ဖင်ခုထိုင်ထားလည်း မီးပူတိုက်သလောက်တော့ ဘယ်ပြန့်ပါ့မလဲ၊ အမေ့အလုပ်ကလေးတွေ ပြီးရင် မီးပူ တိုက်ပေးမှာပေါ့ဟယ်"

"အမေပဲ အမြဲ မီးပူတိုက်ပေးနေတော့ ဆန်းမေ ငရဲကြီးမှာပေါ့ ..."

"ငါမတိုက်တော့ ဘယ်သူတိုက်မလဲ၊ ညည်းက ခါတ်လိုက် ခံရပြီးကတည်းက မီးလန့်နေတဲ့ဟာကိုအေ ..."

ဒေါ်မေခင်က သမီးရဲ့ ကျောင်းစိမ်းလုံချည်ကလေးကို ပြန်ဆွဲထုတ်ရင်း ပြောမိသည်။

သမီး အသက် ၈ နှစ်လောက်တုန်းက ရေစိုလက်နဲ့ လျှပ်စစ်မီးပူကြိုးကို သွားကိုင်မိသဖြင့် အကြီးအကျယ် ခါတ်လိုက် ခံခဲ့ရဖူးပါသည်။ အဲ့ဒီအချိန်ကတည်းက သမီးဟာ ဒရိုင်ယာက လွဲရင် မီးပူ၊ မီးဖို၊ လျှပ်စစ်ပေါင်းအိုး စတဲ့ ... လျှပ်စစ်ပစ္စည်း တော်တော် များများကို မကိုင်ရဲတော့တာပင် ...။ ထိုပစ္စည်းတွေကို ကိုင်ဖို့ ကြိုးစားတိုင်းလည်း တစ်ကိုယ်လုံး ချွေးပြန်တုန်ရင်ကာ မျက်နှာဖြူ စုပ်လာတတ်ခဲ့တာ ကြာပြီမို့ မီးဖိုချောင်ကိစ္စအဝဝကို သမီး မတို့ မထိစေရပဲ ဒေါ်မေခင်ကသာ လုပ်ပေးခဲ့ပါသည်။

"ကန်တော့နော် ... အမေ"





ဆန်းမေက အမေ့ခါးကို လှမ်းဖက်ရင်း ချွဲချွဲနွဲ့နွဲ့လေး ပြောလိုက်တော့ အမေက ဆန်းမေကို ချစ်စနိုး မျက်စောင်းလေးထိုးလိုက်ရင်း ...

"ညည်း ငရဲကြီးမှာ ကြောက်နေတာမဟုတ်လား၊ ကြောက်မနေနဲ့၊ အမေ ဖွေမယူရင် ညည်း ငရဲမကြီးဘူးလို့သာ မှတ်ထား ..."

"ဟုတ် ..."

ဆန်းမေက အမေ့ပခုံးကို ခေါင်းနှင့် တစ်ချက်ခွေ့လိုက်ပြီးမှ ခေါင်းလေးညိတ်ပြလိုက်သည်။ ပြီးတော့ စာကြည့်စားပွဲမှာ ပြန်ထိုင်ကာ ပါးစပ်က တတွတ်တွတ် စာဆက်ရွတ်လိုက်သည်။

သို့သော် ဆန်းမေ ရွတ်သော စာက တောင်ရောက် မြောက်ရောက် ဖြစ်နေသည်။

ဖြစ်ဆို ဆန်းမေ စိတ်ကလည်း တောင်ရောက် မြောက်ရောက် ဖြစ်နေခဲ့တာကိုး ... နော်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

တစ်ခုသော တနင်္ဂနွေ တစ်ရက်မှာတော့ ဆန်းမေသည် စွန့်စားခန်းလေးတစ်ခုကို အစပြုခဲ့မိလေသည်။

အဲဒီနေ့က ဆန်းမေ ကျောင်းပိတ်ထားပြီး အမေလည်း အလုပ်သွား၏။ ဟိုဘက်ခြံကြီးကို ချောင်းကြည့်တော့လည်း လူသူရှင်းလင်း တိတ်ဆိတ်နေတာကိုသာ မြင်ရလေသည်။

ဆန်းမေသည် ကြောက်သော်လည်း အရဲစွန့်ကာ ဆန်းမေတစ်ဦးတည်းပဲ သိသည့် လျှို့ဝှက် ခွေးတိုးပေါက်ကလေးမှ ခွေးကလေးလို လေးဘက်တွားကာ တစ်ဖက်ခြံသို့ တိုးဝင်လိုက်ပါသည်။

ရေကူးကန်ဘက်ကို လှမ်းကြည့်တော့ လူသူ မမြင်ရ။ ခြံထဲမှာလည်း ဘယ်သူမှရှိမနေတာမို့ ဆန်းမေ အားတက်သွားမိသည်။

ဆန်းမေက ရေကူးကန်ဘက်သို့ တစ်လှစ်လှစ် ပြေးလာသည်။





ပြာလဲ့ ကြည်လင်သော ရေကူးကန်ကြီးကို အနီးကပ်တွေ့လိုက်ရတာမို့ ရင်တွေခုန်ကာ ပျော်ရွှင်လာပြီး ပတ်ဝန်းကျင်ကို မေ့သွားသည်။

ဆန်းမေက ဖိနပ်လေးကိုချွတ်ပြီး လက်မှာကိုင်ကာ ရေကူးကန်ဘေးက ကျောက်ပြားလေးတွေပေါ်ကို ခြေဖျားကလေးဖြင့် ထိတွေ့ကြည့်လိုက်သည်။

"အိုး ... အေးစက်နေတာပဲ ... ဟီဟိ ..."

ကျောက်ပြားရဲ့ အေးစက်စက် အထိအတွေ့ကို ဆန်းမေက သဘောကျသွားသည်။ ဆန်းမေသည် ဖိနပ်ကလေးကို တစ်ဖက်ကကိုင်၊ တစ်ဖက်က ဆန်းမေရဲ့ ဘောင်းဘီရှည်ပွပွလေးကို ပေါင်နားမှ အသာမ၍ အေးစက်သော ကျောက်ပြားတွေပေါ်ကို ခြေဖဝါးလေးဖြင့် ဖွဖွထိနင်းကာ ရေကြည်ပြာလဲ့ကလေးရှိရာသို့ တစ်လှမ်းချင်း လှမ်းကာ လျှောက်လာသည်။

ကန်စပ်မှာရပ်၍ ရေကူးကန်ထဲသို့ ငုံ့ကြည့်မိတော့ ဆန်းမေရဲ့ အရိပ်ကလေး ထင်နေတာကို မြင်ရသည်။

ဆန်းမေက ရေကန်စပ်မှာ ဖျတ်ခနဲ ထိုင်ချလိုက်ပြီး အိမ်နေရင်းဝတ်သည့် ဆန်းမေရဲ့ စပန့်ဘောင်းဘီရှည်အပွလေးကို ဒူးနားအထိ လိပ်ခေါက်တင်လိုက်သည်။ ဖိနပ်ကလေးကိုတော့ ဆန်းမေဘေးနားမှာ ချထားသည်။ ပြီးတော့ ခြေထောက်လေး နှစ်ဖက်ကို ရေကူးကန်ထဲသို့ နှစ်စိမ်ကြည့်လိုက်လေသည်။

"အား ... အေးလိုက်တာ၊ ကောင်းလိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ရေကူးကန်ထဲသို့ ခြေထောက်လေး နှစ်စိမ်ထားရသည့် အရသာကို သဘောတွေ့ မနောခွေ့ကာနေသည်။ ထိုခြေထောက်လေး နှစ်ဖက်ကို ရေထဲမှာ ရှေ့နောက်ရွှေ့လျှားကစားကြည့်လိုက်ချိန်မှာ ရေတွေ တဖွားဖွား စင်ထွက်လာတာကိုလည်း သဘောကျနှစ်ခြိုက်နေမိသည်။

ဆန်းမေက ခါးကလေးကိုင်းကာ ရေထဲသို့ လက်ဖဝါးလေး တစ်ဖက် နှစ်လိုက်ပြန်သည်။ အေးစိမ့်သော ရေ၏အထိအတွေ့ကို သဘောကျကာ လက်ကလေးကို လှုပ်ရှား၍ ရေစက်ရေမွှားတွေ လွင့်စင်လာအောင် ကစားနေလိုက်မိသည်။

ဆန်းမေ ရောက်နေတဲ့ ခြံဟာ သူများခြံပါလားဆိုတာ ဆန်းမေ မေ့သွားသည်။ ဒါဟာ သူများ ရေကူးကန်ပါလား။ ဆန်းမေက ခိုးဝင်ပြီး ခိုးဆော့နေတာပါလားဆိုတာကိုလည်း သတိမရဘဲ ခြေလှုပ် လက်လှုပ်ကစားရင်း ရေစက် ရေမွှားတွေ လွင့်စင်ဝဲပျံနေတာကို သဘောကျစွာ ကြည့်ရင်း တခစ်ခစ် ရယ်မောလိုက်သေးသည်။

ထိုအချိန်မှာပဲ ဆန်းမေအနီးသို့ ခြေတစ်စုံ ရပ်တန့်လာခဲ့ကာ ...

"မင်း ... ဒါ ဘာလာလုပ်တာလဲ"

"အမေ့ ..."

ဆန်းမေသည် အနီးကပ် ကြားလိုက်ရသော အသံကြောင့် လန့်ဖျပ်ကာ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

"ဟင် ..."





ဆန်းမေ မြင်လိုက်ရတာဟာ အပေါ်ပိုင်း ဗလာနှင့် မကျောက်ဆစ်ရပ် ...။ ဆန်းမေသည် အသံကြောင့်လည်း လန့်၊ လူကြောင့်လည်း လန့်၊ နှစ်ထပ်ကွမ်းလန့်၍ လိပ်ပြာ သပ်ကွမ်း လွင့်သွားသည်။

မလွင့်ခံနိုင်ရိုးလား ...။ အဲ့ဒီ ကျောက်ဆစ်ရုပ်ဟာ ည်း အပေါ်ပိုင်း ဗလာဖြင့် ခါးမှာ တဘက်ပတ်လျက်သာ ...။ စ်ခါ တွေ့ရပုံက အနီးကပ်ကြီး။ ဘယ်လို ကံတရားကြောင့်များ ယ်လုံးတီးဘဝနဲ့ပဲ တွေ့တွေ့နေရတာပါလိမ့်နော် ...။

ဆန်းမေသည် သူ့ကို ဆက်ကြည့်မနေရဲတော့ဘဲ တန်ကယင်ကြီး မျက်လွှာချကာ ခေါင်းကိုငုံ့ထားလိုက်မိသည်။

"မင်း ... ဘယ်က ကလေးမလဲ၊ ဒီကို ဘယ်လိုဝင်လာတာလဲ ..."

သူက ဆန်းမေရှေ့မှာ ဒူးတစ်ဖက်ထောက်၍ ထိုင်လိုက်ပြီး မေးလိုက်တာမို့ ဆန်းမေ လိပ်ပြာသုံးထပ်ကွမ်း လွင့်င်လာသည်။ ဘုရား ... ဘုရား ... သူ့တဘက်ကြီးကဖြင့် မြဲမှန်း မြဲမှန်း မသိ ...။

"ဟော့ ... မေးနေတယ်လေ"

"ဟို ... ဟို ... ဆန်းမေက ဟိုဘက်ခြံကပါ၊ ရေ ... ရေကူးကန်ကြီးက လှလို့ လာ ... လာ ... လာဆော့မိတာပါ"

"ဩော် ... ပုဏ္ဏရိက်စည်းရိုးကြားက တိုးလာတာထင်တယ်၊ အဲ့ဒီစည်းရိုးလည်း မြန်မြန်ပြင်ခတ်မှပါပဲ၊ နောက်ကို မိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကို ခွင့်မတောင်းဘဲ သူများခြံထဲ ခိုးမဝင်ရဘူး ကြားလာ
ကောင်မလေး ...”

“ဟုတ် ... ဟုတ်ကဲ့ ...”

“ကဲ ... ကဲ ... သွားတော့၊ ငါ ရေကူးမလို့ ...”

သူက ရေကူးမလို့ဆိုပြီး သူ့ခါးက တဘက်စတေ
လက်တင်လိုက်ချိန်မှာ ဆန်းမေ လိပ်ပြာ လေးထပ်ကွမ်း မလွှ
ခင် ဆတ်ခနဲ ထရပ်ပြီး ချာခနဲ လှည့်ထွက်ပြေးခဲ့ရသည်။

“ဟော့ ... ဖိနပ်ကျန်ခဲ့တယ်”

သူ့အသံကြောင့် ဆန်းမေက တုန့်ခနဲ ရပ်သွားသည်
ပြီးတော့ သူ့ဘက်ကို လုံးဝမကြည့်ဘဲ စောင်းငဲ့မ်း စောင်းငဲ
လေး ပြန်လှည့်လာကာ ဖိနပ်လေးကို အမြန်ကောက်ပြီး ခြံစည်
ရိုးအပေါက်ဆီသို့ အပြေးတစ်ပိုင်းလေး ထွက်ခွာလာခဲ့ရပါသည်

အိမ်ရောက်တော့ ဆန်းမေ လက်ဖျားခြေဖျားကလေ
တွေ အေးစက်တုန်ယင်နေသည်။

ကြောက်ပါပြီနော် ... ။

အဲဒီခြံဘက်ကို နောက်တစ်ခါ မသွားရဲတော့ပါဘူး

■ ■ ■



* * *

မနက်ခင်း၏ နွေးဖျော့သော နေရောင်ခြည်ကလေး
သည် ဆန်းမေတို့ အိမ်ရှေ့ဆီသို့ ဝင်းဝင်းဝါဝါ လင်းဖြာလာသည်။

ညက အမေ မီးပူတိုက်ပေးထားသည့် ကျောင်းစိမ်း
ထုံချည်နှင့် ရင်ဖုံးအင်္ကျီဖြူလေး ဝတ်ထားသော ဆန်းမေသည်
နေရောင်ခြည်အောက်မှာ လန်းဆန်းစွာ ရပ်နေသည်။

ထောပတ်ရောင် အသားပေါ်မှာ သနပ်ခါး သွားပွတ်
ထဲ ခြစ်ရာကလေးတွေ အစင်းအစင်းထင်နေသော မျက်နှာကလေ
ာ လန်းဆန်းပျိုမြစ်နေသည်။ ဘဝမှာ ဘာစိတ်ဒဏ်ရာမှ မရှိခဲ့ပ
ာမို့ ဆန်းမေရဲ့ မျက်ဝန်းကလေးတွေက ကြည်လင်တောက်ပ
ေ သေးသည်။ ပခုံးထောက်၍ ကော့ပျံနေသော ဆံပင်ကလေးတွေ
ပေါ်မှာ နေရောင်ခြည်လေး ဖြာကျနေပြီး ဆန်းမေရဲ့ မျက်နှာ
လေးက နွေးထွေးဝင်းဖန့်နေပါသည်။

“ကလင် ... ကလင် ...”

“အမေရေ ... သွားကြရအောင်လေ”



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက အိမ်ထဲသို့ လှမ်းကြည့်ရင်း ဘဲလ်သံကလေး ပေး၍ အမေ့ကို လှမ်းခေါ်လိုက်သည်။ လမ်းထိပ်ရှိ ဘတ်စ်ကားဂိတ်ထိ အမေ့ကို စက်ဘီးပေါ်တင်နင်း၍ ပို့ပေးနေကျ မို့ပင်။

အမေက အိမ်ရှေ့သို့ ထွက်လာကာ ...

"ဆန်းမေရေ ... သွားနှင့်တော့၊ အမေ မလိုက်သေးဘူး"

"ဘာလို့လဲ အမေ ..."

"မကေသီ သွားခိုင်းထားလို့ အကျႌကိုယ်တိုင်းယူဖို့ အိမ်တစ်အိမ်ကို ဝင်စရာရှိလို့၊ ချိန်းထားတဲ့အချိန်က နေ့လယ်မှဆိုတော့ ဒီအချိန် အိမ်ကထွက်ရင် အရမ်းစောနေမှာမို့လို့ သမီးရဲ့ ..."

"ဒါဆို သမီး သွားတော့မယ်နော် အမေ"

"အေး ... အေး၊ စက်ဘီးကို သတိထားနင်းနော် သမီး။ ဒီအချိန် ရုံးသွား ကျောင်းသွား ကားတွေများတယ်၊ ဖြည်းဖြည်းပဲ နင်း"

"ဟုတ် ..."

အမေက ဘယ်တော့မှ မရိုးသော မှာနေကျ စကားလေးကို မှာသည်။ ဆန်းမေကလည်း 'ဟုတ်' နေကျအတိုင်း ဟုတ်လိုက်ပြီး စက်ဘီးကလေး နင်းထွက်လာခဲ့ပါသည်။

ကျောပိုးအိတ်လေးကို ကျောမှာလွယ်ပိုးကာ စက်ဘီးနင်းလာရင်း ဆန်းမေ ခြေထောက်တွေက သွက်သထက် သွက်လာသည်။ စက်ဘီးနင်းရင် သွက်သွက်လေးနင်းရမှ ကျေနပ်တတ်





သူဟာလည်း ဆန်းမေအကျင့်မို့ အမေ ဘယ်လိုမှာမှာ ဆန်းမေရဲ့ အကျင့်ကို မပြင်နိုင်။

နေရောင်အောက်မှာ ဆန်းမေရဲ့ ဆံပင်ကော့ကော့လေးတွေဟာ လေအရှိန်ကြောင့် ကော့ပျံလွင့်ဖွာနေသည်။ ဆန်းမေက ကွေ့ကောက်နိမ့်မြင့်များသည့် ရွှေတောင်ကြား လမ်းအတိုင်း သွက်သွက်လေးနင်းရင်း ချွေးတောင်စို့ထွက်လာပါသည်။

ထိုအချိန်မှာပဲ ရှေ့လမ်းအကွေ့လေးဆီမှ အရှိန်ဖြင့် ချိုးကွေ့လာသော ကားတစ်စီးကြောင့် ဆန်းမေက စက်ဘီးကို လမ်းဘေးဆွဲကာ ကပျာကယာ ကွေ့အရှောင်မှာ အရှိန်ပျက် ယိမ်းယိုင်လဲပြိုသွားလေသည်။

ကားက ဆန်းမေကို ဥပေက္ခာတော့ ပြုမသွား ...။ ကားအမည်းကြီးဟာ နောက်ပြန်ဆုတ်ကာရပ်လိုက်သည်။ ဆန်းမေက အီးအဲညည်းကာ ပြန်ထနေဆဲ ကားရှေ့ခန်းတံခါးတစ်ဖက်ပွင့်ပြီး လူတစ်ယောက် ဆင်းလာပါသည်။

ဆန်းမေမှာ ထိုသူကို သေချာမကြည့်နိုင်အားသေးဘဲ ကိုယ့်စက်ဘီးကိုယ် ပြန်ဆွဲထူနေရဆဲ ...

"ကျောင်းသူလေး မင်းကို တိုက်မိသွားလား ..."

ဟင်း ... ဒီအသံ ကြားဖူးသလိုပါလား။

ဆန်းမေက ဒိတ်ခနဲ ရင်ခုန်သွားကာ သူ့ကို မော့ကြည့်လိုက်သည်။

ဟင် ... ဟုတ်ပ။ သူပဲ။ ရောမကျောက်ဆစ်ရုပ်ပဲ။ သို့သော် ... ဒီတစ်ခါတော့ အဝတ်အစားအပြည့်အစုံနှင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဝတ်ထားသည့် ဘောင်းဘီရှည် အစိမ်းပုပ်ရောင် ဟာ ဘယ်လိုအမျိုးအစားဆိုတာ မသိသော်လည်း သူနဲ့ တော်တော် လေး ကြည့်လို့ကောင်းတယ်ဆိုတာကိုတော့ အသိအမှတ် ပြု သည်။

အရမ်းအကျပ်ကြီး မဟုတ်တဲ့ ပေါ့ပေါ့ပါးပါး ကုတ် အင်္ကျီ ကာကီရောင်အောက်မှာ ခံဝတ်ထားတာက ရှပ်အင်္ကျီမဟုတ် ဘဲ လည်ပင်းခပ်ကျယ်ကျယ် တီရှပ်ဖြစ်နေတာမို့ သူ့စတိုင်လ်က လူကြီးမဆန်ဘဲ ဒီဇိုင်းသွက်သွက်လေးတော့ ဖြစ်ခဲ့နေသည်။ ဆံပင် ညိုပျော့တွေကို နောက်မှာ စုစည်းထားပေမယ့် ရှေ့ဆံပင်စ တချို့ လွတ်ထွက်ကာ မျက်နှာပေါ် ဝဲကျ အုပ်ဆိုင်းနေပုံကလည်း တစ်မျိုး ကလေး အရိုင်းဆန်ကာ ဆွဲဆောင်မှုရှိလှပါသည်။

အင်း ... ဒီလိုအဝတ်အစား အပြည့်အစုံနဲ့ဆိုတော့ ဆန်းမေ ကြည့်ရဲတာပေါ့ ...။

"ဩော် ... မင်းကိုး"

သူက ဆန်းမေကို မှတ်မိသွားသည်။

"မင်းကို တိုက်မိသွားသေးလား"

"ဟို ... မတိုက် ... မတိုက်မိပါဘူး၊ ဆန်းမေဘာသာ လန့် ပြီး ရှောင်လိုက်မိတာပါ"

"ဟိုမှာ ထမင်းဘူး လွင့်ကျနေတယ်"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ ..."

"နေ ... နေ ... ကိုယ် ကောက်လိုက်မယ်"

သူက လမ်းအနိမ့်ပိုင်းဘက်ထိ လွင့်ကျနေသော





င်းဘူးကို သွားကောက်ယူကာ ဆန်းမေရဲ့ စက်ဘီးရှေ့ခြင်း လေးထဲသို့ လှမ်းထည့်ပေးလိုက်ရင်း ...

"မင်း ဒီလမ်းအတိုင်းလာတာ မဟုတ်လား"

"ဟုတ်ကဲ့ ..."

"လမ်းမှာ ငါ့ညီမလေးကို မတွေ့မိဘူးလား"

"ရှင် ..."

"ဩော် ... ဆောရီး၊ ကိုယ့်ညီမလေးဆိုတာက မင်းအရွယ် လောက်ပဲ၊ ဒါပေမယ့် သူ့ပုံစံက မင်းလို အပျိုအရွယ်ပုံမျိုး တော့မဟုတ်ဘူး၊ ကလေးကြီးလိုပဲ၊ ဝလည်းဝတယ်၊ အသား ဖြူတယ်၊ အရပ် ဒီလောက်လောက်၊ ဆံပင် ဒီလောက် လောက်၊ ဘောင်းဘီတို အပြာကွက်နဲ့ တီရှပ်အဝါ တောက် တောက် ဝတ်ထားတယ်"

သူက သူ့လက်ကို ရှေ့သို့ ဆန့်ကာ ဆန်းမေရဲ့ ရပ်လောက် မရှိတတ်ရှိတတ်လေး ညွှန်ပြ၏။ သူ့လည်ကုပ်ပေါ် က်ဖဝါးစောင်းဖြင့် ထိကာ ဆံပင် အတိုအရှည်ကို ပြ၏။

"ညီမလေး ပျောက်လို့ လိုက်ရှာနေတာ၊ သူက တစ်ခါ တစ်ခါ အိမ်ကလူတွေ မသိအောင် ထွက်ထွက်သွားတတ် လို့၊ ဒီနားမှာပဲ မျက်စိလည်ပြီး ပြန်မလာတတ်မှာစိုးလို့ လိုက်ရှာနေတာ ..."

သူ့ကြည့်ရတာ သူ့ညီမလေးအတွက် စိုးရိမ်ပူပန် ပုံမို့ ဆန်းမေက စာနာသွားမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှာတော့ မတွေ့ခဲ့ဘူး၊ ဟို ... ဆန်းမေ ကူရှာ
ရမလားဟင် ..."

"မင်းက ကျောင်းသွား ရမှာပဲ၊ နေပါစေတော့၊ ဟော ...
ညီမလေး"

"ကိုကို ..."

သူက ဆန်းမေရဲ့ နောက်ဘက်ကို လှမ်းကြည့်ရင်း ဝမ်းသာအားရ ခေါ်လိုက်ချိန်မှာ နောက်ဘက်ဆီက ခေါ်သံကို ကြားလိုက်ရသည်။ ဆန်းမေ လှည့်ကြည့်မိတော့ ဆန်းမေ ချောင်းကြည့်တဲ့နေ့က တွေ့ခဲ့သည့် ဝဝ ကောင်မလေးကို တွေ့လိုက်သည်။ ကောင်မလေးက ပြုံးရွှင်ရယ်မောကာ လက်ကို ဝှေ့ယမ်းရင်း 'ကိုကို ... ကိုကို' ဟု အဆက်မပြတ် အော်ခေါ်ရင်း အိပုံ့အိ လေး ပြေးလာနေသည်။ ထို့နောက် သူ့အစ်ကိုကို အရှိန်ဖြင့် ပြေးဖက်လိုက်တာမို့ သူ့အစ်ကိုခမျာ နောက်သို့ ယိမ်းယိုင်သွားရပါသည်။ ကောင်မလေး အမူအရာက ရယ်စရာကောင်းပေမယ့် ဆန်းမေ မရယ်ရက်ပါ။ သူတို့ မောင်နှမကို သနား ကရုဏာသက်စွာ ကြည့်နေခဲ့မိသည်။

ကျောက်ဆစ်ရုပ်က သူ့ညီမလေးကို ပြန်ပွေ့ဖက်ထားလိုက်ရင်း ...

"ညီမလေးက ဘယ်တွေလျှောက်သွားနေရတာလဲ၊ ကိုကို ဖြင့် စိတ်ပူလို့ လိုက်ရှာနေတာ ကြာလှပြီ၊ အိမ်ကလူတွေကို မပြောဘဲ အပြင်ထွက်မသွားရဘူးလို့ ကိုကို ပြောထားတယ် လေ ..."





"အဟီး ... ဟီး ... ဘောလုံးရောင်းတဲ့ စက်ဘီးနောက်ကို သုသု လိုက်သွားတာ၊ ဘောလုံးတွေက အရမ်းလှတာပဲ၊ အရုပ်ပုံ ဘောလုံးတွေလေ၊ ပါးစပ်နဲ့ ဖူးဖူးဆို မှုတ်ပြီးရောင်းရတာ၊ စက်ဘီးမှာ ဘောလုံးတွေ ချိတ်ထားတာ အများကြီးပဲ၊ ခစ် ... ခစ် ... သုသု အရမ်း သဘောကျတာပဲ၊ အာ့ကြောင့် အဲ့စက်ဘီးနောက်ကို လိုက်ကြည့်နေတာ ..."

"ညီမလေး အဲဒါမျိုး ဘောလုံးကြိုက်ရင် ကိုကို့ကို ပြောလေ၊ ကိုကို ဝယ်ပေးမှာပေါ့၊ မပြောမဆို လိုက်မသွားရဘူး"

"သုသုက စက်ဘီးမှာ အများကြီးချိတ်ထားတာကို ကြိုက်တာ၊ ကိုကိုက စက်ဘီးမှာ ချိတ်ပေးမှာမို့လို့လား၊ ဟင် ... ဟိုမှာ စက်ဘီး၊ သုသု စက်ဘီးစီးမယ်၊ သုသု စက်ဘီးစီးချင်တယ်"

ကောင်မလေးက ဆန်းမေရဲ့ စက်ဘီးကို မြင်သွားတာ လက်ညှိုးထိုး၍ ကလေးတစ်ယောက်လို ပူဆာလေသည်။

"သူက ကျောင်းသွားရဦးမှာ ညီမလေးရဲ့၊ သူ့စက်ဘီးကို ညီမလေး စီးနေရင် သူ ကျောင်းနောက်ကျမှာပေါ့၊ နောက်မှ စီးနော်၊ ကိုကို စက်ဘီး ဝယ်ပေးမယ်နော်"

"ဟင့်အင်း ... ဟင့်အင်း ... ခုစီးမယ် ... ခုစီးမယ်၊ အီးဟီး ခုစီးမှာပါဆို ..."

ကောင်မလေးက ဆန်းမေ စက်ဘီးကို ပြေးဆွဲထားလိုက်ပြီး မြေပြင်ကို ခြေကန်ဆောင့်ကာ အော်ငိုလိုက်တာမို့ ဆန်းမေက သနားသွားမိကာ ...



www.burmeseclassic.com

"စီးချင် စီးလေ၊ လာ ... လာ ..."

ဟု ခေါ်လိုက်တော့မှ ကောင်မလေးက အငိုတိတ်သွားကာ ...

"စီးမယ် ... စီးမယ်၊ ခစ်ခစ် ... ခု စီးမယ်"

ဟု ပြောဆိုရယ်မောကာ စက်ဘီးကယ်ရီယာပေါ် ခွတက်လိုက်ပါသည်။ သို့သော် ... သူ့ခန္ဓာကိုယ်လည်း သူမနိုင်၊ ဆန်းမေကလည်း သူ့ကိုမနိုင်ဖြစ်ကာ စက်ဘီးရော လူပါ လဲပြိုသွားသည်။

ကျောက်ဆစ်ရုပ်က သူ့ညီမလေးနှင့် စက်ဘီးကို ဆွဲထူလိုက်ရင်း ...

"မင်း ကျောင်းနောက်ကျနေမှာပေါ့၊ သွားတော့ ... ရတယ်၊ သုသုက ဒီလိုပဲ ...၊ ချော့မော့ထားလိုက်ရင် ရပါတယ်"

"ဟင့်အင်း ... ရဘူး၊ ချော့နဲ့၊ စက်ဘီးစီးမှာပဲ၊ ခုစီးမှာပဲ"

ကလေးကြီးလို ရှုပုပ်ဆောင့်အောင့်နေသော သူ့ညီမလေးကို ဆန်းမေက ပြုံးကြည့်မိရင်း ...

"သူစီးချင်တာ စီးပါစေ၊ ဆန်းမေ ဒီနေ့ အိမ်ကစောထွက်လာတာ၊ နည်းနည်းတော့ အချိန်ရပါတယ်၊ သူ့ကို စက်ဘီးပေါ်တင်ပြီး အိမ်အထိ လိုက်ပို့ပေးလိုက်မယ်"

"မင်း သူ့ခန္ဓာကိုယ်ကို တင်နင်းနိုင်လို့လား"

"နိုင်ပါတယ်၊ ဆန်းမေ အမေ့ကို တင်နင်းနေကျပါ၊ အမေလည်း ဝတာပဲ၊ လာ ... သုသု ... နောက်ကတက်လိုက်"





"ဟင် ... တကယ်လား ..."

"အေးပါ ... တကယ်ပါ"

"သုသု ခွစီးမှာ ..."

"ခွတော့ မစီးနဲ့လေ ..."

"ဟင့်အင်း ... စီးမှာပဲ၊ ခွစီးမှာပဲ"

"ကဲ ... ကဲ ... စီး စီး ..."

သုသုက စက်ဘီး ကယ်ရီယာပေါ်မှာ ခွစီးထိုင်လိုက်သည်။ ဆန်းမေမှာ သူ့ခန္ဓာကိုယ်ကို မနိုင်မနင်းထိန်း မတ်ရင်း စက်ဘီးကို အားသွန်ခွန်စိုက် နင်းလာရသည်။ အမလေး သက်တော့ မသက်သာ။ တစ်ကိုယ်လုံး ချွေးတွေထွက်ကာ စက်ဘီးလက်ကိုင်ကလည်း ခါယမ်းနေသည်။ လမ်းမှာ လူတွေ့ရင် ဝေးဝေးကပင် အသံပေး၍ ရှောင်ရှားစေရသည်။

"ဘေးကို ... ဘေးကို"

"ကလင် ... ကလင်"

"ခစ် ... ခစ် ... ပျော်စရာကြီး၊ ဘေးကို ... ဘေးကို"

သုသုက ပျော်မဆုံး မော်မဆုံးဖြစ်နေသလောက် ဆန်းမေမှာတော့ အသက်ထွက်မတတ် ဖြစ်နေရသည်။ ကျောက်ဆစ်ရုပ်က ဆန်းမေတို့နောက်မှ ခပ်ဖြည်းဖြည်း ကားမောင်းလိုက်လာသည်။

ခြံဝရောက်တော့ သုသုက ကျေနပ်သွားကာ စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်ပြီး ...

www.burmeseclassic.com



"ဟဲ့ … ကျေးဇူးပဲ"

"ဖြန်း …"

"အမေ့ …"

"ခစ် … ခစ်"

မထင်မှတ်ဘဲ ဆန်းမေတင်ပါးကို ဖြန်းခနဲ အရိုက်ခံ လိုက်ရတာမို့ ဆန်းမေမှာ ရှက်လည်းရှက်၊ စိတ်လည်းတိုကာ ဘာပြောလို့ပြောရမှန်း မသိဘဲ ပါးစပ်ကလေးတွေ ရဲတွတ်လာ သည်။ သူသူကတော့ ဆန်းမေကို ရိုက်လိုက်ရတာမို့ ပျော်ရွှင်သွား ကာ တခစ်ခစ် ရယ်မောရင်း ခြံထဲသို့ ပြေးဝင်သွားသည်။ ကားပေါ် က ဆင်းလာနေသော ကျောက်ဆစ်ရုပ်ကလည်း ထိုမြင်ကွင်းကို သေချာပေါက် မြင်မှာမို့ ဆန်းမေ ရှက်လှပါသည်။ တစိမ်း ယောကျ်ားတစ်ယောက်ရှေ့မှာ တင်ပါးကို အရိုက်ခံရတာ ဘယ် လောက် ရှက်စရာကောင်းသလဲနော် …"

ဆန်းမေက မျက်နှာ ဘယ်လိုထားရမှန်းမသိ၊ သူ့ကို လည်း မကြည့်ဝံ့တော့ဘဲ စက်ဘီးလေးကို ကပျာကယာ တွန်းကာ ခြံရှေ့မှ ထွက်လိုက်တော့ သူက ဆန်းမေရှေ့မှာ မားမားရပ်လာ သည်။

"ညီမလေးကိုယ်စား တောင်းပန်ပါ ဆန်းမေ …"

ဟင် … ဒီလူကြီးကလည်း အရိပ်အကဲ မသိလိုက် တာ။ ဆန်းမေ ရှက်နေပါတယ်ဆိုမှ မမြင်ချင်ယောင်ဆောင်လိုက် ရင် ပြီးတာပဲကို ဘာလို့ သူက လာတောင်းပန်နေရတာလဲ။ သူ





[?]က်တာလည်း မဟုတ်။ အို … ဆန်းမေ ဘာတွေ တွေးနေမိပါ [?]မဲ့။

"သူက ကလေးလိုပဲဆိုတော့ အမှားအမှန် မဝေခွဲတတ်လို့ ပါ၊ ဒီလိုပဲ အမြဲ လုပ်ချင်ရာလုပ်တတ်တယ်လေ …"

သူ့ညီမလေးကို 'ပုံမှန်မဟုတ်ရှာ' ဟု မသုံးနှုန်းရက် [?]ို့ ထင်ပါရဲ့ 'ကလေးလိုပဲ'ဟုသာ သက်သက်ညှာညှာလေး [?]ုံးနှုန်းရှာပါသည်။

"ရ … ရပါတယ်၊ ဆန်းမေ သွားတော့မယ်"

ဆန်းမေက သူ့ကိုရှောင်ကာ စက်ဘီးလေးကို ကွေ့ [?]န်းလိုက်သည်။ သူက စန်းမေ စက်ဘီးကို ဖျတ်ခနဲ လှမ်းဆွဲ [?]ားလိုက်ရင်း …

"ကိုယ် လိုက်ပို့ပေးမယ်"

"ရတယ် … မပို့ပါနဲ့"

"မင်း ကျောင်းနောက်ကျနေမှာပေါ့၊ သွား … ကားပေါ်သွား ထိုင်နေ၊ စက်ဘီးကို နောက်ဖုံးထဲထည့်ပြီး ယူခဲ့ပေးမယ်"

သူ့အသံမှာ ဩဇာသံအပြည့် ပါတာမို့ ဆန်းမေက လန့်ရှိန်ကာ မလွန်ဆန်ရဲဘဲ ကားဆီသို့ လျှောက်လာခဲ့သည်။ သူ ဘာမှမပြောလည်း ဆန်းမေမှာ သူ့ကိုမြင်ရုံနဲ့ အလိုလို လန့်ရှိန် နေမိတော့တာလေ …။

သူက ဆန်းမေရဲ့ စက်ဘီးလေးကို မယူလိုက်ပြီး ကားနောက်ဖုံးထဲမှာ ထည့်လိုက်သည်။ ထို့နောက် ကားဘေးဘက် သို့ လျှောက်လာကာ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"တက် ..."

ဟု ပြောတာမို့ ဆန်းမေလည်း ဘာမှ ဆင်ခြေ[illegible] မနေတော့ဘဲ ကားပေါ်တက်ထိုင်လိုက်သည်။

သူက တိတ်ဆိတ်စွာပင် ကားမောင်းလာတာ[illegible] ဆန်းမေကလည်း တိတ်ဆိတ်စွာပင် လိုက်ပါလာခဲ့ရသည်။ နော[illegible] ဘက်ကနေ ဘေးတစ်စောင်း မြင်နေရသော သူ့မျက်နှာကို မသိ[illegible] မသာလေး လှမ်းကြည့်မိတော့ နှာတံမြင့်မြင့်ထင်းထင်းကို သတိ[illegible] ထားမိသည်။ နှာတံကတော့ ချွန်နေတာပင် ...။ ထိုနှာတံချွန်ချွ[illegible] က တော်တော်လေး ကြည့်လို့ကောင်းသည်။ ပိရိသေသပ်သော နှုတ်ခမ်းနှင့်၊ မေးရိုးပေါ်က ရိတ်သင်ပြီးစ အမွေးစိမ်းစိမ်းရှိန်းရှိန်း လေးတွေက လတ်လတ်ဆတ်ဆတ် ရေချိုးပြီးစ လူတစ်ယောက်လို လန်းဆန်းသည့်အသွင်မျိုးကလေး ...။ ဟင် ... တော်ပါ ... ငါ ဘာတွေ လျှောက်တွေးနေတာလဲ ...။

ဆန်းမေသည် ကိုယ့်ကိုယ်ကိုယ် တရားကလေးဖြ[illegible] ကာ အကြည့်လွှဲလိုက်သည်။ သို့သော် ... မကြာမီ နောက်ကြည့်[illegible] မှန်ကလေးဆီ ဖျတ်ခနဲ အကြည့်ခိုးလေးရောက်သွားခိုက်မှာ သူ[illegible] လှမ်းကြည့်တာနှင့် ဆုံရသည်။

"ကျောင်းက ဒီလမ်းထိပ်က ကျောင်းပဲ မဟုတ်လား"

"ဟုတ်ကဲ့ ..."

ဆန်းမေက မျက်လွှာကလေးချရင်း ဖြေလိုက်သည်။ ဘာ့ကြောင့်မှန်းမသိ ရင်ဘတ်မှာ ပွေ့ထားသည့် ကျောပိုးအိတ် ကြီးကို လက်ကလေးနှစ်ဖက်ဖြင့် ကြိတ်၍ ပွတ်ချေနေမိသည်။





"မင်းနာမည်က ဆန်းမေ နော်"

"ခေတ်ဆန်းမေပါ"

"တို့နာမည်က ကျော်ဇီရ၊ ညီမလေးက သုသုကျော်"

"ဟုတ် ..."

"မင်းက ဆယ်တန်းလား ..."

"ဟုတ်ကဲ့ ..."

"စာမေးပွဲနီးပြီပေါ့"

"ဟုတ်ကဲ့ ..."

"စာကြိုးစားပေါ့"

"ဟုတ်ကဲ့ ..."

ဆန်းမေက ဟုတ်ကဲ့က လွဲရင် ဘာမှမဖြေတတ်။ သူက မသိမသာပြုံးကာ ဆက်မမေးတော့ ...။

သူ့ကားထဲမှာ ထိုင်လိုက်လာရသော ဆန်းမေမှာ တော့ အသက်ရှူမဝသလို ခံစားနေရသည်။ သူ့မျက်နှာထားဟာ အရှိန်အဝါ အဟန့်အတား ကြီးလှသည်ဟု ထင်သည်။ သူ့ကိုမြင် ရနှင့် ဆန်းမေမှာ အနေကြို့ရ၊ ရင်ခုန်ရ၊ အယောင်ယောင်အမှား မှား ဖြစ်ရသည်။ သူနဲ့နီးကပ်သွားတိုင်း လန့်လန့်သွားရသည်။ ဒီလောက် ကြည့်ကောင်းလှတဲ့ သူ့ကို ဘာ့ကြောင့် လန့်မိသလဲ ဆိုတာတော့ ဆန်းမေလည်း ရှင်းမပြတတ်ပါ။

ဆန်းမေ တစ်ခါမှ မစီးဖူးသော ငြိမ့်ညောင်းအိစက် သည့် ကားထဲမှာ မွှေးရနံ့တစ်မျိုးလည်း ရှိနေသည်။ ရေမွှေးနံ့လည်း မဟုတ်၊ ရေချိုးဆပ်ပြာနံ့လို လတ်ဆတ်ရှိန်းမြသည့် အနံ့တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကားထဲမှာ ဝေ့ကာဝဲကာဖြင့် ဆန်းမေကို ကလူကျီစယ်နေသလိုပင်။ ကုတ်အကျီလက်ကို တံတောင်ကွေးနားမရောက်တရောက်ထိ ခေါက်ပင့်တင်ထားတာမို့ ကားစတီယာရင်ပေါ်တင်ထားသည့် သူ့လက်ဖျံနှင့် လက်ချောင်းကလေးတွေပေါ်က အမွေးကလေးတွေကိုပင် ဆန်းမေ လှမ်းမြင်နေရသည်။ တမင် ရည်ရွယ်စူးစိုက်မကြည့်သော်လည်း သူ့အလိုလို အကြည့်ရောက်သွားတာတော့ ဆန်းမေလည်း မတတ်နိုင်။

ဆန်းမေ စိတ်တွေ ရင်ခုန်ထွေပြား နေချိန်မှာပဲ ကျောင်းရှေ့သို့ ရောက်လာသည်။

သူ ကားရပ်ပေးလိုက်တော့ ဆန်းမေက ကားပေါ်က လှမ်းဆင်းလိုက်သည်။

သူကလည်း ကားပေါ်မှဆင်းလာကာ ကားနောက်ဖုံးထဲက စက်ဘီးလေးကို ဆွဲထုတ်ပြီး ဆန်းမေရှေ့မှာ ချပေးလိုက်သည်။ ပြီးတော့ ဆန်းမေကို နှုတ်ဆက်သည်။

"ဒီနေ့ကူညီတာ ကျေးဇူးပဲ ကျောင်းသူလေး၊ သွားတော့မယ်"

"ဟုတ်ကဲ့ … ဦး"

'ဦး'ဆိုသော အခေါ်အဝေါ်လေးဟာ တမင် မရည်ရွယ်ဘဲ သူ့အလိုလို နှုတ်ခမ်းဖျားသို့ ရောက်လာခဲ့တာ ဖြစ်သည်။

ဦး ကားမောင်းထွက်သွားတော့ ဆန်းမေက ကိုယ့်နှုတ်ခမ်းလေး ကိုယ် လက်ချောင်းကလေးတွေဖြင့် ထိတွေ့ရင်း 'ဦး'ဟု တီးတိုးကလေး ခေါ်ကြည့်လိုက်မိသည်။





"လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ် ဦး"

မပြောလိုက်မိသော စကားလေးကို တီးတိုးရေရွတ်ရင်း ဆန်းမေက စက်ဘီးလေးကို တွန်းကာ ကျောင်းဝန်းထဲသို့ ပျော်ရွှင်တက်ကြွစွာ လှမ်းဝင်လိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဆန်းမေရေ ... အိမ်ရှေ့မှာ ဧည့်သည်ထင်တယ်၊ သွ
ကြည့်လိုက်ပါဦး"

"ဟုတ် ... အမေ"

အိမ်ရှေ့မှာ စက်ဘီးလေးကို ပြောင်လက်လာအော တိုက်ချွတ်နေသော ဆန်းမေက ဖုန်ပေနေသော လက်ဝါးထ နှစ်ဖက်ကို ဘောင်းဘီမှာ ဘတ်ဘတ်ဆို ပြန်ပွတ်သုတ်လိုက် ခြံရှေ့သို့ ခပ်သွက်သွက် လျှောက်လာခဲ့ပါသည်။ ဆန်းမေ အိမ် နေရင်းဝတ်သည့် အပွင့်ကားကား စပန့်သား ဘောင်းဘီပွများ အမေက 'တရုတ်မဘောင်းဘီ'ဟု အမည်ပေးထားပေမယ့် ဆန်း အတွက်တော့ တစ်ခါတစ်ခါ လက်သုတ်ဖတ်ဖြစ်သည်။ ဆန်း က ထိုတရုတ်မ ဘောင်းဘီပွနှင့် ဈေးပေါပေါ တီရှပ်လက် ကိုယ်ကျပ်လေးတွေကို အိမ်မှာနေရင်း ဝတ်နေကျပင်။

ဆန်းမေ ခြံတံခါးနားရောက်တော့ ခြံပြင်မှာရပ် သော အဒေါ်ကြီးတစ်ယောက်ကို တွေ့လိုက်ရပါသည်။ အဒေါ်ကြ





လက်ထဲမှာလည်း ကြိမ်ခြင်းကြီးတစ်ခြင်း ကိုင်ထားသည်။ ပလတ် တစ် အကြည်ကလေး အုပ်ထားသည့် ထိုခြင်းထဲမှာ မုန့်ပုံးတွေ၊ ဒိုဗာတင်း ပုလင်းတွေ၊ သစ်သီးတွေ အပြည့်ထည့်ထားသည်။ ဆန်းမေတို့ ခြံတံခါးက သံတံခါးမို့ သံတိုင်တွေ ခြားသော်လည်း ဘစ်ယောက်ကိုတစ်ယောက် သေချာမြင်ရသည်။

ဆန်းမေက အဒေါ်ကြီးကို သစ်ခွပန်းဝယ်သူပဲဟု ထင်မိကာ ...

"ပန်းဝယ်ချင်လို့လား အန်တီ"

"သမီးက ခေတ်ဆန်းမေလား ..."

"ဟုတ်ကဲ့"

"အန်တီက ဟိုဘက်ခြံကပါ၊ သမီးအမေ ရှိလား"

"ရှိပါတယ် ..."

"အန်တီက သမီးနဲ့ရော သမီးအမေနဲ့ရော တွေ့ချင်လို့ လာတာပါ၊ ခြံထဲကို ဝင်ပါရစေကွယ်"

"ဟုတ်ကဲ့ ... ဝင်ပါ အန်တီ"

ဆန်းမေက ခြံတံခါးဖွင့်ပေးရင်း ရင်ကလေး ခုန်ကာ နေသည်။ ဟိုဘက်ခြံက အန်တီကြီးက ဆန်းမေတို့ သားအမိကို ဘာလို့လာတွေ့ရတာလဲ ...။ ဆန်းမေ မစဉ်းစားတတ်ပါ။

ဆန်းမေက အန်တီကြီးကို ခြံထဲသို့ ခေါ်လာပြီး အမေ အလုပ်ရှုပ်နေသည့် သစ်ခွစင်ဘက်သို့ လျှောက်လာခဲ့သည်။

"အမေ ... ဧည့်သည်"

"သစ်ခွပန်း ဝယ်သူလား သမီး"



www.burmeseclassic.com

www.burmeseclassic.com

အမေက သစ်ခွပန်းခက်ကလေးကို ကတ်ကြေးဖြင့် ညှပ်နေရင်းက လှည့်မကြည့်ဘဲ မေးသည်။

"ဟိုဘက်ခြံကတဲ့ အမေ ..."

ဆန်းမေ အဖြေကြောင့် အမေက လှည့်ကြည့်လာသည်။ အန်တီကြီးက အမေ့ကိုပြုံးပြရင်း ...

"ညီမရေ ... အစ်မက ဟိုဘက်ခြံကပါ၊ ညီမကို ခွင့်တောင်းစရာလေးရှိလို့ လာခဲ့တာပါ"

"သြော် ... ဟုတ်ကဲ့၊ လာပါရှင် ... အိမ်ထဲဝင်ပါ"

"သစ်ခွခြံလေးက အေးနေတာပဲနော်၊ သစ်ခွပန်းတွေလည်း လှလိုက်တာ၊ ဒီခုံမှာပဲ ထိုင်စကားပြောကြမယ်လေ ညီမ၊ သမီးလေးလည်း လာထိုင်လေ ..."

အန်တီကြီးက နွေးထွေးရင်းနှီးစွာ ပြောပြီး သစ်ခွစင်အောက်က ခုံတန်းကလေးမှာ ထိုင်လိုက်တာမို့ ဆန်းမေတို့ သားအမိလည်း မျက်နှာချင်းဆိုင် ဝါးခုံကလေးတွေမှာ ဝင်ထိုင်လိုက်သည်။ အန်တီကြီးက ကြိမ်ခြင်းကို ဝါးစားပွဲလေးပေါ်မှာ တင်ထားလိုက်သည်။ ဆန်းမေကတော့ ဘာကိစ္စလဲဆိုတာ သိချင်လှပြီ။

အန်တီကြီးက အမေ့ကို စကား စတင်ပြောလိုက်ပါသည်။

"အစ်မက ညီမရဲ့ သမီး ခေတ်ဆန်းမေလေးနဲ့ ပတ်သက်ပြီး ခွင့်တောင်းစရာလေးရှိလို့ လာခဲ့တာပါကွယ်"

ဆန်းမေ ရင်ထဲ ဒိတ်ခနဲဖြစ်သွားမိသည်။ အမေက





...ည်း မေးခွန်းထုတ်သော အကြည့်မျိုးဖြင့် ဆန်းမေကို တစ်ချက် ...မ်းကြည့်သည်။

"ဟိုတလောက အစ်မတို့အိမ်က သမီးလေး သုသုကျော်နဲ့ ဒီက သမီးလေး ခေတ်ဆန်းမေနဲ့ လမ်းမှာဆုံကြတယ်တဲ့"

"သြော် ... ဟုတ်ကဲ့၊ သမီး ကျောင်းသွားရင်း ဆုံကြတဲ့ အကြောင်း ပြောပြထားပါတယ်"

အမေ့ကို ဆန်းမေ ပြောပြထားတာမို့ အမေက ...ပေါ့ပေါ့ပါးပါးလေး ပြန်ပြောလိုက်နိုင်သည်။

အန်တီကြီးက ခေါင်းလေးညိတ်လိုက်ရင်း ...

"အဲဒီနေ့ကတည်းက သုသုက အိမ်မှာ တဂျီဂျီ ပူဆာနေလို့ လာခဲ့ရတာပါကွယ်၊ သုသုက ခေတ်ဆန်းမေလေးကို ခင်သွားရှာတယ်ထင်ပါတယ်၊ သုသုမှာက ကစားဖော်ရယ်လို့လည်း မရှိဘူးလေ ...၊ အဲဒီနေ့ ပြန်ရောက်ကတည်းက ဆန်းမေနဲ့ ဆော့မယ်၊ ဆန်းမေကို ခေါ်ပေးဆိုပြီး အော်အော်ငိုနေတော့တာပါ၊ ဆန်းမေက သူ့ကို စက်ဘီးပေါ်တင်နင်းတယ်တဲ့၊ ဆန်းမေနဲ့ စက်ဘီးစီးမယ်တဲ့၊ တဂျီဂျီတတွတ်တွတ်ပြောလွန်းတော့ နှမကိုချစ်တဲ့ အစ်ကိုဖြစ်သူကလည်း မနေသာတော့ဘူးပေါ့၊ အဲဒါနဲ့ အစ်မကို အကျိုးအကြောင်း ပြောပြဖို့ လွှတ်လိုက်တာပါ"

အမေက ခုမှ အသက်ရှူချောင်သွားသလို ပေါ့ပေါ့ပါး...ါး ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကသမီးကလည်း တစ်ယောက်တည်းသမားမို့ အဖော်ရှာနေတဲ့သူပါပဲ မမရယ်၊ အဲ့ဒီဘက်ခြံကို မမတို့ ပြောင်းမလာခင်ကတည်းက ဘယ်လိုလူတွေများ ပြောင်းလာမလဲဆိုပြီး သူ့မှာ တဖွဖွပြောရင်း စိတ်ဝင်စားရတာ အမောပါ၊ အဲ့ဒီဘက်မှာ ရေကူးကန်လုပ်လိုက်တော့လည်း သူ့မှာ ရေကူးချင်လို့ဆိုပြီး တဖွဖွပြောပြောနေတာ ..."

"အို ... ရေကတော့ အကြိုက်ကူး၊ အိမ်နီးချင်းတွေပဲဟာ၊ သမီးလေးသာ အိမ်လိုက်လည်ရင် သုသုကလည်း အဖော်ရလို့ အရမ်းပျော်ရှာမှာ၊ သုသုကို ဒီခေါ်မလာတာက ညီမတို့အတွက် အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ၊ သုသု အနေအထားလေးကိုလည်း သမီး ဆန်းမေ သိမှာပါ၊ သူက စိတ်မထင်ရင် မထင်သလို သောင်းကျန်း ဂျီကျတတ်လို့ ဘယ်ကိုမှ ပေးမလွှတ်ရဲဘူးလေ၊ သမီးဆန်းမေကို အန်တီတို့ အိမ်ဘက် လိုက်လည်ဖို့ မေတ္တာရပ်ခံပါတယ်ကွယ်"

"မေတ္တာရပ်ခံစရာ မလိုပါဘူး မမရယ် ...၊ သူတို့ချင်း အဖော်ရမယ့် ကိစ္စပဲဟာ၊ မဟုတ်ဘူးလား သမီး ..."

ဒေါ်မေခင်က ဆန်းမေကို ကြည့်ကာ ခပ်ပြုံးပြုံးလေး လှမ်းပြောလိုက်သည်။ အဲ့ဒီဘက်ခြံကို သမီး စိတ်ဝင်စားတာ ... သမီး အဖော်လိုချင်တာကို သိတာမို့ ခုလိုမျိုး လာအပြောခံရတာကိုပဲ နှစ်ထောင်းအားရဖြစ်ရသည်။ ဒီခြံမှာနေခွင့်ရလို့ နေလာတဲ့ ကာလတစ်လျှောက်လုံး ဘယ်အိမ်နီးချင်း သူဌေးကမှ ခုလို အရေးတယူ လာမပြောဖူး ... အပေါင်းအသင်း မလုပ်ဖူးတာမို့ ဒေါ်မေခင်





ဝမ်းသာအားရဖြစ်ရသည်။ ဟိုသူဌေး နှမကလေး ဥာဏ်ရည် ... မမီတာ အသာထားလို့ သမီးလေး စိတ်ဝင်စားတဲ့ ဟိုဘက် ... ဝင်ခွင့်ရရင်ပဲ ကျေနပ်ရသည်။ ရွယ်တူတန်းတူလို ပေါင်း ... လည်း အဖော်ကလေးတော့ ရသွားမှာပါလေဟု စိတ်ဖြေရ ... ည်။

ဆန်းမေကတော့ အမေ့ကို ခေါင်းညိတ်ပြမိပေမယ့် ... ထဲမှာတော့ ဝမ်းသာရမလို ဝမ်းနည်းရမလို မအီမလည်လေး ... နေသည်။ တွေးမိရင် တင်ပါးကလေးတောင် စပ်လာသည်။ ... န်းမေ တင်ပါးကို မထင်ရင်မထင်သလို လစ်ရင်လစ်သလို ... နေရင် အခက်သားလား ...။ အဖော် သူငယ်ချင်းလေး လိုချင် ... မှန်ပေမယ့် သုသုဟာ ကိုယ်နဲ့တန်းတူ သူငယ်ချင်းလို ပေါင်းလို့ ... ယ့်သူလည်း မဟုတ်။ ဆန်းမေကို အမျိုးမျိုး ဂျီကျပူဆာ နှိပ် ... နေတော့မှာမို့ ဆန်းမေဘက်ကသာ သူ့ဒဏ်ကို ကြိတ်မှိတ် ... ည်းခံရတော့မည့် သဘောမှာ ရှိသည်။ သို့သော် ...ဆန်းမေ ... က်က သုသုကို မပေါင်းချင်ပါဘူးဟု ငြင်းဖို့ကျတော့လည်း ... စက်ရာကျနေသည်။ သုသုအပေါ် သနားစိတ်လေးလည်း ဖြစ် ... တာမို့ ဆန်းမေဘက်က ခေါင်းညိတ်လက်ခံရုံသာ ရှိတော့သည်။

"မမနာမည်က ဒေါ်တင်တင်ထွေးပါကွယ်၊ မောင်ကျော်ဝီရရဲ့ အဘိုး ရှိစဉ်ကတည်းက သူတို့မောင်နှမကို အနီးကပ်စောင့်ရှောက်ပေးခဲ့တာပါ၊ မမက သူတို့နဲ့ဆို အဒေါ် နှစ်ဝမ်းကွဲလောက် တော်ပါတယ်၊ ဒါပေမယ့် အရင်းအချာလိုပဲ စောင့်ရှောက်ခဲ့ရတာပါ၊ ကျော်ဝီရတို့ မောင်နှမက သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတာလေ ... ၊ သုသု ငယ်ငယ်လေးမှာပဲ မိဘတွေ ဆုံ ကုန်ကြတော့ သုသုလေးကို ဝီရကပဲ အမေလို အဖေ စောင့်ရှောက်ပေးခဲ့ရတာ၊ သူတို့ အဘိုးက အရမ်းချမ်းသာ တော့ ငွေရေးကြေးရေးက မပူရဘူးဆိုပါတော့ကွယ်၊ ဒါ ငါ့ညီမ နာမည်က ..."

"မေခင်ပါ မမ ..."

အမေနဲ့ အန်တီက စကားစမြည် ပြောဆိုလေ ဖြောင့်နေသည်။ အန်တီက ပြန်ခါနီးတော့ ကြိမ်ခြင်းကို လ ကလေးဖြင့် တွန်းလိုက်ရင်း ...

"အိမ်လည်လက်ဆောင်လေးပါကွယ်၊ လက်ခံပါနော်"

"အို ... နေပါစေ မမရယ်၊ ဒါတွေမလိုပါဘူး"

"ဒါ ... မောင်ကျော်ဝီရ ကိုယ်တိုင်ဝယ်ပြီး ပေးခိုင်းလိုက် လက်ဆောင်ပါကွယ်၊ ဒီသမီးကလေးအတွက် ဘော်လ်ပဲ လေးတွေ ဗလာစာအုပ်ကလေးတွေပါ ထည့်ပေးလိုက် ရဲ့"

အန်တီကြီး ပြောမှ ဆန်းမေက ကြိမ်ခြင်းထဲ အသေအချာ လှမ်းကြည့်မိသည်။ ဟုတ်ပါရဲ့ ... ကြိမ်ခြင်းရဲ့တ ခြမ်းမှာ ရောင်စုံစာအုပ် အလှကလေးတွေ ... ဘော်ပဲန်အလှက တွေနဲ့ စာရေးကိရိယာ ထည့်သည့် ကာတွန်းရုပ်ပုံခွက်က တောင် ပါသေးသည်။ ဟွန်း ... လူကို ကလေးပိစိကလေးမှ ထင်နေရော့သလား ဦးကျော်ဝီရရယ် ...။

အမေက အားနာသော လေသံကလေးဖြင့် ...





"ကျေးဇူးပါပဲရှင် ..."

"မမကသာ ကျေးဇူးတင်ရမှာပါကွယ်၊ ဆန်းမေ သမီး မနက်ဖြန် ကျောင်းပိတ်ရက်မဟုတ်လား၊ မနက်ဖြန် နေ့လယ်ကျ လာလည်နော်၊ နေ့လယ်စာ သုသုလေးတို့နဲ့ အတူစားရအောင် အန်တီထွေး စပါယ်ရှယ် ချက်ပြီး စောင့်နေမယ်နော်၊ ညီမ မေခင်လည်း လာလည်ပါနော်"

"မနက်ဖြန်ကျတော့ ကျွန်မ အလုပ်သွားရမှာဆိုတော့ နောက်မှပဲ လာပါ့မယ် မမရယ်၊ ဆန်းမေကိုပဲ လွှတ်လိုက်ပါ့မယ်"

"သမီး ဆန်းမေ လာခဲ့နော်"

"ဟုတ်ကဲ့ ..."

ဆန်းမေက အသာအယာ ခေါင်းလေးညိတ်ပြလိုက်သည်။

အန်တီကြီးပြန်သွားတော့ ဆန်းမေက အမေ့ပခုံးကို ခေါင်းလေးနှင့် တိုက်လိုက်ရင်း ...

"အမေကလည်း ဆန်းမေကို မမေးဘဲ ခေါင်းချည်းစွတ်ညိတ်နေတာပဲ"

"ညည်းပဲ အဲ့ဒီဘက်ခြံထဲ သွားချင်လှချည့်ဆို ..."

"ဒါတော့ ဒါပေါ့ အမေရဲ့၊ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲ"

"ရှင်တော့ နည်းနည်း တုန်တာပေါ့လို့ ..."

"ဘာကိုလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခြံကြီးနဲ့ အိမ်ကြီးက ကျယ်ကျယ်ဝန်းဝန်း ခမ်းခမ်းနားနား ကြီးဖြစ်နေတော့ ရှိန်တာပေါ့ အမေရယ်"

တကယ်တော့ ဆန်းမေ ရင်တုန်တာဟာ အဲ့ဒီဘက် အိမ်ကြီးကို ရှိန်တာမဟုတ်ဘဲ အဲ့ဒီအိမ်ကလူကြီးကြောင့် ရင်တုန်ရတယ်ဆိုတာ အမေကတော့ ဘယ်သိပါ့မလဲနော် ...။

အဲ့ဒီညက ကြိမ်ခြင်းကြီးထဲက စာရေးကိရိယာ ပစ္စည်းလေးတွေကို တစ်ခုချင်း တယုတယ ကောက်ကိုင်ကြည့်ရင်း ဆန်းမေ မျက်နှာလေးက ပြုံးနေခဲ့ရပါသည်။

ဘောလ်ပဲန်နဲ့ စာရေးကိရိယာထည့်ဖို့ ဘူးကလေး ခွက်ကလေးတွေဟာ အဝါရောင် ပန်းရောင် အပြာဖျော့ရောင် စသဖြင့် အရောင်စုံကလေး ...။ ဘယ်လိုလှမှန်းမသိတဲ့ အဖုံးလှလှလေးနဲ့ ဒိုင်ယာရီစာအုပ်ကလေး၊ အရုပ်ခဲဖျက်၊ ချွန်စက် ... စသည့် တိုလီမိုလီပစ္စည်းလေးတွေကလည်း ချစ်စဖွယ် ...။ ဆန်းမေကို ကလေးလို သဘောထားလို့သာ ဒါမျိုးပစ္စည်း အတိုအထွာလေးတွေ ရွေးချယ်ရှာဝယ်ပေးလိုက်တာပေါ့ ...။

ဆန်းမေကို ခေါ်တာတောင် 'ကျောင်းသူလေး'တဲ့။

ကျောင်းသူလေးတော့ ကျောင်းသူလေးပါပဲ ဦးရယ်။

ဒါပေမယ့် အဲ့ဒီကျောင်းသူလေးက ဦးနဲ့တွေ့ရင် မော်လို့တောင်မကြည့်ရဲ ... မျက်လုံးချင်းတောင် မဆုံရဲဘဲ ပရမ်းပတာ ရင်တွေ ခုန်နေမိတတ်ပါတယ် ...။

■ ■ ■



✾ ✾ ✾

ခြံဝန်းတံခါးကြီးကို ကျော်ဖြတ်လာခဲ့ပြီးနောက် ဆန်းမေသည် ဦးကျော်ဝီရတို့ အိမ်ကြီးကို ငေးမော့ကြည့်လိုက်လေသည်။

မလှမ်းမကမ်းကပဲ ဘေးတစောင်း မြင်ခဲ့ရသော အိမ်ကြီးကို အနီးကပ်တွေ့ရတော့မှ ဆန်းမေ မြင်ခဲ့တာထက်ပိုပြီး ခမ်းနားကြောင်း သိရသည်။ သွေးသားရင်းချာ အိမ်သားဆိုလို့ မောင်နှမလေး နှစ်ယောက်၊ အန်တီထွေးနဲ့မှ သုံးယောက်သာရှိသော အိမ်ဆိုတာ ဒီလောက်ကြီးဖို့ လိုလို့လား ...။ ကြည့်ရတာတော့ အိမ်ထဲမှာ ဘောလုံးကွင်းတို့ ဘတ်စ်ကတ်ကွင်းတို့တောင် လုပ်လို့ ...ောင် ချောင်ချိကျယ်ဝန်းမည်ထင်သည်။

ခြံထဲသို့ မဝံ့မရဲကလေး လျှောက်ဝင်လာရင်း ရေကူး ကန်ကိုမြင်တော့ ဆန်းမေက ရှက်စနိုးလိုလိုဖြစ်ကာ ရေကူးကန် ...်ကို လှည့်မကြည့်ရဲဘဲ ပါးကလေးတွေ ထူပူလာသည်။ ဦးကို ...ုးထားသည့်နေရာမို့ ဒီရေကူးကန်ကိုမြင်တိုင်း ဆန်းမေ ရှက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အဲ့ဒီအကြောင်း ပြန်မတွေးချင်။ အဲ့ဒီမြင်ကွင်းကို ပြန်
မမြင်ယောင်ချင် ...။

ဆန်းမေသည် ရေကူးကန်ဘက်ကို မကြည့်မိအောင်
မျက်နှာကို တစ်ဖက်သို့ စောင်းငမ်းငမ်းလေးလှည့်ရင်း မြက်ခင်
စိမ်းအလယ်က ကွန်ကရစ်လမ်းကလေးအတိုင်း လျှောက်ဝင်လာ
သည်။ စပန့်ချ်ဘောင်းဘီအပွင့်ပွပွကားကားလေးနှင့် တီရှပ်အဖြ
ရောင် လက်တို ကိုယ်ကျပ်လေးဝတ်ကာ ဆံပင်ကုံ ဘေးနှစ်ဖက်
ကို အကော့၊ နဖူးပေါ်မှာ ရှေ့ဆံပင်တိုလေးတွေ တိတိချကာ
မျက်လုံးပြူးကလေးနှင့် ဟိုဒီ ကျီးကြည့် ကြောင်ကြည့် ကြည့်ရင်
အိမ်ကြီးဆီသို့ ဆန်းမေ လျှောက်လာသည်။

အိမ်တံခါးဝမှာ ရပ်မိချိန်ထိ အိမ်နားတစ်ဝိုက်မှာ
လူသူလေးပါး မမြင်၊ အိမ်ရှေ့မှန်တံခါးကို မျက်နှာအပ်ကာ အိ
ထဲသို့ ချောင်းကြည့်တော့လည်း ဧည့်ခန်းကျယ်ကြီးထဲမှာ ဘယ်သူ
မှ ရှိမနေ ...။ သူများကို အိမ်လည်ခေါ်ထားပြီးတော့ မေ့များနေ
ကြသလားရှင် ...။

ဆန်းမေသည် ခေါင်းကလေးတစ်ချက်ကုတ်မိကာ
နှိပ်စရာ လူခေါ်ဘဲလ်ကို ရှာနေဆဲ ...

"ကျောင်းသူလေး ..."

"ရှင် ..."

နောက်နားမှ ကပ်ပြီးပေါ်လာသည့် အသံကြော
ဆန်းမေက လန့်ဖျပ်ထူးမိရင်း နောက်သို့ ချာခနဲလှည့်လိုက်မိသည်
ဆန်းမေ မျက်နှာချင်းဆိုင်လိုက်ရတာက ဦးကျော်ဝီရပင် ...





ကျော်ဝီရမှ ခြေဆုံးခေါင်းဖျား သပ်ရပ်တောက်ပြောင်နေသော
ကျော်ဝီရ ...။ သူဝတ်ထားသော ရှပ်အင်္ကျီကလေးဟာ ဘယ်လို
ပြောရမှန်းမသိအောင် အဆင့်မြင့်မြင့်လေး ကြွေရောင်တောက်ပ
လဲ့နေသည်။ ထိုရှပ်လက်ရှည်ကလေးနဲ့ လည်ပင်းမှာတပ်ထား
သည့် နက်ခ်တိုင် အနီသွေးကလေးကလည်း လိုက်ဖက်ညီစွာ
ကြည့်ကောင်းလွန်းသည်။ ဟိုတစ်နေ့က ကပိုကယို စည်းထားကာ
ခဲ့ရသော ဆံပင်ညိုပျော့တွေကို နောက်သို့ လှန်ဖြီးထားသဖြင့်
ယ်မြင့်တင်းပြောင် ပြန့်ပြူးသော မဟာနဖူးက ထင်းထင်းပေါ်
ာ ခံ့ညားသပ်ရပ်နေသည်။ ပခုံးပေါ်မှာ ကုတ်အင်္ကျီလိုလို အင်္ကျီ
စ်ထည်ကို လွှားတင်ပြီး ရှေ့နားတစ်စကို လက်ဖြင့်ပြန်ကိုင်ထား
ာ ကျန်လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲ ပြန်နှိုက်ထားသည်။
ိုင်လ်ဘောင်းဘီ အမည်းရောင်က ပြောင်လက်နေသော ဦးချွန်
ရှူးဖိနပ်ပေါ် ပုံအိကျနေသည်။ ဖြောင့်ဖြောင့်မတ်မတ်ရပ်လျက်
း:မေကို ကြည့်နေပုံက ပီဘိကလေးငယ်လေးတစ်ယောက်ကို
ည့်သည့်အလား ...။ အမလေး ... ဦးကျော်ဝီရရယ် ... တစ်ခါ
ှ့တိုင်း တစ်ခါစတိုင်လ်တစ်မျိုးနဲ့ မြင်ရတာ မရိုးနိုင်လွန်းလို့
ကျောင်းသူလေးမှာတော့ ရင်သပ် ရှုမောပါပဲ ...။

"ဦး ... အ ... ပြင်က ပြန်လာတာလား ..."

"ဟုတ်တယ် ... ညီမလေးက နေ့လယ်စာ အတူစားချင်
တယ်ဆိုလို့ ရုံးကပြန်လာတာ၊ မင်းကိုလည်း ဖိတ်ထားတယ်
မဟုတ်လား၊ အတူတူစားကြတာပေါ့၊ လာလေ ... အထဲ
ဝင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးက မှန်တံခါးကို လက်ဖြင့် လှမ်းတွန်းပေးထား
ဆန်းမေကို အရင်ဝင်စေလိုက်သည်။ ဆန်းမေက သူ့လက်အော
မှင့်လျှိုကာ အိမ်ထဲသို့ လှမ်းဝင်လိုက်လျှင် ...

"ဆန်းမေ လာပြီ ... ဆန်းမေ လာပြီ၊ ဟီးဟီး ... က
ရတော့မယ်၊ ဆန်းမေ လာ ... လာ ... မြန်မြန်လာ ..."

သုသုက အပေါ်ထပ်လှေကားအတိုင်း တဒုန်း
ပြေးဆင်းလာကာ ဆန်းမေကို အရှိန်ဖြင့် တအားပြေးဖက်လို
လေရာ ...

"အွတ် ..."

ဆန်းမေသည် ရုတ်တရက်မို့ မရှောင် မတိမ်းနိုင်
အွတ်ခနဲ အသံမြည်ကာ နောက်သို့ အရှိန်ဖြင့် ယိမ်းယိုင်သွား
သည်။

"ဟာ ... ဟေ့ ... သုသု ... အဲ့ဒီလို မလုပ်ရဘူးလေ"

နောက်သို့ ပြိုယိုင်လဲတော့မည့်ဆဲဆဲ ဆန်း
ဆန်းမေနောက်မှာ ပါလာသော ဦးက ဆီးဖမ်းထားလိုက်သ
ဆန်းမေရဲ့ ကျောပြင်ကလေးဟာ သူ့ရင်ဘတ်မှာ အိခနဲ ကပ်
သည်။ အို ... မွှေးလိုက်တာ ...။

ဆန်းမေသည် ဖျပ်ခနဲ မှင်သက်သာယာသွား
ချက်ချင်း အသိဝင် ရုတ်ရွံ့ကာ ခန္ဓာကိုယ်ကို ကမန်းက
ပြန်မတ်လိုက်ရသည်။

"အဟိ ... ခစ်ခစ် ကိုကို ဆန်းမေကို ဖက်တယ်၊ ကို





ဆန်းမေကို ဖက်တယ်၊ အန့်တီထွေးရေ ... ကိုကိုရယ်
ဆန်းမေကို ဖက်တယ် ..."

"သုသု ... အာ ... ဒီကောင်မလေး ..."

သုသုက တဆွဆွခုန်ကာ အော်ဟစ်နေတာမို့
ဆန်းမေက ဘာလုပ်ရမှန်းမသိဘဲ တစ်ကိုယ်လုံး ထူပူရှက်ရွံ့ကာ
အောက်နှုတ်ခမ်းလေးကို ကြိတ်ကိုက်လိုက်ရင်း မျက်ရည်ကလေး
ဆွေ ဝဲလာသည်။ ခုန ဦးရင်ခွင်ထဲ ရောက်သွားလို့ ရှက်ရတာက
တစ်မျိုး၊ အခု ရှက်ရတာက တစ်မျိုး၊ ခုချက်ချင်းသာ ပြန်လှည့်
ပြေးလိုက်ချင်တော့တာပင်။

ဦးကျော်ဝီရက သုသုကို လှမ်းဆွဲဖက်ကာ သုသု
ပါးစပ်လေးကို လက်ဖဝါးဖြင့် လှမ်းပိတ်ရင်း ...

"ဟိတ် ... ရှတ် ... ညီမလေး ဒီလို လျှောက်မအော်ရဘူး
လေ၊ ဆန်းမေကို ညီမလေး တအားပြေးဖက်တွန်းလိုက်လို့
လဲကျမှာစိုးလို့ ကိုကိုက ဖမ်းထိန်းပေးထားတာလေ၊ တမင်
ဖက်တာမဟုတ်ဘူးလေ ...၊ ညီမလေး ဒီလို လျှောက်အော်
နေရင် ဆန်းမေက ညီမလေးနဲ့ လာမဆော့ဘဲနေလိမ့်မယ်"

သုသုက မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့်
ငြိမ်သွားပြီးမှ ခိခနဲ တစ်ချက်ရယ်လိုက်ရင်း ...

"တမင် ဖက်တယ်ဆိုတာ ဘယ်လိုမျိုးလဲဟင် ကိုကို ..."

"ဟာ ..."

ဦးကျော်ဝီရက စိတ်အိုက်သွားသလို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



အာမေဋိတ်ပြုလိုက်ရင်း ဆန်းမေကို အားနာသလို လှမ်းကြည့်သည်။ ဆန်းမေမှာတော့ ခေါင်းကို ငုံ့သထက် ငုံ့ထားမိသည်။

"တမင် ဖက်တယ်ဆိုတာ ဘယ်လိုမျိုးလဲလို့၊ ကိုကို ဖက်ပြ ... ဖက်ပြ၊ ဆန်းမေကို ကိုကို ဖက်ပြ၊ သုသု ကြည့်ချင်တယ် ... ကိုကို ဖက်ပြ ..."

"သုသု ... ဟာ ... ညီမလေးရာ ခက်တော့ ခက်တာပဲကွာ"

"ဖက်ပြဆို ... ဖက်ပြ ..."

သုသုက ခြေကိုဆောင့်ကာဆောင့်ကာ တောင်းဆိုနေဆဲ ကယ်တင်ရှင် အန်တီထွေး ပေါ်လာပါသည်။

"ဟော ... သမီးလေးရော ... ဝီရရော ရောက်ပြီကိုး၊ လာကြ ... လာကြ၊ ထမင်းပွဲလည်း အသင့်ပဲ၊ သုသုရေ ... လာ ထမင်းစားရအောင်၊ သုသုကြိုက်တဲ့ ဟင်းတွေလည်း အများကြီး ချက်ထားတယ်၊ စားပြီးမှ ဆန်းမေနဲ့ တူတူဆော့နော် ..."

"သုသုကြိုက်တဲ့ ငါးသလဲထိုးကြော်ကော ပါလား တီတီထွေး"

"ပါတာပေါ့၊ သုသုလေးအတွက် တီတီ အများကြီး ကြော်ထားပါသရှင်၊ ဝီရရေ ... လာ၊ ဆန်းမေလေးလည်း လာ စားကြရအောင် ..."

သုသုက အစားဘက်ကိုအာရုံလွှဲသွားတာမို့ ဆန်းမေ သက်ပြင်းချရသည်။

"ဆန်းမေ ... လာလေ ..."





သူက ဆန်းမေကို လှမ်းကြည့်ရင်း ခေါ်သည်။ ဆန်းမေက သူ့နောက်မှ လိုက်လာခဲ့ရပါသည်။

အန်တီထွေးက မှန်နံရံအပြည့် ကာထားသည့် လိုက်ကာစကို ဆွဲဖွင့်လိုက်တာမို့ ထမင်းစားခန်းကျယ်ကြီးထဲမှာ လင်းကျင်းသွားပါသည်။ ထမင်းစားပွဲရှည်ကြီးရဲ့ အရှေ့နံရံတစ်ခုလုံးကို မှန်ချပ်ဖြင့် ကာရံထားပြီး ထိုမှန်နံရံရဲ့ အပြင်ဘက်မှာ ရေတသွင်သွင် စီးကျနေသော ရေတံခွန်လေးနှင့် ရောင်စုံငါးကလေးတွေ ကူးခတ်နေသော ရေကန်ငယ်ကလေးလည်း ရှိသည်။ ရေကန်ပတ်ပတ်လည်မှာတော့ လှပလန်းဆန်းသော အစိမ်းရောင် သစ်ပင်ပန်းပင်ကလေးတွေ ပြွတ်ခဲနေသည်။ ရေကန်နဲ့ အစိမ်းရောင်အပင်တွေရဲ့ တစ်ဖက်မှာ စိမ်းမြသော မြက်ခင်းပြင် တပြန့်တပြူး ...။ ဒီလို ထမင်းစားခန်းထဲမှာ ဒီလိုရှုခင်းကလေးကို ငေးရင်း စားကောင်းသောက်ဖွယ်များ စားရတဲ့အရသာဟာ ဘယ်လောက်ကောင်း ကောင်းမှာပါလိမ့်ဟု ဆန်းမေက စိတ်ကူးယဉ်ဆဲမှာ သုသုက ဆန်းမေရဲ့ ထမင်းပန်းကန်ထဲသို့ ဟင်းတွေအမျိုးစုံ ခပ်ခပ်ထည့်ပေးလိုက်ရင်း ...

"ဆန်းမေ အများကြီးစားနော်၊ ကုန်အောင်စား၊ ဆန်းမေကို သုသုက ခင်လို့ကျွေးတာ၊ ကုန်အောင်စားရမယ်နော်"

ထမင်းပန်းကန်ထဲက ဟင်းအပုံလိုက်ကြီးကိုကြည့်ရင်း ဆန်းမေရဲ့ စိတ်ကူးနုနုလေးတွေ ပျောက်သွားသည်။ ဟင်းတွေဟာ ရောရာ။ ဆန်းမေ မကြိုက်တဲ့ ဟင်းတွေလည်း ပါ၊ ဆီပြန်ဟင်းတွေပေါ်မှာ ဟင်းချိုအရည်တွေကိုလည်း ခပ်ခပ်ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးတာ၊ ပြီးတော့ အပေါ်က ငါးပိရည်လည်း ထပ်ဆမ်းပေးလိုက် ပေးတာ၊ ဘုရားသိကြား မ,ပါ။

"သုသု ... ညီမလေး ဒီလိုမလုပ်ရဘူးလေ၊ ဆန်းမေ သူ ဘာသာ သူကြိုက်တာ ထည့်စားမှာပေါ့ ..."

"ဟင့် ... သုသုက စားစေချင်လို့ ထည့်ပေးတာပဲဟာ ..."

"သမီး ဆန်းမေ အန်တီ ပန်းကန်အသစ် လဲပေးမယ်နော်"

"လဲနဲ့ ... လဲနဲ့ ... ဒါပဲစား၊ သုသု ထည့်ပေးတာပဲ စား သုသုက ဆန်းမေကို ခင်လို့ ထည့်ပေးတာ၊ ဆန်းမေ စားရမယ်၊ ဆန်းမေ စားရမယ်၊ သုသုကို ချစ်ရင် ကုန် အောင်စားရမယ်"

သုသုက သောင်းကျန်းစပြုလာသည်။ သူပြောသလို မလုပ်ရင် ထမင်းပန်းကန် မှောက်မပစ်ဘူး မပြောနိုင် ...။

ဆန်းမေသည် တံတွေးလေး မျိုချလိုက်မိရင်း ဖျော ညှစ်ပြုံးရကာ ...

"သုသု ထည့်ပေးတာ ဆန်းမေ ကြိုက်ပါတယ်၊ သုသုထည့် ပေးတာပဲ ကုန်အောင်စားမယ်နော်၊ သုသုလည်း စားနော် ပြီးရင် အတူကစားကြမယ်နော်"

"ခစ် ... ခစ် ... အာ့ကြောင့် ဆန်းမေ့ကို ချစ်တာ၊ ဆန်းမေ က သုသုကို အလိုလိုက်တယ်၊ တွေ့လား ကိုကို ..."

သုသုက ကျေနပ်ပျော်မြူးသွားကာ ငြိမ်ငြိမ်သက် သက် ထမင်းထိုင်စားလေသည်။

ဆန်းမေမှာတော့ ဘုန်းကြီးကျောင်းက ဟင်းပေါင်း





ဘတ်လဗိုင်လိုက်နေသော ဟင်းရောရာကို ကြိတ်မှိတ်စားရင်း ရဲ့အပြင်ဘက်က ရေတံခွန် ရှုခင်းအလှကိုလည်း မခံစားနိုင်။

ဦးကျော်ဝီရက ဆန်းမေ မျက်နှာကို စိုးရိမ်သလို ကြည့်ကလေးဖြင့် ငဲ့ကြည့်လိုက်ရင်း ...

"ဆန်းမေ ဖြစ်ရဲ့လား ..."

"ဖြစ် ... ဖြစ်ပါတယ်၊ အဟင်း ... ဆန်းမေက အစားကြီး တယ်လေ၊ ဒီလောက်တော့ ကုန်အောင် စားနိုင်ပါတယ်"

ဆန်းမေက မုသားဆိုကာ ဦး စိတ်ချမ်းသာအောင် လိုက်ပြီး အားရပါးရ စားပြရသည်။ အားလုံးကုန်အောင် ပြီးတော့ ဗိုက်ထဲမှာ ပြည့်အင့်ကာ လူက မနေတတ် မထိုင် တ် အီလည်လည်ကြီး ဖြစ်နေသော်လည်း အပြုံးကလေးဖြင့် န်ဆောင်ထားရသည်။

"ဟေး ... ကုန်ပြီကွ၊ ဆန်းမေ စားတာ ကုန်ပြီကွ၊ တွေ့ လား ကိုကို၊ ဆန်းမေက သုသုကို ချစ်တယ် ... တွေ့လား"

ဆန်းမေ ပြည့်သလောက် သုသုက ပျော်နေသည်။ ကျော်ဝီရက ဆန်းမေကို ကျေးဇူးတင်ကြည့်ကလေးဖြင့် ကြည့် ာ့ ဆန်းမေလည်း ပျော်သလိုလိုတော့ အရှိသားပါလေ ...။ ချစ်တဲ့ သူ့ညီမလေး ပျော်လို့ သူလည်းပျော်တယ်ဆို ပြီးတာပါ

ထမင်းစားသောက်ပြီးတော့ ဦးက သူ့အလုပ်ကို သွားသည်။

ဆန်းမေကတော့ သုသုနှင့် ကစားရင်း ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်တော့ သုသုနဲ့ ဆန်းမေဟာ အ
ကစားကြတာမျိုးတော့ မဟုတ်။ သုသုက ဆန်းမေကို သူ့က
စရာလေးလို သဘောထားကာ ကစားခြင်းဖြစ်သည်။

"ဆန်းမေ ... လာ ... အပေါ်ထပ် သွားရအောင်"

သုသုက သူ့အားကြီးဖြင့် ဆန်းမေလက်ကို ဆွဲ
အပေါ်ထပ်သို့ ပြေးတက်တော့ ဆန်းမေလည်း ဟပ်ထိုးလဲ
မတတ် ပြေးတက်လိုက်ရပါသည်။

သုသုက အပေါ်ထပ်က အခန်းကျယ်ကြီးတစ်
သို့ ဆန်းမေကို ခေါ်သွားသည်။

မီးခိုးရောင် မွေးပွကော်ဇော ခန်းလုံးပြည့် ခင်း
သည့် ထိုအခန်းကျယ်ကြီးထဲမှာ တန်ဖိုးကြီး အကောင်းစား က
စရာများစွာက ဆန်းမေကို ရင်သပ်ရှုမောစေသည်။

ဆန်းမေသည် ထိုအခန်းဝမှာရပ်တန့်ရင်း အခန်း
ပတ်လည်ကို ခေါင်းလေးချာချာလည်ကာ အံ့သြတကြီး
ကြည့်နေလိုက်မိသည်။

အခန်းနံရံတွေပေါ်မှာ သူတို့မောင်နှမရဲ့ ဓာတ်
ပေါင်းများစွာ ချိတ်ဆွဲထားသည်။ သုသု ကလေးဘဝကနေ အ
အချိန်ထိ ရိုက်ကူးထားသော ဓာတ်ပုံပေါင်းများစွာ ...။ အ
ကလေးဖြင့် ထုပ်ထားသော ကလေးပိစိလေးကို ငုံ့နမ်းနေ
ဦးရဲ့ပုံစံလေးက ချစ်စရာကောင်းလှပါသည်။ သုသု ပိစိ
ကလေးတုန်းက ဦးက လူပျိုပေါက်အရွယ်ကလေးပေါ့။ ပြီး
ဦးက သုသုကို ကျောပိုးထားသည့်ပုံ၊ သုသုက ဦးရဲ့ လည်ကုပ်

ခွစီးပြီး ဦးခေါင်းက ဆံပင်တွေကို တအားဆုပ် ဆွဲထားလို့
ကျ်နာ ရှုံ့မဲ့နေတဲ့ပုံ။ ပြီးတော့ ... သုသု အရွယ်ရောက်လာချိန်
ဒိုင်ငံခြားမှာ သူတို့မောင်နှမ အတူလည်ပတ်ရင်း ရိုက်ထား
ည့် ပုံများ၊ ကစားကွင်းကြီးထဲမှာ အတူကစားနေပုံများ၊ ရေခဲ
စီးနေပုံများ ...။

ဒီလို ဓာတ်ပုံပေါင်းများစွာက သူတို့မောင်နှမရဲ့
င်းမှုနှင့် ကြီးစွာသော သံယောဇဉ်ကို ဖော်ပြနေသည်။ ဒီပုံတွေ
ကြည့်ရုံနှင့် သုသုကို ဦး ဘယ်လောက်ချစ်တယ်ဆိုတာ သိမြင်
သည်။

ပြီးတော့ ... အခန်းရဲ့ တစ်ဖက်ထောင့်မှာ ချထား
သာ မွေးပွရုပ်အပုံလိုက်ကြီးဟာ လူတစ်ရပ်မက ...။ စူပါမတ်
တွေမှာ ရောင်းဖို့ထားသည့် အရုပ်တွေတောင် ဒီလောက်မများ
ထင်သည်။ အရုပ်တွေအပြင် စန္ဒရား၊ ဂစ်တာ၊ တယော ...
ည့် တူရိယာပစ္စည်းများ၊ ရုပ်ပုံကားချပ်များ ...။ နံရံမှာ ကပ်
သည့် တီဗီအကြီးကြီးနှင့် ကက်ဆက်ကြီးကြီး ...။ ကော်ဇော
မှာ စီရရီရှိနေသည့် ကာတွန်းရုပ်မျိုးစုံပါ အိမ်နေရင်းဝတ်သည့်
ဒိနုပ် အလှကလေးများ ...။

"ဆန်းမေ ... လာလေ ဝင်လေ၊ သုသု အရုပ်တွေ ဆန်းမေ
လည်း ယူဆော့လေ၊ လာ ... လာပါဆို ..."

သုသုက မွေးပွအရုပ် ဝက်ဝံရုပ်ကြီး အကြီးကြီးကို
သုလာကာ ဆန်းမေ ရင်ခွင်ထဲသို့ တွန်းထည့်ပေးလိုက်သည်။
မေဘဝမှာ ဒီလောက်ကြီးတဲ့အရုပ်မျိုးကြီးကို တစ်ခါမှ မပွေ့







www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဖူးတာမို့ နှစ်နှစ်ခြိုက်ခြိုက် ပွေ့ပိုက်ထားလိုက်မိသည်။ ရင်ခွင်ထဲမှာ အိအိစက်စက် နွေးနေတာလေးကို ဆန်းမေ သဘောကျမိသည်။

ဆန်းမေသည် အရုပ်ကြီးကို ပွေ့ထားရင်း မွေးကော်ဇောကို နင်းကောင်းကောင်းဖြင့် နင်းကာ အခန်းပတ်ပတ်လည်က အရုပ်တွေ့ ဓာတ်ပုံတွေကို လှည့်ပတ်ကြည့်နေဆဲ ...

"ဆန်းမေ ... လာ ... ကရအောင်"

"ဟင် ... သုသုကလည်း၊ ဆန်းမေ မကရဲပါဘူး"

"တီဗီဖွင့်ပြီး တီဗီထဲကလို ကမယ်လေ"

"ဟင့်အင်း ... ဆန်းမေ မကချင်ဘူး"

"ဟင့် ... ကရမယ်၊ ကရမှာပဲ ..."

သုသုက တီဗီကိုဖွင့်လိုက်တော့ နိုင်ငံခြားအကအဖွဲ့တစ်ဖွဲ့ ကနေတာ မြင်ရသည်။ တီဗီသံက ဆူညံနေသလို သုသုအသံကလည်း ဆူညံကျယ်လောင်လာသည်။

"မရဘူး ... ခုက ... ခုက၊ သုသုနဲ့ တူတူက ..."

"ဆန်းမေ မကတတ်လို့ပါ သုသုရယ်၊ ဒီလို အကမျိုး တစ်ခါမှ မကဖူးလို့ပါ"

"သုသုလို ကလေ၊ သုသုလို လိုက်ကရင် ရတာပဲ"

နောက်ဆုံးတော့ သုသု အလိုကို လိုက်ရပြန်သည်။ တီဗီထဲက အကအဖွဲ့ ကသလို ဒိုးဒိုးဒန့်ဒန့် ကပြရင်း ပျော်သည်။ စိတ်ညစ်သလိုကြီး ဖြစ်လာသည်။ လက်စသတ်တော့ ဆန်းမေဟာ သုသုနဲ့ ကစားနေတာမျိုးမဟုတ်ဘဲ သုသုကို လိုက်ထိန်းပေးမယ့်





အထိန်းတော်ကလေး ဖြစ်နေရတာပါလားဟု သဘောပေါက်လာသည်။

ဟွန့် ... မျှော်လင့်တာနဲ့တော့ တခြားစီပါလား။ ဆန်းမေမှာတော့ဖြင့် စိတ်တူကိုယ်တူ ရွယ်တူ သူငယ်ချင်းလေးများ ရမလားလို့ မျှော်လင့်လိုက်ရတာ ...။

ဆန်းမေသည် နည်းနည်း စိတ်ညစ်မိသော်လည်း သုသုကိုတော့ သနားကရုဏာစိတ်ကလေးဖြင့် ငဲ့ညှာချင်မိသားပင်။ ပြီးတော့ သူ့ညီမလေး ပူဆာရင် ဘာမဆို ဖြည့်ဆည်းပေးချင်ပုံရတဲ့ သူ့အစ်ကို ရောမကျောက်ဆစ်ရုပ်ကြီးကိုလည်း သနားမိသလိုပင်။

ဆန်းမေသည် 'သနား သည်းခံ လမ်းကြောင်းမှန်' ဟူသော စိတ်ဓာတ်ကလေးဖြင့် သုသုနှင့် အတူက၊ သုသုနှင့်အတူ မွေးပွရုပ်တွေနှင့် ပစ်ပေါက်လူးလိမ့်၊ ပြီးတော့ စန္ဒရားကို ပေါက်တရကီးဖြင့် တီးချင်သလို တီးနေသော သုသုနားမှာ ကော သီချင်းဆိုပေးရသေးသည်။

အပေါ်ထပ်မှာ ကစားလို့ အားရတော့ သုသုက ဆန်းမေလက်ကို ဆွဲကာ ...

"ဆန်းမေ ...သုသုကို စက်ဘီးစီး သင်ပေးဦး၊ သုသုဖို့ ကိုကို စက်ဘီးလှလှလေး ဝယ်ပေးထားတယ် သိလား"

ဟု ပြောပြီး အောက်ထပ်သို့ ပြန်ဆွဲခေါ်လာ၊ ခြံထဲဆင်း၊ သူ့ခန္ဓာကိုယ်ကြီးကို မနိုင်မနင်း စက်ဘီးစီးသင်၊ ချော်လဲပြီး ငိုးပြီတော့ အော်ငို၊ အိမ်ပေါ်ပြန်ချော့ခေါ်လာ၊ အနာဆေးထည့်ပေး၊



www.burmeseclassic.com

www.burmeseclassic.com



ကစားတဲ့အခန်းထဲ ပြန်ဝင်လာတော့ သုသုက ကော်ဇောပေါ် တုန်းခနဲ ပစ်လှဲချကာ ...

"ဆန်းမေ သုသု မောပြီ၊ အိပ်ချင်တယ်"

"သုသု အခန်းထဲ သွားအိပ်လေ"

"ဟင့်အင်း ...ဒီမှာပဲ အိပ်မယ်"

"ဒါဆို ခေါင်းအုံးယူပေးမယ်လေ"

"ဟင့်အင်း ...မယူနဲ့၊ ဆန်းမေ ပေါင်ကို ခေါင်းအုံးပြီး အိပ်မယ်၊ သုသု မနိုးခင် ဆန်းမေ ပြန်သွားမှာစိုးလို့ ..."

သုသုက ဆန်းမေကို သူ့ဘေးမှာထိုင်ခိုင်းကာ ဆန်းမေ ပေါင်ပေါ်ကို ခေါင်းကလေးတင်ပြီး မကြာခင်မှာပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေသည်။

ဆန်းမေသည် သုသုနိုးမှာစိုးတာမို့ မလှုပ်မယှက် ငြိမ်ထိုင်ရင်း နာရီကြည့်မိတော့ ညနေ ၆ နာရီ ...။

ဆန်းမေက သက်ပြင်းကလေးချရင်း ကလေးကြိုးလို နှုတ်ခမ်းလေး ထော်လန်ကာ အိပ်မောကျနေသော သုသု မျက်နှာကလေးကို ငုံ့ကြည့်၍ နဖူးပေါ်က ဆံစကလေးတွေကို ဖယ်ပေးလိုက်မိသည်။

"ဆန်းမေ ..."

တံခါးဝဆီက ခေါ်သံတိုးတိုးကြောင့် ဆန်းမေ လှည့်ကြည့်မိတော့ ဦးကိုတွေ့သည်။ ဦးတောင် ပြန်လာပြီ။

ဆန်းမေက နှုတ်ခမ်းကလေးပေါ် လက်ညှိုးကန့်လန့်ဖြတ်တင်ကာ ရှူးတိုးတိုး လုပ်လိုက်တော့ ဦးက အသာအယာ





ခေါင်းဆတ်ပြပြီး ဆန်းမေတို့နားသို့ လျှောက်လာသည်။ ဆန်းမေ ...မှာ ဦး ရပ်လိုက်တော့ ဆန်းမေက ဦးမျက်နှာကို ခေါင်းလေး ...လှန်ကာ မော့ကြည့်ရသည်။ ဦး အရပ်ကြီးက ရှည်မြင့်လှသည် ... ...။

ဦးက ဆန်းမေနားမှာ ဒူးတစ်ဖက်ထောက်၍ ထိုင်ချ...ကိုက်သည်။ ပြီးတော့ သုသု မျက်နှာလေးကို ငုံ့ကြည့်ပြီး သုသု ...လေးကို စမ်းလိုက်သည်။ အဖေတစ်ယောက်လိုမျိုး ကြင်နာ...ယစိတ် အပြည့်ရှိသည့် ဦးမျက်လုံးတွေနှင့် ဦးအမူအရာက ...န်းမေကို စိတ်လှုပ်ရှားစေသည်။

"အိပ်သွားတာ ကြာပြီလား"

ဦး လေသံက သူ့ညီမလေး နိုးသွားမှာစိုးတာမို့ ...တိုးကလေး။ ဆန်းမေမျက်နှာနှင့် ဦးမျက်နှာက နီးကပ်လှတာ ... ဆန်းမေရဲ့ နားသယ်စပ်နား ဆံစကလေးတွေတောင် ဦးပါးစပ် ... ထွက်သည့် လေအငွေ့အသက်ကြောင့် နွေးခနဲ လှုပ်ခတ်သွား...ည်။ ဦးထံက ရေချိုးဆပ်ပြာနံ့လား ...ရေမွှေးနံ့လား ...ကိုယ်နံ့...ား မကွဲပြားသည့် အနံ့ရှတာတလေးကို ရှူရှိုက်ရင်း မူးမိုက်ချင်...ရတာမို့ ဆန်းမေက ခဏ အသက်အောင့်ထားမိသည်။ သုသု... ဆန်းမေပေါင်ကို ခေါင်းအုံးထားသဖြင့် ထပြေးလို့လည်းမရ။ ...က ဆန်းမေအနားကို တမင်ကြီး တိုးကပ်လာတာမျိုးလည်း ...တ် ...။ သူ့ဘာသာ ပုံမှန်အတိုင်းလေး ပြုမူပြောဆိုနေတာ ...ပင်။

ဆန်းမေမှာတော့ တိတ်ဆိတ်နေသည့် အခန်းကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ ဦးရဲ့ အသက်ရှူသံကလေးကိုပင် ခံစားမိနေကာ ပရ… ပတာ ရင်ခုန်လှုပ်ခတ်နေခဲ့ရတာ …။ ရင်ခုန်တယ်ဆိုတာ ဒီလို… ပါလားလို့ ဦးကြောင့် စပြီး သိခဲ့ရတာပါ။

ဆန်းမေသည် ခေါင်းကလေးကို နောက်သို့ မသ… မသာ ယိုင်ထားကာ ခံဏကလေး အသက်အောင့်ထားမိသေ… လည်း ဆန်းမေရဲ့ အကြည့်တွေက ဦးရဲ့ မျက်နှာမှ မခွာမိ … အနီးကပ်မြင်နေရတဲ့ သူ့နားသယ်စပ် မေးရိုးတစ်လျှောက်က ရှိ… မြစိမ်းစိုတဲ့ နေရာကလေးက အလွန်ပဲ ကြည့်လို့ကောင်းလှပါသည်… ဆန်းမေတို့ကျောင်းက မြင်ဖူးသမျှ ယောကျ်ားလေးတွေရဲ့ မျက်နှ… တော်တော်များများကတော့ ဦးလိုမဟုတ်ဘဲ ပြောင်ချောချောလေ… တွေလေ …။ ဦးလို ရှိန်းမြစိမ်းစိုမနေဘူးလေ …။

"ဟင် … ဆန်းမေ၊ ညီမလေး အိပ်သွားတာကြာပြီလား…"

ဦးက ထပ်မေးရင်း ဆန်းမေ မျက်နှာကို ငုံကြည့်… သည်။ ဆန်းမေက ကပျာကယာ အကြည့်ကို ရုပ်သိမ်းရင်း တိုးတိုး… ဖြေရသည်။

"ဟို … နည်းနည်းတော့ ကြာနေပြီ"

"ဒါဆို ဆန်းမေ ညောင်းနေရောပေါ့ …"

"ဟုတ် …၊ ဒါပေမယ့် သုသုက သူမနိုးခင် မပြန်ရဘူး… လို့ …"

"သူက တော်တော်နဲ့ နိုးမှာမဟုတ်ဘူး၊ မိုးတောင်ချုပ်တော့… မှာ၊ အိမ်ကစိတ်ပူနေလိမ့်မယ်"

ဦးက ဆန်းမေတို့နားက ထသွားပြီး အခန်းထော…





က အရုပ်ခေါင်းအုံးလေးတစ်လုံး သွားယူလာသည်။ ပြီးတော့ .. သုသုခေါင်းကို အသာအယာ မ,ထားပေးတော့ ဆန်းမေက ကိုယ့် ခြေထောက်ကို အသာအယာ ဆွဲထုတ်လိုက်ရသည်။ ဦးက အရုပ် ခေါင်းအုံးလေးကို သုသု ခေါင်းအုံးအောက်မှာ ခုပေးပြီး ထရပ် လိုက်ပါသည်။

ဆန်းမေလည်း မတ်တတ်ရပ်ဖို့ ကြိုးစားပေမယ့် ခြေထောက်ကထုံနေသည်။ အားတင်းကာ ရပ်လိုက်တော့ ဟန်ချက် ခထိန်းနိုင်တော့ဘဲ လူကယိုင်သွားတာမို့ ဦးက ဆန်းမေရဲ့ ပခုံးလေး ကို ဖမ်းထိန်းပေးထားလိုက်ပါသည်။

"ခြေထောက် ထုံနေတယ်ထင်တယ်၊ ရရဲ့လား ဆန်းမေ၊ လျှောက်နိုင်ရဲ့လား …"

"ဟုတ် … ရပါတယ်"

ဆန်းမေက ခန္ဓာကိုယ်ကို သတိထားထိန်းမတ်၍ ရပ်နေလိုက်ပြီးမှ အခန်းပြင်သို့ လျှောက်ထွက်လာသည်။ ဦးက ဆန်းမေ နောက်တစ်ကြိမ် ယိမ်းယိုင်သွားမှာစိုးရိမ်ပုံဖြင့် ဆန်းမေ ဘေးမှ ကပ်လိုက်လာသည်။ ဦးပုံစံက လမ်းလျှောက်တတ်ခါစ ကလေးလေး တစ်ယောက် လမ်းလျှောက်ရင်း ချော်လဲရင် ဖမ်း ထိန်းထားပေးဖို့ အဆင်သင့် စောင့်နေတဲ့ လူကြီးတစ်ယောက်နဲ့ တူသည်။

ဦးက ဂရုစိုက်တတ်ပါသည်။ သို့သော် အကြင်နာ ကြီးသည့် ပုံစံမျိုးတော့ မဟုတ်။ ဦးပုံစံက မာဆတ်ဆတ်ကလေး ဖြစ်နေတတ်သည်ဟု ဆန်းမေ ထင်သည်။ ဦးရဲ့ ပင်ကိုစရိုင်လ်



www.burmeseclassic.com

www.burmeseclassic.com



ထိုက ခပ်ခါခါ ခပ်တည်တည် ဣန္ဒြေကြီးသည့် စတိုင်လ်မျိုး …။ သူသူတစ်ယောက်တည်း အပေါ်မှာသာ ဦးက နူးညံ့တတ်ပုံပါပဲ။

အခန်းပြင်ရောက်တော့ ဦးက ဆန်းမေနှင့် မျက်နှာချင်းဆိုင်ရပ်လျက် ဆန်းမေကို ငုံ့ကြည့်သည်။ သူ့အရပ်ကြီးက အမြင့်ကြီး၊ ဆန်းမေ အရပ်ကလေးက ပုပုလေးမို့ ဆန်းမေကလည်း မော့ကြည့်ရပါသည်။

"ကျေးဇူးပဲ ဆန်းမေ …"

"ညီမလေးနဲ့ အဖော်လုပ်ပေးရတာ ဆန်းမေလည်း ပင်ပန်းမှာပဲ၊ ကျေးဇူးပဲဆန်းမေ၊ နောက်နေ့တွေလည်း အားရင် လာခဲ့ဦးလေ"

"ဟုတ် …"

"ညီမလေးက ဆန်းမေအပေါ် ဆိုးသလား"

"ဟုတ် …နည်းနည်း၊ ဒါပေမယ့် ချစ်ဖို့ကောင်းပါတယ်"

"သည်းခံပေးတာ ကျေးဇူးပဲ ဆန်းမေ"

"ဟုတ် …ရပါတယ်၊ အမေ မျှော်နေမှာစိုးလို့ ဆန်းမေ ပြန်တော့မယ်"

"အိုခေ …အိုခေ …"

ဦးက ခေါင်းတစ်ချက် ဆတ်လိုက်တော့ ဆန်းမေက လှည့်ထွက်လိုက်သည်။

"ခြော် …ဆန်းမေ …ခဏ"

သူ့ခေါ်သံကြောင့် ဆန်းမေက တုံ့ရပ်စဉ် သူက သူ့ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်တော့ ပိုက်ဆံအိတ် အခေါက်





လေး ပါလာသည်။ သူက ပိုက်ဆံအိတ်ထဲက ငါးထောင်တန်သုံးလေးရွက်ထုတ်ကာ ဆန်းမေထံ လှမ်းပေးလိုက်သည်။

"ဆန်းမေ …ရော့ …မုန့်ဖိုးယူသွားနော် …"

ဆန်းမေ စိတ်ထဲ ဖျင်းခနဲဖြစ်ကာ ပါးကလေးတွေ ရှုပ်သွားရပါသည်။ ခံပြင်းတာလား၊ ဝမ်းနည်းတာလား၊ ရှက်တာလား ကွဲကွဲပြားပြား မသိပေမယ့် ရင်ထဲမှာတော့ တုန်ရင်ကာ ရင်ခုန်သံတွေလည်း မြန်လာသည်။ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲလာကာ အောက်နှုတ်ခမ်းလေးကို ကိုက်ထားရင်း သူ့ကို ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်မိသည်။

"ဆန်းမေ ယူလေ …"

"ဆန်းမေက ဘာလို့ယူရမှာလဲ …"

ဆန်းမေအသံက ခပ်ဆတ်ဆတ်မို့ သူက မျက်ခုံးပင့်သွားကာ …

"ဆန်းမေ မုန့်ဝယ်စားဖို့ …လိုချင်တာဝယ်ဖို့ မုန့်ဖိုးပေးတာလေ၊ ကလေးတွေကို ကိုယ် ဒီလိုပေးနေကျမို့လေ …"

"ဆန်းမေ ကလေးမဟုတ်ဘူး၊ ပြီးတော့ …ပိုက်ဆံပေးတိုင်း ခိုင်းတာလုပ်မယ့်သူလည်း မဟုတ်ဘူး …"

ပြောရင်းဆိုရင်း ဆန်းမေမျက်ဝန်းထဲက မျက်ရည်ပေါက်တချို့ လိမ့်ဆင်းလာတာကို သူတအံ့တသြကြည့်လျက် ဘာမှ ပြန်မပြောနိုင်ဘဲ ကြောင်နေသည်။ ဆန်းမေက အောက်နှုတ်ခမ်းလေးကို ဖိကိုက်လျက် ဦးကို နာနာကြည်းကြည်း တစ်ချက်စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး သူ့ရှေ့မှ ချာခနဲ လှည့်ထွက်ကာ အောက်ထပ်သို့ ခပ်သွက်သွက် ပြေးဆင်းလာခဲ့သည်။

ကျော်ဇီရက ဆန်းမေရဲ့ အပြုအမူကို နားမလည်နိုင်ဘဲ အောက်ထပ်သို့ လိုက်ဆင်းလာခဲ့သည်။

ကောင်မလေးကတော့ ခြံတံခါးဝဆီသို့ လျှောက်သွားနေပြီ။ ကျော်ဇီရက အိမ်တံခါးဝမှာ တွေ့ရသည့် ဒေါ်ထွေးကို လှမ်းကြည့်လိုက်ရင်း ...

"အန်တီထွေး ... ဟိုကောင်မလေး ဘာဖြစ်သွားတာလဲ ..."

"မသိဘူးလေ၊ အန်တီထွေးကိုလည်း ဘာမှပြောမသွားဘူး၊ သုသုနဲ့ ဘာဖြစ်သွားလို့လဲ ..."

"သုသုနဲ့က မဖြစ်ပါဘူး၊ ကျွန်တော်နဲ့ စကားပြောရင်း ဖြစ်သွားတာ"

"မင်း ဘာသွားပြောလို့လဲ ..."

"ကျွန်တော်က သူ့ကို မုန့်ဖိုးပေးတာပါ၊ ညီမလေးနဲ့ ကစားပေးတာလည်း ကျေးဇူးတင်လို့၊ ကလေးလည်း ကလေးမို့လို့ ..."

"သြော် ... မင်းနှယ် ဆန်းမေက ကလေးလားကွယ်၊ သူလည်း အရွယ်ရောက်နေကဲ့ မိန်းမပျိုလေးပဲ၊ မင်းက အဲ့ဒီလိုကြီး မုန့်ဖိုးသွားပေးတော့ ရှက်သွားရှာမှာပေါ့၊ ပိုက်ဆံပေးပြီး ခေါ်ခိုင်းတဲ့သဘောမျိုး ဖြစ်သွားတော့ သူလည်း စိတ်ဆိုးမှာပေါ့"

"သြော် ... အဲ့ဒီလိုလား"





အန်တီထွေး ပြောမှ သူ့အမှားကို သူပြန်မြင်သည်။ သူက ကလေးလေးလို့ပဲ သဘောထားတဲ့ ကလေးမလေးဟာ ကလေးမဟုတ်တော့ဘူးတဲ့လား ...။

သူက ဆန်းမေကို အားနာနေခဲ့မိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဆန်းမေ ခုတလော ခြေငြိမ်နေပါလား၊ ဟိုဘက်ခြံ မသွ
ဘူးလား"

"မသွားပါဘူး ..."

"သမီးပဲ အဲ့ဒီဘက်ခြံ သွားချင်လှချည့်ဆို၊ ဟိုက လာဖိ
ခေါ်ထားတော့လည်း မသွားတော့ပြန်ဘူးလား"

"ဖိတ်တိုင်း သွားစရာလား အမေရဲ့ ..."

"ညည်းပဲ အမျိုးမျိုး ..."

အမေက ဆန်းမေကို လှမ်းပြောပြီး ပန်းညှပ်သ
ကတ်ကြေးကလေးကိုင်ကာ သစ်ခွခြံဘက်သို့ ဆင်းသွားပါသည

ဆန်းမေကတော့ စာကြည့်စားပွဲမှာ နှုတ်ခမ်းလေး
ကာ ငြိမ်ထိုင်နေပါသည်။

ဆန်းမေ မသွားတာ ဦးကို စိတ်ဆိုးလို့ပေါ့။ လု
အဖိုးအခပေးသလိုလို ... ကလေးမုန့်ဖိုးပေးသလိုလို လုပ်တာ
မကြိုက်လို့ပေါ့။





အဲ့ဒီနေ့အကြောင်း တွေးလိုက်တိုင်း ဆန်းမေ ဝမ်းနည်းရလို့ပေါ့ ...။

အို ... ဒါတွေမတွေးဘဲ ကိုယ့်ဘာသာ စာကျက်နေတာပဲ ကောင်းပါတယ်လေ ...။

ဆန်းမေက ရှေ့မှာ ချထားသည့် စာအုပ်ဆီမှာ အကြည့်ကို စူးစိုက်ထားသော်လည်း စိတ်အာရုံကတော့ တစ်ဖက်ခြံသို့ ပျံ့လွင့်နေသည်။ ခဏကြာတော့ ခြံထဲမှာ အလုပ်ရှုပ်နေသော အမေက အိမ်ပေါ်သို့ ပြန်တက်လာကာ ...

"သမီးရေ ... ဆန်းမေ"

"ရှင် ... အမေ ..."

အမေက အံ့သြအရေးကြီးနေသော ပုံစံလေးဖြင့် ဆန်းမေဆီ လျှောက်လာရင်း ...

"ဆန်းမေ ... ဟိုဘက်ခြံက သူဌေးလေး ရောက်နေတယ်"

"ဟင် ... ဘယ် ... ဘယ်မှာလဲ အမေ"

ဆန်းမေက အံ့သြလန့်ဖျပ် ရင်ခုန်သွားရပါသည်။

"ခြံထဲမှာ ... ညည်းနဲ့တွေ့ချင်လို့တဲ့၊ ညည်း မသွားလို့ လာခေါ်တာလားမသိဘူး၊ ခြံထဲမှာပဲ ထိုင်ပါ့မယ်ဆိုပြီး ထိုင်စောင့်နေတယ်၊ သွားလိုက်ဦး၊ ကိုယ်တိုင်လာရတာ အားနာစရာဟယ် ..."

ဆန်းမေက ပြတင်းပေါက်ကလေးနားသို့ ဖျတ်ခနဲ ပြေးကပ်ကာ သစ်ခွခြံဘက်သို့ ခေါင်းပြူ၍ ကြည့်လိုက်မိသည်။ သစ်ခွစင်အောက်မှာ ရပ်နေသော ဦးကိုတွေ့တော့ ဆန်းမေ အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သွားသည်။ ဆန်းမေက အိမ်ပေါ်မှ ခပ်သွက်သွက်လေးဆင်း လာပြီး ဦးထိုင်နေသည့် သစ်ခွ ကလေးဘက်သို့ လျှောက်လာခဲ့ ပါသည်။ သူ့ကို စိတ်ဆိုးနေပေမယ့် သူနဲ့တွေ့ရတော့လည်း ပျော် ရွှင်လာရသည်။

ဆန်းမေက သူ့ကျောဘက်မှာ ရပ်တန့်လိုက်ရင်း သူ့ကို ဘယ်လို စခေါ်နှုတ်ဆက်လိုက်ရရင် ကောင်းမလဲဟု ခဏ လေး ငြိမ်ကာ စဉ်းစားလိုက်သည်။ ဆန်းမေ ရပ်နေမိတဲ့နေရာဟာ သူ့ကျောပြင်နဲ့ မနီးလှသော်လည်း သူ့ကျောပြင်ဆီက နွေးထွေး သည့် အငွေ့အသက်ကလေးက ဆန်းမေထံသို့ ရိုက်ခတ်လာသည်။ ပခုံးကျယ်ပြန့်လျက် ခါးဆီသို့ သွယ်မျောသွားသော သူ့ကျောပြင် က ကြည့်လို့ကောင်းလှတာတော့ အမှန်ပင်။ ယောကျ်ားတွေရဲ့ ခါးဟာ ဒီလိုပဲ ရှည်လျားသွယ်မျောလေသလား ...။ ဆန်းမေ တွေ့ဖူးသမျှ ယောကျ်ားကျောပြင်တွေထဲမှာတော့ ဒီကျောပြင်က ကြည့်လို့အကောင်းဆုံးပင် ...။ ခန္ဓာကိုယ်နှင့် ကပ်လုနီးပါး တီရှပ်လက်ရှည်အပါးကလေးနှင့် ပေါ့ပါးချောင်ချိသည့် ကာ ရောင် လီနင် ဘောင်းဘီရှည်ပွပွကလေးက အိမ်နေရင်းဝတ်သည့် စတိုင်လ်ပဲထင်ပါရဲ့။ လက်ပိုက်ရပ်လျက် သစ်ခွစင်တွေဘက်သို့ ကြည့်နေသော ဦးက ဆန်းမေ အနားရောက်လာတာကို သိပုံမရ ခြေထောက်တစ်ဖက်သို့ အနည်းငယ် ချိုကာရပ်နေသဖြင့် သူ့ခါးက အနည်းငယ် ယိမ်းနွဲ့ကာနေသည်။ အဲ့ဒီ ကျောပြင်၊ အဲ့ဒီ ခါးနှင့် အဲ့ဒီ ရပ်နေပုံဟာ နောက်က ကြည့်တာတောင် အလွန်ပဲကြည့်လို့ ကောင်းကာ ဆွဲဆောင်မှုရှိလှပါသည်။ ဦးဟာ ထိုင်ထိုင်ထ





များသွားလာလာ ပြောပြောဆိုဆို နှုတ်ပိတ်ပြီးပဲနေနေ ဘယ်လို ခြေအနေမှာပဲဖြစ်ဖြစ် အင်မတန် စတိုင်လ်ကျန ကြည့်ကောင်း လှသူပင် ...။

"ဦး ..."

ဆန်းမေ မရဲတရဲ ခေါ်လိုက်တော့ ဦးက အသာ ယာ လှည့်ကြည့်လာသည်။ ဦးမျက်နှာမှာ အညိုရောင် ဆံပင် မျှင်တွေ အနည်းငယ် ဝေ့ဝဲအုပ်ဆိုင်းနေတာလေးကို ခဏငေးနေ လိုက်မိပြီးမှ ...

"ဘာကိစ္စရှိလို့လဲ ဦး ..."

ဦးက ဆန်းမေကို ခပ်တွေတွေ တစ်ချက်ကြည့်လိုက် ပြီးမှ ...

"ကိုယ် ဆန်းမေကို လာတောင်းပန်တာပါ ..."

"လိုလို့လား ..."

"ကိုယ် မှားသွားတယ် ထင်လို့ပါ"

"... ... ..."

"so sorry ပါ ဆန်းမေ ...၊ ကိုယ် သဘောရိုးနဲ့ လုပ်လိုက် တဲ့ အလုပ်တစ်ခုဟာ ဆန်းမေကို စိတ်ထိခိုက်သွားစေနိုင် မှန်း မသိလို့ပါ ..."

"ဦးက နည်းနည်းတော့ မတရားဘူး"

"... ... ..."

"ဦးက နည်းနည်းတော့ ကလေးဆန်တယ်"

"... ရော် ..."



www.burmeseclassic.com

www.burmeseclassic.com



သူ လက်ပိုက်ရပ်ရင်း ဆန်းမေကို ကြည့်နေ
ပြုံးတုံ့တုံ့ဖြစ်လာသည်။

"ဆန်းမေ ရေကူးကန်နား လာကစားကြည့်မိတုန်းက
ဆန်းမေကို ဟောက်လွှတ်တယ်၊ သုသုအတွက် ကစား
လည်းလိုရော လာပါ ဝင်ပါ ထွက်ပါ ဖြစ်သွားရော၊ အပြော
အလဲ တော်တော်မြန်တယ်"

"အဲ့ဒီတုန်းက မင်းက မပြောမဆိုနဲ့ သူများခြံထဲ ခိုး
လာတာကိုး ကျောင်းသူလေးရဲ့၊ ဒီလိုလုပ်တယ်ဆို
မကောင်းမှန်း သိအောင်တော့ ပြောရမှာပေါ့ ..."

ဆန်းမေက နှုတ်ခမ်းလေးမစူ့တစူဖြင့် ငြိမ်နေသည်

"ကဲ ... အားလုံးအတွက် ကိုယ် တောင်းပန်တယ်နော် ...
ဟုတ်ပြီလား"

"ဟုတ်ပါပြီ ..."

"အဟင်း ..."

"ဦးက ဘာရယ်တာလဲ ..."

"သြော် ... လူကြီးစတိုင်လ်နဲ့ ပြောပုံကို သဘောကျလို့
"ဆန်းမေက ကလေးမှမဟုတ်တာ၊ လူကြီးဖြစ်နေပြီ
လူကြီးက လူကြီးစတိုင်လ်ဖြစ်တာ မဆန်းပါဘူး"

"မဟုတ်သေးဘူးထင်တယ်"

"... ... ..."

"မင်းက ကလေးမဟုတ်တော့ပေမယ့် လူကြီးတော့လည်း
မဟုတ်သေးဘူးလေ ဆန်းမေ၊ လူငယ်ကလေးပဲရှိသေးတာ





"ဒါဆို လူကြီးအရွယ်က ဘယ်အရွယ်လဲ ..."

"ကိုယ်တို့အရွယ်ပေါ့ ..."

သူကတော့ ဒီလိုပြောပေမယ့် ဆန်းမေကတော့ သူ့
အရွယ်ဟာ လူကြီးမဟုတ်သေးဘူးဟု ထင်သည်။ ဆန်းမေက
လူငယ်ဆို သူလည်း လူငယ်ပေါ့။ သူ့အသက်ကဖြင့် ၃၀ တောင်
ပြည့်သေးဘူး ထင်ရသည်။

"ဆန်းမေ အားရင် သုသုဆီ လာခဲ့ဦးလေနော် ..."

ဆန်းမေက သူ့ကို အဖြေမပေးမိဘဲ တွေတွေဝေဝေ
ကြည့်နေမိသည်။ သူ သုသုကို လာတောင်းပန်တာ သူ့စိတ်ရင်း
လား ... ဒါမှမဟုတ် သုသု ဂျီကျနေလို့ ဆန်းမေကို မခေါ်မဖြစ်
လို့လား ...။ သံသယဝင်မိပေမယ့် နှုတ်ကထုတ်မမေးဖြစ်တော့ပါ။

"ဒီနေ့တော့ ဆန်းမေ စာကျက်စရာရှိလို့ မလာသေးဘူး၊
မနက်ဖြန်တော့ လာခဲ့ပါ့မယ် ..."

"ဆန်းမေက ကျူရှင်မယူဘူးလား ..."

"ဟုတ် ... မယူဘူး၊ ကျောင်းကသင်တာပဲ ကျက်တယ်"

"အိုခေ ... ဒါဆို ကိုယ် အလျှော်ပေးမယ်"

"ရှင် ..."

"ဆန်းမေ ကျောင်းစာမရှင်းတာရှိရင် ကိုယ့်ကို လာမေးလေ၊
ကိုယ် ဆန်းမေကို စိတ်ထိခိုက်အောင် လုပ်မိတဲ့ လျော်ကြေး
အဖြစ် စာပြန်သင်ပေးမယ်၊ တစ်ပတ် တစ်ရက်လောက်ဆို
ရင်တော့ ကိုယ် အချိန်ပေးနိုင်တယ်"

"ကောင်းပါပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ကလေးတစ်ယောက်လို ခုန်ပေါက်ပျော် မြူးလိုက်ချင်သော်လည်း မျက်နှာတည်ကလေးဖြင့် အတတ်နိုင်ဆုံး လူကြီးဆန်အောင် ကြိုးစားပြောလိုက်တော့ သူ့မျက်ခုံးတစ်ဖက်က မသိမသာ ပင့်သွားသည်။

"ဒါဆို ကိုယ် သွားတော့မယ်"

"ဟုတ် ..."

ဆန်းမေက အသာအယာ ခေါင်းညိတ်ပြလိုက် သည်။ သူ့ရှေ့မှာ ဆန်းမေ လူကြီးဆန်ချင်သည်။ ဆန်းမေက ကျောင်းသူလေးရယ်လို့ မမြင်စေချင် ...။ သူနဲ့ဆုံရသည့် တစ်ခဏ မှ စ၍ ဆန်းမေက လူကြီးဖြစ်ချင်လာခဲ့တာပင်။

ခြံဝန်းဝဆီသို့လျှောက်ထွက်သွားသည့် လမ်းလျှောက် ဟန်က တော်တော် ကြည့်လို့ကောင်းတာမို့ ဆန်းမေက ရပ်ေ ကြည့်နေလိုက်မိသည်။ ကြည့်ရတာ ကိုရီးယားမင်းသားတစ်ပ ဆန်းမေတို့ဆီ ခဏလေး အလည်လာသွားသလို စိတ်လှုပ်ရှာ သဘောကျစရာ ကောင်းလှသည်။

သူ ခြံပြင်ရောက်သွားတော့မှ ဆန်းမေက သစ်ခွ ကလေးတွေနောက်သို့ အပြေးသွားကာ ပန်းအိုးတွေရဲ့အကွယ်မှ ဆောင့်ကြောင့်လေးထိုင်ချပြီး တခွိခွိ အသံကလေးထွက်အောင် ပြုံးရယ်နေလိုက်မိသည်။ သူဒီကိုလာသွားတာ၊ ဆန်းမေကို တော် ပန်သွားတာ၊ စာသင်ပေးမယ်ပြောသွားတာကို သဘောကျလွန်း တအားပြုံးမိတော့မယ့်ဆဲဆဲ မျက်နှာကို သူ့ရှေ့မှာမို့ တမင် ဟ လုပ်ပြီး တည်ထားခဲ့ရတာလေ ...။ ခုမှ ကိုယ့်ခံစားချက်ကို စိ





လွှတ်ကိုယ်လွှတ် ဖော်ပြရဲတာလေ ...။ အမေ မြင်ရင် ဘာဖြစ် သလဲ မေးမှာစိုးလို့ ခိုးကြောင်ခိုးဝှက်လေး ကြည်နူးပီတိဖြစ်နေ ရတာလေ ...။

"ဆန်းမေရေ... ဆန်းမေ ဒီကောင်မလေး ဘယ်ရောက်သွား ပါလိမ့် ..."

"ရှင် ... အမေ၊ ဆန်းမေ ဒီမှာပါ"

အမေ့ ခေါ်သံကြားမှ ဆန်းမေက ပန်းအိုးတွေနားက ဆွဲရုပ်လိုက်မိသည်။

"ညှိသည် ပြန်သွားပြီလား ဆန်းမေ ..."

"ဟုတ် ... အမေ"

"ဘာတဲ့လဲ ..."

"ဆန်းမေ မလာလို့ သုသု ဂျီကျနေလို့တဲ့ ..."

"သြော် ... ဟုတ်လား၊ အားရင် သွားလိုက်ပါဟယ်၊ သနား ပါတယ်၊ ဒါနဲ့ ညည်းက အဲ့ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ဟို ... အဟဲ ... ပန်းအိုးထဲက အပင်တွေ ရှင်ရဲ့လားလို့ သေချာကြည့်နေတာပါ အမေရဲ့ ..."

ဆန်းမေက အမေ့ကိုညာလိုက်ရင်း ဆန်းမေရဲ့ ပီတိ မျက်နှာကလေးကို အမေ မမြင်အောင် မင်သေသေလေး လုပ်နေ လိုက်လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

ထိုနှစ်နွေဦးကတော့ ဆန်းမေ ဘဝထဲကို စိတ်လှုပ်ရှား ပျော်ရွှင်စရာများ သယ်ဆောင်လာသည့် နွေဦးဖြစ်ခဲ့ပါသည်။

သုသု ဂျီကျပူဆာသမျှကို အလိုလိုက် အကြိုက်ဆောင် ဖြည့်ဆည်းပေးရသော်လည်း ဦး တစ်မျက်နှာကြောင့် ပင်ပန်းသည်ဟု မထင်ခဲ့ ...။ ဦး အလွန်ချစ်သော ညီမလေးမို့ ဆန်းမေသည် ချစ်ခင်သည်းခံပေးခဲ့ပါသည်။

ဦးက အလုပ်သွားရတာမို့ ဦး အိမ်ရောက်တိုင်း ဦးနဲ့ မဆုံဖြစ်ခဲ့ပေမယ့် ဒါ သူ့အိမ်ပဲ၊ သူ့အငွေ့အသက်လေးတွေ ခြေရာလက်ရာလေးတွေရှိတဲ့ နေရာပဲဟူသောအသိက ဆန်းမေကို နွေးထွေးစေသည်။

ဦးကို စာမေးရမည့်နေ့ဆိုရင်တော့ ဆန်းမေ ပျော်ရပြီ။ စိတ်လှုပ်ရှားရပြီ ...။

ဦးက သုသု ကစားသည့် အခန်းကျယ်ကြီးထဲမှာ ဆန်းမေကို စာသင်ပေးလေ့ ရှိပါသည်။





ဦး စာသင်နေပြီဆို ဦး မျက်နှာကို ဆန်းမေ မကြည့် ... တစ်ခါတစ်ရံတော့ ဦး စာရှင်းပြတာကို နားထောင်ရင်း ...အပ်ကိုင်ထားတဲ့ ဦးရဲ့လက်ဖျံကို သတိလက်လွတ် ငေးကြည့် ...မိတတ်သည်။ ဦးရဲ့ လက်ဖျံပေါ်က စွေစွေကလေး ပေါက်နေတဲ့ ...မွေးစင်းစင်းတိုတိုလေးတွေကအစ ဆွဲဆောင်မှုရှိလှသည်ဟု ထင် ...တာပင် ...။

သူကတော့ ဆန်းမေ မျက်တောင်ကလေးတွေ စင်း...နေတာကိုပဲ သတိထားမိကာ ...

"ဆန်းမေ ကိုယ်ပြောတာ စိတ်မဝင်စားဘူးလား၊ အိပ်ငိုက်နေလား ..."

"အင် ... ဟင့်အင်း ... မငိုက်ပါဘူး"

"ဒါဆို မျက်တောင်က ဘာလို့စင်းနေတာလဲ ..."

"ဟို ... ဟိုလေ ... ရထားတဲ့စာတွေ ပြန်စဉ်းစားနေမိတာပါ"

"နောက်မှ စဉ်းစားလေ၊ အခု ပြောတာကိုပဲ နားထောင်"

"ဟုတ် ..."

ဦးက မျက်မှောင်ကြုတ်၍ပြောလျှင်တော့ ဆန်းမေက ...ကြောက်ရသည်။ ကြောက်သော်လည်း ထိုကြောက်ရသည့် နေ့...လေးတွေကို ဆန်းမေ မက်မောလှပါသည်။

သူ အားတဲ့ရက်တွေမှာ သုသုက ဟိုသွားမယ်၊ ...သွားမယ် ပူဆာတတ်တာမို့ သူက ဆန်းမေနှင့် သုသုကို ကစား...ကွင်းတွေဆီ လိုက်ပို့ပေးတတ်သည်။ အန်တီထွေး ထည့်ပေးလိုက်...



www.burmeseclassic.com

www.burmeseclassic.com



သော စားစရာခြင်းတောင်းကြီးကို ကားပေါ်တင်လာကာ ကန်တော်ကြီးထဲက သာယာသော နေရာတစ်နေရာမှာ မြက်ဖျာလေးဖြန့်ခင်းကာ အတူထိုင်ပြီး စားသောက်ရသည့် နေ့တွေဆို ဆန်းမေလောက် ပျော်သူမရှိ။

သုသု လျှောက်သွားသမျှကို ဆန်းမေက အဖော်လုပ်ပေးမလိုက်ပါနေချိန်မှာ သူက မြက်ခင်းစပ်မှာ ခြေစင်းထိုင်ရင်း စာဖတ်နေလေ့ရှိသည်။ စာဖတ်ရင်းကပဲ ဆန်းမေတို့ကို တစ်ချက်တစ်ချက် လှမ်းမျှော်ကြည့်ကာ ပြုံးနေတတ်သည်။ ဦး ဒီလိုလေး relax ဖြစ်နေတာကို မြင်ရတာ ဆန်းမေ စိတ်ချမ်းသာသည်။ ဦးရဲ့ မာဆတ်ဆတ်ပုံစံကို ဆန်းမေ ကြောက်သည်။

ဦးဟာ အပိုစကားတွေ ပြောတတ်သူမဟုတ် ...။ လိုအပ်သလောက်သာ စကားပြောတတ်သူမို့ ဆန်းမေနဲ့လည်း တရင်းတနှီးမရှိလှဘဲ ခပ်စိမ်းစိမ်းလေး ဖြစ်နေရဆဲပင် ...။ ဦးက စကားနည်းသူ၊ အနေတည်သူမို့ သူမှ စကားလာစမပြောလျှင် ဆန်းမေကလည်း သွားစမပြောရဲ ...။ သူ့မျက်နှာရိပ် မျက်နှာကဲကို အမြဲကြည့်နေမိကာ သူ့မျက်နှာကြည်လျှင် ကျေနပ်ပြီး သူ မျက်မှောင်ကြုံ့လျှင် မနေတတ်။

ဘာပဲပြောပြော ထိုနှစ်ရဲ့နွေဦးရက်တွေဟာ ဆန်းမေအတွက် ဆန်းသစ်လှပနေခဲ့ပါသည်။

■ ■ ■



* * *

"ဆန်းမေ ... ဆန်းမေ"

"ဟယ် ... သုသု၊ ဦးလည်း ပါတယ် ..."

စာမေးပွဲ နောက်ဆုံးနေ့မို့ စိတ်လက်ပေါ့ပါးစွာ ကျောင်းထဲမှထွက်လာသော ဆန်းမေထံသို့ သုသုက ခုန်ပေါက်ပြေးလာသည်။ သုသုနောက်မှာတော့ ဦးက ရပ်ထားသည့် ကားကိုမှီ၍ ဆန်းမေတို့ကို လှမ်းကြည့်နေသည်။ ခြေနှစ်ဖက်ကို ကြက်ခြေခတ်၍ ဘောင်းဘီအိတ် နှစ်ဖက်ထဲသို့ လက်နှိုက်လျက် ကားကိုမှီရပ်နေသော ဦးပုံစံက အပျိုစား အမိုက်စား ... အသန့်စား ...။ ကိုယ်ကျပ် ရှပ်အင်္ကျီအပြာစင်းကလေးပေါ်မှာ ဝေ့စကုတ် နက်ပြာရင့်ကလေး ထပ်ဝတ်ထားပြီး စတိုင်လ်ပဲန် အကျပ်ကလေးနှင့်။ နက်ပြောင်သော half shoses ကလေးနှင့်။ ပျော့စင်းသော ဆံပင်ညိုကလေးတွေက ဦးမျက်နှာတစ်ဝိုက်မှာ ဝေ့ဝဲနေသည်။

"ဟယ် ... ဟိုဘဲကြီးက အလန်းကြီးတော့"

"ဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေ ဘေးမှာပါလာသည့် သော်တာ့ကို ဆန်းမေက ကျိတ်ဆိတ်လိုက်ပြီး သုသုကို ကြိုဆိုလိုက်ရသည်။

"သုသု ... ဘယ်ကလှည့်လာတာလဲဟင်"

"ဘယ်ကမှ လှည့်လာဘူး၊ ဆန်းမေ ဒီနေ့ စာမေးပွဲပြီးပြီ ဆိုလို့ ဆန်းမေကို လာကြိုတာလေ ...၊ ဆန်းမေ ဒီနေ့က စပြီး ကျောင်းမသွားရတော့ဘူး မဟုတ်လား၊ အဟီး ဟီး သုသု အရမ်းပျော်တာပဲ၊ ဆန်းမေနဲ့ သုသု နောက်နေ့တွေဆို နေ့တိုင်း တွေ့ရတော့မှာမဟုတ်လား ဟင် ..."

"အင်းပေါ့ ... သုသုရဲ့"

"သုသုဆီ နေ့တိုင်း လာရမယ်နော်"

"အေးပါ ..."

"လာ ... ဟိုမှာ ကိုကို စောင့်နေတယ်၊ သုသုတို့ကို မုန့်ဝယ်ကျွေးမလို့တဲ့ ..."

သုသုက ဆန်းမေလက်ကို ဆွဲခေါ်သွားသည်။ ဦးကလည်း ဆန်းမေတို့ဘက်သို့ လျှောက်လာကာ ...

"ဆန်းမေ ဖြေနိုင်လား ..."

"ဟုတ် ... ဖြေနိုင်ပါတယ် ဦး"

"ဘယ်သွားချင်လဲ၊ တစ်ခုခု ကျွေးမယ်လေ"

"ဟို ... နေပါစေ ဦး ..."

"ဟင် ... ဆန်းမေကလည်း၊ သုသုတို့ မုန့်အတူတူသွားစားမယ်လေ ... နော် ... ဆန်းမေနော်"

"ဟုတ်သားပဲ ဆန်းမေ၊ သုသုကလည်း ဆန်းမေ စာမေးပွဲ





ပြီးမယ့်နေ့ကို စောင့်နေတာ၊ ဘာစားချင်လဲ ... အတူသွားစားကြမယ်လေ"

ဦးက လိုလိုလားလား ခေါ်နေတော့ ဆန်းမေက အရဲကိုးကာ ...

"ရေခဲမုန့် စားမယ် ဦး"

"ကလေးကျနေတာပဲ၊ ကလေးလို့ပြောရင်လည်း မကြိုက်ပြန်ဘူး၊ ကဲ ... လာ ... ရေခဲမုန့်ပဲ သွားစားကြတာပေါ့၊ သုသု ရေခဲမုန့် စားမယ်မဟုတ်လား"

"စားမှာပေါ့ ...၊ သုသုလည်း ရေခဲမုန့် ကြိုက်တာပဲဟာ"

ဦးက ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်တာမို့ သုသုက ကားပေါ်တက်ထိုင်လိုက်သည်။ ဆန်းမေမှာတော့ စိတ်ထဲမှာ အောင့်သက်သက်ကလေး ဖြစ်သွားရသည်။ စားချင်တာပြောဆိုလို့ ရေခဲမုန့်စားမယ်ပြောတော့လည်း မအပ်မရာ ပြောမိသလိုမျိုး။ ဆန်းမေကပဲ ကလေးအလွန်ဆန်နေသလိုမျိုး။ ဆန်းမေ ဦးကို စိတ်ထဲကနေ မျက်စောင်းလှမ်းထိုးလိုက်မိသည်။

ဆန်းမေက ဆန်းမေရဲ့ စက်ဘီးလေးကို သော်တာ့လက်သို့ အပ်လိုက်ရင်း ...

"သော်တာ ... ငါ့စက်ဘီး နင်ပဲ စီးသွားလိုက်တော့နော်၊ မနက်ဖြန်ကျမှ ငါလာယူမယ် သိလား ..."

ဟု ပြောလိုက်တော့ သော်တာက ဆန်းမေကို အားကျ မျက်ဝန်းကလေးဖြင့် ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိဟိ ... အဲ့လူကြီးနဲ့ အဲ့လိုခင်လို့ရတာ အရမ်းမိုက်တယ်ဟာ ...၊ သူက လူပျိုလားဟင်"

"အေး၊ ငါသွားတော့မယ် ..."

"ငါနဲ့ မိတ်ဆက်မပေးတော့ဘူးလား"

"နောက်မှပေါ့ဟာ ..."

"ခု မိတ်ဆက်ပေးတော့ ဘာဖြစ်မှာမို့လို့လဲ ..."

"သော်တာ ... နင် ကြောင်မနေနဲ့"

"အဟီး ..."

ဆန်းမေက သော်တာ့ကို ထားခဲ့ပြီး ကားဘက်သို့ လျှောက်လာခဲ့သည်။ သော်တာ့က ဆန်းမေရဲ့ အခင်ဆုံး သူငယ်ချင်းပင် ...။ သော်တာ့ အဖေက သူဌေးတစ်ယောက်ရဲ့ ဒရိုင်ဘာ၊ သူဌေးရဲ့ ခြံဝန်းနောက်က တန်းလျားမှာ သော်တာတို့ မိသားစု နေခွင့်ရခဲ့သည်။ သူလည်း ချမ်းသာသည့် သူဌေးရပ်ကွက်မှာနေရပြီး ချမ်းသာခြင်းနှင့် မသက်ဆိုင်သောသူ တစ်ယောက်ပင်။ ဆန်းမေနဲ့ သူဟာ ဘဝတူမို့ ပေါင်းရသင်းရ အဆင်ပြေခဲ့ပါသည်။ သော်တာတို့ ခြံက ဆန်းမေတို့အိမ်နဲ့ အတော်ဝေးပေမယ့် ကျောင်းသွားသည့် လမ်းကြောင်းပေါ်မှာ ရှိတာမို့ တစ်ခါတလေ အမေနဲ့ အတူမသွားဖြစ်တဲ့နေ့တွေမှာ သော်တာ့ကို ဝင်ခေါ်ပြီး ကျောင်းအတူသွားဖြစ်ကြပါသည်။

"ဆန်းမေ၊ လာ ... မြန်မြန်လာ ..."

သုသုက ကားပေါ်ကနေ တကြော်ကြော် အော်ခေါ်နေပြီမို့ ဆန်းမေက သွက်သွက်လေး လျှောက်လာရသည်။





ဆန်းမေ ကားပေါ်ရောက်တော့ ဦးက ကားမောင်းထွက်လာသည်။

သုသုက ipad ကို နားကြပ်တပ်လျက် သီချင်းနားထောင်လာရင်း လက်လှုပ် ခြေလှုပ် က,လာသည်။

ဆန်းမေက ကားနောက်ခန်းမှာ ငြိမ်ထိုင်လိုက်လာရင်းက ပြောချင်တာကလေးတွေ လည်ချောင်းဝနား တက်လာရတာ ...

"ဦး ..."

ဟု လှမ်းခေါ်တော့ ဦးက နောက်ကြည့်မှန်ထဲကနေ ဆန်းမေကို လှမ်းကြည့်ရင်း ...

"အင်း ... ပြော"

"ရေခဲမုန့်ကလေ ..."

"အင်း ... ပြောပါဦး"

"ရေခဲမုန့်က လူကြီးလည်း စားတာပဲ ဦးရဲ့"

"အဲ့ဒီတော့ ..."

"အဲ့ဒီတော့ ဦး ခုနပြောသလို ရေခဲမုန့် စားချင်တိုင်း ကလေးလို့ပြောလို့မရဘူးပေါ့၊ အလှူတွေ မင်္ဂလာဆောင်တွေမှာ ရေခဲမုန့်ကျွေးရင် လူကြီးတွေလည်း စားတာ ဦးသိတာပဲမဟုတ်လား"

"အင်း ... သိတယ်လေ၊ ဒါပေမယ့် လူကြီးတော်တော်များများက ရေခဲမုန့်ကို အဲ့သလို အလှူမင်္ဂလာဆောင်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြုံမှပဲ စားတာလေ၊ ရေခဲမုန့်စားချင်တယ်ဆိုပြီး ဆိုင်မှာ
တကူးတက သွားစားတာမျိုးတော့ နည်းမယ်ထင်တာပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ... ရေခဲမုန့် သွားစားတဲ့သူတိုင်း
ကလေးလို့တော့ သတ်မှတ်လို့မရပါဘူး ..."

"ဩော် ... ဆောရီး၊ နောက် ဒီလိုမပြောတော့ဘူး၊ မင်း
ကလေးလို့ပြောရင် မကြိုက်တတ်တာကို ကိုယ် မေ့သွား
တယ်"

"ပြီးတော့ ... ဦးက ဘာစားချင်လဲမေးလို့ ဆန်းမေ
ဆန်းမေ စားချင်တာကို ရိုးရိုးသားသား ပြောခဲ့တာလေ ...
ဆန်းမေ စားချင်တာကို ဦး မကျွေးချင်ဘူးဆိုရင် အစ
တည်းက ဆန်းမေကို ဘာစားချင်လဲလို့ မမေးနဲ့ပေါ့"

"အိုခေ ... အိုခေ ... ဟုတ်ပါပြီ၊ ကိုယ် စကားမှားသွား
တယ်၊ ဆောရီးနော် ... ဟုတ်ပြီလား"

ဦး တောင်းပန်ပုံက ကလေးတစ်ယောက် ဂျီကျ
တာကို နားအေးပြီးရော လိုက်လျော ခေါင်းညိတ်ပုံမျိုး။ နော
ကြည့်မှန်ထဲက တစ်ဆင့် လှမ်းမြင်နေရသော ဦးမျက်နှာက
ချက်တော့ ပြုံးတုံ့တုံ့ဖြစ်သွားသေးသည်။ ဆန်းမေက ဦးကို ဘာ
ဆက်မပြောတော့ဘဲ နှုတ်ခမ်းလေး တင်းတင်းစေ့ကာ အပြင်ဘ
သို့ ငေးနေလိုက်ပါသည်။ ဦးကို သိပ်မကျေနပ်လှပေမယ့် ဆန်း
စာမေးပွဲနောက်ဆုံးနေ့မှာ ဦး ခုလိုလေး လာကြိုပေးတာကို
ဆန်းမေ ကျေနပ်လှပါသည်။ သူသု ပူဆာလို့ လာရတာပဲဖြစ်
ပေါ့ ...။





ဦးက ဆန်းမေတို့ကို သာကေတ ရွှေပုဇွန်ကိတ်ဆိုင်
သို့ ခေါ်သွားပြီး ရေခဲမုန့်ကျွေးသည်။ ဆန်းမေက ဒူးရင်းသီး
ရေခဲမုန့်၊ သီးစုံရေခဲမုန့်နှင့် ဒိန်ချဉ်ရေခဲမုန့် သုံးပွဲဆက်တိုက်
ခွဲလိုက်သည်။ စာမေးပွဲ နောက်ဆုံးနေ့မို့ စိတ်လွတ်ကိုယ်လွတ်
ပေါ့ပါးနေကာ ဦးရှေ့မှာ အစားသောင်းကျန်းလိုက်မိတာကိုလည်း
ရင်လို မရှက်မိတော့ ...။

ဦးကတော့ ဆန်းမေနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ထိုင်ခုံ
နောက်မှီကို ခပ်လျောလျော မှီကာ လက်ပိုက်ထားရင်း ဆန်းမေ
စားနေတာကို ပြုံးတုံ့တုံ့ကြည့်နေသည်။ ခေါင်းမဖော်တမ်း စား
နေမိသော ဆန်းမေမှာ သုံးပွဲလုံးစားအပြီး ခေါင်းမော့လိုက်တော့
သူ့ပြုံးချင်ချင်နဲ့ ဆုံရသည်။

ဆန်းမေကိုကြည့်နေသော သူ့အကြည့်တွေက ပို၍
ယဉ်ရွှန်းလာကာ ...

"အဲ့ဒီလိုမျိုး ရေခဲမုန့် သုံးပွဲတောင် လောဘတကြီး စားတာ
ကလည်း ကလေးနဲ့တူတယ် ..."

သူ့အပြောကြောင့် ဆန်းမေက မကျေမနပ် ခွန်းတုံ့
ပြန်မည်ပြုလျှင် သူက ...

"လို့ ... မပြောနိုင်ပါဘူး"

ဟု စကားဆက်လိုက်ပြီး ...

"လူကြီးလည်း ရေခဲမုန့်ကြိုက်ရင် စားမှာပဲလေ မဟုတ်
ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတစ်ချက်ဆတ်၍ ဆက်ပြောလိုက်တာ… ဆန်းမေရဲ့ ပွင့်ဟတော့မည့်ဆဲဆဲ နှုတ်ခမ်းကလေးက တင်းတင်း… ပြန်စေ့ကာ တစ်ဖက်သို့ လှည့်လိုက်စဉ်မှာ လှစ်ခနဲ ကွေးညွ… ပြုံးမိသွားရပါသည်။

မနောက်စဖူး နောက်လိုက်တာလေးက ချစ်စ… ကောင်းလိုက်တာ ...။

အဲ့ဒီ အချိန်ကလေးကို ဆန်းမေ မမေ့တော့ဘူး ...

■ ■ ■



* * *

စာမေးပွဲ နောက်ဆုံးနေ့အပြီး နောက်တစ်နေ့မှာ …သော်တာ့ဆီ အပ်ထားခဲ့သော စက်ဘီးလေးကို ဆန်းမေ သွားပြန် …ယူတော့ စစ်ဆေးရေးနှင့် တိုးနေပါသည်။

"ဆန်းမေ ... နှင် မှန်မှန်ပြော၊ နှင် ဟိုလူကြီးကို သဘော ကျနေတယ် မဟုတ်လား ..."

သော်တာက ဆန်းမေနှင့် ပခုံးချင်းတိုက်၍ ပြုံးစိစိ …လး မေးလိုက်သော်လည်း ဆန်းမေက ပြုံးမလာဘဲ တွေးတွေး …ဆလေး ငြိမ်သက်သွားပြီးမှ လေးနက်သော မျက်နှာကလေးဖြင့်

"အင်း ..."

ဟု ပြောရင်း ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်။

"နှင် သဘောကျတဲ့ လူကြီးမို့လို့ ငါနဲ့ မိတ်ဆက် မပေးတာ မဟုတ်လား"

"ဟင့်အင်း ... အဲ့ဒီလိုတော့ မဟုတ်ဘူး၊ သဘောကျတာက သပ်သပ် ...၊ မိတ်ဆက်မပေးတာက မိတ်ဆက်မပေးချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ မဟုတ်ဘူး၊ မိတ်ဆက်မပေးရဲတာ ...၊ သူက ငါ့ကို
ကလေးလို့မြင်ပြီး ငါ့သူငယ်ချင်းဆိုရင်လည်း ကလေးလို့
မြင်မှာပဲလေ ...၊ မိတ်ဆက်ပေးတာတွေ ဘာတွေ ငါလုပ်
ရင် သူ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိဘူး၊ အလေးမထား
ဘဲ နေလိုက်မှာလည်း စိုးတယ်၊ အဲ့ဒါကြောင့်ပါ ...”

“နှင် အခု အချစ်ကို ခံစားဖူးပြီပေါ့လေ ...”

“ဟင့်အင်း ...”

သော်တာက ဆန်းမေကို အံ့သြသလိုလေး ကြည့်ရင်း ...

“နှင် သူ့ကိုချစ်နေတာ မဟုတ်ဘူးလား”

“အဲ့ဒါ ငါမသိဘူး”

“အယ် ...”

“အချစ်ဆိုတာ ဘယ်လိုခံစားမှုလဲဆိုတာ ငါ သေချာ မသိ
ဘူးလေ သော်တာ၊ သဘောကျတာတော့ သေချာတယ်
သူ တည်တည်ပဲနေနေ ပြုံးပြီးပဲနေနေ ငါ သဘောကျ
တာပဲ၊ သူ့လမ်းလျှောက်တာကအစ ကြည့်လို့ကောင်းလွန်း
လို့ သဘောကျနေမိတာပဲ၊ သူ့လက်ဖျံပေါ်က အမွေးလေး
တွေ စင်းနေတာကအစ သူ့မေးရိုးတစ်လျှောက်မှာ အမွေး
ငုတ်စိလေးတွေ စိမ်းနေတာကအစ သူ့ကိုယ်က ထွက်
ရေချိုးဆပ်ပြာအနံ့ကလေးကအစ ငါ သဘောကျတာပဲ ...

“အဲ့ဒါ ချစ်လို့မဟုတ်ဘူးလား၊ ကိုယ်ချစ်တဲ့သူမို့လို့ သူ့





ပတ်သက်သမျှ သူ့ဆီက အရာရာကို သဘောကျတာ
မဟုတ်ဘူးလား”

“သဘောကျတိုင်း အချစ်လို့တော့ ပြောလို့မရဘူးထင်ပါ
တယ်ဟာ၊ ငါ ရင်လည်းခုန်ပါတယ်၊ ဒါပေမယ့် တစိမ်း
ယောကျ်ားတစ်ယောက်နဲ့ မနီးစပ်ဖူးလို့ တုန်လှုပ်ပြီး ရင်ခုန်
တာလည်း ဖြစ်နိုင်တာပဲလေ၊ သူက အရမ်းကြည့်ကောင်း
နေလို့ သဘောကျပြီး ရင်ခုန်စိတ်လှုပ်ရှားမိရုံနဲ့တော့ အချစ်
လို့ ပြောလို့မရဘူးထင်တယ်”

“နှင်ကလည်း လာစားနေတယ်၊ ငါတောင် ဦးနှောက်
ခြောက်လာပြီ”

“ငါ သူ့ကို သဘောကျနေမိတာက ဘာနဲ့တူသလဲဆိုတော့
ကိုရီးယားမင်းသား လီမင်ဟို ကို သဘောကျနေရတဲ့အဖြစ်
နဲ့ အတူတူပဲ သိလား ...”

“အင်း ... ပြောပါဦး”

“နှင်လည်း လီမင်ဟိုကိုကြိုက်တယ်မဟုတ်လား သော်တာ”

“ဟိဟိ ... ကြိုက်မှကြိုက်”

“ဘယ်လောက်တောင် ကြိုက်လဲ”

“အရမ်းကြိုက်တာပေါ့ဟဲ့၊ သူပါတဲ့ ကားတွေဆို မလွတ်
တမ်း ကြည့်တယ်၊ ငှားဖတ်တဲ့ မဂ္ဂဇင်းတွေထဲမှာ သူ့ပုံ
ပါရင် ဆုတ်ထားတယ်၊ သူ့ပုံပါတဲ့ ဝေါ်ရှိတွေ ဝယ်ချင်လို့
အငတ်ခံပြီး မုန့်ဖိုးထဲက စုရတယ်”

“နှင် သူ့ကို အဲ့ဒီလောက် သဘောကျပေမယ့် သူနဲ့ နှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားဖြစ်ပြီး လက်ထပ်ရလိမ့်မယ်လို့ မထင်ဘူးမဟုတ်
လား"

"အေးပေါ့ ... ဘဝချင်းက တခြားစီပဲကို၊ ဘာဆိုင်တာ
မှတ်လို့ ..."

"ငါလည်း အဲ့ဒီလိုပဲပေါ့ သော်တာရယ်၊ သူ့ကို သဘောကျ
ပေမယ့် သူနဲ့ ချစ်သူဖြစ်ပြီး လက်ထပ်ရလိမ့်မယ်လို့ တစ်ခါ
မှ မထင်မိဘူးလေ၊ ငါ သူ့ကို သဘောကျတာက လီမင်ယ်
ကို သဘောကျမိတာမျိုးပါပဲဟာ ..."

ဆန်းမေရဲ့ အသံကလေးက ဖျော့တော့တိမ်ဝင်သွား
သည်။ ဒီလိုစကားမျိုး ပြောရချိန်မှာ ဘာကြောင့်မှန်းမသိ ဝမ်းနည်း
လှပါသည်။

"ဒါပေမယ့် နင်နဲ့ သူက အိမ်ချင်းကပ်ရပ်ဆိုတော့ အရမ်း
နီးစပ်ပါတယ်ဟာ ..."

"ဒါ ဘာလဲ သော်တာ"

ဆန်းမေက မြေပြင်ကို လက်ညှိုးထိုးပြီးမေးတော့
သော်တာက အူကြောင်ကြောင်ဖြစ်သွားကာ မြေကြီးကို ငုံ့ကြည့်
လိုက်ရင်း ...

"ဒါ လမ်းလေ ..."

"မြေကြီးဟဲ့ ... မြေကြီး"

"ဪ ... အေး ... မြေကြီးလေ၊ အဲ့ဒါဘာဖြစ်လဲ"

"ဟိုဟာက ဘာလဲ ..."

ဆန်းမေက ကောင်းကင်ပေါ်သို့ လက်ညှိုးထိုးကာ





ပြန်သည်။ သော်တာကလည်း ကောင်းကင်ပေါ် မော့ကြည့်
လိုက်ရင်း ...

"တိမ်တွေလေ ..."

"ကောင်းကင်ကို ပြောတာပါဟယ်"

"ဪ ... အေး ... ကောင်းကင်၊ ဘာဖြစ်လဲ ..."

"ကောင်းကင်နဲ့ မြေကြီးဟာ မြင်သာနေရပေမယ့် နီးမှမနီး
တာဟာ၊ သူက ကောင်းကင်၊ ငါက မြေကြီး၊ ဘယ်လိုမှ
နီးစပ်စရာအကြောင်း မရှိပါဘူး"

"နင်ကလည်း ပထဝီ ညံ့လိုက်တာဟာ ..."

သော်တာက ဆရာကြီးလေသံဖြင့်ပြောကာ တစ်
ချက်ရယ်လိုက်သေးသည်။

"ကောင်းကင်နဲ့ မြေကြီးဆိုတာ ဘယ်လောက်ဝေးဝေး မိုး
ကုတ်စက်ဝိုင်း တစ်နေရာမှာတော့ ထိတွေ့နီးစပ်သွားတာပဲ
မဟုတ်လား ..."

ဆန်းမေက မချိပြုံးလေး ပြုံးလိုက်ရင်း ...

"အဲ့ဒါ တကယ်မှမဟုတ်တာလေ၊ ထိနေတယ်လို့ပဲ ထင်ရ
တာ၊ တကယ်မှ မထိတာ၊ နင်မယုံရင် ထိနေတယ်လို့
ထင်ရတဲ့နေရာကို မျက်နှာမူပြီး လျှောက်ကြည့်၊ ဘယ်တော့
မှ မရောက်ဘူး"

ဆန်းမေ ပြောတော့ သော်တာက တွေဝေသွားကာ
"အင်း ... ဒါလည်းဟုတ်သား၊ အာ ... ဦးနှောက်စားတယ်
ဟာ၊ နင်ကလည်း ဂေါက်သီးပဲဟာ၊ ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သဘောကျရင်လည်း ပေါ့ပေါ့ပါးပါး သဘော
ကျပြီး ဟိုဟိုဟာဟာ ရယ်မြူးနေလိုက်ပါလား၊ ဘာတွေ
အတွေးခေါင်ပြီး အားငယ်နေတာလဲ ..."

သော်တာကတော့ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်
နေတတ်သူမို့ ဆန်းမေ အလေးအနက်တွေးနေတာတွေကို အား
နောက်သည်ဟု ထင်မှာပင် ...။

"ဟဲ့ ..."

သော်တာက တစ်ခုခုပြောချင်ပုံဖြင့် ဆန်းမေ
ပခုံးနှင့်တိုက်လိုက်သည်။

"ဘာလဲ ..."

"အဟိ ... ပြောရဦးမယ် သိလား၊ ဟိုဟာလေ ..."

"ဘယ်ဟာလဲ ..."

"သူ့ဘော်ဒီကလေ အရမ်းမိုက်တယ် သိလား ..."

"အဲ့ဒါ ဘာဖြစ်လဲ ..."

"မိုက်တာမှ တော်တော်မိုက်တာ၊ စက်ဆီပဲတော့ သိလား
ခစ် ... ခစ်"

"ဘာလဲ စက်ဆီ ..."

"sexy ကို ပြောတာလေ၊ sexy ဖြစ်တာ၊ သူ့ဘော်ဒီ
ဆက်စီ ဖြစ်တာ ..."

"သော်တာ ... နင် တော်တော်ကဲနေပါလား ..."

"စက်ဆီမို့လို့ စက်ဆီဖြစ်ကြောင်းပြောတာပေါ့၊ နင်ေ
သူ့ကို သဘောမကျလို့လား ..."





"ကျတော့ ကျတာပေါ့ဟဲ့၊ ဒါပေမယ့် အဲ့လိုကြီးတော့
လျှောက်မပြောချင်ပါဘူး၊ ရှက်စရာကြီး"

"အံမယ် ... အံမယ် ... ရုပ်ကြီးက၊ ဒါလား ရှက်တဲ့ရုပ်"

သော်တာက ဆန်းမေကို ပခုံးချင်း လိုက်လိုက်တိုက်
ရင်း စ,နေတာမို့ ဆန်းမေလည်း ရယ်ချင်လာရပါသည်။

"အံမယ် ... အံမယ် ... ရုပ်က မချိုမချဉ်နဲ့၊ အုံ့ပုန်းမလေး
ခေတ်ဆန်းမေပါလားကွယ်"

"တော်ပြီ ... တော်ပြီ၊ သွားတော့မယ်၊ အမေ မျှော်နေလိမ့်
မယ် ..."

ဆန်းမေက သော်တာ့လက်က လွတ်မဖြစ်တော့မှာ
မို့ စက်ဘီးကလေးကို အပြေးကလေး တွန်းပြီး နင်းထွက်လာခဲ့
သည်။

အိမ်ပြန်လမ်းတစ်လျှောက် စက်ဘီးနင်းလာရင်း
ဆန်းမေက မြေပြင်တစ်ဝိုက်ကိုသာ စူးစိုက်ကြည့်လာသည်။

ကောင်းကင်ကိုတော့ မော့မကြည့်ဖြစ်။

ဒီအချိန်မှာ ကောင်းကင်ကို မော့ကြည့်မိရင် စက်ဘီး
အောက်မှာ ဆန်းမေ ကြောက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

ခေတ်ဆန်းမေ၏ နွေရာသ်ကျောင်းပိတ်ရက်များ တော့ သာယာချမ်းမြေ့လှပေသည်။

နွေရာသီကျောင်းပိတ်ရက်တွေထဲကမှ တနင်္ဂနွေ နေ့မျိုးကို ဆန်းမေ ပိုနှစ်သက်ရသည်။

ဦးက တနင်္ဂနွေနေ့ဆို အလုပ်မသွားဘဲ အိမ်မှာ ရှိနေတတ်သည်။ လည်ပင်းပေါက် ဗီရှိတ်ပုံ တီရှပ် အပါးကလေး နှင့် လီနင်ဘောင်းဘီရှည်လေး ဝတ်ထားကာ အိမ်မှာပဲ အေးအေး လူလူ ရှိနေသော ဦးပုံစံလေးက ပေါ့ပေါ့ပါးပါး လန်းလန်းဆန်း ဆန်းလေး ဖြစ်နေတတ်သည်။

ဒီနေ့လည်း သုသုက ရေကူးကန်ထဲမှာ ရေဆင်းကူး နေတာမို့ ဦးက ကန်ပေါင်ပေါ်က ပက်လက်ကုလားထိုင်လေးမှာ သက်သောင့်သက်သာ မှီလျောခြေဆင်းထိုင်ရင်း စာဖတ်နေသည်။ ဆန်းမေကတော့ ရေကူးချင်ပေမယ့် ဦးရှေ့မှာ မကူးရဲတာမို့ ရေကူး





ကန်ထဲ ခြေနှစ်ဖက်နှစ်ကာ ကန်ပေါင်ပေါ်မှာထိုင်ရင်း သုသု ရေကူး တာကို လှမ်းကြည့်နေမိသည်။

ရေထဲက ဆန်းမေရဲ့ ခြေထောက်လေးနှစ်ဖက်ကို ငုပ်ရှားကစားနေမိတုန်း သုသုက ဆန်းမေကို ရေနဲ့လှမ်းပက် ကိုက်ရင်း ...

"ဆန်းမေ ... လာ ... ဆင်းခဲ့၊ သုသုနဲ့ တူတူရေကူးမယ်"

"ဟင့်အင်း ... သုသုရယ် သုသုပဲ ကူးနော်၊ ဆန်းမေ ဒီက ထိုင်ကြည့်နေမယ်နော်"

"မရဘူး၊ လာကူး ... လာကူး"

သုသုက ဘောကွင်းကိုကိုင်ကာ ခြေထောက်နှစ် ချောင်း ထောင်၍ တဗွမ်းဗွမ်း ကူးခတ်နေရင်း အော်ပြောနေသည်။ အခုန်တော့ သုသုက ရေကူးတတ်သူမဟုတ်ပါ။ ဘောကွင်းကိုင် ပြီး ခြေယက်ရုံသာ လုပ်တတ်သူ။ ရေကူးဖို့ထက် ရေစိမ်ရတာကို ပိုသဘောကျသူပင်။

"ဆန်းမေ ... လာ ... ခုဆင်းခဲ့"

"ဆန်းမေမှာ ရေကူးဝတ်စုံမှ မရှိတာ သုသုရဲ့၊ ရေကူးဝတ်စုံ မဝတ်ဘဲ ရေကူးကန်ထဲဆင်းလို့ မကောင်းဘူးလေ"

"ပြီးရော ... အဲ့ဒါဆိုလည်း မလာနဲ့တော့၊ သုသုလည်း တက်တော့မယ်၊ သုသုကို ဆွဲတင်ဦး ..."

"ဆွဲတင်မှာပေါ့ သုသုရဲ့၊ လာ ... လာ ... ဒီနားကို"

သုသုက ဘောကွင်းကိုင်ကာ ဆန်းမေဘက်သို့ ကူး လာသည်။ အနားရောက်တော့ ဆန်းမေက သုသုထံ လက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါသည်။ ထိုအချိန်မှာပဲ သုသုက အဟီးခနဲ တစ်ချက် ရယ်ကာ ဆန်းမေလက်ကို ဆောင့်ဆွဲချလိုက်လေသည်။

"အမေ့ ..."

"ဗွမ်း ..."

"ဟာ ... ဆန်းမေ ..."

"ခစ် ... ခစ် ... အဟီးဟီး ..."

ဆန်းမေ ရေကူးကန်ထဲ ဝရန်းသုန်းကား ပြုတ်ကျ သွားချိန်မှာ ဦးရဲ့ အလန့်တကြား ရေရွတ်သံကို ကြားလိုက်ရသည် ပြီးတော့ သုသုရဲ့ ရယ်သံ။ ဆန်းမေ အပေါ်ကို ပိလာတဲ့ သုသုရဲ့ ခန္ဓာကိုယ်။ ဆန်းမေ အသက်ရှူလို့မရဘဲ ရေမွန်းနေသည်။ နား အူသွားသည်။ ရေမကူးတတ်သူမို့ ရေထဲကနေ ဘယ်လိုရုန်းက တိုးထွက်ရမှန်းမသိဘဲ အသိစိတ် လွတ်လုဆဲဆဲမှာပဲ ဆန်းမေ ခန္ဓာကိုယ်လေးဟာ ခိုင်မာသန်စွမ်းသော လက်အစုံဖြင့် ထွေးပွေ ဆွဲမခြင်း ခံလိုက်ရပါသည်။

"ဆန်းမေ ... ဆန်းမေ"

လန့်ဖျပ်လျက် သတိလစ်လုဆဲဆဲ ဆန်းမေ၏ အာ ထဲသို့ ဦးရဲ့ခေါ်သံ သြရှရှလေးက နွေးထွေးချိုမြစွာ စီးဝင်လာ သည်။ အေးစက်သော်လည်း နွေးထွေးသော ရင်ခွင်ထဲမှာ ဆန်း ၏ ခန္ဓာကိုယ်လေးကို ထွေးပွေ့ခြင်း ခံထားရသည်။ ဆန်း သတိပြန်ဝင်လာ သော်လည်း ထိုရင်ခွင်က ခွာမသွားချင် ... နှလုံးသားသည် တစ်မဟုတ်ချင်း ပြင်းရှစွာ ခုန်လာသည်။ ဆန်း သည် မျက်လုံးတွေကို မဖွင့်သေးဘဲ တအားမှိတ်ထားကာ





လေး ငြိမ်နေလိုက်မိသည်။ ဒါကို အပြစ်လို့ ခေါ်မလားဟင် ...။ အပျိုစင် မိန်းကလေး တစ်ယောက်ဟာ စုံမက်မိသော ရင်ခွင်တစ်ခု မှာ အမှတ်တမဲ့ သာယာမူးရီသွားနိုင်တာပဲ မဟုတ်လားနော် ...။

"ဆန်းမေ ..."

နောက်တစ်ကြိမ် ဦး ခေါ်တော့ ဆန်းမေ မျက်လုံး ဖွင့်ကြည့်လိုက်မိသည်။ ငုံ့မိုးစိုးကြည့်နေသော ဦးရဲ့ မျက်နှာက ဆန်းမေ၏ မျက်နှာနှင့် နီးကပ်လှသည်။ သူ့ဆံပင်ဖျားမှာ တွဲလွဲ နေသော ရေစက်တစ်ပေါက်က ဆန်းမေရဲ့ နှုတ်ခမ်းလေးပေါ်သို့ က်ခနဲ ကျလာသည်။ အေးစက်နေသော ဆန်းမေ၏ နှုတ်ခမ်း လေးတွေ နွေးလာသည်ဟု ထင်မိသည်။

အနီးကပ်မြင်ရသော ဦးရဲ့ မျက်ဝန်းညိုတွေက ဆန်းမေကို တုန်လှုပ်စေတာမို့ ဆန်းမေက မျက်လွှာလေးချရင်း း ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

"ဆန်းမေ အဆင်ပြေရဲ့လား၊ ခေါင်းမူးနေလား"

"အဆင်ပြေပါတယ် ဦး၊ ဆန်းမေ ဘာမှမဖြစ်ပါဘူး၊ နည်းနည်းလန့်သွားရုံပါ"

"သုသုက လုပ်လိုက်ရင် အရမ်းချည်းပဲကွာ၊ သုသုနော် ... နောက် ဒီလိုလုပ်ရင် ဆန်းမေက သုသုကို ကြောက်ပြီး သုသုဆီ မလာဘဲနေမှာ ..."

သူက သုသုကို လှမ်းကြည့်ရင်းပြောတော့ သုသုက ဟီးဟီး ရယ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သုသုက ဆန်းမေကိုချစ်လို့ ရေတူတူကူးချင်လို့ ခေါ်
ကို ဆန်းမေကမှ မလာတာ ..."

"သူမလာချင်တာကို ဖွတ်အတင်းဆွဲမချရဘူးလေ ညီမ
ရဲ့၊ ဆောရီး ဆန်းမေ ... သုသု နောက် ဒါမျိုးမလုပ်ရဲ
ကိုယ် ဆုံးမပါ့မယ်"

"ရပါတယ် ဦး၊ သုသုကို ဆန်းမေ စိတ်မဆိုးပါဘူး"

"ခစ်ခစ် ... ဆန်းမေက စိတ်မဆိုးတဲ့အပြင် ကြိုက်
နေတာ မဟုတ်လား၊ ဟိဟိ ... ကြိုက်တယ် မဟုတ်
ဆန်းမေ"

"ဘာကိုလဲ သုသု ..."

"ကိုကို ဆန်းမေကို ပွေ့ချီလာတာကို ဆန်းမေ ကြိုက်
တာ မဟုတ်လား"

"ဟာ ... ဒီကောင်မလေး ..."

သုသု စကားကြောင့် ဆန်းမေ ပါးကလေး
ဖျင်းခနဲ ထူပူလာပါသည်။ ဦးကတော့ မျက်မှောင်ကြုံ့ကာ သုသု
မာန်မဲလိုက်သည်။ ဆန်းမေက ဦးကို ခိုးကြည့်မိသည်။ ဦး ပုံ
တော့ ဆန်းမေကို အားနာတာထက် မပို ...။

ဦးက ထိုင်ရာမှ ထသွားကာ ကုလားထိုင်နောက်
ပေါ်မှာ တင်ထားသည့် တဘက်ဖြူကြီးတစ်ထည် သွားယူလာ
ဆန်းမေ၏ ခန္ဓာကိုယ်လေးကို လုံခြုံအောင် ပတ်ပေးလိုက်
သည်။





အို ... ဟုတ်သားပဲ ... ရေစိုကပ်နေတဲ့ ဆန်းမေရဲ့
ကိုယ်လေးကို ဖုံးကွယ်ပေးဖို့ လိုအပ်နေတာပဲ မဟုတ်လား ...။
ဆန်းမေသည် ခုမှပဲ ဦး ရှေ့မှာ မသပ်မရပ်ဖြစ်နေသည့် ကိုယ့်
ကို ရှက်ဖို့ သတိရကာ ဦးရှေ့မှ ထွက်ပြေးချင်လာသည်။

"ဆန်းမေ သွားတော့မယ်"

"အိမ်ကို ဒီပုံစံနဲ့တော့ ပြန်မသွားနဲ့လေ၊ ကိုယ်တို့အိမ်ကို
အရင်သွားလိုက်ဦး၊ အန်တီထွေးကိုပြောပြီး အိမ်မှာပဲ ရေချိုး
လိုက်၊ အန်တီထွေးဆီမှာ သုသု အဝတ်အစားတွေ ခဏ
တောင်းပြီး ဝတ်ထားလိုက်ပေါ့၊ ဒရိုင်ယာတောင်းပြီး ဆံပင်
တွေကို ခြောက်အောင်မှုတ်လိုက်ဦး၊ တော်ကြာ အအေးပတ်
နေဦးမယ်"

"ဟပ် ... ဟပ်ချိုး"

ဦး ပြောတုန်းရှိသေး ဆန်းမေက အားပါးတရ နှာ
ချလိုက်တာမို့ ဦးက မျက်ခုံးပင့်သွားကာ ...

"ဟော ... ပြောရင်းဆိုရင်း အအေးမိပြီထင်တယ်၊ ကဲ ...
လာ ... လာ ... အိမ်ထဲကို မြန်မြန်ဝင်မှဖြစ်မယ်၊ ညီမလေး
လာ ... တော်တော့၊ ရေဆက်မကူးနဲ့တော့ ..."

"ဟင့်အင်း ... သုသုမှ အအေးမမိတတ်တာ၊ တက်သေးဘူး၊
ကူးဦးမှာ ..."

"ခဏပဲနော်၊ ခုပဲ ကိုကို ပြန်လာခေါ်မယ်"

ဦးက သုသုကို ထားခဲ့ပြီး ဆန်းမေကို အိမ်ထဲသို့
ခေါ်လာသည်။ အိမ်ထဲရောက်တော့ အန်တီထွေးကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေ ရေချိုးဖို့ စီစဉ်ပေးခိုင်းပြီးမှ ရေကူးကန်ဘက်သို့ ပြန်သွား ခဲ့သည်။

သုသု အခန်းထဲက ရေချိုးခန်းမှာ ရေမိုးချိုး အဝတ် အစားလဲပြီး ဆန်းမေ ပြန်ထွက်လာတော့ ဦးက အိမ်ထဲကိုပြ ရောက်နေပြီ ...။

"ရော့ ... ရေနွေးပူပူလေး သောက်လိုက်ဦး၊ ခဏနေ နွေ လာလိမ့်မယ်"

ဦး လှမ်းပေးသော ရေနွေးကြွေခွက်လေးကို လှမ်းယူ ပြီး တစိမ့်စိမ့် သောက်မိချိန်မှာ ဆန်းမေ၏ ခန္ဓာကိုယ်လေး တသိမ့်သိမ့် နွေးလာခဲ့ရပါသည်။

ဒီနေ့ဟာလည်း ဆန်းမေ့ဘဝအတွက် ထူးခြားသော နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။

■ ■ ■



* * *

နေ့ရက်တို့ သာသောင်သာယာ ကုန်ဆုံးခဲ့ပြီး မကြာ မှာပဲ ဆန်းမေ ဆယ်တန်းအောင်ခဲ့သည်။

ဆန်းမေ ဆယ်တန်း အောင်သည့်နေ့မှာ ဦးက ဆန်းမေအတွက် လက်ပတ်နာရီ အကောင်းစားလေးတစ်လုံး လက် ဆောင်ပေးခဲ့ပါသည်။

ရွှေရောင် နာရီလေးက လှလွန်းတာမို့ ဆန်းမေမှာ ငေးရက် မကိုင်ရက် ရင်သပ်ရှုမောနေကာ ...

"ဦးရယ် ... လက်ပတ်နာရီက ဈေးကြီးမှာပဲနော်၊ အဲ့ဒီ လောက် အကောင်းစားကြီးကို ဆန်းမေ ပတ်တော့ သူများ တွေက ဘယ်ကခိုးလာသလဲလို့ ထင်ကုန်ကြပါဦးမယ် ဦးရယ်"

ဦးက ဆန်းမေ စကားကြောင့် လှစ်ခနဲ ပြုံးလိုက် ပြီး ...

"ဆန်းမေ ဆယ်တန်းအောင်တဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးတာပဲ၊ ယူလိုက်ပါ၊ လက်ပတ်နာရီလေးက ဆန်
လိုက်မှာပါ၊ ဝတ်ကြည့်လေ ... ရော့"

ဦးက ဘူးထဲက လက်ပတ်နာရီလေးကို ထုတ်
ပြီး ဆန်းမေကို လှမ်းပေးလိုက်သည်။

ဆန်းမေက နာရီလေးကို လှမ်းယူ ဝတ်ကြည့်လိုက်
ပြီး ကိုယ့်လက်လေး ကိုယ် ငုံ့ကြည့်ကာ သဘောကျနေမိသည်

"ဆန်းမေ ကိုကိုက ဆန်းမေကိုချစ်လို့ ပေးတာ သိ
ချစ်လို့ပေးတာ ..."

အနားမှာ ထိုင်နေသော သုသုက ဖြုန်းခနဲ ထ
ပြောလိုက်တာမို့ ဦးက သုသုကို ခပ်တည်တည် လှမ်းကြည့်ရင်း

"သုသု ... ပေါက်ကရတွေ မပြောရဘူးလေ ..."

ဟု ဆူသလိုလေး ပြောလိုက်သည်။

ပေါက်ကရတဲ့လား ...။ ချစ်တယ်ဆိုတဲ့ စကား
ပေါက်ကရတဲ့လား။ ဆန်းမေ ကိုယ့်အတွေးနှင့်ကိုယ် ဝမ်းန
သလိုလေး ဖြစ်သွားမိသည်။

ဘာပဲပြောပြော ဦး ဆန်းမေကို ဂရုစိုက်ရင်
ဆန်းမေ ပျော်ရတာအမှန်ပင်။

အိမ်ပြန်ရောက်တော့ ဆန်းမေက အမေ့ကို အ
ကြွားရသည်။

"အမေ ... ဒီမှာကြည့် ... ဆန်းမေ စာမေးပွဲအောင်လို့ ဦး
ဆုချလိုက်တာ ..."





အမေက ဆန်းမေ ပြသည့် နာရီလေးကို လှမ်းကြည့်
...

"လှသားပဲ သမီးရဲ့၊ တရိုတသေပတ်ပေါ့၊ ပြပါဦး ... အမေ
ကိုင်ကြည့်ရအောင်"

အမေက နာရီလေးကို လှမ်းယူပြီး ကိုင်ကြည့်နေ
...

"ရွှေရောင်လေးဆိုတော့ သမီးလက်လေးနဲ့ လိုက်မှာပဲ၊
ပတ်ပြပါဦး"

"အခု မပတ်သေးဘူး၊ ရေချိုးပြီးမှ ပတ်မယ်"

"ဘာဖြစ်လို့တုန်း ..."

"ဆန်းမေ လက်က ချွေးတွေ ပေကုန်မှာစိုးလို့ ..."

"နာရီပဲဟာယ် ... ချွေးကတော့ နောက်လည်းပေမှာပဲကို"

"အသစ်ကလေးဆိုတော့ ချက်ချင်းကြီး ချွေးပေမှာစိုးလို့ပါ
အမေရဲ့ ..."

ဆန်းမေ ရေချိုးဖို့ထထွက်လာတော့ အမေက ရယ်
ရင်း ကျန်ရစ်သည်။

ဆန်းမေက ရေချိုးရင်း နာရီပတ်မည့် ဆန်းမေရဲ့
လက်ကောက်ဝတ် နေရာလေးကို သေချာ ချွေးအထပ်ထပ်
ရသည်။ လက်ကောက်ဝတ်လေး နီရဲလာတော့မှ ချွေးတွန်း
ကိုက်သည်။

ရေချိုးပြီးတော့ နာရီလေးကို ပတ်လိုက်ပြီး နာရီ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လက်ကို မြှောက်ကြည့်လိုက်၊ ငုံ့ကြည့်လိုက် လုပ်နေ
တာမို့ အမေက ဆန်းမေကို ပြုံးကြည့်ရင်း ...

"တော်တော် ပျော်နေတယ်ပေါ့လေ ..."

"ပျော်တာပေါ့ အမေရယ်၊ ဒီနေ့မှာ သမီးလေး တော်တော်
ပျော်ပါတယ် xxx"

ဆန်းမေက သီချင်းကလေး ညည်းရင်း ပြောတော့
အမေက ရယ်လိုက်ရင်း ...

"ညည်းကြည့်ရတာတော့ နာရီရတာကို စာမေးပွဲအောင်တာ
ထက်တောင် ပိုပျော်နေသလိုပါပဲ ဆန်းမေရယ်"

အမေပြောမှပဲ ဆန်းမေ ပြန်တွေးကြည့်မိသည်
အမေ ပြောတာလည်း ဟုတ်သလိုလိုရှိသည်။

ညနေရောက်တော့ ဆန်းမေက စက်ဘီးလေး
တွန်းထုတ်လာရင်း ...

"အမေရေ ... ဆန်းမေ သော်တာတို့အိမ်ဘက် သွားလိုက်
ဦးမယ်"

"ဘာသွားလုပ်မှာလဲ"

"နာရီသွားကြွားမလို့ ..."

"ထင်သားပဲ၊ သွား ... သွား ... မိုးမချုပ်စေနဲ့၊ အမေ
သမီးကြိုက်ရတဲ့ ငါးသလဲထိုး အိုးကပ်လေး ချက်နေတယ်
ကြက်သားလည်း သုပ်ထားတယ်၊ ဘူးသီးဟင်းခါးပူပူ
နဲ့ ပြန်လာရင် အတူစားရအောင်"

"ဟုတ် ... အမေ၊ ဆန်းမေ သွားပြီနော်"





"အေး ... အေး ..."

ဆန်းမေက စက်ဘီးလေး သွက်သွက်နင်းကာ
သော်တာတို့အိမ်ဘက်သို့ ထွက်လာခဲ့ပါသည်။

ညနေဦး နေခြည်လေးက ဒီနေ့အဖို့ ပိုပြီး ဝင်းဝါ
နွေးထွေးနေသလိုပင် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဦးလေး သော်တာ ရှိလားဟင် …"

"ရှိတယ် သမီး၊ ခဏစောင့် … ဦးလေး သွားခေါ်ပေးမယ်"

ခြံစောင့် ဦးလေးကြီးက အိမ်ကြီးရဲ့နောက်ဘ[illegible] တန်လျားဆီသို့ သွက်သွက်လေး ထွက်သွားသည်။ ဆန်းမေ[illegible] လာနေကျမို့ ခြံစောင့်ဦးလေး ဦးထွန်းလှနှင့် ခင်နေပါသည်[illegible] ဆန်းမေ သော်တာ့ဆီလာတိုင်း ဒီခြံဝက အုတ်ခုံလေးပေါ်မှာ[illegible] နှစ်ယောက်အတူထိုင်၍ စကားပြောဖြစ်သည်။ ဆန်းမေကလည်[illegible] ခြံကြီးထဲကို ဝင်မသွားရဲသလို သော်တာကလည်း ဆန်းမေ[illegible] ခြံထဲ မခေါ်ရဲပါ။ ခြံပြင်မှာ တွေ့ရတာက ဆန်းမေတို့အတွ[illegible] ပိုပြီး လွတ်လွတ်လပ်လပ် ရှိပါသည်။

ခဏနေတော့ ဦးလေးကြီးက ပြန်ထွက်လာကာ[illegible]

"သော်တာ အဝတ်လျှော်လက်စနဲ့မို့လို့တဲ့၊ ခုပဲ ရေချိုး[illegible] ထွက်လာခဲ့မယ်တဲ့ ဆန်းမေ …"

"ဟုတ် … ကျေးဇူးပဲ ဦးလေး"





ဆန်းမေက ခြံပြင် အုတ်ခုံလေးဘေးမှာ စက်ဘီး[illegible]ကို ဒေါက်ထောက်၍ ရပ်ထားလိုက်ပြီး ထိုင်ခုံပေါ်မှာ အေး[illegible]လူလူ ထိုင်စောင့်နေလိုက်သည်။ ထိုင်နေရင်း ခြံဝန်းထဲက [illegible]ကြီးကို လှမ်းမျှော်ကြည့်မိသည်။ ဒီအိမ်ကြီးကလည်း ဦးတို့[illegible]ကြီးလိုပဲ ကြီးကျယ်ခမ်းနားသည်။ ဦးတို့လိုပဲ လူနည်းနည်းလေး [illegible]နေတာဆိုရင်တော့ ပျင်းစရာကြီးပေါ့ …။ ဒီအိမ်ကြီးထဲမှာ [illegible]ယောက်တစ်နေရာ ခေါ်မကြား အော်မကြား တသီးတသန့်[illegible]နေကြမှာပေါ့။ ဆန်းမေတို့ အိမ်မှာဆို အမေနဲ့ ဆန်းမေ [illegible] တစ်ယောက်ဘာလုပ်လုပ် ဘာပြောပြော မြင်နေ ကြားနေ[illegible]မို့ အမြဲနွေးနွေးထွေးထွေး ဖြစ်နေရတာပင် …။ ဒီလိုအိမ်[illegible]မှာ အမေနဲ့ ဆန်းမေ နှစ်ယောက်တည်းသာ နေရမယ်ဆိုရင် [illegible]လွန်းလို့ နေတတ်မှာတောင်မဟုတ် …။

"ဆန်းမေ … ဘာတွေ ငေးမောတွေးတောနေတာလဲ"

သော်တာက လူဝင်ရှုံတံခါးလေးမှ ခေါင်းငုံ့ထွက်[illegible]လာ ဆန်းမေဘေးမှာ ဝင်ထိုင်ရင်း မေးလိုက်သည်။

"ဟိုအိမ်ကြီးထဲမှာ နေကြတဲ့သူ[illegible]တွေ ပျင်းများနေကြမလား လို့ တွေးနေတာပါဟာ …"

"အရင်တုန်းကတော့ ပျင်းချင်ပျင်းမှာပေါ့၊ ဒီနေ့က စပြီး မပျင်းရတော့ဘူးထင်ပါတယ်"

"ဘာလို့လဲ …"

"ဒီနေ့ မမ မိမိမိုးဦး ပြန်လာမှာလေ၊ မမမိက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာ ကြာပြီ၊ မမမိက ဒီအိမ်က သမီး



www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံး၊ အဆိုးဆုံး၊ အထက်ဆုံး၊ သူ့အိမ်မှာရှိရင် အိမ်
အလုပ်သမားတွေဆိုလည်း ရေသာမခိုရဲဘူးတဲ့၊ သူက
တိုင်းမကျရင် အမြဲအော်ဟစ်ဆူပူနေတော့တာတဲ့၊ အ
တောင် မမီကို ကြိုဖို့ အစောကြီးကတည်းက ထွက်
ရတာ၊ နောက်ကျရင် အပြောခံနေရမှာစိုးလို့တဲ့၊ 
နင် စာမေးပွဲအောင်တာ ငါ့ကိုဘာကျွေးမှာလဲ"

"အံမယ် ... အတူတူချင်းကို၊ နင်လည်း အောင်တာပဲ
ငါကျွေးရင် နင်လည်း ကျွေးရမှာ"

"အဟဲ ... ဒါဆို နင်လည်း မကျွေးနဲ့၊ ငါလည်း မကျွေး
ပိုက်ဆံကုန်တယ်"

"အဟီး ... အဲ့ဒါလည်း ကောင်းသားပဲ"

ဆန်းမေက ရယ်လိုက်ပြီး ကြွားပိုးကလေး ရှူလာ

"သော်တာ ငါ့ကိုကြည့်စမ်း၊ ဘာထူးခြားနေလဲ ..."

သော်တာက ဆန်းမေကို ခြေဆုံးခေါင်းဆုံး
ချက်ကြည့်လိုက်ရင်း ...

"ငါ့မျက်စိထဲတော့ ဘာမှမထူးခြားပါဘူး"

"ဒန် ..."

ဆန်းမေက ပါးစပ်က အသံကလေးတစ်ချက်
စပ်စပ် ထွက်လာပြီး နာရီပတ်ထားသော လက်ကို သော်တာ
နှာရှေ့သို့ ဆန့်ထုတ်ပြသလိုက်ပါသည်။

"ဟယ် ... နာရီလေး လှလိုက်တာ"

"ဘယ်သူပေးတာလဲ ... သိလား"





"သိသားပဲ၊ နင့် ဦးကျော်ဝီရ ပေးတာပဲ ဖြစ်မှာပေါ့ ..."

"ဟယ် ... နင် ဘယ်လိုသိလဲ ..."

"နင့်ကို ဒါမျိုး တန်ဖိုးကြီးတာပေးမယ့်သူဆိုလို့ သူတစ်ယောက်ပဲ ရှိတာ၊ ပြေးကြည့်ဖို့တောင် မလိုဘူး၊ တွေးကြည့်ရုံနဲ့ သိတယ်"

"ဟဲဟဲ ... လှတယ်မဟုတ်လား"

"အံမလေး ... ပါးစပ်တောင် မစေ့တော့ပါလား၊ သိပ်ပျော်နေတယ်ပေါ့လေ"

"မနာလိုဘူးလား ..."

"အေး ... မနာလိုဘူး၊ ငါ့ကို ဒါမျိုးပေးမယ့်သူမှ မရှိတာ၊ ဟင်း ... မိန်းမ၊ နာရီလာကြွားတာပေါ့လေ ဟုတ်စ ..."

"ဟုတ်ပ ..."

ဆန်းမေက ပြုံးစိစိလေး ပြန်ပြောတော့ သော်တာက 'အမြင်ကတ်လိုက်တာဟယ်' ဟု ရေရွတ်လိုက်သည်။

"ဒါနဲ့ ဆန်းမေ ... နင် ကျောင်းဆက်တက်မှာလား ..."

"ဒေးတော့ မတက်တော့ဘူး သော်တာ၊ ငါ အမှတ်လည်း သိပ်ကောင်းမှာမဟုတ်ဘူးလေ၊ နှစ်ချင်းပေါက်အောင်တာပဲ တော်လှပြီ၊ ရိုးရိုးမေဂျာလောက်နဲ့တော့ ဒေးဆက်မတက်ချင်တော့ဘူး၊ ဒဂုံတက္ကသိုလ်ကလည်း ဝေးတော့ အမေကလည်း ငါ့ကိုမလွှတ်ချင်ဘူး၊ ငါကလည်း သွားမတက်ချင်တော့ပါဘူးဟာ၊ အဝေးသင်တက်ပြီးတော့ပဲ အလုပ်လုပ်ရင်း အမေ့ကို ကူချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင့်လိုပဲ၊ အဝေးသင်ပဲတက်မှာ၊ နင်က ဘာအလုပ်လုပ်ဖို့ စိတ်ကူးထားလို့လဲ"

"အမေက ငါ့ကို မကေသီဆီမှာ အပ်ပေးမယ်တဲ့ ..."

"မကေသီဆိုတာ နင့်အမေရဲ့ အလုပ်ရှင် ဒီဇိုင်နာ အစ်မကြီးလား ..."

"အေး၊ သူ့ဆီမှာ အလုပ်လုပ်ရင်း ပညာသင်သဘောမျိုးလေးပေါ့၊ ခုခေတ်မှာတော့ စက်ကလေးချုပ်တတ်ရင် မဆိုးဘူးထင်တာပဲ၊ နင်တို့ငါတို့မှာသာ တစ်လ အင်္ကျီတစ်ထည်ချုပ်ဖို့ အနိုင်နိုင်ဆိုပေမယ့် ပိုက်ဆံရှိတဲ့သူတွေကတော့ မကေသီဆီမှာ တစ်ခါလာအပ်ရင် ဆယ်စုံလောက်တောင်အပ်တာ သော်တာရဲ့၊ အမေဆို လက်ချုပ်လိုက်၊ စီးကွင်းထိုး၊ ကြယ်သီးတပ်ရတာ နိုင်တောင်မနိုင်ဘူး၊ ဟိုတစ်ခါ ငါ အမေနဲ့ လိုက်သွားတုန်းကဆို အစ်မကြီးတစ်ယောက် အဝတ်အစား ဆယ်စုံလာရွေးတာ ချုပ်ခချည်း လေးသိန်းနီးပါး ရှင်းသွားတာ ငါမြင်လိုက်တယ်"

"ဟဲ့ ... အဲ့ဒီလောက်တောင် ပေးရသလား"

"မကေသီကလည်း နာမည်ကြီး ဒီဇိုင်နာကိုး၊ ပွဲတက်ဝတ်စုံတွေဆို ဒါ့ထက်တောင် ပိုသေးတာ၊ ငါတော့ အဲ့ဒီမှာပဲ ဝင်လိုက်တော့မယ်၊ ဆယ်တန်းအောင်ရုံလေးနဲ့ အပြင်မှာ အလုပ်လျှောက်တော့လည်း အရောင်းစာရေးတို့ ဘာတို့ပဲ ရမှာလေ ..."





"ဟုတ်တယ်နော် ...၊ ငါလည်း နင့်လိုပဲ အလုပ်လုပ်မယ် စဉ်းစားထားတာ၊ မကေသီဆီမှာ နင်နဲ့အတူတူ အလုပ်ဝင်လို့ရရင် ကောင်းမှာပဲဟာ ..."

"ငါ အမေ့ကို ပြောပေးခိုင်းကြည့်မယ်လေ၊ မကေသီကလည်း လူလိုနေတာတဲ့၊ အမေက အိမ်မှာ သစ်ခွပန်းရောင်းတာ တစ်ဖက်နဲ့ဆိုတော့ ခုဆို နေ့တစ်ဝက်ပဲ သွားနိုင်တော့တာ၊ ဆိုင်က အလုပ်တွေ အိမ်ယူလာပြီးပဲ လုပ်နေရတာ တစ်ခါတလေ မနိုင်ဘူး"

"နောင် ... နောင် ... နောင် ..."

"ဟယ် ... ဟိုမှာ သရက်သီးသည် ..."

ခေါင်းကလေးထုပြီး တွန်းလာသော တွန်းလှည်းနှင့် သရက်သီးသည်ကို တွေ့လိုက်ရတာမို့ သော်တာက သရက်သီးဆီ ရောက်သွားသည်။

"ဆန်းမေ ... နင်နဲ့ ငါနဲ့ စာမေးပွဲအောင်တာချင်း တူပေမယ့် နင်က နင် သဘောကျတဲ့သူဆီက နာရီတစ်လုံး ဆုရထားတဲ့သူဆိုတော့ ငါ့ကို သရက်သီး ဝယ်ကျွေးရမယ်"

"ဘာမှဖြင့်မဆိုင်ဘဲနဲ့ ..."

"ဝယ်မကျွေးဘူးလား ..."

"ကျွေးပါ့မယ် ... ကျွေးပါ့မယ်၊ ဦးလေးထွန်းကိုလည်း ကျွေးမယ်၊ ဦးလေးထွန်း ... လာပါ၊ သရက်သီး စားမလား၊ နာနတ်သီး စားမလား ... ကြိုက်တာစား၊ ဆန်းမေ စာမေးပွဲအောင်လို့ ဝယ်ကျွေးတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ခြံစောင့်ကြီး ဦးလေး ဦးထွန်းလှကို လှမ်းခေါ်လိုက်တာမို့ ဦးထွန်းက ခြံပြင်သို့ ထွက်လာသည်။

ခြံရှေ့မှာ ရပ်ထားသည့် တွန်းလှည်းလေးရှေ့ ဆန်းမေတို့သုံးယောက်လုံး ရပ်ပြီး သရက်သီးစိတ်၊ နာနာသီး တွေ ဝယ်ရင်း စကားပြောဆို ရယ်မောနေကြဆဲမှာ...

"တီ... တီ... တီ... တီ..."

ဆက်တိုက်တီးလိုက်သော ကားဟွန်းသံနှင့်အ ခြံရှေ့သို့ခေါင်းတည့်ထားသော ကားကို တွေ့လိုက်ရတာမို့ ဦး က ပျာပျာသလဲ ဖြစ်သွားကာ...

"မမီပြန်လာပြီ၊ တွန်းလှည်းက ခြံရှေ့မှာပိတ်နေတာ ပေးလိုက်ဦး၊ ဦးလေး ခြံတံခါး သွားဖွင့်ပေးလိုက်ဦးမေ

ဦးထွန်းက ခြံထဲသို့ ပြန်ပြေးဝင်သွားသည်။ ဆန်း တို့လည်း ဈေးသည်ကို အမြန်ပိုက်ဆံရှင်းပေးလိုက်ပြီး လမ်း ပေးလိုက်ကြသည်။

သော်တာ့အဖေမောင်းသော ကားက ခြံတံခါး ခပ်ဖြည်းဖြည်း ကွေ့ဝင်လိုက်ချိန်မှာ ကားနောက်ခန်းတံခါးမှန် က လျှောကျသွားကာ အင်မတန် လှပသော မျက်နှာကလေး မြင်လိုက်ရပါသည်။

ထိုမျက်နှာကလေးက လှပသော်လည်း ခက် လှပါသည်။

"ခြံရှေ့မှာလည်း ရှုပ်ယှက်ကိုခတ်နေတာပဲ၊ ခြံစောင့် ခြံထဲမှာမနေဘဲ ဘာထွက်လုပ်နေတာလဲ..."





သူမက မျက်မှောင်ကြုံ့ကြုံ့နှင့် ခပ်မာမာ ရေရွတ် ပြောဆိုပြီး မှန်တံခါးက လျှောခနဲ ပြန်တက်၍ ပိတ်သွားသည်။

ခြံထဲသို့ မောင်းဝင်သွားသော ကားပေါ်မှာ လိုက် ပါသွားသည့် သူမကို ဆန်းမေက လှမ်းငေးကျန်ရစ်သည်။

ဆန်းမေတို့ထက် အသက်အများကြီး ကြီးပုံရသော အမျိုးသမီးရဲ့ အလှက ပြည့်စုံတောက်ပသည်...။ ပုံကျကျ ရိတ်ထားသော အပေါ်ဘက်သို့ ခပ်မြောက်မြောက် မျက်ခုံး အောက်က တောက်ပသော မျက်လုံးအိမ်ကျယ်ကြီးက ဆွဲ ဆောင်မှုရှိလှသည်။ ကော့နေသော မျက်တောင်တွေဟာ အစစ် ၊ အတုလားဆိုတာတော့ အမှတ်တမဲ့မို့ ဆန်းမေ မခွဲခြားတတ် ။ ထူအိကြီးမားသော နှုတ်ခမ်းအစုံကို ရွှေအိနီရဲသော နှုတ်ခမ်းနီ ဆိုးထားသဖြင့် မြင်ရသူကို ငေးသွားစေလောက်သော ဆွဲဆောင်မှု ဖြစ်စေပါသည်။ ချွန်နေသော နှာတံမြင့်မြင့်ကြောင့်လား... အားခွေလိမ်ကာ ကျောလယ်ထိ ပုံအိခွေကျနေသော အညိုရောင် ပင်တွေကြောင့်လားတော့မသိ ဘိုကပြားရုပ်ထွက်နေသော ထို အမျိုးသမီးဟာ အသက် ၂၀ မက ၃၀ မကျလောက်တော့ ရှိ ထင်ရသည်။

"အဲ့ဒါ ငါပြောတဲ့ မမီလေ...၊ တွေ့လား... အရှမ်းမောက်မာတာပဲ"

သော်တာက နှုတ်ခမ်းလေးကို မဲ့ရွဲ့ရင်း ပြောလိုက် ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

နောက်တစ်နေ့ ...

အရမ်းပျော်ရွှင်ခဲ့ရပြီး နောက်တစ်နေ့မှာပဲ ကိုယ့် ဘတ်ထဲမှာ ဘယ်အချိန်ကတည်းက ခိုအောင်းနေသည် မသိ ခံစားချက်တစ်ခုကို ပြတ်ပြတ်သားသား သိလိုက်ရလေသည်။

အဲ့ဒီနေ့က ဆန်းမေသည် သုသုကြိုက်သည့် ထ သီးမုန့်ထုပ်လေးကို ဆွဲကာ သုသုတို့ခြံဘက်သို့ ကူးလာခဲ့ပါသည်။

ရေကူးကန်ဘေးက ထိုင်ခုံတစ်လုံးမှာ သုသုတ ယောက်တည်း ထိုင်နေတာ တွေ့လိုက်ရတာမို့ ဆန်းမေက သု ဆီသို့ သွက်သွက်လေး လျှောက်သွားလိုက်ပြီး ...

"သုသုရေ ... ဒီမှာကြည့်စမ်း၊ သုသုကြိုက်တဲ့ ထန်းသီးမု ဝယ်လာတယ်၊ ဟင် ... သုသု ငိုနေတယ် ..."

သုသု မျက်နှာပေါ်မှာ မျက်ရည်တွေအရွဲသား ... ဆန်းမေက အံ့သြလန့်ဖျပ်သွားကာ ...





"သုသု ... ဘာဖြစ်လို့လဲဟင်"

"အီး ... ဟီး ... ဟီး ..."

ဆန်းမေကိုမြင်မှ အားကိုးရသွားသလို သုသုက ဟီးဟီး အသံထွက်ရင်း ကလေးကြီးလို အားပါးတရ ငိုချလိုက် လေသည်။

"ဟယ် ... သုသုရယ် ... ဘာဖြစ်တာလဲ၊ ဆန်းမေကို ပြော ပါ၊ ပြောပါနော် ... သုသု"

"ဟိုမိန်းမကြီးကို သတ်ချင်တယ်၊ ဟိုမိန်းမကြီးကို သတ် ချင်မယ်"

"ဘယ်မိန်းမကြီးလဲ၊ သူက သုသုကို ဘာလုပ်လို့လဲ ..."

"သုသုကို မလုပ်ပေမယ့် ကိုကို့ကို လုပ်မှာ၊ အဲ့ဒီမိန်းမကြီး က ကိုကို့ရည်းစားတဲ့၊ ကိုကိုက အဲ့ဒီမိန်းမကြီးကို ယူမလို့ တဲ့ ... ဆန်းမေရဲ့၊ အီးဟီး ... ဆန်းမေ တားပေး ... ဆန်းမေ တားပေး၊ ကိုကိုနဲ့ အဲ့ဒီမိန်းမကြီးနဲ့ မညားအောင် ဆန်းမေ တားပေး ..."

ဆန်းမေသည် ရုတ်တရက် သုသုကိုတောင် နှစ်သိမ့် မှာမော့ဖို့ မေ့လျော့နှုတ်ဆိတ် ကြောင်ငေးသွားကာ နှစ်မျော ကြောင်ငေးနေသော ထိုမျက်ဝန်းတွေထဲမှာ မျက်ရည်တွေ စွတ်စို ဝါးလာသည်။ နှုတ်ခမ်းလေး ခဏ ဟဟပွင့်သွားကာ စက္ကန့် င်းလောက် နှလုံးခုံရပ်သွားသလို ခဏလေး သတိလစ်သေဆုံး ပြီးနောက်မှာ ရပ်သွားသော နှလုံးက ကြမ်းတမ်းစွာ ပြန်လည် လှုပ်လာသည်။ ခဏ အေးစက်သွေးဆုပ်သွားသော ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ တဖြည်းဖြည်း လောင်ကျွမ်းပြာကျတော့မတတ် ပူပြင်းမြိုက်
လောင်လာသည်။ လည်ချောင်းတွေ ခြောက်ကပ်ကာ လည်ချောင်း
ထဲက ဘာသံမှတိုးထွက်မလာနိုင်ဘဲ လည်ချောင်းဝမှာသာ ဆန့်ငင်
ဆို့နစ်နေသည်။

ဦးရဲ့ ရည်းစားတဲ့ ...

ဦး ... ယူမယ့်သူတဲ့ ...

အို ... ဒါ ... ဘာဆန်းသလဲ ...

ဒီလို အသက် ၃၀ အရွယ် ယောကျ်ားတစ်ယောက်
မှာ ချစ်သူရည်းစား ရှိတာ ဘာဆန်းသလဲ ...။

လက်ထပ်တော့မယ်ဆိုရင်လည်း ဒါ ... အံ့သြစရာ
မဟုတ်ဘဲ ...။ ဒါ ... တုန်လှုပ်စရာမှ မဟုတ်ဘဲ ...။

ဒါဖြင့် ဆန်းမေက အခု ဘာဖြစ်သွားရတာလဲ ...

"အီး ... ဟီး ... ဟီး ... ဆန်းမေ တားပေးလေ၊ သူ
အခု ဧည့်ခန်းထဲမှာ ရှိတယ်လေ၊ ဆန်းမေ သွားတားပေး
လေ ..."

သုသုက ဆန်းမေရဲ့လက်ကို ဆောင့်ဆွဲလှုပ်ခါရင်း
အော်ဟစ်ငိုယိုနေသည်။ လက်ချည်းဆွဲနေရတာ အားမရတော့
ဆန်းမေရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲခါနေသည်။ ဆန်းမေ
လေလျော့သွားသည့် လေထိုးရုပ်လို ပျော့ဖတ်လျက် သုသု လက်
ထဲမှာ အလိုက်သင့် ယိမ်းနွဲ့ကာ ပါပါသွားသည်။ သက်မဲ့ ခရု
တစ်ခုကို လှုပ်ယမ်းဆွဲခါသလို ဖြစ်နေသည်။ ဆန်းမေရဲ့ အော်
ငိုယိုသံ ကျယ်ကြီးက နားဝမှာ ထူပူအူနေသည်။ ဆုပ်ကိုင်ခံ





သော နေရာတွေကလည်း နာကျင်လာကာ မျက်ဝန်းထဲက မျက်
ရည်တွေ ပေါက်ခနဲ ခုန်ဆင်းကျအလာ ...

"သုသု ... သုသု ... ညီမလေး ဘာဖြစ်တာလဲ၊ ဘာဖြစ်
လို့လဲ ..."

"သုသု ... သမီး ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်တာလဲ ...
အန်တီတွေကို ပြောစမ်း"

ဆူဆူညံညံ အသံတွေနှင့်အတူ အိမ်ထဲကလူတွေ
ထွက်လာတော့မှ ဆန်းမေရဲ့ ခန္ဓာကိုယ်လေးက မတ်ခနဲဖြစ်သွား
ကာ မျက်ရည်တွေကို ကမန်းကတန်း သုတ်ပစ်လိုက်ရသည်။

ဝေဝါးနေသော မျက်လုံးတွေ ကြည်လင်လာချိန်မှာ
ဦးရဲ့နောက်က အမျိုးသမီးကို လှမ်းမြင်လိုက်ရသည်။

ဟင် ... ဒီအမျိုးသမီး ...။

ဆန်းမေများ အကြည့်မှားသလားလို့ ထိုအမျိုးသမီး
ကို အသေအချာကြည့်မိသည်။ မမှားပါ ...။

ထိုအမျိုးသမီးဟာ ...

အင်မတန် ဆွဲဆောင်မှုရှိစွာ လှပသော ထိုအမျိုး
သမီးဟာ မနေ့က သော်တာတို့ခြံရှေ့မှာ တွေ့ခဲ့ရသော မီးမီးမိုးဦး
ဆိုသော အမျိုးသမီး။ သော်တာတို့ခြံရှင် သူဌေးသမီးပင် ...။

မနေ့က ညနေ မှောင်ရီပိုးတဝါးမှာတောင် ထင်းနေ
အောင် လှနေခဲ့သော ထိုအမျိုးသမီးရဲ့ ခန္ဓာကိုယ် အချိုးအဆက်
နှင့် အရုပ်အမောင်းကို ခုမှ အပြည့်အစုံတွေ့မြင်ရလေသောအခါ
'အတိုင်းထက်အလွန်ပဲ'ဟုတောင် ဆိုချင်လာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်လယ်လောက်တောင် မရှိချင်တဲ့ ဘောင်းဘီ... ကလေးအောက်က စင်းကျ ထိုးထွက်နေတဲ့ ပေါင်တံနှစ်သွယ်... ဦး မပြောနဲ့၊ ဆန်းမေတောင် ရင်ခုန်ချင်သည်။ လည်ဟိုက်အ... ကလေးအောက်က ရုန်းထွက်တော့မတတ် ပြည့်လျှံဝင်းအိ... ရင်ညွန့်တွေရဲ့အလှက ရင်ခုန်ယစ်မူးဖွယ် ကောင်းလှသည်။ အ... ရောင်ပြောင်ပြောင် ဘောင်းဘီတိုနှင့် အတွင်းက ဘရာစီယာအ... ရောင်လေးကိုတောင် မြင်ရအောင် ပါးလွှာပျော့အိသော ဝါဖန့်... အင်္ကျီပွပွလွင့်လွင့်လေးရဲ့ အောက်နားစက ဘောင်းဘီပေါ်မှာ ... ရှည်ရှည်လေး လွင့်ဝဲနေသည်။ ခြေကျင်းဝတ်အထိ ကြိုးတွေ... သိုင်းထားသော လည်သာ မည်းပြောင်ပြောင် ဒေါက်မြင့် ... ကလေးဖြင့် ပေါင်တံဖြူဖြူလုံးလုံးရှည်ရှည်ကလေးရဲ့ အောက်... ကို အနားသတ်ထားသည်။ သမင်ရောင် လည်သာအပျော့... ကြိုးအရှည်အိတ်ကလေးကို လွယ်ကာ လမ်းလျှောက်လာပုံက... ဆွဲဆောင်မှုက လျှံထွက်နေပါသည်။ ခြေတစ်လှမ်းအလှမ်... ရှေ့က လေတိုးတိုက်လိုက်တိုင်း ပွလွင့်ဝေ့ဝဲသော အင်္ကျီက... ခန္ဓာကိုယ်နှင့် ကပ်ကပ်သွားသည်။ ထိုအခါမှာ လုံးဝန်းပြည့်... သော ရင်အလှက ထင်းခနဲ ထင်းခနဲ ...။ ပခုံးကိုမတ်၊ ... ချီထားသော ကိုယ်ဟန်က smart & sexy။ ရွှေညိုရောင် ... တွေက ပခုံးနှင့် ရင်ဘတ် တစ်ဝိုက်မှာ ခွေအိ လှုပ်ယိမ်း... ရင်ညွန့်ဝင်းဝင်းကို ထိကစားနေသေးသောအခါ ... so ... so ... မိန်းမတစ်ယောက်အဖြစ် ပြောစရာမရှိအောင် ရင်ခုန်ဖွယ် ... နေလေသည်။





"သုသု ... ဘာလို့ ဒီလောက်ငိုနေရတာလဲ၊ ဘာဖြစ်လို့လဲ၊ ဆန်းမေ ... သုသု ဘာဖြစ်သလဲ"

ဦးက သုသုကို မေးမရတာမို့ ဆန်းမေကို လှည့်ကြည့်ပြီး မေးလိုက်သည်။ ဆန်းမေ မဖြေချင်ပါ။

ဆန်းမေ တိတ်ဆိတ်နေတော့ ဦးက မျက်မှောင်ကုပ်သွားကာ ...

"ဆန်းမေ ... သုသု ဘာဖြစ်သလဲဆိုတာ ဆန်းမေ သိတယ် မဟုတ်လား"

"သုသုကိုပဲ မေးကြည့်ပါ ဦး ..."

ဆန်းမေ၏ အဖြေကြောင့် ဦးက စိတ်ရှုပ်ထွေးသွားပုံဖြင့် ဆန်းမေကို တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ သုသုဘက်သို့ ပြန်လှည့်ကာ ...

"ညီမလေး ... ပြောလေ ... ဘာဖြစ်လဲ၊ ဘာမကျေနပ်လဲ ကိုကို့ကို ပြော ..."

"အီး ... ဟီးဟီး ... အဲ့ဒီမိန်းမကြီးကို မုန်းတယ်၊ အဲ့ဒီ မိန်းမကြီးက ကိုကို့ကိုယူမှာဆို၊ အဲ့ဒီမိန်းမကြီးက ကိုကို့ ရည်းစားဆို ..."

သုသုက ဦး နောက်က ထိုအမျိုးသမီးကို ဆတ်ခနဲ လက်ညှိုးထိုးညွှန်ပြကာ အော်ပြောလိုက်ပါသည်။

"ဒါတွေ ... ညီမလေးကို ဘယ်သူပြောသလဲ"

"သူပဲပြောတာ၊ အဲ့မိန်းမကြီးပဲ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက အံ့သြသွားသလို မျက်နှာထားဖြင့် သူ့နော
က အမျိုးသမီးကို လှည့်ကြည့်လိုက်ရင်း ...

"မိ ... ဘယ်တုန်းက ပြောလိုက်တာလဲ"

"ခုန ... မိ ခြံထဲဝင်လာတော့ ညီမလေးက မိ့ကို ဘယ
လဲ၊ ဘယ်ဝါလဲ မေးပြီး ရန်လုပ်နေလို့ မိက အမှန်အတိ
ပြောပြမိတ်ဆက်လိုက်တာပါ မောင် ...၊ အမှန်အတိ
သိထားတော့ ပိုပြီး ချစ်ခင်ရင်းနှီးနိုင်မလားလို့ပါ"

"ကျွတ်၊ ညီမလေးကို ဒီလို ဗြုန်းစားကြီးပြောလို့ မ
လေ မိရယ် ...၊ ကိုယ် ဖြည်းဖြည်းချင်း ပြောပြမ
အိုခေ ... ထားလိုက်ပါတော့ ..."

သူက သူ့မိန်းကလေးကို အပြစ်တင်မနေတော
စကားလွှဲကာ သူ့ညီမလေးဆီကိုသာ အာရုံပြန်လည်စူးစိုက်
လိုက်ရင်း ...

"ညီမလေး ... တိတ်တော့နော် ... တိတ်တော့၊ လိမ္မာ
နော်၊ ကိုကို့ညီမလေးက လိမ္မာပါတယ်ကွာ၊ မငိုပါနဲ့
ညီမလေးရယ် ..."

သူ့ ညီမလေးကိုသာ ချော့မော့နေသော်လည်း
ကိုယ်တိုင်က ဝမ်းနည်းလာသလို မျက်ရည်သီဝေ့လျက် မျက
တွေ နီရဲလာလေသည်။ သူ့ညီမလေး၏ မျက်ရည်က
တုန်လှုပ်စေသည် ထင်ပါရဲ့။ သူ့အသံက အက်ကွဲတုန်ခါနေ

သူက သူ့ညီမလေး၏ ပါးပြင်ပေါ်က မျက်
တွေကို ယုယစွာ သုတ်ပေးလိုက်ပြီး တသိမ့်သိမ့်တုန်နေ





ညီမလေးရဲ့ ခန္ဓာကိုယ် ဝဝကြီးကို ကြင်နာစွာ ဖက်ထားလိုက်
သည်။

သူသည် တစ်လောကလုံးမှာ သူတို့မောင်နှမပဲ ရှိ
တော့သလို သူ့အနားက တခြားလူတွေကို မေ့လျော့နေ၏။
ညီမလေးအပေါ် သနားသော၊ ချစ်သော၊ တန်ဖိုးထားသော
ချက်များ နှင့်နဲ့လှတာကို ဘေးလူတွေပင် ခံစား ကရုဏာ
လာရ၏။

ဆန်းမေက သူတို့ မောင်နှမ နှစ်ယောက်ကို ငေးကာ
ည်ဝဲရင်း ဘေးသို့ မျက်လုံးလေး ရွှေ့ကြည့်မိလေသောအခါ
အမျိုးသမီးရဲ့ မလိုတမာဖြစ်သော မျက်ဝန်းများကို မြင်ရလေ
၊ ဆန်းမေက သူမကို ခပ်ကြာကြာ ကြည့်မနေချင်တာမို့
ကြည့်ပြန်လွှဲလိုက်သည်။

သုသုသည် ငိုယိုသောင်းကျန်းနေရာမှ သူ့အစ်ကိုရဲ့
ထဲမှာ တဖြည်းဖြည်း ငြိမ်ကျသွားပြီးမှ မျက်တောင်လေး
ခတ် ပုတ်ခတ် လုပ်လိုက်ရင်း ...

"ကိုကို ..."

"ပြောလေ ... ညီမလေး"

"ကိုကို အဲ့ မိန်းမကို မယူနဲ့၊ ဆန်းမေကိုပဲ ယူ ..."

ဟင် ...။

သုသုရဲ့ မထင်မှတ်သော စကားကြောင့် ဦးကတော့
သို့ရှိသည်မသိ ... ဆန်းမေမှာတော့ ရှက်သွေးစိမ့်ဖြာထူပူလာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကတော့ ဘာမှ အထွေအထူး ခံစားရပုံ မပေါ်ပါ။

"ဒီလို မပြောရဘူး ညီမလေးရဲ့၊ ဆန်းမေ စိတ်ဆိုးလိမ့်မယ်၊ ဆန်းမေ စိတ်ဆိုးရင် သုသုဆီ မလာဘဲ နေမှာပေါ့"

ဦးအသံက တည်ငြိမ်လှပါသည်။ ဟိုအမျိုးသမီး တော့ မျက်မှောင်တွန့်ချင်ချင် ...။

"ကိုကိုနဲ့ ဆန်းမေ ညားသွားရင် ဆန်းမေက သုသုတို့ လာနေမှာပဲဟာ ...၊ သု မလာမှာ ပူစရာမလိုတော့ဘူး ကိုကိုရဲ့ ..."

"ဒီလိုမပြောကောင်းဘူး ညီမလေးရဲ့၊ ဆောရီး ဆန်းမေ"

သူက ဆန်းမေဘက်ကို တစ်ချက်လှည့်ကြည့် တောင်းပန်လိုက်ပြီး အန်တီထွေးကို လှမ်းကြည့်ကာ ...

"အန်တီထွေးရေ... သုသုကို အိမ်ထဲခေါ်သွားတော့၊ ရေကန်နားမှာ ထိုင်နေတာကြာပြီထင်တယ်၊ အသားတွေလည်း အေးစက်နေတာပဲ၊ အင်္ကျီထူထူလေး လဲဝတ်ပေးလိုက်၊ ညီမလေး အန်တီထွေးနဲ့ လိုက်သွားနော်၊ ကိုကို ခုပဲလိုက်လာခဲ့မယ်နော် ..."

"အဲ့ မိန်းမကြီးနဲ့ စကားပြောမနေနဲ့ဦးနော်၊ မြန်မြန်လာနော် ..."

"ကဲ ... သမီး သုသု လာပါကွယ်၊ အိမ်ထဲသွားရအောင်နော်"

သုသုက အန်တီထွေး ဆွဲခေါ်ရာနောက်သို့ ပါသွား





နောက်သို့ သမင်လည်ပြန်ကြည့်ကာ ဟိုအမျိုးသမီးကို လျှာ ပြောင်ပြသွားသေးသည်။

"မောင် ... သူက ဘယ်သူလဲဟင်"

သူမက ဆန်းမေဘက်ကို မေးတစ်ချက် ဆတ်၍ လိုက်သည်။

"ဟိုဘက်ခြံကလေ ... သုသုရဲ့ ကစားဖော်လေးပါ"

"ဩော် ... သုသုက သူ့ကို တော်တော်ခင်ပုံပဲ၊ ယောက်မတောင် တော်ချင်နေတာတဲ့နော် ... ဟားဟား၊ ကဲ ... မောင် မီလည်း သွားတော့မယ်၊ ဆီးယူနော် ..."

"အိုခေ ... ဆီးယူ မီ၊ ကိုယ် ဖုန်းဆက်လိုက်မယ်"

သူမပုံစံက ပေါ့ပေါ့ပါးပါး ...။ ဆန်းမေကို လည်းမလုပ်၊ နှုတ်လည်းမဆက်ဘဲ ခပ်လွှင့်လွှင့် ဒီဇိုင်းဖြင့် ား သော ကားဆီ လျှောက်သွားပြီး ကားပေါ်တက်ကာ ထွက် သွားရင်း ဦးကို လက်ပြသွားသေးသည်။

သူမ ပြန်သွားတော့မှ ဦးက ဆန်းမေနှင့် မျက်နှာဆိုင် ရပ်လိုက်ရင်း ...

"ဆန်းမေ ..."

"ဟုတ်ကဲ့ ... ပြောပါ ဦး"

ဆန်းမေက ကိုယ့်အသံကို အတတ်နိုင်ဆုံး တည်ငြိမ် ထိန်းကာ ပြောလိုက်သည်။

"ထိုင်ပါဦး ဆန်းမေ၊ ဆန်းမေကို ကိုယ် ပြောစရာရှိတယ်၊ လာ ... ဒီမှာထိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက သုညွှန်ပြသော ခုံမှာ ဝင်ထိုင်လိုက်သည်။ ဆန်းမေ ထိုင်သော ခုံမှာ ကျောမှီခြေဆင်းထိုင်ရသော ဒရင်းဘက်ပုံစံမျိုး သစ်သားခုံပင်။ ထိုခုံရဲ့ ပြေလျော့သော ပြင်ဦး နေရာလေးမှာ ဆန်းမေက ခပ်မတ်မတ်လေး ထိုင်နေသည်။ သူ လည်း ဘေးချင်းယှဉ်လျက် ခုံမှာ ဆန်းမေနှင့် မျက်နှာချင်းဆိုင် ဖြစ်အောင် ထိုင်လိုက်ရင်း ...

"ဆန်းမေကို ကိုယ် အကူအညီတောင်းစရာ ရှိလို့ပါ၊ သု အတွက်ပါ"

"ဟုတ်ကဲ့ ... ပြောပါ ဦး"

"ခုန တစ်ယောက်ကလေ မီမီမိုးဦးတဲ့၊ ကိုယ့် girl frie... ပါ"

"သြော် ..."

"ကိုယ် နိုင်ငံခြားမှာ နေကတည်းက တွဲခဲ့ကြတာ ... အလုပ်လည်း အတူတူလုပ်ခဲ့ကြတယ်၊ လက်ထပ်ဖို့ စဉ်း... တာကတော့ ကိုယ် ဒီကိုပြန်မလာခင်ကလေးကပဲ ဆို... တော့၊ သူကလည်း ဒီကိုပဲ ပြန်လာဖို့ အစီအစဉ်ရှိ... ဒီမှာပဲ လက်ထပ်ကြမယ်လို့ တိုင်ပင်ထားကြတယ်၊ ခု... သုတို့အိမ်က ကိုယ်တို့အိမ်နဲ့ သိပ်မဝေးဘူးလေ၊ သူ ... ရောက်တော့ ဒီကိုလာလည်ရင်း သုသုနဲ့ တွေ့သွား... ကိုယ့်သဘောကတော့ သုသု နားဝင်အောင် ဖြည်းဖြည်း... ချော့မော့ပြောမလို့ပဲ၊ သုသု လက်ခံဖို့ ခက်ခဲမယ်ဆို... ကိုယ်လည်း သိပါတယ်၊ ခု မီက ဖြန်းစားကြီးပြောလို...





တော့ ညီမလေးခမျာ shock ရသလိုဖြစ်သွားတာပေါ့၊ ညီမ လေး နားဝင်အောင် ဆန်းမေကပဲ ချော့မော့ပြောပြီး သုသု ကို ထိန်းပေးပါဦးနော်၊ ကိုယ် အကူအညီတောင်းတာပါ၊ ညီမလေးက ဆန်းမေပြောရင် နားထောင်တတ်လို့ပါ"

ဆန်းမေက ရုတ်တရက် သတိလေးလွတ်ထွက်ကာ ...ကို လွမ်းလွမ်းမောမော ငေးကြည့်မိပြီးမှ ...

"ကောင်းပါပြီ ဦး၊ ဆန်းမေ ကူညီပါ့မယ် ..."

"ကျေးဇူး ..."

"ခုတော့ ဆန်းမေ ပြန်လိုက်ဦးမယ်၊ အမေနဲ့ သွားစရာလေး ရှိလို့ပါ"

"အိုခေ ..."

သူ ခေါင်းတစ်ချက်အဆတ်မှာ ဆန်းမေက ညင်သာ... လှည့်ထွက်လာခဲ့သည်။ မျက်ရည်တွေက တားမနိုင်ဆီးမရ ...လာတာမို့ အိမ်ကိုလည်း မပြန်ရဲချေ ...။

ဆန်းမေသည် ခြံစည်းရိုးထောင့် ပန်းချုံအကွယ်လေး ...ခဏထိုင်ကာ မျက်ရည်စဲအောင် စောင့်ပြီးမှ သော်တာတို့ခြံ ...ထွက်လာခဲ့လေသည်။ အိမ်ကိုပြန်ပြီး စက်ဘီးယူရင်လည်း ...ဆန်းမေရဲ့ အငိုမျက်နှာကို အမေရိပ်မိမှာမို့ လမ်းလျှောက်ကာသာ ...ခဲ့ရ၏။ ဆန်းမေသည် နေပူကျဲကျဲမှာ ခပ်သွက်သွက်လျှောက် ... ချွေး ပြိုက်ပြိုက်ကျလာသည်။ ရင်ဘတ်ထဲမှာ စူးအောင့်နေ... ခံစားရသည်။ အော်ဟစ်ငိုချင်သည်။ ခန္ဓာကိုယ်တစ်ခုလုံး ...အင်ကုန်ခန်း ဆုတ်နစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ … အချစ်လားဟင် …။

အချစ်ကြောင့် ဒီလိုခံစားရတာလားဟင် …။ ဦးကို ဆန်းမေ ဘယ်တုန်းကတည်းကချစ်နေပါလိမ့် ဦးရယ် …။ နှလုံးသား အညွန့်အဖူးလေးထဲမှာ ဘယ်တုန်းကများ အချစ်ဆိုတဲ့ ခံစားချက်တစ်ခု ပေါက်ဖွားတည်ရှိနေခဲ့တာပါလိမ့် …။

ဆန်းမေ သော်တာတို့အိမ်ရှေ့ရောက်တော့ ခြံထဲက သော်တာ ထွက်လာတာ မြင်ရသည်။

သော်တာက ဆန်းမေကို အပြေးလေးဆီးကြိုကာ

"ဆန်းမေ … ဘာဖြစ်လာတာလဲဟင်၊ အဝေးကြီးကို လမ်း လျှောက်လာတယ်၊ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲလို့"

သော်တာက ဆန်းမေလက်ကို လှမ်းဆွဲရင်း ပြော လိုက်သည်။ ဆန်းမေ အကြည့်တွေက အိမ်ကြီးဆီသို့ ရောက်သွား ကာ မမီ မျက်နှာကို ပြေးမြင်ယောင်ရင်း ဆတ်ခနဲ တုန်သွား သည်။

"ဆန်းမေ လာလေ၊ အုတ်ခုံပေါ်မှာ ထိုင်ရအောင်"

"ဟှင့်အင်း … မထိုင်ချင်ဘူး၊ တခြားမှာ သွားစကားပြော ရအောင်"

"ကဲ … ကဲ … သဘော၊ လာ … လမ်းထိပ်က ပန်းခြံထဲ ထဲ သွားထိုင်ပြောတာပေါ့၊ ကြည့်စမ်း … လက်တွေလည်း အေးစက်နေတာပဲ …"

ဆန်းမေက သော်တာ ဆွဲခေါ်ရာသို့ အလိုက်သင့် ပါသွားသည်။ ပန်းခြံထဲက သစ်သားခုံရှည်လေးမှာ အတူယှဉ်





ထိုင်မိကြတော့ ဆန်းမေက သော်တာ့လက်တွေကို ဆုပ်ညှစ်လိုက် ရင်း …

"သော်တာ … ဦးမှာလေ ဦးမှာ ရည်းစားရှိတယ် သိလား၊ ဦးရည်းစားက နင်တို့ အိမ်ရှင် မမီ …"

"ဟယ် … ဟုတ်လား"

သော်တာက ရုတ်တရက် အံ့သြသွားပြီးမှ ဆန်းမေ ကို ခေးကြည့်ရင်း …

"နင် အဲ့ဒီကိစ္စကိုသိလို့ ငါ့ဆီလာတာလား …"

"အင်း …"

"နင် ဘယ်လိုခံစားရလို့လဲ …"

"အရမ်းပဲ နာကျင်ရတယ်"

"… … …"

"ဟောဒီနှာလေးက စူးနေတယ်"

ဆန်းမေ ဘယ်ဘက်ရင်ဘတ်ကလေးကို လက်ညှိုး ဖြင့် ထောက်ပြရင်း မျက်ရည်တစ်စက် စီးကျလာပါသည်။

"နင် ဦးကျော်ဝီရကို ချစ်နေပြီထင်တယ်"

"ဟုတ်တယ် …၊ ငါချစ်နေတယ် သော်တာ၊ အရင်တုန်းက တော့ သဘောကျရုံပဲ ထင်မိတာ၊ ခုမှ ချစ်မှန်းသိတာ၊ အချစ်ဆိုတာ အဲ့လိုကြီးလား …၊ အဲ့လိုကြီး ခံစားရတာ အချစ်တဲ့လား သော်တာရယ် …"

ဆန်းမေက တီးတိုးရှိုက်ငင်ပြောမိတော့ သော်တာက ဆန်းမေရဲ့ ပခုံးကလေးကို ဆုပ်ညှစ်အားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က …

ဆန်းမေက အားပြတ်လှသော လေသံအနွမ်းကလေး ဖြင့် တီးတိုးညည်းညူခဲ့မိပါသည်။

"အချစ်ကို သိတဲ့အချိန်မှာပဲ အချစ်ကို ဆုံးရှုံးခဲ့ရတယ် သော်တာရယ် …"

■ ■ ■



* * *

"ဆန်းမေ ဒီမှာကြည့် … ဒီချိုင်းနားက တစ်ချက်ပွတယ်၊ ဒီနားလေး ပြန်စားပေးရမယ်၊ ပခုံးနည်းနည်း ကျနေတာလေးလည်း စားရမယ်၊ လက်မောင်းအိုးလေး ပွနေတာကို ဖစ်တင်ပြန်လုပ်ပေးလိုက် … ဟုတ်ပြီလား"

"ဟုတ် … မမ"

မမကေသီက customer တစ်ယောက်ရဲ့ ခန္ဓာ ကိုယ်ပေါ်က အင်္ကျီလေးကို ဖစ်တင်ချပေးနေတာမို့ ပွနေသည့် နေရာလေးတွေကို ပင်အပ်နှင့် လိုက်တွယ်ရင်း ဆန်းမေ ပြန်ပြင် ပေးရမည့် နေရာတွေကို ပြသနေပါသည်။

ဆန်းမေက မမကေသီ ပြောသမျှကို သေချာနား ထောင် မှတ်သားနေလိုက်သည်။

အလုပ်လုပ်ခြင်းက လူကိုရော စိတ်ကိုပါ ရင့်ကျက် လာသလားတော့မသိ၊ ဒီအလုပ်ဝင်လုပ်ပြီးကတည်းက ဆန်းမေရဲ့ ဆုံးသားက နာကျင်ဒဏ်ရာတွေလည်း တဖြည်းဖြည်း သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ကာ ကလေးအထာလေးတွေလည်း ပျောက်လာပါသည်။ ကိုး
ဆရာသမား အကြီးအကဲ မမကေသီနှင့် စကားပြောတဲ့အခါ
customer တွေနဲ့ စကားပြောတဲ့အခါ ကလေးဆန်ဆန် ပြောဆို
လို့ မရတာမို့ လူက တည်ငြိမ်သည့် အပျိုပီပီ မိန်းမသားအသွ
သို့ တဖြည်းဖြည်း ပြောင်းလဲလာရပါသည်။

မမကေသီရဲ့ ပြုပြင်မှုတွေလည်း ပါပါသည်။ မမ
ကေသီကလည်း ဆန်းမေကို အပျိုပီပီလေး ဝတ်စားနေထိုင်တ
အောင် အမြဲ ဆုံးမပါသည်။

"ဒီလိုအလုပ်မျိုးလုပ်တဲ့ သူဆိုတာ ကိုယ့်ဆီ အင်္ကျီလာအ
တဲ့သူတွေကို ကိုယ်တိုင်းယူရ၊ ဖစ်တင်ချရဆိုတော့ cus-
tomer နဲ့ နီးနီးကပ်ကပ် ဆက်ဆံရတယ်လေ၊ အဲ့ဒါကြော
ကိုယ့်ကိုယ်ကိုယ် လှလှပပ ပြင်ပြင်ဆင်ဆင်လေး နေတ
ဖို့လိုတယ်၊ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံတ
လည်း လိုတယ်"

တံငါနားနီး တံငါ ဆိုသလို ပတ်ဝန်းကျင်မှာလည်း
သပ်ရပ်စမတ်ကျသည့်သူတွေကို တွေ့ပါမြင်ပါများလာတော့ အ
လိုလေး ဝတ်စားနေထိုင်ရမယ်ဆိုတာ ဆန်းမေ သိလာခဲ့ရပါသည်။

အထက်တန်းကျောင်းသူဘဝက ပုံပန်းသိပ်မကျ
ကော့ပျံနေတတ်တဲ့ ဆန်းမေရဲ့ ဆံပင်လေးတွေဟာ ခုဆို လည်
နားမှာ ပုံကျကျလေး ထူထူကုပ်ကုပ် ဖြစ်နေသည်။ နဖူးအထ
တစ်ဝက်လောက်မှာ တိုတိတိဖြစ်နေသော ရှေ့ဆံပင်လေး
ရှည်လာချိန်မှာ မမကေသီရဲ့ မိတ်ဆွေ ပိုင်သည့် ဗျူတီဆ





မှာ သွားညှပ်ထားခဲ့တာမို့ ဆံပင်ပုံစံလေးက သိသာစွာ ခေတ်မီ
သပ်ရပ်လာခဲ့တာပင်။ ဘေးခွဲ ရှေ့ဆံပင်လေးတစ်ချို့ မျက်နှာတစ်
ခြမ်းပေါ် ဖွေဖွေရှည်ရှည်လေး အုပ်ကျနေသောပုံနှင့် ဆန်းမေရဲ့
မျက်နှာဖူးဖူးဥဥလေးက အလွန်ပဲ လိုက်ဖက်သည်ဟု ဆိုကြ၏။
တစ်ဖက်ခြမ်းက နည်းနည်းတိုသည့် ဆံပင်လေးကို နားရွက်ကြား
ထဲ ဆွဲညှပ်ထားတဲ့အခါ နားသယ်စပ် နုနုထွေးထွေးက အမွေးရေး
ရေးကလေး ပေါ်နေတာကလေးကလည်း ကြည့်လို့ကောင်းသည်ဟု
ဆိုတာက ချီးမွမ်းမြှောက်ပင့်တတ်ပါသည်။

ဟိုအရင် ဆံပင်ကော့ကော့လေးတွေက ဆန်းမေကို
ကလေးရုပ်ကလေး ထွက်နေစေပေမယ့် ခုဒီဆံပင်ကတော့ အပျိုရုပ်
ကလေး ထွက်လာစေသည်။

ကိုယ်တိုင်လည်း အင်္ကျီချုပ်တတ်ပြီမို့ ထဘီစကဒ်
အညှည်လေးနှင့် မိန်းမဆန်ဆန် အင်္ကျီလေးတွေ ချုပ်ဝတ်ထားတဲ့
အခါ ဆန်းမေရဲ့ ခန္ဓာကိုယ် ဖွံ့ထွားမှုလေးက ထင်းထင်းပေါ်လာ
တတ်တာမို့ မမကေသီကပင် သဘောကျကာ ...

"ဆန်းမေက ဝတ်တတ် စားတတ် ဖြစ်လာတော့လည်း
တကယ်လှတာပဲ၊ ဘော်ဒီကလည်း အရမ်းမိုက်တာကိုး"

"မမကေသီကလည်း ..."

မမကေသီက ချီးကျူးလျှင်တော့ ဆန်းမေက ရှက်
နေတတ်သည်။

"အကောင်းပြောတာ ဆန်းမေရဲ့၊ မမ အင်္ကျီချုပ်ပေးနေရတဲ့
တချို့ မော်ဒယ်တွေဆို ဆန်းမေလောက်တောင် လှတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလေ ...၊ နောက်ဆို ဖက်ရှင်ရှိုးတွေမှာ မမ
တဲ့ ဝတ်စုံဒီဇိုင်းတွေအတွက် ဆန်းမေကိုပဲ မော်ဒယ်လုပ်
ရတော့မယ် ထင်တယ်"

မမကေသီလိုပဲ အမေကရောသော်တာကပါ ဆန်း
ပိုလှလာသည်ဟု ပြောကြသည်။ အပျိုပီပီ ရုပ်ကလေးထွက်လာ
ဟု ဆိုကြသည်။

သော်တာက မမကေသီဆီမှာ အလုပ် ဝင်ရပေ
ဆန်းမေနှင့် အလုပ်ချင်းတော့ မတူပါ။ သော်တာက အကျီ
လုပ်သည့်ဘက်မှာ အာရုံစူးစိုက်မှု သိပ်မရှိလှဘဲ စကားပြော
ဘက်မှာ ချက်ချာအားသာတာမို့ မမကေသီရဲ့ ဒီဇိုင်နာချုပ် အ
တွေတင်ရောင်းသည့် တော်ဝင်စင်တာက အရောင်းဆိုင်မှာအရော
တာဝန်ခံအလုပ် လုပ်ရသည်။ အလုပ်နေရာချင်းဝေးတာမို့ နေ့
မတွေ့ဖြစ်ပေမယ့် သောကြာနေ့ ညနေတွေမှာ သော်တာ ရှိ
တော်ဝင်စင်တာကို သွားကာ မုန့်အတူစားရင်း စကားပြော
ကြမြဲပင် ...။

"ဆန်းမေ ... ရော့ ... ဒါလေး အရင်လုပ်လိုက်နော်"

"ဟုတ်ကဲ့ မမ ..."

မမကေသီက ဆန်းမေ ဖစ်တင်ပြန်ကိုက်ပေး
ဝတ်စုံတွေကို လှမ်းပေးရင်း ...

"ပြီးရင် ... မီးပူလေးပါ တိုက်ထားလိုက်ဦး၊ အာ ...
ဆန်းမေ မီးပူကြောက်တတ်တာကို မေ့မေ့သွားတယ်
ထိုးဖို့ ဇင်မာ့ကို ပေးလိုက်နော်"





ဆန်းမေက ဓာတ်လိုက်ခံရပြီးကတည်းက မီးပူမီးဖို
ကောပ်ရဲကြောင်း အမေက မမကေသီကို သေချာပြောပြထား
မီးပူတိုက်သည့်အလုပ်ကို ဆန်းမေ မလုပ်ရပါ။

"မမဆန်းမေက မီးပူ ဘာလို့ကြောက်တာလဲဟင်"

ဇင်မာ့က လှမ်းမေးပါသည်။

"ဆန်းမေ ငယ်ငယ်တုန်းက ဓာတ်လိုက်ခံထားရလို့လေ၊
အဲ့ဒီကတည်းက မီးပူတို့၊ မီးဖိုတို့ဆို မကိုင်ရဲတော့ဘူး ..."

"ဒရိုင်ယာရော ကိုင်ရဲလား ..."

"ဒရိုင်ယာတော့ ရတယ်၊ လျှပ်စစ်ပစ္စည်းဆိုပေမယ့် လေပူ
ပဲထွက်တဲ့ ပစ္စည်းမို့လို့ ဆန်းမေ မကြောက်တာထင်ပါရဲ့
ဇင်မာရယ် ..."

ဆန်းမေက ဇင်မာ့ကို ပြန်ဖြေရင်း လုပ်စရာရှိတာ
တွေ ဆက်တိုက် လုပ်နေသည်။

"ဒါတွေပြီးရင် ဆန်းမေ ပြန်လိုက်တော့နော်၊ ပြန်ရင်းနဲ့
တော်ဝင်စင်တာဆိုင်ကို ဝင်ပြီး ဒီကချုပ်ပြီးသား အထည်
အသစ်တွေ ယူသွားပေးလိုက်၊ သော်တာ့ကို ကူပြီး စာရင်း
လည်း စစ်ပေးလိုက်ဦး၊ ဆန်းမေ သူငယ်ချင်းက သိပ်မစေ့
စပ်တော့ တစ်ခါတစ်ခါ စာရင်းမကိုက်တာမျိုး ဖြစ်တတ်
လို့"

"ဟုတ်ကဲ့ပါ မမ ..."

"အထည်တွေ စစ်ပြီး သေသေချာချာ ထည့်ယူသွား၊
တော်ဝင်စင်တာအထိ မမကားနဲ့ လိုက်ပို့ခိုင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ...

ဆန်းမေက မမ ခိုင်းတာ အရင်လုပ်ပြီးမှ အထည် တွေစစ်ပြီး သေချာထည့်လိုက်ပါသည်။ သော်တာနဲ့ တွေ့ရမှာ ဆန်းမေက ပိုတက်ကြွနေသည်။ သော်တာနဲ့တွေ့လို့ စကားတွေ ပြောရရင် ဆန်းမေရဲ့ ခပ်ဆွေးဆွေးစိတ်တွေ နည်းနည်းသက်သာ ရာရတာမို့ပင်။

မမကေသွယ်ဆီမှာ ဆန်းမေ အလုပ်ဝင်ပြီး မကြာ ခင်မှာပဲ အမေက မျက်လုံးရေတိမ်ဖြစ်ပြီး ခွဲလိုက်ရတာမို့ ကေသွယ်ဆီမှာ အလုပ်ဆက်မလုပ်ဖြစ်တော့။ အိမ်မှာပဲ နား နေနေ နေကာ သစ်ခွပန်း ရောင်းတာပဲ လုပ်တော့သည်။ ဆန်း အလုပ်ဝင်ပြီးတာ တစ်နှစ်တောင်ကျော်ခဲ့ပြီ။ ဝင်ငွေလေးလည်း မဆိုးတာမို့ အမေ နားနားနေနေ နေခွင့်ရခဲ့ပါသည်။

"မမရေ ... ဆန်းမေ သွားတော့မယ်နော်"

"ဟုတ်ပြီ ... ဆန်းမေ၊ မနက်ကျတော့ နည်းနည်း စော လာခဲ့နော်၊ မနက်ဖြန် မင်းသမီး အပ်ထည်တွေ မနက် စော လာယူမှာမို့လို့ ..."

"ဟုတ်ကဲ့ပါ မမ ..."

ဆန်းမေက အင်္ကျီတွေထည့်ထားသည့် ကြွပ်ကြွပ် အိတ်ကြီး နှစ်ထုပ်ကို ဘယ်ညာဆွဲကာ ဆိုင်မှထွက်လာပြီး ဆိုင် ရှေ့မှာ အသင့်စောင့်နေသည့် ကားပေါ်သို့ တင်လိုက်ပါသည်။

"ဦးလေး ... တော်ဝင်စင်တာကိုနော်"

■ ■ ■



* * *

"ဆန်းမေ ..."

"အင်ဟင် ..."

"နင် အခု အေးဆေးဖြစ်သွားပြီပေါ့နော်"

"ဘာကိုလဲ ... သော်တာ"

"ဦးကျော်ဇီရနဲ့ ပတ်သက်ပြီး မခံစားရတော့ဘူးလားလို့ မေးတာ၊ နင့်ကြည့်ရတာ လန်းလန်းဆန်းဆန်း ကြည်ကြည် လင်လင်ပဲလေ၊ ပိုတောင် လှလာသေးတယ်၊ မျက်လုံးလေး တွေ ဆွေးဆွေးရီရီ ဖြစ်နေတာကလွဲလို့ပေါ့ ..."

သော်တာ့ မေးခွန်းကြောင့် ဆန်းမေက ရှမ်းခေါက်ဆွဲ ...နှင့်မွှေနေရင်းက ပြုံးလိုက်မိပါသည်။ ဆန်းမေ နှုတ်ခမ်းတွေ ...လိုပြုံးပြုံး မျက်လုံးတွေ လိုက်မပြုံးတာကိုတော့ လူတိုင်း ...ဘူးမိကြမည် မထင်ပါ။ ဒါဟာ အသည်းကွဲသူ တစ်ယောက် ...ပြုံး။ ဆန်းမေ ဒီလိုပဲ ပြုံးတတ်တော့တာ ကြာခဲ့ပြီလေ ...။

"ငါ အခု မခံစားရတော့တာ မဟုတ်ဘူး၊ လှလှလေးနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟန်မပျက် ခံစားတတ်သွားတာ၊ လုပစ္စာခံစားခြင်း အတတ်
ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားတယ်ဆို
တော့ဟာ ...”

“ဒိုင်ယာလော့ကတော့ လန်းနေတာပဲ ...”

“ဘာက မလန်းလို့လို့လဲ ...”

“မျက်လုံးတွေလေ ...”

“မျက်လုံးဆိုတာ စိတ်ရဲ့တံခါးဆိုတော့ ဖုံးကွယ်လို့မရနိုင်
ဘူးပေါ့လေ ...”

သော်တာက စိတ်မကောင်းသလို ခဏလေးငြိမ်သွား
ပြီး နန်းကြီးသုပ်ကို စားနေလိုက်သည်။ အထည်စစ်သည့်ကိစ္စ…
စာရင်းဇယားကိစ္စတွေ ပြီးပြီမို့ တော်ဝင်စင်တာထဲက မောနင်…
စတားကနေ မုန့်သွားဝယ်လာပြီး ဆိုင်ထဲမှာပဲ နှစ်ယောက်အတူ…
စားရင်း စကားပြောဖြစ်နေကြတာပင် ...။

နန်းကြီးသုပ်စားလို့ ကုန်တော့မှ သော်တာက စကား
ဆက်လာသည်။

“မေ့ပစ်လိုက်စမ်းပါ ဆန်းမေရာ၊ ဘာလို့ ခံစားနေမလဲ ...
နင့်ဘက်ကသာ ကလေးသာသာ အရွယ်လေးကတည်း…
ဒီလူကြီးကို ကြွေလာတာ၊ သူကဖြင့် နင့်ကို စိတ်ကူး…
တောင် ထည့်တာမဟုတ်ဘူး၊ အပျိုလေးလို့တောင် မြင်…
မဟုတ်ဘူး”

“မေ့သင့်လို့သာ မေ့ပစ်နိုင်ကြေးဆိုရင် ဒီကမ္ဘာကြီး…
အသည်းကွဲတယ်ဆိုတဲ့ စကားလုံးတောင် ပေါ်ပေါက်လာ…





မဟုတ်ဘူးလေ၊ ခံစားချက် တော်တော်များများလည်း ဖြစ်
တည်နေမှာ မဟုတ်တော့ဘူး၊ အချစ်ကြောင်းဖွဲ့တဲ့ ဝတ္ထုတွေ
ရုပ်ရှင်တွေလည်း ပေါ့ရှုတ်ရှုတ်ဖြစ်သွားမယ်၊ မေ့ချင်တာက
တစ်ပိုင်း၊ မမေ့နိုင်တာက တစ်ပိုင်းပဲ သော်တာ၊ ကွန်ပျူတာ
ထဲမှာ မှတ်ထားတဲ့ ဒေတာတွေကိုသာ delete တစ်ချက်
နှိပ်ပြီး ဖျက်လို့ရတာ၊ လူ့ဦးနှောက်ထဲမှာ မှတ်ထားတာတွေ
ကို delete လုပ်စရာ ခလုတ်မရှိဘူး”

“အမလေးဟယ် ... နင့်ဒိုင်တွေကို ငါဖြင့် လိုက်လို့တောင်
မမီတော့ဘူး ...၊ ဒါနဲ့ နင် သူနဲ့ တွေ့ရောတွေ့ဖြစ်လား”

“ခုနောက်ပိုင်းတော့ သိပ်မဆုံဖြစ်တော့ဘူး သော်တာ၊ ငါက
လည်း ငါ့အလုပ်နဲ့ငါ၊ သူကလည်း နိုင်ငံခြား ခဏခဏ
သွားတယ်၊ သူအားတဲ့အချိန်ဆို မမီနဲ့ တွေ့တွေ့နေတယ်
ထင်တယ်၊ ငါလည်း သူနဲ့မဆုံဖြစ်အောင် သတိထားပြီး
ရှောင်တယ်”

“သုသုဆီကော မသွားဘူးလား”

“သွားပါတယ်၊ ငါ သွားတဲ့အချိန်တွေဆို ဦး မရှိတာများ
တယ်”

“သုသုကို နားချပေးဖို့ နင့်ကို အကူအညီတောင်းထားတယ်
မဟုတ်လား”

“ငါ နားချပေးပါတယ်၊ ဒါပေမယ့် သုသုက ငါ အဲ့ဒီ
အကြောင်း စလိုက်တာနဲ့ ငိုတော့တာပဲ၊ ရှိုက်ရှိုက်ငိုရင် တော်
သေးတယ်၊ ကိုကိုနဲ့ ဆန်းမေ လင်မယားလုပ်ဆိုပြီး အသံ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးနဲ့ အော်အော်ငိုတော့ ငါလည်း မပြောရဲတော့
ပေါ့ ...”

“သုသုလည်း သနားပါတယ်နော် ...၊ နှင်နဲ့ ဦးကျော်
ညားရင် သုသု အရမ်းပျော်ရှာမှာ ...”

“သုသု ဖြစ်စေချင်သလို ဘယ်တော့မှ ဖြစ်လာမှာ မဟု
ပါဘူး ...”

“ကံတရားဆိုတာ ဘယ်ပြောနိုင်မလဲ၊ ဖူးစာဆိုတာ မ
များတယ်လေ ...”

ဆန်းမေက ပြုံးရုံးကလေး ပြုံးလိုက်မိသည်။

“နှင့်အပြုံးကလည်း အသက်မပါလိုက်တာ ...”

“ငါ ဒီလိုပဲ ပြုံးတတ်တော့လို့ပါဟာ ...”

“သူ့မှာ ရည်းစားရှိတယ်ဆိုပေမယ့် သူ လက်မထပ်
သရွေ့တော့ နှင် မျှော်လင့်လို့ရတာပဲ ...”

“ကမ္ဘာပေါ်မှာ အပင်ပန်းရဆုံးအလုပ်က မဖြစ်နိုင်တာ
ခုခုကို မျှော်လင့်မိခြင်းပဲ သော်တာ၊ ငါ သူ့ကိုချစ်ပဲချစ်
မမျှော်လင့်ဘူး၊ သူက ငါ့ဘဝရဲ့ မိုးကုတ်စက်ဝိုင်းပဲ၊ သူ
ငါ မြင်နေရပေမယ့် သူ့ဆီ ဘယ်တော့မှ မရောက်နိုင်ဘူ

စကားဆုံးတော့ ဆန်းမေ တိတ်ဆိတ်သွား
သော်တာလည်း တိတ်ဆိတ်သွားခဲ့ပါသည်။

■ ■ ■



* * *

ဆန်းမေသည် ရွှေတောင်ကြားထဲက ကုန်းတက်
လမ်းသွယ်လေးအတိုင်း သွက်သွက် လျှောက်လာနေပါသည်။
ဆန်းမေ အလုပ်ဝင်သည့်အချိန်ကစလို့ ဆန်းမေရဲ့ စက်ဘီးလေးကို
ပြုံးဖြစ်ခဲ့တော့တာပင်။ ဘတ်စ်ကားဂိတ်နားမှာ အပ်ခဲ့စရာနေရာ
လည်း အဆင်ပြေပြေ မရှိတာကြောင့် ဖြစ်ပါသည်။ အလုပ်နားရက်
တွေမှာ ဟိုနားဒီနား သွားရင်သာ စက်ဘီး စီးဖြစ်ပေမယ့် အလုပ်
သွား အလုပ်ပြန်အချိန်မှာတော့ ဘတ်စ်ကားဂိတ်ရှိရာ လမ်းထိပ်
ထိ လမ်းလျှောက်၍သာ သွားဖြစ်ခဲ့ပါသည်။ အထက်တန်းကျောင်း
သူဘဝတုန်းကလို ပတ်ဝန်းကျင်ကိုကြောက်တာ၊ မဝံ့မရဲဖြစ်တာမျိုး
တွေလည်းမရှိတော့၊ ကိုယ့်ကိုယ်ကိုယ်လည်း လူကြီးအရာဝင်သလို
အား ယုံကြည်ချက်ရှိလာတာမို့ တစ်ယောက်တည်း သွားလာရမှာ
ကိုလည်း မကြောက်တတ်တော့ပါ။

ဒီနေ့ အလုပ်ပြန်ချိန်က နည်းနည်းနောက်ကျတာမို့
ဆန်းမေက မမှောင်ခင် အိမ်ပြန်ရောက်ဖို့ သွက်သွက်လေး လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေဆဲမှာ ဆန်းမေကို ကျော်တက်၍မောင်းသွားသော ကားတ
ကို သတိထားမိသွားပါသည်။

ဒါ ... ဦးရဲ့ ကားပဲ။

ခါတိုင်းတော့ ဆန်းမေ အလုပ်သွားအလုပ်ပြန်အ
တွေမှာ ဦးနဲ့မဆုံဖြစ်ပါ။ ဆန်းမေက သူများဝန်ထမ်း အလုပ်သ
ဘတ်စ်ကားစီး လူတန်းစားမို့ အိမ်က စောစောထွက်ရပြီး ဦး
ကိုယ်ပိုင်ကားစီး အလုပ်ရှင် လူတန်းစားမို့ အိမ်ကနေ သိပ်စော
ထွက်စရာ မလိုတာကြောင့် ဖြစ်မည်ထင်ပါသည်။ ညနေဆိုလ
ဆန်းမေ ပြန်ချိန်နှင့် ဦး ပြန်ချိန်က တိုက်ဆိုင်လေ့မရှိပါ။

ဒီနေ့တော့ ဦးကားကို လှမ်းမြင်လိုက်ရတာမို့ ဦး
ကားနောက်ပိုင်းကို လှမ်းကြည့်ရင်း ဆန်းမေ ခပ်ဆွေဆွေ
ဖြစ်သွားရပါသည်။ ဦးနဲ့ မတွေ့ရရင်တော့ ဆန်းမေရဲ့ နှလုံး
ဟာ ဖွဲမီးလို တငွေ့ငွေ့လေး လောင်နေတတ်ပြီး ဦးကို
လျှင်တော့ မီးညွန့်လေး တလူလူ ထတောက်လာတတ်တာ
ပင် ...။ ဦးတို့ခြံထဲမှာ မမိနဲ့ ဦးနဲ့ အတူလမ်းလျှောက်နေတာ
ရေကူးကန်နားမှာ အတူရှိနေတာတွေကို ခြံစည်းရိုးကြားက
ကြည့်ရင်း အခါခါ မျက်ရည်ဝဲခဲ့ဖူးတဲ့ ဆန်းမေဟာ ဦးကိုမြင်
လောက်တော့ မပြောနဲ့ ... ဦးကားကို မြင်ရုံနဲ့တောင်
ထိတ်ခုန် မျက်ရည်ဝဲရမြဲပင် ...။

ဆန်းမေ ခပ်ဆွေးဆွေးလေး ငေးဆဲမှာပဲ ဦးကာ
ရပ်သွားသည်။ ပြီးတော့ နောက်ပြန်ဆုတ်လာပါသည်။

"ဆန်းမေ ..."





ဦးက ကားမှန်ချ၍ ပြတင်းမှ ခေါင်းပြူကာ ဆန်းမေ
လှမ်းခေါ်လိုက်သည်။ ဆန်းမေက ဝမ်းသာလုံးနင့်လျက် ဘာ
ားမှ ပြောထွက်မလာဘဲ မျက်လုံးလေးပြူးကာ ဦးကို ကြည့်နေ
ိတ်မိသည်။

"ဘယ်သူများလဲလို့ ... နောက်ကနေ လှမ်းတွေ့လိုက်ပေမယ့် သေချာမမှတ်မိဘူး၊ နောက်ကြည့်မှန်ကို လှမ်းကြည့်မိလို့သာ ဆန်းမေမှန်း သိတာ၊ ဒါ အလုပ်က ပြန်လာတာလား ..."

"ဟုတ် ..."

"ဒါဆို ... လာလေ ... ကားပေါ်တက်"

"ဟို ... နေ ... နေပါစေ ဦး ..."

"လာပါ ... လမ်းကြုံနေတာပဲ၊ တကူးတက တခြားနေရာ ပို့ရတာမှမဟုတ်တာ ..."

ဦးက လှိုက်လှိုက်လှဲလှဲ ခေါ်နေတာမို့ ဆန်းမေက
နောက်ခန်းတံခါးကို ဖွင့်ဖို့ လက်လှမ်းလိုက်မိပါသည်။

"ဆန်းမေ ... လာ ... ရှေ့မှာပဲ လာထိုင်"

ဆန်းမေ လှစ်ခနဲ ပျော်သွားမိသည်။ ကားရှေ့ခန်း
ဦးနဲ့အတူ တစ်ခါမှ ထိုင်မစီးခဲ့ဖူးတာမို့ပင် ...။ ရှေ့ခန်းမှာ
အတူ ဘေးချင်းယှဉ်ထိုင်စီးခွင့်ရသော သူသုနဲ့ မမိတို့ကို
ေ မကြာခဏ အားကျငေးမောခဲ့ရဖူးပါသည်။

ဆန်းမေက ပျော်သော်လည်း မျက်နှာလေးကို မပြုံး
ောင် ထိန်းကာ ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်တော့ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖိုလိုက်သွားပါသည်။ ဒီနေရာလေးက ဦးရဲ့ကိုယ်ငွေ့လေးနဲ့ နွေ
ထွေးနေသလိုပင် ...။

ဦး ကားမောင်းထွက်လာတော့ ဆန်းမေက ကုပ်
ရှိ့ရှိ့လေးထိုင်ရင်း တိတ်ဆိတ်စွာပါလာသည်။ ဦးဘက်ကို လှ
မကြည့်ရဲပါ ...။ မျက်နှာချင်း ဒီလောက်နီးနီးမှာ မျက်လုံးချ
သာ ဆုံလိုက်ရရင် နှလုံးသားတွေ ခုန်ပေါက်လှုပ်ရှားပြီး ရင်ဘ
ထဲကတောင် ဖောက်ထွက်လာမလား မသိ ...။

မမီ ရောက်မလာခင်က ဦးကို ဆန်းမေ အခု
များများ စကားပြောဆိုရဲသည်။ ရင်းရင်းနှီးနှီးလေး နေဖြစ်ခဲ့
အချိန်လေးတွေလည်း ရှိခဲ့သည်။ သို့သော် ... ဦးနံဘေးကို ဦးချ
ရောက်လာတဲ့အချိန်၊ ဦးကို ဆန်းမေ ချစ်မိနေကြောင်း သိလို
ရချိန်မှစကာ ဆက်ဆံရေးက ခပ်တန်းတန်း ဖြစ်သွားခဲ့ရသ
စိတ်ထဲမှာ သူ့အပြင် ရင်းနှီးသော ယောကျ်ားမရှိပေမယ့် အ
ပန်းတော့ ခပ်စိမ်းစိမ်း ခပ်ရှောင်ရှောင်နေရင်း ဆန်းမေရဲ့ အ
ကို ဘယ်သူမှ မသိအောင် ကွယ်ဝှက်ထားခဲ့ရပါသည်။

"ဟော့ ... ဘယ်လိုဖြစ်လို့ ကုပ်ချိချိလေး ထိုင်နေတာ
နောက်ကိုမှီပြီး သက်သောင့်သက်သာ ထိုင်လေ၊ ခါး
ကုန်းမထားနဲ့ ..."

ဦးက ဆန်းမေကို ငဲ့ကြည့်ရင်း ပြောလိုက်သ
ဦးလေသံက ရင်းနှီးနွေးထွေးလှတာမို့ ဆန်းမေ ပျော်ရပြန်သ

ဆန်းမေက ဦးပြောသလို ခါးမတ်စန့်၍ ထို
နောက်မှီကို စမတ်တကျ မှီ၍ ထိုင်လိုက်သည်။





"အင်း ... ဒီလိုမှပေါ့"

ဦးက သဘောကျသလို ခေါင်းတစ်ချက်ဆတ်ရင်း
ပြောလိုက်သည်။

အမှန်ဆိုရလျှင် ဦးကို လွမ်းဆွတ်လှတာမို့ ခုလိုလေး
ဘေးမှာ လိုက်ပါခွင့်ရတာကို ဆန်းမေ ကျေနပ်ကြည်နူးလှပါ
သည်။ အလွမ်းပြေလှပါသည်။ ခုလို မတွေ့ရတာ ဘယ်လောက်
ကြာခဲ့ပြီလဲ မသိ၊ မမီနဲ့ အတူတွဲတွဲထွက်သွားတဲ့ ဦးကို အဝေးက
မော်ကြည့်ရင်း မျက်ရည်ဝဲခဲ့ဖူးတာ ဘယ်နှကြိမ်မှန်း မသိ။

ခုအချိန်လေးမှာ နှစ်ပေါင်းများစွာ ခွဲခွာနေရသူ တစ်
ယောက်နဲ့ ပြန်တွေ့ရသလို ဆန်းမေ ပျော်လှပါသည်။ ဆန်းမေ
ကိုယ့်ဘက်ကိုယ်ယက်ပြီး တွေးမိသလားတော့မသိ ... ဦးကိုကြည့်
ရတာလည်း ဆန်းမေနဲ့ ခုလို နီးနီးကပ်ကပ် ပြန်တွေ့ရတာကို
သဘောကျနေပုံပင်။ ဟိုအရင်က ခပ်တည်တည် ခပ်မှန်မှန်လေး
ဆက်ဆံခဲ့ပေမယ့် ခုကျတော့လည်း နွေးနွေးထွေးထွေးလေး ဖြစ်နေ
သလိုပင်။

"ဪ ... ဆန်းမေကို ပေးစရာရှိတယ်"

သူက ကားမောင်းနေရင်းက သတိရသွားသလို ရေ
ရွတ်လိုက်ပြီး ...

"ဆန်းမေ ... ဒက်ရှ်ဘုတ်ကို ဖွင့်လိုက်"

ဆန်းမေက သူပြောသလို ကားဒက်ရှ်ဘုတ်ကို ဖွင့်
လိုက်ပါသည်။

"အထဲက ဘူးလေး တွေ့လား ...၊ အဲ့ဒါ ထုတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ဒက်ရှ်ဘုတ်ထဲက စက္ကူဘူးပြားပြား
ကို ထုတ်ယူလိုက်သည်။

"အဲ့ဒါ… ဆန်းမေ ယူလိုက်၊ ဟိုတလောက ကိုယ့်အတွ
ဝယ်ရင်း ပန်းရောင်လေးတစ်ခုတွေ့တာနဲ့ ဆန်းမေကို သ
ရလို့ ဝယ်ထားလိုက်တာ"

ဆန်းမေက ဘူးပြားလေးကို ဖွင့်ကြည့်လိုက်
အတွင်းက COACA တံဆိပ် ပိုက်ဆံအိတ် အခေါက်လေး
တွေ့လိုက်ရပါသည်။

ဆန်းမေက ပိုက်ဆံအိတ်ကလေးကို သဘောကျ
ကျ၊ ဦး ခုလို ဆန်းမေကို သတိတရရှိတာလေးကိုလည်း
ကျ…။ သို့သော် ပိုက်ဆံအိတ်က သိန်းချီတန်တာကို သိတာ
အနည်းငယ် စိုးထိတ်မိကာ…

"ဒီလို ပိုက်ဆံအိတ်မျိုးလေးတွေကို ဆန်းမေတို့ဆိုင်
လာတဲ့ သူဌေးကတော်တွေပဲ ကိုင်နိုင်တာ ဦးရဲ့
ဒီလောက် ဈေးကြီးတဲ့ အကောင်းစားကြီးကို ဆန်
ယူလိုက်ရမှာ မရဲဘူး၊ ဒါပေမယ့် အမှန်အတိုင်းပြော
ဦးက သတိတရ ဝယ်လာပေးတာဆိုတော့ ဆန်းမေ
လည်းလိုချင်တယ်"

"လိုချင် ယူလိုက်ပေါ့ ဆန်းမေရယ်၊ ဘာမှစိုးထိတ်
မရှိပါဘူး၊ ဪ… ခဏနော် ဆန်းမေ၊ ဟိုရှေ့က
ဆိုင်ရှေ့မှာ ခဏရပ်မယ်နော်၊ ကိုယ် ညီမလေး





အာလူးကြော်ဘူး ဝင်ဝယ်လိုက်ဦးမယ်၊ ကားပေါ်မှာပဲ ခဏ
စောင့်နေနော်…"

"ဟုတ်…"

ဦးက ကားကို စတိုးဆိုင်ရှေ့မှာ ရပ်ပြီး စတိုးဆိုင်
သို့ ဝင်သွားသည်။ ခဏကြာတော့ အာလူးကြော်ဘူးရှည်တွေ
ထည့်ထားသော အိတ်တစ်အိတ်နှင့် ရေခဲမုန့်ဘူး တစ်ဘူးကို တစ်
က ကိုင်ကာ ကားပေါ်ပြန်တက်ထိုင်လိုက်ရင်း…

"ဆန်းမေ… ရော့…၊ ပူစီနံရေခဲမုန့် ဆိုလား ရေခဲမုန့်
အဆန်းကလေး တွေ့လို့ဝယ်လာတယ်…"

ဟု ပြောပြီး ရေခဲမုန့်ဘူးလေးကို ဆန်းမေထံ လှမ်း
လိုက်ပါသည်။

ဆန်းမေက ရေခဲမုန့်ဘူးလေးကို လှမ်းယူရင်း ရင်ထဲ
ပျော်သလို လွမ်းသလို ဖြစ်သွားမိပါသည်။

ဆန်းမေ ရေခဲမုန့်ကြိုက်တာကို ဦး မမေ့သေးဘူးပဲ၊
မနဲ့ ပတ်သက်ပြီး အမှတ်တရ ရှိနေသေးတဲ့အတွက် ကျေးဇူး
ပါတယ် ဦးရယ်၊ ဒီလောက်နဲ့ပဲ ဆန်းမေ ပျော်လှပါပြီ…။

ဆန်းမေသည် ကော်ဇွန်းကလေးဖြင့် ရေခဲမုန့်ခပ်စား
မျက်တောင်လေးတွေ ပုတ်ခတ် ပုတ်ခတ်ဖြစ်လာသည်။ ဝဲ
တဲ့ မျက်ရည်တွေကို ဦးမမြင်အောင် သိမ်းဆည်းရသည်လေ။

ဦးက ကားကိုသာ အာရုံစိုက်၍ မောင်းနေသည်။
မေလည်း ဘာစကားမှ မဆက်မိ…။ အတန်ကြာ တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေပြီးမှ ဦးက ဆန်းမေ မထင်မှတ်သော စကားကို ဆို
သည်။

"ဆန်းမေ လှလာတယ် ..."

သူ့စကားကြောင့် ဆန်းမေရင်ထဲ ဒုတ်ခနဲ ခုန်သွား
ကာ သူ့ကို မော့ကြည့်မိသည်။ သူကတော့ ပုံမှန် အလွှာပသလွှာ
စကားမျိုး ပြောလိုက်သူလို ပေါ့ပေါ့ပါးပါးပင် ...။ ဆန်းမေ
လည်း မကြည့် ...။ တည်ငြိမ်သော မျက်နှာထားဖြင့် ရှေ့တ
သို့သာ ကြည့်လျက် ကားကိုသာ အာရုံစိုက်၍ မောင်းနေသည်။

ဆန်းမေမှာတော့ ရင်ဘတ်ထဲမှာ ဆိုင်းဗုံတီး
ရှင်လောင်းလှည့်လာသလို လှုပ်ရှားဆူညံမြူးကြွ၍ နေခဲ့ပါသည်။

ဆန်းမေက ကားပြတင်းဘက်သို့ မျက်နှာလေးလှည့်
လာကာ ပြုံးစိပြုံးစိဖြစ်နေသော မျက်နှာကလေးကို ဦးမမြင်အော
ကွယ်ဝှက်ထားရပါသည်။

ဆန်းမေ လှလာတယ်တဲ့ ...
ဦး သိတယ်ပေါ့ ...
အသိအမှတ် ပြုတယ်ပေါ့ ...
ကျေးဇူးတင်ပါတယ် ဦးရယ် ...

■ ■ ■



* * *

"အရမ်းအာရုံနောက်တယ်ကွာ၊ တော်တော်သည်းခံနေရ
တယ်၊ မောင်က မီကိုအာရုံလန်းစေသလောက် မောင့်ညီမ
က အာရုံနောက်စေတော့ ဘယ်လိုလုပ်ရမလဲ ... ဒီကိစ္စကို"

ကြားလိုက်ရသော အသံကြောင့် ဆန်းမေ ခြေလှမ်း
တုံ့ခနဲရပ်သွားသည်။ အသံလာရာ ရေကူးကန်နားသို့ လှမ်း
ကြည့်လိုက်တော့ ရေကူးကန်ဘေးက ပက်လက်ကုလားထိုင်မှာ
ကာ နေပူဆာလှုံရင်း ဖုန်းပြောနေသော မမီကို တွေ့ရသည်။

ပက်လက်ကုလားထိုင်ကို ကျောမှီကာ ခြေတစ်ဖက်
ဆန့်ထုတ်ပြီး တစ်ဖက်ကိုတော့ ဒူးထောင်ထားသည်။ ခန္ဓာ
ပေါ်မှာက two pieces လို့ခေါ်တဲ့ ဘရာစီယာရယ်၊ အောက်ခံ
ဘောင်းဘီလို သေးသေးလေးရယ် နှစ်ခုတည်းပါသည့် ရေကူး
ဝတ်စုံကို ဝတ်ထားသည်။ သူ့ခန္ဓာကိုယ် ဖွံ့ထွားထွားကြောင့်
ထွက်နေသော အသားစိုင်တွေကလည်း နေရောင်အောက်မှာ
အရှား ...။ ခန္ဓာကိုယ်ကို သက်သောင့်သက်သာ ဖြေလျှော့

www.burmeseclassic.com



မှီထိုင်ပြီး ဖုန်းပြောနေတာမို့ ဆန်းမေ ဝင်လာတာကို မြင်ပုံမရ
ဆက်ပြောနေသည်။

"သူ့ကို လက်မလွှတ်ချင်လို့သာ သူ့ညီမကို သည်းခံ
တာလေ၊ သူ့ရှေ့မှာတော့ ကြင်နာသလို ယုယသလို သ
ခံသလို လုပ်ပြနေရတာပေါ့ဟယ် ...၊ အင်း ... လော
ဆယ်တော့ ဟန်ဆောင်နေရတာပေါ့၊ ဟင်း ... ဟင်း
နောက်မှပေါ့ ... နောက်မှ၊ သူနဲ့လက်ထပ်ပြီးမှ အဲ့ဒီ
မပြည့်တဲ့ ကောင်မလေးကို ဘယ်ကို ပထုတ်ရင် ကော
မလဲ စဉ်းစားရမှာပေါ့၊ ကောင်မလေးကို ပ,ထုတ်လို့မရ
တော့လည်း မောင့်ကိုပဲ ပ,ထုတ်သွားဖို့ ကြိုးစားရမှာ
တစ်သက်လုံးတော့ အာရုံနောက် မခံနိုင်ဘူးလေ ..."

ဘုရား ... ဘုရား ... တော်တော် ယုတ်မာတဲ့ မိန်း
ပါလား။ ဦးသာ ဒီမိန်းမကို လက်ထပ်လိုက်ရင် ဦးလည်း ဒု
သုသုလည်း ဒုက္ခပါလား။

ဆန်းမေသည် ဒေါသထွက်လာကာ အဲ့ဒီ မိန်း
အဝတ်မပါတဲ့ အသားနုနုကို လက်သည်းဖြင့် ဆွဲကုပ်ချင်လာ
သော်လည်း စိတ်ကိုထိန်းကာ အိမ်ဘက်သို့ ခပ်သွက်သွက်လျှော
သွားလိုက်သည်။

"ဟယ် ... ဆန်းမေ အစောကြီးပါလား၊ သုသုတောင်
သေးဘူး"

အန်တီထွေးက ဆီးကြိုနှုတ်ဆက်တော့ ဆန်းမေ
ကိုယ့်မျက်နှာအပျက်ပျက်ကို ပြင်ဆင်ကာ ပြုံးပြလိုက်ရင်း





"ဆန်းမေ ဒီနေ့ အလုပ်နားရက်လေ အန်တီထွေး"

"ဪ ... အေး ... ဟုတ်သားပဲ"

"သုသုက မနက်စာကို ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်စားချင်တယ်ဆိုလို့ ဈေးမှာသွားဝယ်ပြီး အတူစားရအောင်လာတာ"

"ကောင်းသားပဲ၊ သုသု စားချင်လို့ ဂျီကျနေတာ ကြာပြီ၊ သူက ဟိုမှာ အချိန်တော်တော်ကြာကြာ ဘိုစာပဲစားခဲ့ရတာဆိုတော့ ဒီက မြန်မာမုန့်တွေ စားရတာကို အသစ်အဆန်းဖြစ်နေတာလေ၊ ဒါနဲ့ ဆန်းမေ ဘာဖြစ်လာလဲ၊ မျက်နှာမကောင်းပါလား"

"ဘာ ... ဘာမှမဖြစ်ပါဘူး အန်တီထွေး"

"တစ်ခုခုတော့ ဖြစ်လာမှာပါ ..."

"... ... ..."

အန်တီထွေးက ဆန်းမေနားသို့ ကပ်လာကာ ငုံ့ထား
ဆန်းမေမျက်နှာကို စေ့စေ့ကြည့်သည်။ ပြီးတော့ ရေကူးကန်
ကို လှမ်းကြည့်သည်။ နောက် ... ဆန်းမေရဲ့ ပခုံးနှစ်ဖက်ကို
ကိုင်လိုက်ရင်း ...

"ဆန်းမေ ... ရေကူးကန်နားမှာ မိမို့ကို တွေ့ခဲ့တယ် မဟုတ်လား ..."

"... ... ..."

"ဆန်းမေ ရိပ်မိတယ် မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက မဖြေဘဲ အန်တီထွေး မျက်နှာကို ကြည့်မိသည်။

"ဝိရရဲ့ မိန်းကလေး သုသုအပေါ် စိတ်ထားမမှန်တာ သမီး ရိပ်မိတယ်မဟုတ်လား ..."

ဆန်းမေက မဖြေမိ ...။

"သမီး မဖြေရင်နေပါ၊ အန်တီထွေးပဲ ပြောမယ်၊ ဒီမိန်း ကလေး ဟန်ဆောင်နေတာကို အန်တီ ရိပ်မိတယ် သ သုသုအပေါ် ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ဆက်ဆံ အန်တီ သိတာပေါ့"

"တိုးတိုး ... တိုးတိုးပြောပါ အန်တီထွေးရယ်၊ ဦး ကြ သွားရင် စိတ်ဆင်းရဲနေပါ့မယ်"

"ဝိရ မရှိဘူး သမီး၊ မနေ့ကပဲ စင်ကာပူ ခဏ သွားတ သန်ဘက်ခါ ပြန်လာမယ်၊ ဒီမိန်းကလေးက အိမ်မှာ ဝိ မရှိလည်း ရေကူးချင်လို့ဆိုပြီး ရောက်ရောက်လာတာ သူရောက်လာတိုင်းလည်း သုသုနဲ့ ပြဿနာဖြစ်ရတာပဲ ဒီမိန်းကလေး သုသုအပေါ်ထားတဲ့ သဘောထားအမှန် ဝိရ သိရင် လမ်းခွဲမှာလည်း အသေအချာပဲ၊ ဝိရ ဘ သုသုက ပထမပဲ၊ သုသုက သူ့ဘဝထက်တောင် အ ကြီးတယ်၊ သုသုအတွက်ဆို သူ ဘာမဆိုလုပ်မှာပဲ၊ သ စိတ်ချမ်းသာမှုအတွက် သူ့စိတ်ချမ်းသာမှုကို စတေး တယ်၊ ချစ်သူ့ကို စွန့်တာလောက်တော့ အသေးအ





သူ့ညီမလေးကို သူ ဘယ်လောက် ချစ်တယ်ဆိုတာ အန်တီထွေး အသိဆုံးပဲ ..."

အဲ့ဒီလောက်တောင်ပဲ သုသုကိုချစ်သတဲ့လား ဦး ...၊ ဆန်းမေက စိတ်ထဲကနေ တီးတိုးညည်းမိသည်။

"ဒီမိန်းကလေး သူ့စိတ်ထားကို ပြင်လာမလားလို့ အန်တီထွေး စောင့်ကြည့်နေတယ်၊ သူပြင်နိုင်ရင်တော့ ဝိရ စိတ်မဆင်းရဲရဘူးပေါ့၊ သူ့ဘက်က လုံးဝ မပြင်နိုင်ဘူးဆိုရင်တော့လည်း သူ့သရုပ်မှန်ကို ဝိရ သိအောင် အန်တီထွေး လုပ်ရတော့မယ် သမီး ..."

"ဦး သိရင် အရမ်းစိတ်ဆင်းရဲသွားမှာပေါ့ အန်တီထွေးရယ် ..."

"ခု စိတ်ဆင်းရဲမှာစိုးလို့ အသိမပေးဘဲ နေလိုက်ရင် လက်ထပ်ပြီးတဲ့နောက်ပိုင်းမှာ ပိုပြီး စိတ်ဆင်းရဲရမှာပေါ့ကွယ်၊ အိမ်ထောင်ပြုပြီးမှ အိမ်ထောင်ပျက်သွားတာထက်စာရင် ချစ်သူဘဝမှာ ပြတ်စဲသွားတာက ပိုမကောင်းဘူးလား၊ အန်တီထွေး အကဲခတ်မိသလောက်တော့ ဝိရက အချစ်ကို ဦးစားပေးတတ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး"

အင်းလေ ... အန်တီထွေး ပြောသလိုပဲ ဟုတ်မှာပါ၊ က နူးမှမနူးညံ့တာ၊ နှလုံးသားမရှိတဲ့ သူကြီးလို့တောင် မိသေးတာ ...။

"အန်တီထွေးရေ ... သုသု နိုးပြီ၊ ဟယ် ... ဆန်းမေ ရောက်နေတယ်၊ ခစ်ခစ် ... ပျော်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



သုသုက လှေကားထိပ်မှာရပ်လျက် အော်ပြောလိုက်ပြီး လှေကားထစ်များကို တဒုန်းဒုန်း နင်းကာ ပြေးဆင်းလာသည်။

"ဟဲ့ ... ဟဲ့ ... သုသုရယ် ... ဖြည်းဖြည်း ... အမလေး_ ပြုတ်ကျတော့မှာပဲ"

ဆန်းမေက စိုးရိမ်တကြီး အော်ပြောလိုက်ရင်း လှေကားရင်းသို့ ပြေးအသွား ...

"ဆန်းမေရေ ... သုသု ခုန်ချလိုက်မယ်နော်၊ ဆီးဖမ်း_ ဆီးဖမ်း"

"ဟဲ့ ... သုသု ... မလုပ်နဲ့လေ ... မလုပ်နဲ့၊ သမီးကိုယ် ကြီးကို ဆန်းမေ ဘယ်ခံနိုင်မလဲ ..."

"ခံစိခံစ ... ခံနိုင်ပါတယ် အန်တီထွေးရဲ့၊ ကဲ ... လာ နော်"

"အွတ် ..."

ဆန်းမေသည် သုသုကို ဆီးမဖမ်းရင် နာမှာစိုး မို့ ရှောင်မထွက်ရက်တော့ဘဲ လှေကားနှစ်ထစ်ကျော်မှ ခုန် လိုက်သော သုသုကို ပြေးဖက်ထိန်းပွေ့ထားလိုက်လေရာ ရင်ခေါ် ဆီမှ အွတ်ခနဲ အသံထွက်လျက် အသက်ထွက်လုမတတ် အောင့်သွားလေသည်။

"ဆန်းမေ ... သမီး ... သမီလေး ..."

အန်တီထွေးက သုသုအောက်မှာပိနေသော ဆန်း ကိုလည်း ဆွဲထုတ်၊ သုသုကိုလည်း တွန်းဖယ်ရင်း စိုးရိမ်တ တဖွဖွခေါ်နေသည်။ ဆန်းမေသည် ရင်ဘတ်ထဲ အောင့်သွ





အသက်ရှူမဝသော ခံစားချက်ကြီးဖြင့် ကြိုးစားထထိုင်လိုက်ရင်း ပါးစပ်က တကျွတ်ကျွတ် ညည်းမိသွားသည်။

"ဆန်းမေ ဘယ်လိုလဲ ... နေသာရဲ့လား၊ အရိုးတွေများ ကျိုးသွားသလား၊ သုသုရယ် ... လုပ်လိုက်မှဖြင့် အရမ်း ချည်းပဲဟယ်၊ ဆန်းမေ ဆေးခန်းသွားမလား၊ ဆရာဝန် ခေါ်ပေးရမလား"

"နေ နေ ... အန်တီထွေး၊ ခဏလေး ... ဆန်းမေ အသက် လေး ရှူကြည့်ပါရစေဦး"

"ရှူ ... ရှူ ... ဝအောင်ရှူ၊ အသက်ရှူမဝရင် ပြောနော် သမီး"

ဆန်းမေက ရင်ဘတ်လေး တအားမောက်ကြွလာသည်အထိ အသက်ကို တဝကြီး ရှိုက်ရှူလိုက် ပြန်ထုတ်လိုက် ယ်ခါလောက်လုပ်တော့မှ လူက အသက်ရှူချောင်ကာ ပေါ့ပါး သည်။

"သမီး ... ဘယ်လိုနေလဲ"

ဆန်းမေက ဆန်တီထွေးရဲ့ စိုးရိမ်တကြီး မျက်နှာ ကြည့်ကာ ကြည်ကြည်လင်လင်လေး ပြုံးပြလိုက်ရင်း ...

"သက်သာသွားပါပြီ အန်တီထွေး၊ ရုတ်တရက်ကြီး အလေး အပင် ပိသွားလို့ အသက်ရှူရပ်သွားသလို ဖြစ်သွားတာပါ"

"တော်ပါသေးရဲ့ဟယ် ... ခြေတွေလက်တွေလည်း သေချာ လှုပ်ကြည့်ပါဦးကွယ်၊ အရိုးတွေဘာတွေ ကျိုးပြုနေတာကို မသိလိုက်ဘဲ နေပါဦးမယ်"

"ဘာမှမဖြစ်ပါဘူး အန်တီထွေးရဲ့၊ ဒီမှာကြည့် ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက မတ်တတ်ထရပ်ပြီးရင်း ခြေတွေလ
တွေကို လှုပ်ပြမြှောက်ပြရသည်။ ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရို
သလို နာနေပေမယ့် အရိုးတော့ မကျိုးဘူးထင်ပါသည်။

"ခစ်ခစ် ... အန်တီထွေးကလည်း ဆန်းမေက ဘယ်
အရိုးကျိုးရမှာလဲ ...။ သုသုကိုယ်လုံးက အသားချည်
အိနေတာပဲဟာ၊ သူ့ပေါ် ရေမြုပ်တုံးကြီး ပြုတ်ကျလာသ
အိခနဲ ဖြစ်သွားရုံလေးပဲဟာ ...။ ဟုတ်ဘူးလား ဆန်း

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ရေမြုပ်တုံးက လေး
တော်တော် လေးတယ်၊ အသက်တောင် ကံကောင်း
မထွက်တာ သိလား ..."

"ခစ် ... ခစ် ..."

ဒေါ်တင်တင်ထွေးက နည်းနည်းမှ စိတ်ဆိုးပုံမ
သုသုကို ချစ်ချစ်ခင်ခင် ငွေ့ငွေ့ထွေးထွေး မျက်စောင်းက
ရွယ်ကာ ပြောနေသည့် ဆန်းမေရဲ့ အမူအရာလေးကို ကြည့်
သဘောကျနေမိပါသည်။

သုသုအပေါ် ချစ်လည်းချစ်၊ သနားလည်း သ
သည်းခံနိုင်စွမ်းလည်းရှိသော ဆန်းမေကို ကျေးဇူးလည်းတင်
သည်။ စ,တွေ့တုန်းက ကလေးသာသာလေး ကလေးဆန်
အမူအရာလေး ရှိခဲ့သော ဆန်းမေဟာ ဒီတစ်နှစ် နှစ်နှစ် အ
အတွင်းမှာပဲ ကြည့်ရင်းကြည့်ရင်း နေတတ် ထိုင်တတ်နှင့် အ
ကြီးဖားဖား ဖြစ်လာကာ ပိုလည်း လှလာခဲ့တာပင်။

"တီတီထွေး ... သမီး အိုက်တယ်၊ ရေကူးမယ်"





သုသု လှမ်းပြောတော့ အန်တီထွေးက စိတ်အိုက်
သွားကာ ...

"အခုတော့ ... မကူးနဲ့ဦးနော်၊ ဒီမှာ ဆန်းမေ ဝယ်လာတာ
သမီးကြိုက်တဲ့ ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်အိအိလေး
လေ ... ကောင်းမှကောင်းပဲ၊ ဒါလေး အရင်စားလိုက်ဦး
နော်"

"ဟင့်အင်း ... ဟင့်အင်း သုသု အခုဗိုက်မဆာသေးဘူး၊
ရေအရင်ကူးမှာပဲ"

"ဟဲ့ ... နေဦးလေ"

သုသုက ရေကူးကန်ဘက်သို့ ပြေးထွက်သွားတာမို့
အန်တီထွေးနဲ့ ဆန်းမေမှာ တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်ရင်း ရင်ထိတ်သွားမိပါသည်။

"ပြဿနာပဲ ... ဟိုတစ်ယောက်ကိုတွေ့ရင် သုသု သောင်း
ကျန်းတော့မှာပဲဟယ် ..."

အန်တီထွေးက သုသုနောက်သို့ ခပ်သွက်သွက်ပြေး
လိုက်သွားတာမို့ ဆန်းမေလည်း နောက်မှ လိုက်လာခဲ့သည်။
အချိန်မှာပဲ ရေကူးကန်နားမှာ မတ်တတ်ရပ်၍ ဖုန်းပြောနေသော
မီးဆီသို့ သုသုက ပြေးသွားနေပါသည်။ မမီက သုသုကိုမမြင်
ဆက်ကီဆက်ပွားနေသည်။ သုသုက ရေကန်ဘက်သို့ မျက်နှာ
ရပ်နေသော မမီရဲ့ နောက်ကျောဘက်သို့ ပြေးသွားကာ နောက်
မှ တွန်းချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗွမ်းခနဲ မြည်သံကြီးနှင့်အတူ မမီက ရေကူးကန်
ပြုတ်ကျသွားသည်။ သုသုက ကန်ပေါင်ပေါ်မှ ငုံ့မိုးစီးကြည့်
ကာ လက်ခုပ်လက်ဝါးတီးပြီး ရယ်မောနေသည်။

မမီက ရေထဲမှ ဘွားခနဲ ပြန်ပေါ်လာကာ ခေါ
တကြိမ်း အော်လိုက်ပုံမှာ ...

"ဟဲ့ ... ဝက်မ၊ ကျပ်မပြည့်မ ..."

ထိုအသံကြောင့် ဆန်းမေ ရင်ထဲ နင့်သွားသည်
သုသုက လက်ခုပ်တီးရပ်၍ ကြောင်သွားသည်။ မမီက ရေကူး
ထဲမှ တက်လာကာ သုသု ဆံပင်ကို ဆောင့်ဆွဲလျက် သုသုခေါ
ကို ဆွဲလှုပ်လိုက်ရင်း ...

"နင် ... ဒါဘာလုပ်တာဟဲဟင်၊ ငါ့ဖုန်း ရေထဲကျပြီး ပျ
စီးသွားပြီဟဲ့ ... နင် နားလည်လား"

"အီးဟီး ... ကိုကိုရေ ... ကိုကို့ဟာမကြီးက သုသုကို အ
ကျင့်တယ်၊ အဲ့ဒါကြောင့် သူ့ကိုမယူဖို့ သုသုပြောတာ
ကိုကိုရဲ့ ... အီးဟီးဟီး"

"သုသု ... သမီး တိတ်တိတ်၊ မီမီရယ် ... ကလေးက ဒ
ပဲလေ၊ သူ့ကို အားလုံးက ခွင့်လွှတ်သည်းခံထားရတာ
သူ့အတွက် သူ့အစ်ကို လုပ်ပေးထားတဲ့ ရေကူးကန်
မီမီ လာကူးရင် မကြိုက်ဘူးလို့ အန်တီပြောထားသ
ကွယ်"

"ကျွတ် ... အာရုံနှောက်လိုက်တာ"





မမီက ကုလားထိုင်ပေါ်က တဘက်အဖြူကြီးကို
ယူပတ်လိုက်ပြီး ဆန်းမေတို့အနားမှ ထွက်သွားသည်။ ခဏကြာ
တော့ အဝတ်အစားလဲပြီး ကားမောင်းထွက်သွားပါသည်။

ငိုနေသော သုသုကို ဆန်းမေက ထွေးပွေ့ဖက်ထား
ရင်း ရင်ထဲမှာ တလှပ်လှပ်တုန်ကာ ဆွေးနင့်၍ နေလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

"သိလား ... ကိုကို၊ အဲ့မိန်းမကြီးကလေ သုသုကို [illegible]
တဲ့၊ ကျပ်မပြည့်မတဲ့၊ ကျပ်မပြည့်မဆိုတာ ဘာလဲ[illegible]
ကိုကို ..."

ကျော်ဝီရက မဖြေချေ ...။ နှုတ်ခမ်းကို တင်း[illegible]
စေ့ကာ သူ့ညီမလေးကို ငေးကြည့်နေသော ကျော်ဝီရကို ခေါ[illegible]
တင်ထွေးက စိတ်မကောင်းစွာ ကြည့်နေမိပါသည်။

နိုင်ငံခြားက ပြန်ရောက်လာသည့် ကျော်ဝီရကို [illegible]
ရောက်မဆိုက်ဆိုသလိုပင် သုသုက ဆီးတိုင်နေသည်။

"ဟင် ... ကိုကို၊ ကျပ်မပြည့်ဆိုတာ ဘာကိုပြောတာလဲ[illegible]
သုသု မေးနေတယ်လေ ကိုကိုရဲ့"

သုသုက သူ့အစ်ကိုရဲ့ လက်မောင်းကို ဆွဲလှုပ်[illegible]
ခါရင်း မေးသော်လည်း တင်းတင်းစေ့ထားသော နှုတ်ခမ်း[illegible]
ပွင့်မလာ၊ မျက်ဝန်းထဲမှာသာ မျက်ရည်တွေ ဝိုင်းလာပါသည်။

အန်တီထွေးက ဒီမောင်နှမကြားမှာ ဘာမှဝင်[illegible]





[illegible] နှုတ်ဆိတ်နေပါသည်။ ကိုယ်မပြောဘဲ သူ့အလိုလို သိသွားရင်
[illegible]ည်း ပြီးတာပါပဲ ...။ သူများ သမီးရည်းစားကို မခွဲချင်ပေမယ့်
[illegible]ကို စိတ်ဓာတ်မကောင်းသော မိန်းကလေးနှင့်တော့ မညားစေ
[illegible]ချင်။ သူ့ဘာသာ ပညာတွေ ဘယ်လောက်တတ်တတ် ... ဘယ်
[illegible]ာက်လှလှ ... ဘယ်လောက် ချမ်းသာ ချမ်းသာ စိတ်ဓာတ်မှ
[illegible]ကောင်းရင် အလကားပဲ မဟုတ်လား။

ဒီအချိန်မှာ ဝီရ၏ ဆုံးဖြတ်ချက်က အရေးကြီးပါ
[illegible]သည်။ သူ ဘယ်လို ဆုံးဖြတ်မယ်ဆိုတာကို အန်တီထွေးက
[illegible]ာထိတ်ထိတ်ဖြင့် စောင့်နေမိပါသည်။

ဝီရက သုသုရဲ့ ခေါင်းလေးကို ဖွဖွသပ်လိုက်ရင်း

"သုသု ... ညီမလေးအတွက် ကာတွန်းစွေအသစ်တွေ ကိုကို
ဝယ်လာတယ်၊ ချော့ကလက်တွေလည်း ဝယ်လာတယ်၊
ညီမလေးလိုချင်တဲ့ ကစားစရာအသစ်တွေလည်း ပါလာ
တယ်၊ ညီမလေး ကစားတဲ့ အခန်းထဲမှာ ထည့်ထားတယ်၊
သွားယူကြည့်လိုက်ဦးနော်"

"ဟိဟိ ... ပျော်စရာကြီး၊ ကိုကိုက လိမ္မာတယ်"

သုသုက ချက်ချင်းအာရုံပြောင်းသွားကာ သူ့အစ်ကို
[illegible] လည်ပင်းကို ဆွဲဖက်လျက် ပါးတစ်ဖက်ကို ရွတ်ခနဲ နမ်းလိုက်
[illegible] အပေါ်ထပ်သို့ ပြေးတက်သွားပါသည်။

သုသု သွားတော့မှ ကျော်ဝီရက အန်တီထွေးကို
[illegible]ည့်လိုက်ရင်း ...

"သုသုပြောတာ အမှန်ပဲလား အန်တီထွေး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ထွေးက မဖြေဘဲ မျက်နှာလွှဲလွှဲနှင့် ငြိ
နေသည်။

"ကျွန်တော့်ကို အားမနာပါနဲ့၊ အမှန်အတိုင်းဖြေပါ၊ အ
အတိုင်းသိရမှ ဖြစ်မှာမို့လို့ပါ ..."

ဒေါ်တင်ထွေးက သက်ပြင်းချလိုက်ရင်း ...

"အဲ့ဒီနေ့က သူဖုန်းပြောနေတာကို သုသုက နောက်
သွားတွန်းချလိုက်တော့ သူလည်း အဲ့ဒီလိုတွေ ပြောထွ
လာတာပဲ၊ ပြီးတော့ သုသု ဆံပင်ကို ဆွဲဆုတ်ပြီး ခေါင်း
ခါလိုက်တယ်"

ကျော်ဝီရ မျက်နှာက တင်းမာလာပြီး အံတစ်ချ
ကြိတ်လိုက်ပါသည်။

"ကျွန်တော် မရှိတုန်း သူက ဒီကိုဘာလာလုပ်တာယ်"

"ရေလာကူးတာလေ ..."

"သူ ဒီကန်မှာ လာကူးတာ သုသု မကြိုက်မှန်း သူ
ဘူးလား ..."

"သိပါတယ်၊ အန်တီထွေးလည်း ပြောပြထားတာပဲ၊ ဒါ
မယ့်လည်း သူလာချင်လာတာပဲ ..."

ကျော်ဝီရက မေးခွန်းတွေဆက်မမေးတော့ဘဲ ငြ
သွားသည်။ သူ့မျက်နှာက ခံစားချက်မရှိသလို အေးခဲခဲကြီး ဖြ
ပြန်တာမို့ ဒေါ်တင်ထွေး ရင်ထဲ တစ်မျိုးကြီး ဖြစ်လာပါသည်

"ဟို ... အန်တီထွေး ထမင်းစားဖို့ သွားပြင်လိုက်ဦးမ"

"ခဏ ... အန်တီထွေး ..."





ကျော်ဝီရက တားလိုက်တာမို့ ဖင်ကြွနေသော အန်တီ
ထွေးက ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရသည်။

"အန်တီထွေး သိတဲ့ မိမိမိုးဦးနဲ့ ကျွန်တော်သိတဲ့ မိမိမိုးဦး
တူသလားဆိုတာ နားထောင်ပေးပါ ..."

ကျော်ဝီရက အေးဆေးစွာပြောရင်း စားပွဲပေါ်က
ဖုန်းကို လှမ်းယူကာ ဖုန်းခေါ်လိုက်ပြီး စပီကာကို ဖွင့်ထား
လိုက်ပါသည်။

ဖုန်းဝင်သွားကာ ...

"ဟဲလို ... မိ"

"မောင် ပြန်ရောက်ပြီလား ..."

"ရောက်ပြီ မိ ...၊ စောစောကပဲရောက်တယ်၊ ခုနကပဲ
အန်တီထွေးပြောလို့ ကိုယ်မရှိတဲ့ ရက်တွေမှာ မိ ရေလာကူး
တယ်ဆိုတာ သိရတယ်"

"ဟုတ်တယ် ကို ...၊ မိ ရေလာကူးတုန်း သုသု မိ့ကိုတွန်း
ချလို့ မိ့ အိုင်ဖုန်းတောင် ပျက်စီးသွားတယ်၊ ဒါပေမယ့်
ကိစ္စမရှိပါဘူး၊ သုသုက ကလေးလိုပဲဆိုတော့ မိ သည်းခံ
ရမှာပေါ့ ...၊ တစ်သက်လုံးလည်း သည်းခံသွားဖို့ ဆုံးဖြတ်
ထားပါတယ်၊ တစ်ခါတလေ သူဆိုးရင် မိ့ဘက်က ဆုံးမ
ပဲ့ပြင်ရတာလေးတွေတော့ ရှိမှာပေါ့၊ လုံးဝ အလိုလိုက်ထား
လို့တော့ မဖြစ်ဘူး မဟုတ်လား"

"သုသု ဆိုးတယ်ဆိုတာ ပုံမှန်အသိဉာဏ်နဲ့ ဆိုးနေတာမှ
မဟုတ်ဘဲ မိ ...၊ အလိုပဲလိုက်လိုက် ဆုံးမစကားပဲပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော သူ့အတွက် ထူးခြားပြောင်းလဲမှု ရှိမလာနိုင်တာ
မီလည်း ပညာတတ်ပဲ သိမှာပါ၊ သုသုကို ကိုယ်တို့
တစ်ဖက်သတ် သည်းခံပေးရမယ်ဆိုတာ စောင့်ရှောက်
ရမယ်ဆိုတာ တစ်သက်လုံးစာအတွက်ပဲ”

“အိုခေလေ ... မီသဘောပေါက်ပါတယ်၊ မီ့ဘက်က
သွားရင် ဆောရီးပဲ၊ မီလည်း သုသုကို ချစ်ပါတယ်”

“အိုခေ ... မီ၊ ကိုယ့်ညီမလေးကို ချစ်ပေးလို့ ကျေးဇူး
တယ်၊ ညီမလေးဘက်က မီ့ကို ကြည်ဖြူဖို့ မောင်
ပြောပြထားမယ်၊ မနက်ဖြန် အိမ်လာခဲ့လေ မီ၊ ညီမ
ရေအတူလာကူးပေါ့ ...၊ နောက်လည်း တစ်အိမ်တည်း
အမြဲအတူတူနေရမှာဆိုတော့ ခုကတည်းက ရင်းနှီးမှုယူ
တော့ ကောင်းတာပေါ့”

“ကောင်းပြီ မောင်၊ မီ မနက်ဖြန် လာခဲ့မယ်”

တစ်ဖက်က ဖုန်းချသွားပြီမို့ ကျော်ဇီရက အန်
ထွေးကို ကြည့်လိုက်သည်။

အန်တီထွေးက ခပ်မဲ့မဲ့လေး ပြုံးလိုက်ရင်း ...

“အခုကြားရတာနဲ့ အပြင်မှာမြင်ရတာနဲ့တော့ တခြား
ကွယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် သူ့အကြောင်း
ဆန်းမေတောင် သိပါတယ်၊ မင်း စိတ်ဆင်းရဲသွားမှာ
သာ ဆန်းမေက မင်းကို မပြောရဲတာပါ၊ အန်တီထွေး
ဒီလိုပါပဲ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မိမိမိုးဦးက သူ
မင်းရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ဆက်ဆံနေတာပါ”





ကျော်ဇီရက အပေါ်နှုတ်ခမ်းလေးတစ်ခြမ်း တွန့်လှုပ်
ချက် နာနာကျင်ကျင် ပြုံးလိုက်ရင်း ...

“သက်သေတော့ လိုတာပေါ့ ...”

ဟု ခပ်တိုးတိုး ရေရွတ်လိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

အပေါ်ထပ် ပြတင်းပေါက်ဘေး ခန်းဆီးကြား [illegible] ငုံ့ကြည့်လျှင် ခြံထဲမှ ရေကူးကန်ကို စီးမိုး၍မြင်ရလေသည်။

ရေကူးကန်ဘေးက ပက်လက်ကုလားထိုင်တစ် [illegible] ပေါ်မှာ သုသုက ထိုင်နေပြီး သုသုရှေ့မှာ မီက လက်ပိုက် [illegible] မတ်တတ်ရပ်နေသည်။

ရေကူးဝတ်စုံဝတ်ထားသော မီ့ခန္ဓာကိုယ်၏ [illegible] ဖွံ့ထွားမှုကို အဝေးကပင် ထင်းနေအောင် လှမ်းမြင်ရသည်။ [illegible] အလျား ရှည်မျောကာ ပေါင်တံရှည်သွယ်လျက် ဖွံ့ထွားပြည့် [illegible] သည့် ရင်အလှကိုလည်း ပိုင်ဆိုင်သော မီ့အလှက ပြင်းရှသိ [illegible] နိုင်စွမ်း ရှိလှသည်။ အဲ့ဒီ အလှအပတွေကို သူ ရင်ခုန်စွဲမ [illegible] ဖူးပေမယ့် ခုတော့လည်း ဘယ်လိုမှ မခံစားရတော့ပါ။ ရှမ္မက် [illegible] စေတဲ့ အရေပြားတစ်ထောက်စာ အလှက ဘာများအရေးကြီး [illegible] လဲ။ ဘယ်လောက် တန်ဖိုးရှိလို့လဲ။





သူ ခုလို ငုံ့ကြည့်နေတာကို မီရော သုသုပါ မသိပါ။ [illegible]နှစ်ယောက်စလုံး သိထားတာက ကျော်ဇီရ အိမ်မှာမရှိဘူး [illegible] အန်တီထွေးမှတစ်ဆင့် နှစ်ယောက်စလုံးကို ဒီလိုပဲ သိထား [illegible] သူကတော့ အခန်းထဲမှ ပုန်းအောင်းနေခဲ့သည်။

သူ ပြတင်းပေါက်ကို ကျောခိုင်းလိုက်တော့ အခန်း [illegible]ယ်မှ စားပွဲတစ်လုံးကို မျက်နှာမူမိသည်။ စားပွဲပေါ်မှာတော့ [illegible]ဖမ်းစက်လေးတစ်လုံးနှင့် head phone တစ်ခု ရှိနေသည်။

ညီမလေးကို ဝတ်ပေးလိုက်တဲ့ အပေါ်ဝတ်အနွေး [illegible] အင်္ကျီလေးထဲမှာ အသံဖမ်းစက်သေးသေးလေး တစ်ခုကို [illegible]ကပ်တွယ် တပ်ဆင်ပေးလိုက်သည်။ ထိုအင်္ကျီလေးကို သူ [illegible]တိုင် သုသုကို ဝတ်ဆင်ပေးခဲ့ရင်း ...

"ညီမလေး ကိုကိုပြောတာ နားထောင်နော်၊ မမမီလာရင်လည်း ရေကူးကန်ဘေးက ခုံပေါ်မှာပဲ အေးအေးဆေးဆေး ထိုင်နေရမယ်နော်၊ မမမီကို တွန်းချတာတို့ ဘာတို့ မလုပ်ရဘူးနော်"

ဟု တဖွဖွမှာပြီး သူကတော့ အပြင်သွားချင်ယောင် [illegible]ောင်ခဲ့သည်။ ပြီးမှ သုသု မသိအောင် အိမ်ထဲပြန်ဝင်လာကာ [illegible] ထပ်မှာ တိတ်တဆိတ် စောင့်ကြည့်နေခဲ့တာ ဖြစ်ပါသည်။

သူက စားပွဲနောက်က ခုံမှာ အေးဆေးစွာ ဝင်ထိုင် [illegible]ပြီး head phone ကို လှမ်းယူလိုက်သည်။ သူ့နှလုံးသားတွေ [illegible] အေးခဲနေပါသည်။

ညီမလေးအပေါ်ထားတဲ့ မီ့ စိတ်ဓာတ်ဟာ ဒီလိုပါ



www.burmeseclassic.com

www.burmeseclassic.com



လားဟု သိလိုက်ရချိန်ကတည်းက မီနဲ့ပတ်သက်တဲ့ နှလုံး... ခံစားချက်တွေအားလုံး အေးခဲသွားခဲ့တာ ဖြစ်ပါသည်။ ခုချိ... တော့ မီ့အပေါ် သူ ရက်စက်နိုင်ခဲ့ပြီ။ ညီမလေးနှင့် ပတ်သက်... လိုအပ်ရင် လိုအပ်သလို ... ဘယ်သူ့ကို ... ဘာကိုမဆို သူ ... စက်နိုင်သည်။

သူ head phone ကို နားမှာတပ်လိုက်တော့ ... လေးနဲ့ မီရဲ့ စကားပြောသံတွေ သူ့နားထဲသို့ ကြမ်းရှစွာ ... လာခဲ့ပါသည်။

"အဒေါ်ကြီးကို တွန်းချချင်တာ၊ ကိုကိုက တွန်းမချရ... မှာထားလို့သာ သိလား"

"ဘာအဒေါ်ကြီးလဲ၊ အဲ့ဒီလို မခေါ်စမ်းနဲ့ သုသု၊ ... မင်းအစ်ကိုရဲ့ မိန်းမဖြစ်မယ့်သူလေ၊ မင်းအစ်ကိုကို ... ခေါ်ရင် ငါ့ကို မမ ခေါ်ရမှာပေါ့"

"ခေါ်ပါဘူး၊ အဒေါ်ကြီးကိုလည်း ကိုကိုက မယူပါ... ကိုကိုက ဆန်းမေကိုပဲ ယူမှာ၊ ဆန်းမေနဲ့ ကိုကိုနဲ့ ညာ... သုသုပျော်မှာ၊ အဒေါ်ကြီးကို ကိုကိုယူရင် သုသုက ... ငိုမှာ၊ ပြီးတော့ သုသု သေပစ်လိုက်မှာ"

"အဲ့ဒါဆိုလည်း လဲသေလိုက်တော့ပေါ့ဟယ်၊ နင်သေ... အေးမှာ ..."

"အဒေါ်ကြီးက သုသုထက် အသက်ကြီးတာပဲ၊ အဒေါ်... အရင်သေပေါ့ ..."

"ငါက ကျပ်ပြည့်တယ်ဟဲ့၊ ကျပ်ပြည့်တဲ့ သူက စော...





မသေဘူး၊ ကျပ်မပြည့်တဲ့ နင်ပဲ စောစောသေမှာ၊ ... ဘ် ... အာရုံနှောက်လိုက်တာ၊ ဖယ်စမ်းပါ ... ရေကူးမ ... ဖို့"

"သူ့ကန်ဖြင့် မဟုတ်ဘဲနဲ့ ... သွား ... လာမကူးနဲ့"

"ကဲပါ ... သုသုရယ်၊ သုသုလေးက လိမ္မာပါတယ်နော်၊ သုသုနဲ့ မမနဲ့ အတူတူ ကူးကြရအောင်နော်"

"ကူးဘူး ..."

"မမ စကားကို နားထောင်မှပေါ့ သုသုရဲ့၊ ဒါမှ မမ ဒီ အိမ်မှာလာနေတဲ့ အချိန်ကျရင် သုသု ပျော်ပျော်ရွှင်ရွှင် နေရမှာပေါ့၊ သုသုက မမကို အမြဲရန်လုပ်နေရင် မမက လည်း သုသုကို ဒုက္ခရောက်အောင် လုပ်မှာပေါ့ ..."

"ဒုက္ခရောက်တယ်ဆိုတာ ဘယ်လိုမျိုးလဲ ..."

"သုသုနဲ့ ကိုကိုနဲ့ ခွဲပြီး အဝေးကြီးမှာနေရတာကို ပြောတာ ပေါ့ ..."

"အီး ... ဟီး ... ခွဲဘူး၊ ကိုကိုနဲ့ ခွဲဘူး"

"ဟဲ့ ... ဟဲ့ ... တိတ် ... တိတ် ... ပါးစပ်ပိတ်၊ နင်ဟာလေ ချော့ပြောလည်းမရ၊ ချောက်ပြောလည်းမရ၊ တကယ့်ဂြိုဟ်ကောင်မလေးပဲ ..."

"ဂြိုဟ်ကောင်မလေး ဆိုတာကရော ဘာလဲ ..."

"ဒုက္ခပေးတဲ့ ကောင်မလေးကို ပြောတာပေါ့ ...၊ ငါပြောတဲ့ စကားတွေ နင့်အစ်ကိုကို လုံးဝ သွားမပြောနဲ့နော်၊ ကြား လား ... သုသု"

"ပြောတော့ ဘာဖြစ်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင် နင့် အစ်ကိုမသိအောင် နင့်ကို ဟိုးအဝေးကြီး… ပို့ပစ်မယ်"

"ဟင့်အင်း … မလုပ်ပါနဲ့၊ အဲ့ဒီလို မလုပ်ပါနဲ့၊ အဲ့ဒါ… သုသု မပြောတော့ဘူးနော်၊ မပြောရင် မပို့ဘူးမဟုတ်လား… ဟင်"

"အေး … မပို့ဘူး"

"ဒါဆို လုံးဝ မပြောဘူး၊ သုသု ပါးစပ်ကို ဒီလိုပိတ်ထား… မယ်"

ကျော်ဇီရက ဆက်နားထောင်နိုင်စွမ်း မရှိတော့… head phone ကို ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ပြီး စားပွဲပေါ်သို့ ပစ်… လိုက်သည်။

"တောက် …"

အံတင်းတင်း ကြိတ်ထားသဖြင့် မေးရိုးတွေ… ထင်ပေါ်နေသော သူ့မျက်နှာတစ်ခုလုံး နီရဲကာ မျက်ဝန်းထဲ… တော့ နာကျင်မျက်ရည်စတွေ ရစ်ဖွဲ့လာသည်။

ထို့နောက် သူ့နှုတ်ခမ်းဖျားမှ ရက်စက်သော အ… ကလေး တစ်ချက်ကို လှစ်ခနဲ ကြွေကျလာပါသည်။

■ ■ ■



* * *

ထိုတစ်နေ့ဟာဖြင့် ဆန်းမေရဲ့ ဘဝကံကြမ္မာကို …ပြောင်းလဲစေမည့် နေ့တစ်နေ့ ဖြစ်ခဲ့မည်ဆိုတာ ဆန်းမေ ကြိုသိခဲ့… ဦးတို့အိမ်ကို ဆန်းမေ သွားဖြစ်မလား … မသွားဖြစ်ဘူးလား …မေလည်း တိတိကျကျ မဖြေနိုင်ပေ …။ ဆန်းမေ ကိုယ်တိုင် …ဦး ပေးတဲ့ ဘဝတစ်ခုကို လက်ခံသင့် မခံသင့် မဝေခွဲနိုင်။ …မှာ ဆန်းမေ ပျော်မလား … မပျော်ဘူးလား သေချာမပြော…၊ နှလုံးသားရဲ့ အလိုဆန္ဒတစ်ခုကို နာခံရုံသက်သက်ဖြင့်သာ …ပေးသည့် လမ်းကို လျှောက်ခဲ့မိတာ ဖြစ်သည်။

ထိုနေ့ဟာ အလုပ်နားရက်ဖြစ်တာမို့ ဆန်းမေက …အတွက် ဆန်းမေ ချုပ်ယူလာသည့် ညဝတ်ဂါဝန်လေးကို …လက်ဆွဲအိတ်ထဲထည့်ကာ …

"အမေရေ … ဆန်းမေ ဟိုဘက်ခြံ သွားလိုက်ဦးမယ်"

"အေး … အေး … သမီး၊ သုသုကို ပေးဖို့ အင်္ကျီပါလာတယ် ဆို ယူသွားဖို့ မေ့နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေ့ပါဘူး အမေရဲ့၊ ဒီမှာပါပါတယ်"

ဆန်းမေက အိတ်လေးကို အမေမြင်အောင် မြှောက်
ပြပြီး အိမ်ပေါ်မှ ဆင်းကာ တစ်ဖက်ခြံသို့ ကူးလာခဲ့ပါသည်။

ဆန်းမေ သုသုတို့အိမ်ရှေ့ရောက်တော့ အိမ်ရှေ့
ရပ်ထားသည့် မမီ၏ ကားကို တွေ့လိုက်ရတာမို့ တုံ့ခနဲ ရပ်လိုက်
မိသည်။ ဆန်းမေ ဝင်သွားလို့ ကောင်းပါ့မလား ...။ အို ...
ဖြစ်လဲ ... သုသုဆီ သွားတာပဲဟာ ဘယ်သူရှိရှိမရှိရှိပေါ့ဟု
ကိုးရင်း တံခါးဘဲလ်ကို နှိပ်လိုက်သည်။ တံခါးကို တွန်း
လိုက်တော့ တံခါးက အလွယ်တကူ ပွင့်သွားသည်။

အိမ်အတွင်းဘက်သို့ ဆန်းမေ ခြေတစ်ဖက်ချ
မှာပဲ အတွင်းက စကားပြောသံတွေကို ကြားလိုက်ရလေသည်

"အထင်နဲ့ ရမ်းပြောမနေစမ်းပါနဲ့ ... မောင်၊ မောင့်
ကို မီ ဘယ်တုန်းကမှ နိုင့်ထက်စီးနင်း မပြောခဲ့ဖူး
ကိုယ့်ထက် အငယ်တစ်ယောက်ကို အမြင်မတော်လို့
မိတာမျိုးပဲ ရှိတယ်"

မမီ၏အသံက ဒေါသသံ၊ စိတ်လှုပ်ရှားသံ ...

"မင်း ဒီလိုပြောမယ်ဆိုတာ ကြိုသိလို့ သက်သေရှာ
ပါတယ် ... မီ"

ဦး အသံက သွေးအေးစွာဖြင့် စိမ်းကား ပြတ်
သော အသံ။

ဆန်းမေသည် တံခါးဝလေးမှာ ရပ်ရင်း အပြင်





ကြက်ရမလို ... အိမ်ထဲဝင်ရမလို ... အံ့အားသင့် ကြောက်ရွံ့ကာ
ည့်ခန်းဃမှာ ရှိနှင့်နေသော ဦးနဲ့ မမီကို တစ်လှည့်စီ ကြည့်နေ
သည်။

သွေးပူ စိတ်လှုပ်ရှားနေပုံရသော မမီရှေ့မှာ ဦးက
သိုက်၍ရပ်နေသည်။ ဦးမျက်နှာက ဘာခံစားချက်မှ မရှိသလို
ခဲကာ ဗလာဖြစ်နေသည်။ ဧည့်ခန်းထဲမှာ သူတို့နှစ်ယောက်
ပဲရှိနေပြီး တစ်အိမ်လုံး တိတ်ဆိတ်နေကာ အန်တီထွေးနဲ့
ကိုလည်း မမြင်ရ ...။

ဆန်းမေ ကြောင်ငေးရပ်ကြည့်နေချိန်မှာပဲ ဦးက
အနားမှာရှိနေသော CD player ခလုတ်ကို လှမ်းနှိပ်လိုက်သည်။

CD player ထဲမှ ထွက်ပေါ်လာသည့် အသံများ
ကြောင့် မမီက ဆတ်ခနဲ တုန်သွားကာ ဆန်းမေကတော့ ပါးစပ်
မဟတဟပွင့်ကာ ငြိမ်ငေးနေသည်။

" ... ... ... ... "

"ငါက ကျုပ်ပြည့်တယ်ဟဲ့၊ ကျုပ်ပြည့်တဲ့သူက စောစော
မသေဘူး၊ ကျုပ်မပြည့်တဲ့သူကပဲ စောစောသေမှာ ..."

" ... ... ... ... "

"သုသုက မမကို အမြဲရန်လုပ်နေရင် မမကလည်း သုသု
ကို ဒုက္ခရောက်အောင် လုပ်မှာပေါ့ ..."

" ... ... ... ... "

"ပြောရင် နှင့်အစ်ကိုမသိအောင် နှင့်ကို ဟိုးအဝေးကြီးကို
ပို့ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မလုပ်ပါနဲ့၊ အဲ့ဒီလို မလုပ်ပါနဲ့ ..."

" ... ... ... ... "

CD player ထဲမှ ထွက်ပေါ်လျက်ရှိသော မမီး၏အ
နှင့် သုသု၏အသံသည် တိတ်ဆိတ်သော ညှော်ခန်းကျယ်ကြီး
မှာ နာကျင် ဝမ်းနည်းဖွယ် ပျံ့လွင့်လျက်ရှိသည်။

အငိုက်မိသလို ကြောင်ငေးနေသော မမီးသည် ရု
တရက် လှုပ်ရှားလာကာ CD player ခလုတ်ကို ပြေးပိတ်လိ
ပြီး ဦးရဲ့ ပခုံး ရင်ဘတ် လက်မောင်းတွေကို ထုရိုက်လျက်

"ရှင် ... ဒါဘာလုပ်တာလဲဟင်၊ ချစ်သူအချင်းချင်း
စပိုင်လုပ်စရာလား ..."

"ရုပ်စမ်း ... ငါ့အသားကို မထိနဲ့ ..."

ဟိန်းထွက်လာသော သူ့အသံကြောင့် ဆန်း
တောင် ဆတ်ခနဲ လန့်တုန်သွားသည်။ မမီးက ခပ်ကြောင်ကြော
ဖြစ်သွားကာ နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ပြီး သူ့ကို
ကြောင်ကြောင် စိုက်ကြည့်နေသည်။

"မင်းလို စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းမမျိုးကို
အရမ်းရွံတယ်"

"ဟင် ..."

ဆန်းမေကိုသာ ဆန်းမေချစ်သူက ဒီလိုပြော
ဆန်းမေ ချက်ချင်းတောင် လဲသေသွားမလား မသိ။ စက်
ရွံရှာဖွယ် အရာဝတ္ထုပစ္စည်းတစ်ခုခုကို ကြည့်သလို အော်ဂလီ





သော အကြည့်မျိုးဖြင့် မမီကို စိုက်ကြည့်နေသော ဦး မျက်ဝန်း
တွေကို လှမ်းကြည့်နေရင်း ဆန်းမေတစ်ကိုယ်လုံးမှာ ကြက်သီး
ဖြန်းဖြန်း ထလာပါသည်။ ဦးရဲ့ မျက်လုံးတွေထဲမှာ အချစ်မရှိ၊
ဘာမှမရှိ ... ရက်စက်စိမ်းသက်သည့် အရိပ်အငွေ့တွေ ခြုံလွှမ်း
ထားကပ်နေခဲ့သည်။ ဦးရဲ့ မျက်လုံးတွေက တဆိတ်တော့ စိတ္တဇ
ဆန်လှသည်ဟု ထင်သည်။

"အရှုံး၊ ရှင်ဟာ နှမရှုံး ရှုံးနေတဲ့ သူ ...၊ အင်မတန်
ရက်စက်တဲ့ သူ ..."

"ကိုယ့်ညီမလေးကို စိတ်ဆင်းရဲအောင်လုပ်တဲ့ ဘယ်သူ့ကို
မဆို ကိုယ် ရက်စက်ဖို့ ဝန်မလေးဘူး မီ၊ မင်းဘဝမှာ
သုသုက စာရင်းမရှိတဲ့သူဖြစ်ရင် ကိုယ့်ဘဝမှာ စာရင်းမရှိ
တဲ့သူက မင်းပဲ၊ မင်းကို ငါ လုံးဝမချစ်တော့ဘူး၊ မင်းကို
ငါ လက်မထပ်နိုင်တော့ဘူး၊ မင်း မဟုတ်တဲ့ တခြားတစ်
ယောက်ကို ငါ လက်ထပ်တော့မှာမို့လို့ ငါ မင်းဆီကို
သမင်လည်ပြန် လှည့်လာမယ်လို့လည်း မမျှော်လင့်နဲ့တော့"

ဆန်းမေသည် ဦးရဲ့ စိတ္တဇဆန်သော မျက်လုံးတွေ
နှင့် အေးစက်သော စကားလုံးတွေကို နားထောင်ရင်း ရင်ထဲ
တွင် တန်ကရင်ဖြစ်ကာ ဝမ်းနည်းလာတာမို့ တိတ်တဆိတ် လှည့်
ထွက်ဖို့ပြင်လိုက်စဉ် ...

"ဆန်းမေ ..."

လှမ်းခေါ်လိုက်သော ဦးရဲ့ ခေါ်သံက ထွက်လာတာ
မို့ ဆန်းမေက ခြေလှမ်းတုံ့ကာ ဦးကို လှည့်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ..."

ဦး အသံက အမိန့်သံ ဆန်သည်။ ဆန်းမေ မလှုပ် ရဲဘဲ နေရာမှာ ခြေစုံရပ်နေမိသည်။ မမီက မျက်မှောင်တွန့်ကာ ဆန်းမေကို လှမ်းကြည့်နေသည်။

ဦးက ဆန်းမေဆီသို့ လှမ်းလာနေပြီဖြစ်ပါသည်။ ဦး ဘာလုပ်မလို့များလဲ ဆန်းမေ မသိ၊ ဆန်းမေ မခန့်မှန်းနိုင် နှလုံးသားနေရာက တလှပ်လှပ်အေးကာ ဦးကို ငေးကြည့်ကာ ဆိုင်းနေရသည်။

ဦးက ဆန်းမေရှေ့မှာ ရပ်လိုက်သည်။ ပြီးတော့ သူ့ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ကတ္တီပါဘူးနီလေးတစ် ထုတ်ယူလိုက်ပါသည်။

ဘူးကလေးကို ဦး ဖွင့်လိုက်တော့ အလင်းရောင် ထိတွေ့ပွင့်လက်သွားသော ရောင်စဉ်တန်းကလေးနှင့်အတူ တစ်ပွင့် လက်စွပ်လေးကို မြင်လိုက်ရပါသည်။

"ဒါ ... မင်းအတွက်ပဲ ဆန်းမေ၊ မင်းကို ကိုယ် လက်ထပ် ချင်တယ်၊ ကိုယ့်ကို မင်း လက်ထပ်မလား ..."

ဆန်းမေရဲ့ နှလုံးသားကလေးဟာ ဒုခနဲ မြည်ကာ တစ်ချက်တုန်သွားသည်။ အနီးနားက အသံတွေကို ဘာဆိုဘာ မကြားရတော့အောင် နားတွေအူသွားသည်။ တစ်ကိုယ်လုံး ဆုတ်သွားသလို ဖြူဖျော့အေးစက်သွားသည်။

သူက ဆန်းမေရဲ့ အေးစက်နေသော ဘယ်ဘက် လက်ကလေးကို လှမ်းဆွဲယူလိုက်တော့ ဆန်းမေရဲ့ လက်က





အသက်မရှိသူရဲ့ လက်လို ပျော့ဖတ်လျက် အလိုက်သင့်ပါသွား သည်။

သူက ဆန်းမေရဲ့ လက်သူကြွယ်လေးမှာ သူ့လက် စွပ်လေးကို စွပ်ပေးလိုက်ရင်း ...

"မင်းကို ကိုယ် လက်ထပ်ချင်တယ်၊ ကိုယ့်ကို လက်ထပ် ပါ ဆန်းမေ ..."

ဟင့်အင်း ... ဒါဟာ တောင်းဆိုနေတာ မဟုတ်ဘူး၊ တောင်းပန်ခံနေတာ မဟုတ်ဘူး၊ ချစ်ခွင့်ပန်နေတာ မဟုတ်ဘူး၊ အမိန့်ပေးတာ၊ သက်သက် အနိုင်ကျင့်တာ၊ ဦးနောက်က ဒါတွေ သိလျက် နှလုံးသားက မငြင်းဆန်နိုင်ဘဲ ဦးကို မျက်လုံးအပြူး လေးဖြင့် စိုက်ကြည့်နေမိသည်။ ဟင့်အင်း ... ဦး မချစ်ဘဲ ဒီလို မပြောနဲ့ ...။ သူသူအတွက် ဆန်းမေကို လက်မထပ်နဲ့။ ချစ်သူရှေ့မှာ ဆန်းမေကို ဒါမျိုးလာမပြောနဲ့ ...။ ကျေးဇူး ဒီလိုပုံစံနဲ့ ဆန်းမေရဲ့ အချစ်ကို မစော်ကားပါနဲ့ ဦးရယ်။

ဆန်းမေ ရင်ထဲ နာကျင်လှသော်လည်း ရင်ထဲက လုံးတွေဟာ နှုတ်ဖျားထိ စီးကျမလာဘဲ နှလုံးသားတစ်ဝိုက် ပိတ်ဆို့စုပြုံနေသည်။ ဟင့်အင်း ... ဟင့်အင်း ... ဟု မှာ အကြိမ်ကြိမ် အော်ဟစ်နေသော်လည်း ကလေးသာသာ ကလေးကတည်းက ဦးကိုချစ်ခဲ့မိသော အချစ်က ဆန်းမေ နှုတ်ခမ်းကလေးတွေကို စေ့ပိတ်ပေးထားသည်။ ဆန်းမေရဲ့ ကို ခါမသွားအောင် ဆွဲချုပ်ထားသည်။

"အရှူး ..."



www.burmeseclassic.com

www.burmeseclassic.com



မမီက ခပ်ဆတ်ဆတ်အော်လိုက်ပြီး တံခါးဝဆီ လျှောက်လာကာ ဆန်းမေကို တွန်းတိုက်ပြီး အိမ်ပြင်သို့ ထွ သွားသည်။ မကြာခင် ခပ်ကြမ်းကြမ်း ကားမောင်းထွက်သွား ကို ကြားရသည်။

ဧည့်ခန်းကျယ်ကြီးကတော့ တိတ်ဆိတ်၍ ကျန်ခဲ့ သည်။

ထိုဧည့်ခန်းကျယ်ကြီးထဲမှာ ဆန်းမေနှင့် ဦးက မျ နှာချင်းဆိုင် ရပ်တန့်ကျန်ခဲ့သည်။ ဆန်းမေက ဘာစကားမှ နိုင်ဘဲ ခေါင်းကလေးမော့လျက် ဦးရဲ့ မျက်ဝန်းတွေကို စိုက်ကြ ငြိမ်သက်နေသည်။ ဦးက ခေါင်းငုံ့ကာ ဆန်းမေရဲ့ မျက်ဝန်း နှင့် ရင်ဆိုင်ကြည့်နေသည်။ ဦးရဲ့ မျက်လုံးအကြည့်တွေက တ အာနိသင် ကြီးမားလှပါသည်။ ဆန်းမေသည် စပါးကြီးမြွေ အ ခံရသည့် ယုန်သူငယ်ကလေးလို မလှုပ်နိုင်ဘဲ ထိုအကြည့် ငြိတွယ်ရင်း ထိုမျက်ဝန်းတွေထဲက အချစ်ရဲ့ အငွေ့အသက် အငမ်းမရ ဖွေရှာနေမိသည်။ ဒီမျက်ဝန်းတွေထဲမှာ ဆန်းမေအ ကြင်နာနူးညံ့မှုတစ်ခုခု ရှိနေမလား ...။ အချစ်ဟုယူဆနိုင်သော အရာတစ်ခုခု ရှိလေမလား ...။ ရှိရင် ဆန်းမေ မြင်ချင်တွေ့ ခံစား ပျော်ရွှင်ချင်လှပါသည်။

"ဆန်းမေ ..."

သူ့ခေါ်သံက အနည်းငယ်နူးညံ့လျက် မသိသော လေး တုန်ရီနေသည်။

"ကိုယ့်ကို လက်ထပ်နိုင်မလား ..."





သူက ထိုမေးခွန်းကိုမေးရင်း ဆန်းမေရဲ့ လက်ဖျား လေးတွေကို ဆွဲယူကာ သူ့ရင်ဘတ်မှာ ကပ်လိုက်လေသည်။

"ကိုယ် မင်းကို တကယ် လက်ထပ်ချင်ပါတယ်"

အို ... အဲ့ဒီအခိုက်အတန့်မှာ ဆန်းမေ ရင်ပွင့်သွား သည်လို့ပဲ ဆိုကြပါစို့ ...။ အဲ့ဒီလေသံလေးရယ် ... အဲ့ဒီ စကား တွေရယ် ... ဆန်းမေရဲ့ အေးစက်စက် လက်ဖျားကလေးဖြင့် ကပ်ဖိထားသော သူ့ရင်ဘတ် နွေးနွေးအောက်က တထိတ်ထိတ် လှုပ်နေသော နှလုံးသားတစ်စုံရယ်က ဆန်းမေကို သွေးရူးသွေး တမ်း ခေါင်းညိတ်လိုက်မိစေခဲ့တယ်လို့ပဲ ဆိုကြပါစို့ ...။

သူ ချစ်ချစ် မချစ်ချစ်ပေါ့ ...။ ဆန်းမေမှာ ချစ်ခွင့် ခွင့်ရှိရုံနဲ့ ကျေနပ်ရတော့မှာပေါ့ ...။ မပွင့်မီက နွမ်းနှင့်နေခဲ့ သော နှင်းဆီအဖူးကလေးမို့ ပြင်းရှရှ နေရောင်နဲ့ ပူပူလောင်လောင် ပဲ့နေယ်ဆိုတောင် ခဏလေးပွင့်ခွင့်ရရုံနဲ့ ကျေနပ်ရတော့မှာပေါ့ ခဲ့ရယ် ...'

ဦးကို ဆန်းမေ သိပ်ချစ်တယ် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

"လှလိုက်တဲ့ မေ့သမီးလေးရယ် ..."

မေမေသည် ဆန်းမေရဲ့ လက်ဖျားကလေးတွေ ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ရင်း ဆန်းမေကို ခြေဆုံးခေါင်း ကြည့်ကာ ကြည်နူးလွန်းလို့ တုန်ရင်နေသော အသံကလေး လှိုက်လှိုက်လှဲလှဲကြီး ပြောလိုက်လေသည်။

"ဆန်းမေရယ် ... နင် သိပ်လှတာပဲ သိလား၊ ငါမြင်ဖူး သတို့သမီးတွေထဲမှာ နင်အလှဆုံးပဲ၊ ရုပ်ရှင်မင်းသမီး မင်္ဂလာဆောင်ရင်တောင် နင့်လောက်မလှဘူး သိလား ..."

သော်တာက ဆန်းမေရဲ့ ပခုံးလေးနှစ်ဖက်ကို ကိုင်ရင်း ကြည်နူးဝမ်းမြောက်စွာ ပြောပြန်သည်။ ပြီးတော့ ဆန်း ရဲ့ နားရွက်လေးနားသို့ ကပ်ကာ ...

"နင် ... အရမ်း အရမ်းကို ပျော်နေတယ် မဟုတ်လား နင်ပြောတော့ မိုးကုပ်စက်ဝိုင်းဆီ ဘယ်တော့မှ မရောက် ဘူးဆို၊ ခုတော့ ရောက်ပြီမဟုတ်လား ..."





ဟု တီးတိုး ကျီစယ်လိုက်လေသည်။

ဆန်းမေ ပျော်သလား ... မပျော်ဘူးလား ... ကိုယ့် ကိုယ်ကိုယ် ပြန်မေးကြည့်မိ၏။ မမျှော်လင့်ဘဲ မျက်လှည့်ပြလိုက် သလို ဗြုန်းစားကြီး ဦးရဲ့ သတို့သမီး ဖြစ်ခဲ့ရပေမယ့် ခုချိန်ထိ သူတစ်ယောက်လို ဆက်ဆံမခံရသေးတာမို့ ကိုယ့်ကိုယ်ကိုယ် ထပ်မည့်ဆဲဆဲ သတို့သမီးရယ်လို့ ယုံကြည်မှုရှိရှိ မပျော်နိုင် သေး ...။

ဦး ... ဆန်းမေကို ချစ်လားဟင် ... ချစ်လားဟင်ဟု ထဲကနေ အကြိမ်ကြိမ် မေးခွန်းတွေ ထုတ်နေမိရင်း ဦးရဲ့ စိမ်းစိမ်းအကြည့်များကို မြင်ယောင်ဝမ်းနည်းရ၏။ သို့သော် ဆန်းမေရဲ့လက်ကလေးကို သူ့ရင်ဘတ်မှာကပ်ရင်း 'ကိုယ် မင်းကို ကယ် လက်ထပ်ချင်ပါတယ်' ဟု ပြောသော သူ့စကားသံ အပြုအမူကို ပြန်တွေးတော့လည်း ပျော်ရွှင်ရ၏။

အဲ့ဒီနေ့ရဲ့ နောက်ပိုင်းမှာတော့ သူက အန်တီထွေး အမေ့ထံ လာရောက်နားဖောက်စေ၏။ မင်္ဂလာကိစ္စများကို စေ၏။

ဆန်းမေက သူနဲ့အတူ မင်္ဂလာခန်းဝင်ပစ္စည်းတွေ ထွက်ဝယ်ရင် ဘယ်လောက်ကောင်းမလဲဟု စိတ်ကူးယဉ်မိ လည်း တကယ်တမ်း ဈေးဝယ်ထွက်ရတော့ သော်တာရယ်၊ မေရယ်၊ အန်တီထွေးရယ်နဲ့ပဲ အတူသွားလာရကာ သူကတော့ ပ်အကိုင် မပျက်တည်း ...။

ဆန်းမေနှင့် တွေ့လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းမေ ဖြစ်ချင်တာ လုပ်ချင်တာအားလုံး အန်တီထွေး ကိုပြောနော် ...၊ ဆန်းမေ စိတ်ကြိုက်လုပ်ဖို့ ကိုယ် ခွင့်ပြု တယ်၊ မင်္ဂလာဝတ်စုံလည်း ဆန်းမေ ကြိုက်တဲ့အရောင် ရွေးလိုက်၊ ကိုယ်က ဘာဖြစ်ဖြစ် ရတယ်"

ဟုပြောပြီး သူက သူ့ကုမ္ပဏီကိစ္စဖြင့် နိုင်ငံခြား ထွက်တဲ့အခါထွက်သေး၏။

ဆန်းမေ ဝတ်ချင်တဲ့ ဝတ်စုံလေးကို သူ့ကိုအ ပြချင်၊ တိုင်ပင်ချင်သော်လည်း သူကစိတ်မဝင်စားချေ ...။ ဆန်း ကို လက်ထပ်မယ်သာ ဆိုသော်လည်း ချစ်သူကလေးလို တ တနိုး ဆက်ဆံဖို့ဝေးစွတည်း ...။ အရင်တုန်းက ဆက်ဆံရေး မပိုသာသောကြောင့် ဆန်းမေလည်း သူ့အပေါ် ရဲရဲတင်း ဆက်ဆံလိုက်ဖို့ မဝံ့ရဲပေ ...။

မင်္ဂလာရက် နီးကပ်လာချိန်မှာ နိုင်ငံခြားထွက်ဖို့ ပေါ်လာပြန်သောအခါ သူက တစ်စုံတစ်ရာ စိတ်အနှောင့်အယှက် ဖြစ်ပုံမရဘဲ ...

"မင်္ဂလာဆောင်မယ့်မနက် ကိုယ် ပြန်ရောက်မှာဆို အချိန်ရပါတယ်၊ ကိုယ်က ဆန်းမေလို အထွေအထူး ဆင်ဝတ်စားစရာမှ မလိုတာ၊ အဝတ်အစား ကောက် လိုက်ရုံပဲလေ ...၊ ဘာမှမပူနဲ့ ... ဟုတ်ပြီလား"

သူက မပူနဲ့ပြောကာ ထွက်ခွာသွားသော်လည်း ဆန်းမေမှာတော့ ရင်ထဲပူကျွမ်းကာ ကျန်ရစ်ရသည်။ အန်တီ ကတော့ ဆန်းမေကို ဖျောင်းဖျ၏။





"မင်္ဂလာရက် သတ်မှတ်ပြီးမှ ကိစ္စကပေါ်လာတာလေ ...၊ သူ ဟိုမှာနေတုန်းက သူ့ကို အရမ်းကူညီခဲ့တဲ့ မိတ်ဆွေရဲ့ အဖေ နာရေးဆိုတော့လည်း မသွားမဖြစ်ဘူးပေါ့၊ စီးပွားရေးကိစ္စဆိုရင်တော့ သူ မသွားပါဘူး"

ဆန်းမေက အန်တီထွေးပြောသမျှကို ငြိမ်နားထောင် နေခဲ့သော်လည်း အမေက စိတ်ပူပူဟန်ဖြင့် ...

"ဟို ... ဒါနဲ့ မမရယ် ... ကျွန်မ ကြားဖူးတာတော့ မင်္ဂလာဆောင်မယ့်ဆဲဆဲ သတို့သားဆိုတာ နာရေးမသွားရဘူးဆို၊ သွားရင် မင်္ဂလာဆောင်မှာ အဆင်မပြေတာလေးတွေ ဖြစ်တတ်တယ်ဆို ..."

"မမလည်း ကြားဖူးလို့ တားကြည့်ပါသေးတယ် မေခင်ရယ်၊ ဒါပေမယ့် ဝီရက ဒါမျိုးတွေ အယူမရှိဘူးတဲ့လေ"

ဆန်းမေကတော့ အယူရှိတယ်ရယ် မဟုတ်ပေမယ့် ...ည်းတော့ စိုးထိတ်နေခဲ့မိတာ အမှန်ပင်။

"သမီးရေ ... အမေ သူသူတို့ မိတ်ကပ်လိမ်းနေတဲ့ အခန်းဘက် သွားကြည့်လိုက်ဦးမယ်၊ သော်တာ သမီးသူငယ်ချင်းနားမှာ နေလိုက်ဦးနော်"

"ဟုတ်ကဲ့ ... အန်တီ"

အမေ အပြင်ထွက်သွားတော့ သော်တာက ပြုံးစိ ... ဖြစ်လာကာ ...

"မိန်းမ ... ရုပ်တည်ကြီးနဲ့ ကျိတ်ပျော်နေတယ် မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ပျော်သလား ... မပျော်သလားတောင် မသိတော့ပါ
သော်တာရယ်၊ ကြောက်လို့လား ... စိုးရိမ်လို့လား ...
လို့လားတော့ မသိဘူး၊ ရင်တွေတော့ အရမ်းတုန်နေတယ်
ဆန်းမေက ရင်ဘတ်ကလေးကို ဖိကာပြောမိ
သော်တာက ရယ်မောလိုက်ရင်း ...

"ချစ်လို့ဖြစ်မှာပေါ့ဟဲ့၊ နင် အချိန်တွေအကြာကြီး အ
ချစ်နေရတဲ့သူနဲ့ လက်ထပ်ရမှာမို့လို့၊ သူ့ကို အရမ်း
ချစ်လွန်းလို့ ရင်တွေတုန်နေ ခုန်နေတာပေါ့၊ ဟိဟိ ...
တောင် နင့်ကို အားကျပြီး ရင်တွေခုန်နေတာ သိလား
ငါချစ်တဲ့ လီမင်ဟိုလေးလည်း ငါ့ကို လက်ထပ်ခွင့်တော
ရင် ဘယ်လောက်ကောင်းမလဲနော်၊ မိုးကုတ်စက်ဝိုင်း
ရောက်မှန်းသိပြီဆိုတော့ ငါလည်း လျှောက်ကြည့်ချင်
တာနော် ..."

သော်တာ့အပြောကြောင့် ဆန်းမေက ပြုံးလ
ဆန်းမေရှေ့က မှန်ထဲသို့ လှမ်းကြည့်လိုက်မိလေသည်။

မှန်ထဲက အဖြူရောင် သတို့သမီးကလေး
မရဲတရဲ တုန်တုန်လှုပ်လှုပ်လေး ပျော်နေသော မျက်နှာကလေး
ဆန်းမေကို ငေးကြည့်နေလေသည်။

စိန်ပွင့်ကလေးတွေ ပွတ်ခဲဖြူလက် လင်းပနေ
ထိုင်မသိမ်း ဝတ်စုံဖြူကလေးသည် ခေတ်ဆန်းမေကို ဆ
နန်းတော်ပေါ်က အဖြူရောင် မင်းသမီးကလေးလို လှ
သည်။ ဆန်းမေရဲ့ ဆံပင်ကလေးတွေကို ငယ်ထိပ်မှာ စုစည်း





အခွေ အကြီးအသေး သုံးခုဆင့်၍ စွပ်လျက် အပေါ်ဆုံးက
ဆုံး ဆံထုံးအခွေကလေးရဲ့ ထိပ်ဝသို့ ဆံပင်ခွေလေး ဆွဲ
ထားသော ဒေစီဆံထိုးကလေးပေါ်မှာ တစ်ပွင့်စိန်ဆံထိုး
တစ်ခု ထိုးစိုက်ထား၏။ နားရွက်နှစ်ဖက်အောက်မှ ဆံပင်
လေးနှစ်ခုက ပါးမို့မို့ကလေးတွေဘက်သို့ ကော့ထွက်နေ၏။
ပြောသလိုပဲ ဆန်းမေဟာ ဒဏ္ဍာရီထဲက မင်းသမီးလေး
လို ဖွေးဥနေဖတ် လှပလို့နေခဲ့ပါသည်။ ဒီအလှကို ဦး မြင်
ဘယ်လိုများ ချီးကျူးမှာပါလိမ့်။ ဘယ်သူက ဘယ်လိုလှ
ပြောပြော ... ဦး ပြောတာလောက်တော့ ပျော်စရာကောင်းမည်
င်ပေ။

ဆန်းမေသည် ရုက်စနိုး တစ်ချက်ပြုံးလျက် မှန်သား
မှ အကြည့်လွှဲကာ သော်တာ့ကို မော့ကြည့်လိုက်ရင်း ...

"သော်တာ ... ငါ မှားလားဟင်"

"ဘာကိုလဲ ..."

"ဦး ငါ့ကို မချစ်မှန်းသိရက်နဲ့ ခေါင်းညိတ်မိတာ ငါမှား
သွားသလားလို့ပါ ..."

"သူ နင့်ကို မချစ်ဘူးလို့ တပ်အပ်မပြောနိုင်ပါဘူးဟာ ...၊
လူကြီးမို့လို့ သူ့အချစ်ကို မဖော်ပြတတ်တာ၊ ဖော်ပြဖို့
ရှက်တာနေမှာပါ၊ နင်တို့ချင်း သံယောဇဉ်ကလည်း နည်းမှ
မနည်းတာ၊ တောင်တောင်အီအီ လျှောက်တွေးမနေနဲ့တော့၊
ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ရပြီပဲဟာ၊ စိတ်ကို ရှင်းရှင်းထား
ရင် ပျော်စရာကြီးပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပျော်တော့ ပျော်ပါတယ်၊ ဒါပေမယ့် ဝမ်းလည်း တယ်၊ သူက ငါ့ကို သိပ်ဂရုမစိုက်လှဘူးလေ၊ ပြီး သုသုအတွက် မမီနဲ့ လမ်းခွဲပြီး သုသုအတွက်ပဲ လက်ထပ်ခဲ့တာ ငါသိနေတာပဲ၊ သူ ငါ့ကိုမချစ်ပါဘူး အဲ့ဒါ ငါ သိပါတယ်၊ တကယ်တော့ ဒါဟာ ငါ့ မထင်မှတ်ဘဲ ရောက်လာတဲ့ ကံကြမ္မာပါ"

ဆန်းမေ အသံကလေးက အဖျားမှာ တုန်ရင် သွားတာမို့ သော်တာက ဆန်းမေရဲ့ ပခုံးကလေးကို အ သလို ဆုပ်ညှစ်လိုက်ရင်း ...

"နင် မမှားပါဘူး ဆန်းမေ၊ နင် သူ့ကိုချစ်ခဲ့တာ မရဲတရဲချစ်ခဲ့တာ မဟုတ်လား၊ သူ နင့်ကို ချစ်လာ လည်း နင် မကြိုးစားခဲ့ဖူးဘူး မဟုတ်လား၊ နင် ဖန်တီးတဲ့ ကံကြမ္မာလည်း မဟုတ်ခဲ့ဘူးလေ၊ မထင် ရောက်လာတဲ့ ကံကြမ္မာကို လက်ခံလိုက်မိတာ အ မဟုတ်တာ၊ ကံကြမ္မာဆိုတာ လက်ခံသူရဲ့ သဘော အပေါ် မူတည်ပြီး ပြောင်းလဲတတ်တာပဲ၊ နင့်ဆီ ကံကြမ္မာက မကောင်းခဲ့ရင်တောင် နင်က ကောင်း ထားလေးနဲ့ လက်ခံထားရင် အကောင်းဘက်ကို သွားမှာပဲ၊ ဦးကျော်ဝီရက အခု နင့်ကို မချစ်သေးရင် နင် သိပ်ချစ်တာကို သိလာတဲ့အချိန်ကျရင် နင့်ကို အ ချစ်သွားမှာပါဟာ ..."





သော်တာ့ စကားကြောင့် ဆန်းမေမှာ အားရှိရကာ ကလေးလည်း ကြည်လင်လာရပါသည်။

"နင့်စကားတွေ ကြားရတာ အားရှိလိုက်တာ"

"ဟွန့် ... နင်ကတော့လေ တဆိတ်ရှိ အားငယ်ဖို့ပဲ၊ အဲ့ဒီ အကျင့်ကို ပြင်စမ်းပါ"

သော်တာက ဆန်းမေကို မျက်စောင်းကလေး ထိုး ပြောလိုက်ပြီးမှ ...

"နင့် ဦးကျော်ဝီရကို တစ်ခုတော့ မကျေနပ်ဘူး"

"ဘာလဲဟင် ..."

"ဒီလိုရက်ကြီး ခရီးသွားစရာလားလို့ ..."

"မသွားမဖြစ်လို့ သွားရတာပါဟယ်"

"နင် စိတ်မဆိုးဘူးလား ..."

"မဆိုးပါဘူး၊ အားငယ်တာပဲ ရှိတယ်၊ သူ အချိန်မီ ပြန် ရောက်လာပြီး မင်္ဂလာပွဲ အေးအေးဆေးဆေး ပြီးမြောက် သွားမယ်လို့လည်း ယုံတယ်၊ သူဘာလုပ်လုပ် ငါ အပြစ် မမြင်ပါဘူး သော်တာရယ် ...၊ ငါ သူ့ကို အရမ်းချစ်တာ ဟာ ..."

"အံမယ် ... ကြည့်စမ်း ... ကဲကို ကဲနေပါလား"

သော်တာက ခါးထောက်ကာ ဆန်းမေကို မျက် ငင်းကြီးထိုးရင်း ပြောတော့ ဆန်းမေက ရယ်မိသည်။ အို ... မေ တကယ်ပျော်ပါသည်။ စိတ်ကိုရှင်းလိုက်တော့လည်း မရဲ ရဲဟုတ်ဘဲ ခပ်ရဲရဲ ပျော်လာသည်။

www.burmeseclassic.com



"သမီးရေ ... ဆန်းမေ ..."

ဆန်းမေ အလှပြင်သည့် ဟိုတယ်အခန်းထဲကို
လာသော အမေ့ကို ဆန်းမေနှင့် သော်တာက လှမ်းကြည့်မိသ
အမေက ခုမှ စိတ်အေးလက်အေး ရှိရပုံဖြင့်
"သမီးရေ ... ဘာမှမပူနဲ့၊ မောင်ကျော်ဝီရ လာနေပြီ
ခုပဲ သုသုဆီ ဖုန်းဆက်ပြောတယ်"

သုသုဆီ ဆက်တာတဲ့။ ဆန်းမေဆီ ဘာလို့
တာလဲဟင် ...။ ဆန်းမေလည်း ဦးကို မျှော်နေတာပါ။ ဆ
က မှန်တင်ခုံပေါ်တင်ထားသည့် ဆန်းမေအတွက် ဦးပေးထား
ဖုန်းလေးကို ငေးကြည့်ရင်း တွေးမိသည်။ သို့သော် ... ဘ
ဖြစ်ဖြစ် ဦး လာပြီဆို ဆန်းမေ စိတ်အေးပြီ။

"ဆန်းမေ ငါ အပြင်ထွက်ပြီး စီစဉ်စရာရှိတာလေး
စီစဉ်လိုက်ဦးမယ်နော်"

"အေး ... အေး ... သော်တာ"

သော်တာက ဆန်းမေ ပခုံးလေးကို ဖွဖွ
အခန်းပြင်သို့ ထွက်သွားသည်။ အခန်းထဲမှာ အမေနှင့် ဆ
နှစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့သည်။

အမေက ဆန်းမေကို ကြည့်မဝသော ကြည့်
ဖြင့် ကြည့်နေရင်းက ဆန်းမေရဲ့ လက်ဖျားလေးတွေကို
ဆုပ်ကိုင်လိုက်သည်။ အမေ့ မျက်ဝန်းထဲမှာ ကြည်နူးမျက်ရ
တွေ ဝေ့ဝဲနေပါသည်။

"သမီး ..."





"ရှင် ..."

"မောင်ကျော်ဝီရအပေါ်မှာ ရုပ်ရှင်တွေထဲကလို မလုပ်ရဘူးနော် သမီး ..."

"အမေ ဘာကိုပြောတာလဲဟင် ..."

"တချို့ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာ ပါတယ်မဟုတ်လား၊ အသက်ကြီးပြီး ပိုက်ဆံရှိတဲ့ သူဌေးနဲ့ ပိုက်ဆံမရှိတဲ့ အသက်ငယ်တဲ့ ကောင်မလေးတွေ ညားသွားရင် ကောင်မလေးက ကလေးဆန်ပြီး သဘောထားသေးတယ်၊ အလုပ်များတဲ့ ယောကျ်ားကို အပြစ်မြင်တယ်၊ ဂရုမစိုက်လို့ အထီးကျန်တယ်ဆိုပြီး ထင်ရာတွေလုပ် ပြဿနာတွေဖြစ်ကြတယ်လေ၊ မောင်ကျော်ဝီရ အပေါ်မှာ သမီး အဲ့ဒီလိုမလုပ်ဖို့ အမေပြောချင်တာပါ ..."

ဆန်းမေက ပြုံးမိရင်း ...

"စိတ်ချပါ အမေရယ်၊ သမီး ဒီလိုမလုပ်ပါဘူး"

"စိတ်ကူးယဉ်ဆိုတာ တကယ် ဖြစ်လာတာလည်း ရှိသလို တကယ်ဖြစ်မလာနိုင်တာလည်း ရှိတယ် သမီးရဲ့၊ သမီးနဲ့ မောင်ကျော်ဝီရနဲ့ လက်ထပ်ရတဲ့အဖြစ်က စိတ်ကူးယဉ်ဆန်ကောင်းဆန်မယ်၊ ဒါနဲ့ပဲ တခြားကိစ္စတွေလည်း စိတ်ကူးယဉ်ဆန်ဆန် လှပလိမ့်မယ်လို့ မထင်နဲ့၊ အရာအားလုံး စိတ်ကူးသလိုဖြစ်လာလိမ့်လို့လည်း အထင်မရောက်နဲ့၊ အိမ်ထောင်သည်ဘဝကို လက်တွေ့ကျကျ သဘောထား ပြည့်ပြည့်ပဲ ဖြတ်သန်းပါ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အမေ ..."

ဆန်းမေက ခေါင်းလေးညိတ်ကာ လေးလေးန နက် နှုတ်ခံမိသည်။ အမေက ဆန်းမေရဲ့ လက်ကလေးတွေ ဖျစ်ညှစ်ရင်း ပြုံးလိုက်သည်။ ထိုအခိုက်မှာ သုသုက အခန်းထဲ ပြေးဝင်လာခဲ့ကာ ...

"ဆန်းမေ ... ဆန်းမေ ... အမလေး လှလိုက်တဲ့ ဆန်း"

"သုသု ..."

"ဟဲ့ ... ဟဲ့ ... သုသု သတို့သမီးကို တအားမဖက် လေ၊ ဆံထုံးတွေ အဝတ်အစားတွေ ရှုံ့ကုန်တော့မှာ"

သုသုက ဝမ်းသာအားရအော်ရင်း ဆန်းမေကို ဖက်၊ အန်တီထွေးက ဝင်ဆွဲနှင့်မို့ အခန်းထဲမှာ ဆူညံစည်ကား ပါသည်။ သုသုက အရမ်းကျေနပ် ပျော်ရွှင်နေပုံဖြင့် ဆန်း ကို တစ်ပတ်ပြီးတစ်ပတ် ပတ်၍ ကြည့်လိုက်ရင်း ...

"လှလိုက်တာ ... ကိုကို့ မိန်းမက လှလိုက်တာ၊ ဒါ ကိုကို့ မိန်းမ၊ ဒါ့ကြောင့် အစောကြီးကတည်းက ဆန်း ကို ယူဖို့ ကိုကို့ကို သုသု အာပေါက်အောင်ပြောခဲ့ ဆန်းမေပြောတာ နားထောင်လို့ ကိုကို ကံကောင်း တာ"

"ကဲ ... သုသုရယ်၊ ဆန်းမေကို ကြည့်တာ တစ်ပတ် ကြည့်ပြီးရင် တော်ရောပေါ့၊ ဝိုင်းကြီးပတ်ပတ် ဒူ လှည့်နေတော့ ညည်းကြည့်ပြီး ငါတောင် ခေါင်းမူးလာ"

"ဟိဟိ ... အဲ့ဒါဆို မျက်စိမှိတ်ထားလေ တီတီထွေး"





သုသု စကားကြောင့် ဆန်းမေက ပြုံးလိုက်မိရင်း သုသုလက်ကို လှမ်းဆွဲလျက် ဆန်းမေရှေ့က ခုံမှာထိုင်ခိုင်းလိုက် သည်။ သုသုက အပျိုတော်ဝတ်စုံဆန်ဆန် အတွင်းရင်ခံအင်္ကျီနှင့် ချည်ကို ပိုးချိပ်ဝမ်းဆက်ဝတ်ကာ အပေါ်ဝတ် မှန်ဇာအပါးလေး ဝတ်ထားပါသည်။ ဝလွန်းပေမယ့် ဖြူဖြူဖွေးဖွေး တစ်လုံးတစ်ခဲ ကြီးမို့ သုသုပုံစံက ချစ်စရာကောင်းနေသည်။

ဆန်းမေက သုသုကို ပြုံးကြည့်ရင်း ...

"သုသုလည်း ဒီနေ့ အရမ်းလှတယ် သိလား ..."

"ဟင့် ... ဟုတ်လို့လား"

"ဟုတ်တာပေါ့ သုသုရဲ့ ..."

"ဆန်းမေ ..."

"အင်ဟင် ..."

"ဆန်းမေက ဒီနေ့ကစပြီး သုသုတို့အိမ်မှာ လာနေတော့မှာ မဟုတ်လား"

"အင်းလေ ... သုသု မကြိုက်ဘူးလား"

"ကြိုက်လွန်းလို့ ကြိုက်ကြိုက် ကြိုက်ကြိုက် ဖြစ်နေတာ၊ သုသုက ဆန်းမေနဲ့ အဲ့လို တစ်အိမ်တည်း အတူတူနေချင် တာ"

ဆန်းမေက နှာခေါင်းလေးရှုံ့ ပခုံးလေးကျုံ့၍ တုန် နေသလိုပုံလေး လုပ်ပြရင်း ပြောတာမို့ ဆန်းမေက သုသုရဲ့ ပါးဖောင်းလေး တစ်ဖက်ကို ဖျစ်ညှစ်လိုက်မိပါသည်။

ထိုစဉ်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းမေ ..."

မျှော်လင့်ရသော ခေါ်သံလေးသည် ဆန်းမေ၏ နောက်ကျောဘက် အခန်းတံခါးဝဆီမှ ထွက်ပေါ်လာခဲ့လေသည်။

သူ လာပြီ ...။

ဦး ... လာပြီ ...။

ဆန်းမေ ချစ်မြတ်နိုးရတဲ့သူ ရောက်လာခဲ့ပါပြီ ...။

လူမမြင်ရခင်၊ အသံကြားရခိုက်မှာပင် ဆန်းမေ စိတ်နှလုံးတွေ လုံခြုံချမ်းမြေ့သွားသည်။ ဒီအချိန်မှာကြားလိုက်ရသော သူ့အသံကြောင့် ဆန်းမေရဲ့ ဘဝတစ်ခုလုံး တစ်သက်တာ အားကိုး အကွယ် ရသွားသလို စိတ်ချလက်ချ ဖြစ်သွားသည်။

ဆန်းမေသည် ရင်ထဲ လှပ်ခနဲ တုန်သွားတာ မျက်လုံးလေး ခဏမှိတ်ကာ လှစ်ခနဲ ပြုံးလိုက်ပါသည်။ ထို့နောက် သူ့ကိုလှည့်ကြည့်လိုက်လေသည်။

ဆန်းမေနှင့် မျက်လုံးချင်းဆုံခိုက်မှာ သူ့မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားချိန်ဟာ ခဏလေးဆိုသော်လည်း ထိုခဏလေးကို ဆန်းမေ ခံစားသိမြင်လိုက်သည်။ သူက ဆန်းမေ၏ တစ်ကိုယ်လုံးကို သဘောကျသလို တစ်ချက်ကြည့်လိုက်ပြီး ဆန်းမေထံသို့ လျှောက်လာနေသည်။

ဆန်းမေကလည်း ကိုယ့်သတို့သားကြီးကို ရင်ခုန်နှစ်သက်စွာ ကြည့်နေခဲ့မိပါသည်။ သူ့ခန္ဓာကိုယ်ပေါ်မှာ သတို့သား ဝတ်စုံကို ဆင်မြန်းထားခဲ့သည်လေ။ ပိုးတောင်ရှည်နှင့် တိုက်ပုံ ရင်ဖုံး ဝတ်ထားသော သူ့ပုံက ခန့်လှ သန့်လှသည်။ အညိုရောင်





ဆံပင်ပျော့တွေကို နောက်သို့လှန်ဖြီးထားသဖြင့် ထင်းထင်းပေါ်နေသော မဟာနဖူးနှင့် သတို့သားဝတ်စုံက အလွန်ပဲလိုက်ဖက်ညီလှပါသည်။

သူက ဆန်းမေရှေ့မှာ ရပ်၍ ဆန်းမေကို ငုံ့ကြည့်လိုက်သည်။ ဆန်းမေက သူ့ကို မော့ကြည့်မိသည်။

သူက တစ်ချက်ပြုံးလိုက်ရင်း ...

"သတို့သမီးလေးက တော်တော်လှတာပဲ"

အို ... ချီးကျူးလှပါပြီရှင်၊ ဆန်းမေ မခံယူရဲပါဘူးရှင်။ ဒီလိုစကားမျိုး ချီးမြှင့်ပေးတာကိုပဲ ပျော်မဆုံးမော်မဆုံးဖြစ်လှပါပြီရှင်ဟု၍ စိတ်ထဲကပြန်ပြောရင်း ဆန်းမေက ကျိတ်၍အူမြူးသွားသည်။ သို့သော် ... လွတ်၍ မပျော်ရဲ၊ ဣန္ဒြေကို ထိန်းထားရသေးသည်။ ရင်ခုန်ရလွန်းတာမို့ စကားသံတွေ ထွက်မလာနိုင်ဘဲ နှုတ်ခမ်းလေး စေ့စေ့ပိတ်နေသည်။

"ဆောရီး ... ကိုယ် နည်းနည်း နောက်ကျသွားတယ်၊ လာသွားစို့ ..."

သွားစို့တဲ့။ ထိုစကားလေးက 'အတူတကွ' ဆိုသည့် အဓိပ္ပာယ်ကို ရည်ညွှန်းသည်။ တစ်ဘဝလုံး 'အတူတကွ' ရှိနေချင်ပါတယ် ဦးရယ် ...။

သူက သူ့ဘယ်ဘက်တံတောင်ဆစ်ကို ကွေး၍ပေးလိုက်သဖြင့် ဆန်းမေက ထိုတံတောင်ဆစ်ကွေးကို လက်ဖြင့်လှမ်းတွဲချိတ်ကာ မတ်တတ် ထရပ်လိုက်ပါသည်။

"ဖြောင်း ... ဖြောင်း ... ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခိခိ … ပျော်စရာကြီး၊ ကိုကိုနဲ့ ဆန်းမေ လင်မယားဖြ
ပြီ … ဟီးဟီး …"

သုသုက လက်ခုပ်လေးတီးကာ ထအော်လိုက်သဖြ
ဆန်းမေက ခပ်ရှက်ရှက်ပြုံးရင်း ဦးဘက်ကို မျက်လုံးလေး
ကြည့်လိုက်သည်။ ဦးက သုသု ပျော်နေတာကို ကျေနပ်သဘောကျ
သလိုလေး လှမ်းကြည့်နေသည်။

"ကိုကို … သုသု စကားနားထောင်တာ မှန်သွားပြီ သိလား
ဆန်းမေ ဘယ်လောက်လှလဲ …၊ ဆန်းမေက နုနုလေး
လှတာ …၊ ဟို ရင့်ရင့်ကြီးလှတဲ့ မိန်းမကြီးကိုသာ ကိုက
ယူရင် ဒုက္ခရောက်မှာ သိလား …၊ သုသု ပေးစားတာ
ယူတော့ ကိုကို ဒုက္ခမရောက်ဘူးပေါ့ …"

"ဟဲ့ … သုသု …"

အန်တီထွေးက အားနာစွာ ဝင်ဟန့်လိုက်သည်
ဦးက ကွက်ခနဲ မျက်နှာတစ်ချက် ပျက်သွားသည်။

"သုသုက မှန်တာပြောတာပဲ တီတီထွေးရဲ့ …"

"ကဲ … ကဲ … လာ … သုသု၊ ပွဲ ထွက်ရတော့မှာ သမီး
လေးရဲ့၊ လာ … အပြင်ထွက်ရအောင်နော်၊ သော်တာ
ဟိုမှာ ကြဲမယ့်ပန်းတွေ ထည့်ထားတဲ့ ဖလားနော်၊ ပန်းကြဲ
မယ့် တစ်ယောက်ကို သွားပေးလိုက်ဦး"

"ဟုတ်ကဲ့ … အန်တီထွေး"

သော်တာက ပန်းတွေထည့်ထားသည့် ဖလား
လှမ်းယူလိုက်တော့ သုသုက ဖလားဆီ အကြည့်ရောက်သွား





"ခိခိ … ပန်းတွေအများကြီးပဲ၊ ပေး … သုသု ပန်းကြဲပေး
မယ်"

ဟုပြောရင်း သော်တာ့လက်ထဲက ဖလားကို ဖတ်ခနဲ
လှမ်းဆွဲယူကာ ပွေ့ပိုက်ထားလိုက်လေသည်။

"သုသု … သမီးလေး ပြန်ပေးလိုက်နော်၊ ပွဲထွက်ရတော့မှာ
သမီးရဲ့၊ နောက်ကျနေဦးမယ်လေ၊ သမီးကြဲချင်ရင် စော
စောက ပြောရောပေါ့၊ ခုတော့ …"

"ဟင့်အင်း … သုသု ကြဲမယ်၊ သုသု ကြဲမယ် …"

အန်တီထွေးက ဖျောင်းဖျရှာသော်လည်း သုသုက
ဖလားကို လွှတ်မပေး …။

"သုသု ကြဲချင်ကြဲပါစေ အန်တီထွေး …"

"ဟေး … ဒါမှ တို့ကိုကို …"

ဦးက ခွင့်ပြုသဖြင့် သုသုက ပျော်မြူးသွားသော်
လည်း အန်တီထွေးက အားနာပုံဖြင့် …

"ပန်းကြဲဖို့ စောင့်နေတဲ့ တစ်ယောက်ကို အားနာစရာကွယ်"

"အကျိုးအကြောင်းပြောပြီး တောင်းပန်လိုက်ပါ၊ ကျွန်တော့်
ရုံးက ကောင်မလေး မဟုတ်လား၊ ကိစ္စမရှိဘူး"

အန်တီထွေးက အခန်းပြင် ပြန်ထွက်သွားသည်။
သော်တာက ဆန်းမေကို တစ်ချက်လှမ်းကြည့်ပြီး မသိမသာလေး
ရှုံ့မဲ့ပြသည်။ အမေက သက်ပြင်းချသည်။ ဦးကတော့ သူ့ညီမလေး
ပျော်ဖို့ဆို ဘာမဆို လုပ်မည့်သူတည်း …။ ဆန်းမေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဦး ဒီလိုလုပ်ခိုင်းတာကို စိတ်ကသိကအောက် မရှိလှပါ။ သုသုကို ဆန်းမေလည်း ချစ်သနားရတာမို့ပင် …။

"ကဲ … ကဲ … သုသုရေ … လာ၊ သမီး သေချာကြိုနော်၊ ခြေလှမ်းမမှားစေနဲ့နော်၊ ဒီလိုလေး လုပ်နော်"

အန်တီထွေးက အခန်းထဲပြန်ဝင်လာကာ သုသုကို သေချာသင်ပြ ပြောဆိုရင်း ချွေးတွေပြန်နေသည်။

ခဏအကြာမှာတော့ ဆန်းမေတို့ လှပစွာ ပွဲထွက်လာလေသည်။

သုသုက ဘာအမှားအယွင်းမှ မလုပ်တာမို့ ဦးရော ဆန်းမေပါ စိတ်ချမ်းသာရသည်။

စိတ်လှုပ်ရှားလှသဖြင့် ဆန်းမေ အသားတွေ အေးနေသော်လည်း ဦးရဲ့လက်ဖြင့် ထိကပ်ဖက်တွယ်ထားရသော ဆန်းမေ၏ ခန္ဓာကိုယ် ညာဘက်ခြမ်းလေးကတော့ နွေးနေသည်။ နောက်တော့ ငြိမ့်ညောင်းသာယာသည့် မင်္ဂလာအခါတော်ပေး သီချင်းလေးနှင့်အတူ ဆန်းမေ တစ်ကိုယ်လုံး နွေးလာပါသည်။

ကြည့်စမ်း … အိပ်မက် မက်နေရသလိုပါပဲလား …။

ဦးနဲ့အတူ ခုလို မင်္ဂလာမင်းလမ်းမှာ လျှောက်ခွင့်ရလိမ့်မယ်လို့ တစ်ကြိမ်တစ်ခါလေးတောင် မစဉ်းစားခဲ့မိပါလား။

ဆန်းမေရဲ့ နှုတ်ခမ်းကလေးတွေသည် သတို့သမီးပီသ တမင်ပြုံးထားရတာမျိုး မဟုတ်ဘဲ သူ့အလိုလို ညွတ်ကွေးပြုံးလျက် မျက်ဝန်းလေးတွေဟာ ပီတိမျက်ရည် ဝေ့သီကာ တလက်လက် တောက်ပနေခဲ့ပါသည်။





ဦးနှင့်အတူ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း အိပ်မက်ဘုံသို့ သွားသည့် လှေကားတစ်ထစ်ကို နင်းတက်လိုက်ရသလို စိတ်မှာထင်မိသည်။ ကော်ဇောနီခင်းထားသော မင်းလမ်းကို အိပ်မက်ဘုံသို့သွားရာ လှေကားထစ်များဟုပင် ထင်မြင်မိတော့သည်။

မင်္ဂလာစင်မြင့်ရှိရာသို့ ဦးနှင့်အတူ လျှောက်လှမ်းလာရင်း ဦးနဲ့တွေ့ခဲ့ရသော အမှတ်တရတွေဟာ ဆန်းမေရဲ့ အာရုံထဲမှာ လှပစွာ ကွန့်မြူးလာခဲ့သည်။ တစ်ဖက်ခြမ်းက ရေကူးကန်ကို ချောင်းကြည့်ရင်း ခုံပေါ်က ပြုတ်ကျသည့်အကြောင်းတွေးမိတော့ ဆန်းမေက 'အဟင်း' ခနဲ အသံလေးတစ်ချက် ထွက်ကာ ပြုံးမိသွားသည်။

ထိုအသံကြောင့် သူက ဆန်းမေကို ငုံ့ငဲ့ကြည့်သည်။

"ဆန်းမေ … ဘာဖြစ်လို့လဲ"

"ဟို … ဘာမှမဖြစ်ပါဘူး ဦး"

သူက တိုးတိုးမေးသဖြင့် ဆန်းမေကလည်း တိုးတိုးပြန်ဖြေရင်း မျက်နှာပိုးသတ်လိုက်ရသည်။

သူနဲ့ အမြဲနီးကပ်မနေခဲ့သော်လည်း မြင်သာရုံမလှမ်းကမ်းလေးကနေ 'ကြွေ'ခဲ့ရတဲ့အချိန်တွေ၊ သူ့ခန္ဓာကိုယ်ကို မြင်ဖက်မှာ ရင်ခုန်ခဲ့ရတဲ့ အမှတ်တရတွေ၊ သုသုနဲ့အတူ သုံးယောက်သွားလာခဲ့ရတဲ့ နွေးထွေးသော အချိန်လေးတွေ၊ ရေကူးကန်ထဲက ဆန်းမေကို ပွေ့ချီ ဆယ်ယူခဲ့တဲ့ အမှတ်တရတွေ …။ ထိုအချိန်လေးတွေဆီက အမှတ်တရတွေက ဒီအချိန်မှာ ရင်ကိုလာခေါက်နေသည်။ လွမ်းမော ကြည်နူးရသော ခံစားမှုကလေးနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူနဲ့အတူ လျှောက်နေတဲ့ ဆန်းမေရဲ့ခြေလှမ်းတွေဟာ တိမ်
တွေပေါ် လွင့်မျောနေသလိုမျိုး ...။

ကိုယ်ချစ်ရတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်
ရတာဟာ ဒီလောကပျော်စရာကောင်းတယ်ဆိုတာ သော်တာ့
ပြောပြရဦးမည်။

ဦးကရော ...

ဦးရော ဆန်းမေလို ပျော်ပါရဲ့လားဟင်၊ ဦးက မနေ့
တော့ ဆန်းမေလို ပျော်နိုင်မယ် မထင်ဘူး ...။

ဆန်းမေက ထိုအတွေးလေးဖြင့် ခွေးသွားကာ ဦး
ငုံ့မော့ကြည့်မိသည်။ ဘေးတစောင်းမြင်ရသော ဦးမျက်နှာက တည်
ငြိမ်ကြည်လင် ချောမော ခံ့ညားလှသော်လည်း ဆန်းမေလို ပြုံး
တော့မနေ ...။

“ဆန်းမေ ကိုယ့်ကို ခဏခဏ ကြည့်မနေနဲ့လေ ...၊ ရှေ့
ပဲကြည့်၊ ခြေလှမ်း မမှားစေနဲ့”

“ဟုတ် ...”

ဦးက တီးတိုးပြောတော့ ဆန်းမေ ရှက်စနိုးပြုံးရင်း
ရှေ့တူရူသို့ ပြန်ကြည့်ကာ ဦးနဲ့အတူ ခြေလှမ်းညီညီ လှမ်းခဲ့

အဲ့ဒီနေ့ဟာ ...

ဆန်းမေဘဝရဲ့ အပျော်ဆုံးသော နေ့တစ်နေ့
ရှင် ...။

■ ■ ■



✱ ✱ ✱

ခေတ်ဆန်းမေသည် အဖုံးဖုံးထားသည့် ဘိုထိုင်အိမ်
သာ ကြွေခွက်ပေါ်တွင် ထိုင်ရင်း တလှပ်လှပ်တုန်နေသည့် ရင်ကို
လက်ကလေးဖြင့် ဖိကာ မျက်လုံးမှိတ်၍ ငြိမ်သက်နေသည်မှာ
ဘယ်လောက်ကြာလို့ ကြာပြီမှန်း မသိပါ ...။

ဟိုတယ် အိပ်ခန်းကျယ်ကြီးနှင့် တွဲလျက်ရှိသည့်
သန့်ရှင်းမွှေးပျံ့သည့် ရေချိုးခန်းကျယ်ထဲကနေ အိပ်ခန်းဆီကို
ထွက်သွားဖို့ ဆန်းမေ ခုထိမဝံ့ရဲသေးပါ။ ဒီရေချိုးခန်းတံခါးကို
ဖွင့်ပြီးထွက်လိုက်လျှင် ဦးရှိနေမည့် အိပ်ခန်းကျယ်ကြီးထဲကို ရောက်
သွားမည်။ ဆန်းမေတို့ မင်္ဂလာဆောင်သည့် ဒီဟိုတယ်မှာ မင်္ဂလာ
ဦးညတစ်ညကို ကုန်ဆုံးဖြတ်သန်းရမည် ဖြစ်ပါသည်။

ဦးနဲ့ ဆန်းမေဟာ ချစ်သူလည်းမဟုတ်၊ ရင်းလည်း
ရင်းနှီးတာမို့ ဆန်းမေမှာ ကြောက်စိတ်ရှိသည်။ စိုးရွံ့သည်။
ရင်ခုန်သည်။ ရှက်သည်။ ဒီလို ဟိုတယ်ခန်းမျိုးကို မရောက်ဖူး
တာမို့ နေရာစိမ်းမှာ ကူကယ်ရာမဲ့သလို အားငယ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေဟာ အေးလာသည့် လက်ဖျားကလေး … ဖက်ကို အချင်းချင်း ထွေးဆုပ်ရင်း ထိုင်ရာမှထကာ မှန်ရှေ့ … ရပ်လိုက်သည်။ မှန်ထဲမှာ ညဝတ်အင်္ကျီ အနီရဲရဲလေး ဝတ်ထား … သော ခေတ်ဆန်းမေကို မြင်ရသည်။

ဆန်းမေ ရေချိုးပြီးတော့ ဒီအခန်းလေးထဲမှာပဲ အင်္ကျီ … လဲခဲ့တာပင် …။ အင်္ကျီဝတ်ပြီးပြန်တော့လည်း အပြင်ကို ထွက် … သွားရမှာ မဝံ့မရဲလှတာမို့ပင် …။

ဆန်းမေ ဝတ်ထားသည့် ပိုးပျော့သား ညဝတ်ဂါဝ … အနီရောင်လေးက ဒူးဖုံးရုံကလေးတော့ရှည်သည်။ ပခုံးကြိုးကလေး … က လက်ညှိုးလောက်တောင် မရှိသည့် ကြိုးအသေးလေးမို့ … သား ရင်ညွန့်သားနှင့် လက်မောင်းအိုးကလေးတွေ ဝင်းဝင်း … နေသည်။ အမှန်ဆို ဒီလိုအင်္ကျီမျိုးကို ဆန်းမေမဝတ်ရဲပါ။ သော်တာ … မြှောက်ပေးလို့သာ ဝတ်ရတာပင် …။ ခု ဝတ်ပြီးပြန်တော့လည်း … ဘယ်လိုမျက်နှာမျိုးနှင့် ဦးရှေ့ကို ထွက်သွားရမှန်း မသိပါ။

အို … ဒီပုံနဲ့တော့ ထွက်သွားလို့ မဖြစ်သေးပါ … လေ …။

ဆန်းမေက ကိုယ့်ကိုယ်ကိုယ် မှန်ရှေ့မှာ သေ … ကြည့်ပြီးမှ ရှက်သွားကာ အနွေးထည်လက်ရှည်အထူလေးကို … ဝတ်သည်။ ထိုအချိန်မှာပဲ ဗီစင်ဘေး ကြွေခုံပေါ်မှာ တင်ထား … သည့် ဆန်းမေ ဖုန်းလေးက အသံမြည်လာတာမို့ ကမန်းကတန်း … ကောက်ဖွင့်ကိုင်ကာ လေသံတိုးတိုးဖြင့် …

“ဟဲလို … သော်တာ”





“ဟီဟိ … နင် အခုဘာလုပ်နေလဲ ဆန်းမေ”

“ဘာမှမလုပ်ဘူး …”

“အခန်းထဲမှာလား၊ နင့်အသံက ဘာဖြစ်နေတာလဲ …”

“ငါ ရေချိုးခန်းထဲမှာ ထိုင်နေတာ …”

“ဟင် … ဘာလို့လဲ”

“ငါ ထွက်မသွားရဲသေးလို့ …”

“ရော် … ခက်ပါလား၊ သိပ်တောမကျစမ်းပါနဲ့၊ နင် ဟို အင်္ကျီ ဝတ်ထားလား”

“အေး၊ ဒါပေမယ့် နင့်အင်္ကျီကြီးက လုံလည်းမလုံဘူး၊ ငါ မဝတ်ရဲဘူး”

“ဟယ် … တောကျလိုက်တာ၊ ညဝတ်အင်္ကျီဆိုတာ လှဖို့နဲ့ သက်သောင့်သက်သာ ရှိဖို့ပဲ လိုတယ်၊ လုံဖို့မလိုဘူး၊ ဝတ်ထားပြီးရင် ထွက်သွားတော့လေ”

“ငါ ဒီအတိုင်း မဝတ်ရဲလို့ အပေါ်အင်္ကျီ ထပ်ဝတ်ထားတယ်”

“ဟယ် … မမိုက်လိုက်တာ၊ မဝတ်နဲ့ ချွတ်ပစ် … ချွတ်ပစ်”

“မချွတ်နိုင်ပါဘူး …”

“ချွတ်ပစ်ဆို …”

“မချွတ်နိုင်ပါဘူးဆို …”

“ကဲ … ချွတ်ချွတ် မချွတ်ချွတ်ဟယ်၊ အိမ်သာထဲတော့ ထိုင်မနေနဲ့ … ထွက်တော့ … သွား”



www.burmeseclassic.com

www.burmeseclassic.com



သော်တာနဲ့ ဖုန်းပြောပြီးတော့ ဆန်းမေက အားတ
ကာ ရေချိုးခန်းတံခါးကို ဖွင့်၍ထွက်လာသည်။

မှန်ပြတင်းကို မျက်နှာမူ၍ ဆန်းမေဘက်ကို ကျော
ခိုင်းရပ်နေသော သူ့ကို လှမ်းမြင်ရသည်။ သူက ဖုန်းပြောနေ
သည်။

ဆန်းမေက ခုတင်ဘေး ဆိုဖာပေါ်မှာ ထိုင်လိုက်
သူ့ကျောပြင်ကို လှမ်းငေးနေမိသည်။

သူက ဆန်းမေအရင် ရေချိုးပြီးထားတာမို့ သူ့
ကိုယ်က ရေချိုးဆပ်ပြာနံ့ မွှေးမွှေးလေးက အခန်းထဲမှာ မွှေးပျံ့
သည်။ ညဝတ် ပဂျားမားအင်္ကျီကို ခါးစည်းကြိုးပတ်ချည်၍
ထားပြီး ရေမခြောက်သေးသော ဆံပင်စများက မသပ်မရပ် ဝဲ
နေသည်။ အဲကွန်းဖွင့်ထားသည့် အခန်းထဲမှာ ဆံပင် ရေစိုကြီး
ကြာကြာနေရင် မကောင်းတာမို့ ဆံပင်ရေခြောက်အောင် ဒရိုင်ယာ
မှုတ်ဖို့ ပြောချင်သော်လည်း သူ ဖုန်းပြောနေတာမို့ ဖြတ်မပြောရဲ

ဆန်းမေက စားပွဲပေါ်က ရီမုကို လှမ်းယူကာ
ကို လိုင်းပြောင်းလိုက်ပြီး အသံတိုးလိုက်တော့ သူ့စကားပြော
ကို သေသေချာချာ ကြားရသည်။

"အေးပါ ... ညီမလေးရဲ့၊ မနက်ဖြန် ကိုကို ပြန်လာမှာ
ဆန်းမေလည်း ပါမှာပေါ့ ...၊ ညီမလေး ထမင်းစားပြီ
လား၊ ဘာဟင်းနဲ့ စားလဲ ..."

ဦးက သုသုနှင့် ဖုန်းပြောနေတာပင် ...။
ဘာဟင်းနဲ့ စားလဲဆိုတာကအစ ဘာလုပ်နေလဲ၊ အခု ဘယ်မှာ





ဘယ်အချိန်အိပ်မှာလဲ၊ ဘာရုပ်ရှင်ကြည့်နေတာလဲ ... စသဖြင့်
အသေးစိတ်စိတ်လေးတွေ မေးမြန်းလိုက်၊ ချော့မော့လိုက်ဖြင့် အချိန်
တော်တော်ကြာလာတာမို့ ဆန်းမေတောင် စောင့်ရင်း ပျင်းလာ
သည်။

သုသုနဲ့ ပြောပြီးတော့ အန်တီထွေးနဲ့ ပြောပြန်သည်။

"အန်တီထွေး ... ညီမလေးကို ဂရုစိုက်လိုက်ဦးနော်၊ ဂျီကျ
နေလို့၊ နှစ်ယောက်လုံးကို အိမ်ပြန်လာခိုင်းနေတာလေ၊
ကျွန်တော်တို့ မနက်စောစော ပြန်ခဲ့မယ်၊ ဪ ... အန်တီ
ထွေး သုသုကို အိပ်ရာဝင်ခါနီး နွားနို့မတိုက်နဲ့တော့နော်၊
ညနေက ဒင်နာမှာ အချဉ်တွေ အများကြီးစားတာ တွေ့လို့
ဝမ်းပျက်နေတာမှာစိုးလို့ ..."

သူက အန်တီထွေးနှင့်ပြောပြီး ဖုန်းချလိုက်သည်။
ပြီးတော့ မှန်ပြတင်းနားက ခုံပေါ်မှာ နွမ်းလျလျ ထိုင်ချလိုက်ပါ
သည်။ ဆန်းမေ ကြည့်နေတာကို သူမြင်ပုံမရ။ ဆန်းမေရှိနေတယ်
ဆိုတာ သတိမှရပါလေစ ...။

ဆန်းမေသည် ရင်တွေဘာတွေတောင် မခုန်အား
ဘဲ ဦးရဲ့ နွမ်းလျလျပုံကြောင့် စိတ်ပူသွားမိပါသည်။

ဆန်းမေက ဦးထံသို့ လျှောက်သွားကာ ဦးနောက်
ရပ်လိုက်ရင်း ...

"ဦး ..."

ဦးက လှည့်ကြည့်သည်။ ဦး မျက်နှာက နွမ်းနေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုသု ဘာဖြစ်လို့လဲဟင်"

"ဂျီကျနေတာလေ၊ သူက မင်္ဂလာပွဲပြီးတာနဲ့ ကိုယ်နဲ့ ဆန်းမေ အိမ်ပြန်လာမယ်ပဲ ထင်နေတာ..."

"ပြန်မလားဟင်..."

ဦးက ဆန်းမေကို ငေးကြည့်ရင်း ငြိမ်သွားသည်။

"ဦး စိတ်မဖြောင့်ရင် ပြန်မယ်လေ..."

ဦးက ခွန်းတုံ့မပြန်ဘဲ ငေးနေရင်းက ခေါင်းတစ်ချက် ယမ်းလိုက်ရင်း...

"ဒီညတော့ မပြန်တော့ပါဘူး၊ မနက်မှပဲ စောစောပြန်တာပေါ့..."

ဟု ခပ်တိုးတိုး ပြောလိုက်သည်။ ဆန်းမေက ဦးရဲ့ မျက်နှာပေါ် တချို့တစ်ဝက် စင်းကျနေသည့် ဆံပင်ရေစိုတွေကို ကြည့်ရင်း...

"ဦး ဆံပင်တွေ စိုနေတာ၊ အဲကွန်းခန်းထဲမှာ အအေးမိနေဦးမယ်"

"ကိုယ် ဒရိုင်ယာ သုံးနေတုန်း ဖုန်းလာတာနဲ့..."

"ဟို... ဆန်းမေ ဒရိုင်ယာ မှုတ်ပေးရမလားဟင်"

ဆန်းမေက အရဲစွန့်၍ မေးလိုက်တော့ သူက ဆန်းမေကို အားနာသလိုကြည့်ရင်း...

"ရပါတယ်၊ နေပါစေ..."

"ဟိုလေ... ဆန်းမေ အပန်းမကြီးပါဘူး၊ မှုတ်ပေးမယ်လေ..."





"အိုခေ... ကျေးဇူး..."

ဦးက လက်ခံလိုက်ပြီမို့ ဆန်းမေက ပျော်သွားကာ ဦး ဘေးနား ခုံပေါ်က ဒရိုင်ယာကို လှမ်းယူလိုက်ပါသည်။

"ဦး... ဒီဘက်လှည့်..."

ဦးက ဆန်းမေနှင့် မျက်နှာချင်းဆိုင် လှည့်ထိုင်လိုက်ရင်း...

"မှုတ်တတ်လို့လား..."

"မှုတ်တတ်တာပေါ့"

"ဆံပင်တွေ မီးမကျွမ်းစေနဲ့နော်၊ ကိုယ်က ကိုယ့်ဆံပင်ပုံစံကို အရမ်း ဂရုစိုက်တာ"

"ဟုတ်ကဲ့... စိတ်ချပါ"

ဆန်းမေက ဒရိုင်ယာခလုတ်ကို ဖွင့်ကာ သူ့ဆံပင်တွေ လှမ်းကိုင်မည်ပြုပြီးမှ...

"ဦးဆံပင်ကို ဆန်းမေ ကိုင်လို့ရမလားဟင်..."

"ရပါတယ်"

"ကန်တော့နော်... ဦး"

ဆန်းမေက တရိုတသေလေးပြောပြီး သူ့ဆံပင်ပျော့တွေကို လက်ဖြင့် အသာဖွဖွဆွဲယူပြီး ဒရိုင်ယာဖြင့် မှုတ်လိုက်ပါသည်။ သူ့ဆံပင်တွေကို ဒီလိုကိုင်ခွင့်ရတာဟာ ဆန်းမေအတွက်တော့ မဟာအခွင့်အရေးပေါ့...။ သူ့ဆံပင်လေးတွေဟာ အလွန်ပဲ နူးညံ့ချောမွေ့လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ခုံပေါ်မှာ ထိုင်နေပြီး ဆန်းမေက သူ့ရှေ့မှာရပ်၍ သူ့ဆံပင်တွေကို ဒရိုင်ယာဖြင့် မှုတ်နေလိုက်ပါသည်။ ဆံပင်တွေ ခြောက်ခါနီးတော့မှ သူ့ဆီ အကြည့်တစ်ချက် ရောက်သွားသည်။ ဆန်းမေကို မော့ကြည့်နေသည့် သူ့အကြည့်နှင့်ဆုံခိုက်မှာ ရင်ထဲ ဒုဂ်ခနဲ တစ်ချက်ဆောင့်ခုန်ကာ လက်ထဲက ဒရိုင် ယာတောင် လွတ်ကျချင်သွားသည်။ သူ့အကြည့်တွေကပြင်းရှလွန်းသည်။

သူ့အကြည့်ကြောင့် မူးမိုက်မတတ် ရင်ခုန်ရသော်လည်း ဆန်းမေ အကြည့်မလွှဲနိုင်ခဲ့ ...။

အကြည့်ချင်း တွယ်ငြိဆဲမှာပင် သူက ဒရိုင်ယာကိုင်ထားသည့် ဆန်းမေ၏ လက်ကလေးကို အသာအယာ လှမ်းဆွဲယူပြီး ခလုတ်ပိတ်၍ အနားက စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။ ပြီးတော့ သူ မတ်တတ်ထရပ်လိုက်ပါသည်။

မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်မိတော့ ဆန်းမေရဲ့ နှလုံးသားအစုံဟာ ပွင့်ကွဲထွက်တော့မတတ် ပြင်းပြင်းရှရှ ခုန်လာသည်။ သူက ဆန်းမေကို ငုံ့မိုး၍ကြည့်နေသည်။ သူ့လက်နှစ်ဖက်က ဆန်းမေ၏ ပခုံးပေါ်သို့ ဖွဖွတင်လာသည်။

ဆန်းမေက ကြောက်လန့်တကြား ခေါင်းငုံ့လိုက်သော်လည်း သူက ဆန်းမေရဲ့ မေးဖျားကလေးကိုကိုင်ကာ ဆန်းမေရဲ့ မျက်နှာကလေးကို ပင့်မော့စေလိုက်သည်။

သူ့မျက်ဝန်းတွေနှင့် အတန်ကြာ ငြိတွယ်မိချိန်မှာ သူ့မျက်နှာက မော့နေသော ဆန်းမေ၏ မျက်နှာကလေးဆီ ငုံ့မိုးနိမ့်ကပ်လာတာမို့ ဆန်းမေက မျက်လုံးတွေကို ဖျတ်ခနဲ မှိတ်ပစ်လိုက်မိသည်။





ဆန်းမေ၏ နှုတ်ခမ်းကလေးတွေ နွေးသွားသည်။ ပခုံးဆီမှ အနွေးထည်ကလေး လျှောကျလာချိန်မှာ ဆန်းမေရဲ့ ပခုံးကလေး၊ လက်မောင်းကလေး၊ လည်ကုပ်သားကလေးတွေကို သူ့နှုတ်ခမ်းဖြင့် ဖွဖွ ထိကပ်လာသည်။ ကြက်သီးစိမ့်ဖြာရသော နွေးထွေးညင်သာသည့် အနွေးဓာတ်ကလေးနှင့်အတူ ဆန်းမေ ပျော်ရွှင်နာကျင်နေမိသည်။

ဆန်းမေ အကြားချင်ဆုံး စကားကို ဒီညမှာ ဦး ပြောရင် ဆန်းမေ ဘယ်လောက် ပျော်မလဲ ...။

ဦးရယ် ...

ဆန်းမေကို မချစ်ဘဲနဲ့များ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

❋ ❋ ❋

မင်္ဂလာဦးည၏ နောက်တစ်နေ့တွင် ချစ်သူရင်ခွင်၌ နွေးထွေးစွာ နိုးထလာချင်သည်မှာ မိန်းကလေးတိုင်းရဲ့ တူညီသော ဆန္ဒ ဖြစ်မည်ထင်သည်။

မနေ့က အပျိုစင်ဘဝ နိဂုံးချုပ်ခဲ့သည်။ ဒီနေ့မနက်မှာ အိမ်ထောင်သည်ဘဝ အစပြုမည်။ ပျားရည်ဆမ်းကာလလေးဟာ တစ်သက်လုံးအတွက် အမှတ်ရစရာတွေ ဖြစ်လာလိမ့်မည်။

ခေတ်ဆန်းမေသည် မှန်ပြူတင်းဆီမှ ဖြာကျလာသော နေရောင်ခြည်နှင့်အတူ အိပ်ရာမှ နိုးထလာပါသည်။ အိပ်ရာလေးကတော့ နွေးနေသည်။ နေရောင်ခြည်ကလည်း နွေးနေသည်။ သို့သော်... ဆန်းမေ ဘေးမှာ ဦး ရှိမနေချေ။

"ဦး..."

ဆန်းမေက ခပ်တိုးတိုး ခေါ်ကြည့်လိုက်သည်။ ဦး ဘယ်မှာလဲ...။ တွိုင်းလက်ထဲမှာလား...။ ဟိုဘက်ဧည့်ခန်းမှာလား...။





"ဦးရေ..."

ဆန်းမေ ထပ်ခေါ်ကြည့်သည်။ ဟိုတယ်ခန်းကျယ်ကြီးကတော့ တိတ်ဆိတ်လျက်ပင်။

ဆန်းမေက အိပ်ရာမှထကာ ခုတင်ဘေးမှာ ကျနေသည့် အနွေးထည်လေးကို လှမ်းယူ၍ ဝတ်လိုက်ပြီး ရေချိုးခန်းဘက်သို့ လျှောက်လာသည်။

"ဦး..."

"ဦးရေ... ရေချိုးခန်းထဲမှာလား"

ရေချိုးခန်းဘက်မှ ရေသံလည်းမကြားရ...။ တံခါးကို လှည့်ဖွင့်ကြည့်တော့ အလွယ်တကူ ပွင့်သွားသည်။ ရေချိုးခန်းက သပ်ရပ်သန့်ရှင်းစွာ ဟာလာဟင်းလင်း...။ လတ်တလော ရေချိုးပြီးစ ခြေရာလက်ရာ မတွေ့ရဘဲ ခြောက်သွေ့နေသည်။

ဒါဆို... ဦး ဘယ်မှာလဲ။

အပြင်ခဏ ထွက်သွားသလား...။

ဆန်းမေက ဧည့်ခန်းဘက်သို့ သွားကြည့်သည်။ တွေ့။ ဦးကို မတွေ့ရသည့်အဆုံးမှာ ဆန်းမေက အခန်းကျယ်ကြီးရဲ့ အလယ်မှာ ကြောင်တောင်တောင်လေး ရပ်နေလိုက်မိသည်။ ဘဝတယ်မှာ တစ်ခါမှ မတည်းဖူးတာမို့ တစ်ယောက်တည်းဟူသော အသိဖြင့် ချောက်ချားအားငယ်သွားသည်။ ပြီးမှ ဖုန်းဆက်ဖို့ သတိရကာ ခုတင်ဘေး စားပွဲပေါ်က ဖုန်းကို သွားယူပြီး ဦးကို ဖုန်းခေါ်ကြည့်သည်။ သို့သော် ဖုန်းမကိုင်...။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ခြေရင်းရှိ ဗီရိုကို သွားဖွင့်ကြည့်လိုက်တော့ ဦး၏ အဝတ်အစား အသုံးအဆောင်တွေ တစ်ခုမှ မတွေ့ရ...။

ဆန်းမေဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ အူကြောင်ကြောင်လေး ဖြစ်နေဆဲမှာ ဦးဘက်ခြမ်း side table လေးပေါ်မှာ ဖန်ခွက်လေးနှင့် ဖိထားသော စာရွက်လေးတစ်ရွက် တွေ့လိုက်ရပါသည်။

ဆန်းမေ စာရွက်ခေါက်လေးကို လှမ်းယူ ဖွင့်ဖတ် လိုက်သည်။

*ဆန်းမေ...*

*ကိုယ် ရန်ကုန်မှာရှိတဲ့ အချိန်တွေဆို ကိုယ့်ညီမ လေးက ကိုယ်နဲ့အတူ breakfast စားဖို့ စောင့်နေတတ်လို့ ကိုယ် စောစောပြန်သွားတယ်၊ ဆန်းမေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာနဲ့ မနှိုးချင်လို့ ထားခဲ့တယ်၊ အောက်မှာ ဒရိုင်ဘာနဲ့ ကိုယ့်ကား တစ်စီးနဲ့ စောင့်ခိုင်းထားတယ် ဆန်းမေ အေးအေးဆေးဆေး ရေမိုးချိုးပြီး လိုက်လာခဲ့လိုက် နော်...။*

*ကျော်ဇီရ*

ဆန်းမေ စာဖတ်ပြီး ငိုင်နေမိသည်။ သူ့ကိုတော့ အပြစ်မတင်ချင်ပါ...။ သူသူကို သူ သိပ်အလေးထား ချစ် လွန်းတာကိုပဲ လက်ဖျားခါမိရပါသည်။





"တူ တူ... တူ တူ..."

ခုတင်ဘေးက အခန်းတွင်း ဖုန်းမြည်သံကြားတော့မှ ဆန်းမေက ဆတ်ခနဲ သတိဝင်လာကာ ဖုန်းသွားကိုင်ရသည်။

"ဟဲလို..."

"မခေတ်ဆန်းမေလား ခင်ဗျ"

"ဟုတ်ပါတယ်"

"ဦးကျော်ဇီရ လွှတ်ထားတဲ့ ကား ရောက်ပါပြီ ခင်ဗျ"

"သြော်... ဟုတ်ကဲ့၊ နောက် နာရီဝက်ကြာရင် ဆင်းလာခဲ့ပါ့မယ်"

ဆန်းမေက ဖုန်းချလိုက်ပြီး ရေချိုးခန်းဘက်သို့ လျှောက်လာလိုက်သည်။

အနွေးထည်ကို ချွတ်လိုက်သော်လည်း ညဝတ်အင်္ကျီ လေးကိုတော့ မချွတ်မိဘဲ ရေပန်းအောက်မှာ ဝင်ရပ်ပြီး မျက်လုံး တွေ မှိတ်ထားလိုက်မိသည်။ အနည်းငယ် စွတ်စိုသည့် မျက်ဝန်း တွေပေါ်ကို ရေစက်ရေမွှားတွေ အဆက်မပြတ် ဖြာကျနေသည်။

တဖြည်းဖြည်း အနွေးဓာတ်ကလေး ပျောက်ဆုံးကာ ဆန်းမေ၏ ခန္ဓာကိုယ်လေး အေးစက်တုန်ယင်လာရလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ထမင်းစားခန်း
ဘက်ဆီက လွင့်လာသော သုသုရဲ့ ရယ်မောသံကို ကြားရသည်

ဆန်းမေက ထမင်းစားခန်းဘက်သို့ ကွေ့လျှောက်
ဝင်လာခဲ့သည်။

ထမင်းစားခန်း အဝင်ဝကို ကျောပေး၍ ထိုင်နေသော
ဦးကို လှမ်းမြင်ရသည်။ ထမင်းစားခန်းအေး မှန်နံရံဘက်ဆီ
နံနက်ခင်း နေရောင်ခြည်က ထမင်းစားပွဲတစ်ဝိုက်မှာ ဝင်းဝါလ
ဖြာနေသည်။

ဆန်းမေ ထမင်းစားခန်းဝမှာ ရပ်မိတော့ သုသု
အရင်မြင်သွားကာ ...

"ဟယ် ... ဆန်းမေ လာပြီ၊ ကိုကို ဆန်းမေ လာပြီ၊ ဆန်း
အိပ်ပုတ်ကြီး၊ ဆန်းမေ အိပ်နေလို့ ကိုကိုက တစ်ယော
တည်း ပြန်လာရတာ၊ သုသုက ဆန်းမေကို မျှော်နေ
သိလား ..."





သုသုက ဆန်းမေဆီ ပြေးလာပြီး ဆန်းမေလက်ကို
ဆွဲခေါ်သွားသည်။ ဦးက ဆန်းမေကို လှမ်းကြည့်ရင်း ...

"မောနင်း ... ဆန်းမေ"

"မောနင်းပါ ဦး ..."

"အိပ်ရေး ဝတယ်နော်"

"ဟုတ်ကဲ့ ..."

"မင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်နေလို့ ကိုယ် မနှိုးဘဲထွက်
လာနှင့်တာ ..."

"နောက်ဆိုရင်တော့ နှိုးပါ ဦး ..."

"ဘယ်လို ..."

"တစ်ယောက်တည်း ကျန်ရစ်တာထက်စာရင် အိပ်ရေးမဝ
တာက နည်းနည်း တော်သေးလို့ပါ"

ဦးက ဆန်းမေကို ငေးကြည့်ရင်း တိတ်ဆိတ်သွားပါ
သည်။

"ဟော ... ဆန်းမေ ရောက်ပြီလား၊ ဆန်းမေ အိပ်ရေးမဝ
မှာစိုးလို့ ဝီရက မနှိုးဘဲ ထွက်လာတာတဲ့လေ၊ သုသုတစ်
ယောက်ကလည်း မနက် ၇ နာရီဆို ဗိုက်ကဆာပြီလေ၊
သူ့အစ်ကိုနဲ့မှ အတူမစားရရင် ဗိုက်အောင့်ခံပြီးတော့ကို
စောင့်တာ သမီးရေ ... ၊ သူတို့တော့ ခုပဲစားပြီးသွားတယ်၊
သမီးအတွက် ဒီမှာ ပြင်ထားတယ်၊ လာ ... ထိုင်"

kitchen ထဲက ထွက်လာသော အန်တီထွေး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေကို ကြုံဆိုနှုတ်ဆက်ရင်း ထမင်းစားပွဲမှာ ဝင်ထိုင်ခိုင်းလိုက်ပါသည်။

ဆန်းမေက ထမင်းစားပွဲမှာဝင်ထိုင်လိုက်ရင်း ဒီအချိန် ဆို အမေတစ်ယောက်တည်း မနက်စာ စားနေရရှာမှာပဲဟု တွေး မိသွားပါသည်။

"အန်တီထွေး ... အမေ အိမ်မှာရှိတယ်မဟုတ်လားဟင်"

"ရှိတယ် သမီး၊ မနေ့က ညကတောင် သမီးတို့အိမ်ဘက် အန်တီထွေး ကူးသွားလိုက်သေးတယ်၊ သမီးအမေက ည ညီမဝမ်းကွဲလေးကို အတူခေါ်ထားလိုက်တော့ အဆင်ပြေ ပါတယ်၊ ဒီဘက်အိမ်မှာ လာနေဖို့ ခေါ်ပေမယ့် မရပါဘူး ကွယ်၊ သူ့သစ်ခွပင်တွေ ပြုစုရဦးမှာမို့လို့တဲ့ ..."

"ဟို ... ဦးတို့ကလည်း စားပြီးပြီဆိုတော့လေ သမီး ဟို ဘက်အိမ်မှာ အမေနဲ့အတူ သွားစားလို့ ရလားဟင် ..."

"ဟင် ... မရပါဘူး၊ ဆန်းမေက အခု သုသုတို့ အိမ်က ကိုကို့ မိန်းမ၊ ဒါ ဆန်းမေအိမ်၊ ဆန်းမေ ဒီမှာပဲ စား မယ်၊ သုသုက ဆန်းမေနဲ့အတူတူ နန်းကြီးသုပ် နော် တစ်ပွဲ ဆွဲဦးမှာ သိလား ဟီးဟီး ..."

သုသုက ဆန်းမေ လက်ကို လှမ်းဆွဲထားရင်း ပြော လိုက်သည်။ ဆန်းမေက ဦးကို လှမ်းကြည့်တော့ ဦးက ခပ်တည် တည်ဖြင့် ...

"ဒီမှာပဲ စားလိုက်ပါ ဆန်းမေ၊ အန်တီထွေး ဆန်း အတွက် မုန့်ပွဲပြင်ခိုင်းလိုက်ပါ"





ဆန်းမေ စကားမဆက်ရဲတော့ပါ။ အန်တီထွေး လာချပေးသော နန်းကြီးသုပ်ကိုသာ စားနေလိုက်သည်။

"သုသုအတွက် တစ်ပွဲ ..."

သုသုက လက်ညှိုးတစ်ချောင်း ထောင်ပြီး ထအော် တော့ ဦးက သုသု ခေါင်းလေးကို လှမ်းပုတ်ပြီး ပြုံးလိုက်သည်။ ဒီလို အပြုံးကလေး တစ်ချက်လောက်တော့ ဆန်းမေအတွက် သည်း လိုချင်မိပါသည်။

သုသုက အန်တီထွေး လာချပေးသည့် နန်းကြီးသုပ် တစ်ဇွန်း ခပ်စားလိုက်ပြီး ...

"ဟင် ... ပဲကြော်ကလည်း နည်းနည်းလေးရယ် ..."

"ပဲကြော်က ကုန်ပြီလေ သမီးလေးရဲ့၊ ငါးဖယ်ကြော်လေးနဲ့ စားလိုက်နော် ..."

"သုသုမှ ငါးဖယ်ကြော် မကြိုက်တာ၊ ပဲကြော်ပဲ စားချင် တာ ..."

"ဆန်းမေဆီက ပဲကြော်တွေ ယူလိုက်နော် သုသု၊ ရော့ ... ရော့ ... အကုန်ယူ၊ ဆန်းမေက ပဲကြော် မပါလည်း စား တတ်တယ်"

ဆန်းမေက ဆန်းမေ ပန်းကန်ထဲက ပဲကြော်လေး တွေ ရွေးရွေးခပ်ပြီး သုသု ပန်းကန်ထဲ လှမ်းထည့်ပေးလိုက်သည်။

"ဟီးဟီး ... အဲ့ကြောင့် ဆန်းမေကို ချစ်တာသိလား၊ အန်တီထွေးကြီးကို ချစ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ပဲကြော်နှင့် နန်းကြီးသုပ်ကို နယ် တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားလိုက်ပြီး ...

"ကုန်ပြီ၊ ဝသေးဘူး၊ ထပ်ပေးဦး ..."

"ဆန်းမေဆီမှာလည်း မရှိတော့ဘူး သုသုရဲ့ ..."

"အဲ့ဆို သွားဝယ်ပေး ..."

"အန်တီထွေး ... တစ်ယောက်ယောက် လွှတ်ပြီး သွား ခိုင်းလိုက်ပါ"

သုသု မျက်နှာတစ်ချက် အညှိုးမခံနိုင်သော ဦး အန်တီထွေးကို လှမ်းပြောလိုက်ပါသည်။

"တစ်ယောက်မှ မရှိဘူး ဝီရရဲ့၊ ရုံးကို မင်းဘာသာ မောင်းသွားမယ်ပြောထားလို့ မင့်ကား ဒရိုင်ဘာကလည်း ရုံးကိုသွားနှင့်ပြီ၊ အိမ်က ကောင်မလေးက ဈေးဝယ်သွား တာ ပြန်မရောက်သေးဘူး"

"ခြံစောင့်ကရော ..."

"အင်း ... သူတော့ရှိတယ်၊ သွားဝယ်ခိုင်းလိုက်မယ်လေ"

"ဟင့်အင်း ... ဟင့်အင်း ... သူ့ကိုမခိုင်းနဲ့၊ သူ့လက် မည်းမည်းကြီး၊ သူ့လက်နဲ့ ကိုင်လာတာ သုသု မစား ဘူး၊ အန်တီထွေးပဲ သွားဝယ်ပေး ..."

"အန်တီထွေးက ဒူးနာနေလို့ပါ သမီးရယ်၊ အကြော် တဲ့ အိမ်က ကားဝင်ဖို့မလွယ်တဲ့ လမ်းကြားလေးမှာ၊ ဒီ အနားမှာ မုန့်ဟင်းခါးဆိုင်တို့ အသုပ်ဆိုင်တို့လည်း





ဘူး၊ ဒီအကြော်က မနေ့က ညနေကတည်းက ကောင်မလေးကို သွားဝယ်ခိုင်းထားတာ ..."

"ကဲ ... ကဲ ... ဒါဆို ကျွန်တော်ပဲ သွားဝယ်လိုက်တော့မယ်"

ဦးက ထိုင်ရာမှထလိုက်ပါသည်။ ကိုရီးယားမင်းသားဆန်ဆန် ကြော့မော့သန့်ပြန့်နေသည့် ဦးပုံစံနှင့် အကြော်ဆိုင်လမ်းကြားထဲဝင်သွားမှာကို ဆန်းမေ မလိုလားပါ။ ဦးလို လူတစ်ယောက် သွားဝယ်ဖို့လည်း မသင့်တော်ပါ။ အန်တီထွေးကလည်း သက်ပြင်းချကာ ...

"မင်းတော့ မသွားပါနဲ့ ဝီရရယ်၊ ကောင်မလေး လာမှပဲ သွားဝယ်ခိုင်းလိုက်ပါ့မယ်"

"သုသုက အခုစားချင်နေတာလေ၊ ကောင်မလေး ပြန်လာတဲ့အထိစောင့်နေရရင် ကလေး စိတ်ညစ်နေမှာပေါ့၊ ကျွန်တော် သွားလိုက်မယ်"

"ဦး မသွားပါနဲ့ ..."

ဆန်းမေ အသံကြောင့် ဦးက ဆန်းမေကို လှည့်ကြည့်သည်။ ဆန်းမေက မတ်တတ် ထရပ်လိုက်ရင်း ...

"ဆန်းမေဆီ စက်ဘီးကလေး နင်းပြီးသွားလိုက်ရင် အလွယ်ကလေးပဲလေ၊ သုသု ခဏစောင့်နော်၊ ဆန်းမေ အမြန်ပြန်လာခဲ့မယ်နော်"

"အဲ့ကြောင့် ဆန်းမေကို ချစ်တာ သိလား၊ ဆန်းမေ မြန်မြန်ပြန်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ..."

ဦး ဘာမှပြန်မပြောမီမှာပင် ဆန်းမေက အိမ်အပြင်ဘက်သို့ သွက်သွက်လေး ထွက်လာခဲ့ပါသည်။

စက်ဘီးလေး သွက်သွက်နင်းရင်း နဖူးမှာ ချွေးစေ့စို့လာတော့ လူလည်း ပေါ့ပါးလာသည်။

ဒီနေ့မှစကာ သုသုရဲ့ ပျော်ရွှင်မှုအတွက် ဆန်းမေ ပျော်ရွှင်မှုတွေကို စတေးရမည်ဟုသာ ဆန်းမေ ခံယူထားခဲ့ပါသည်။

■ ■ ■



* * *

ဆန်းမေသည် သုသု ခုတင်ဘေးမှာထိုင်၍ ကာတွန်းစာအုပ် ဖတ်ပြရင်း ချော့သိပ်နေသော ဦးကို လှမ်းငေးကြည့်နေပါသည်။

ဦးမျက်နှာက နူးညံ့သည်။ ဦးမျက်လုံးတွေထဲမှာ ကြင်နာမှုတွေ ရှိသည်။ ဆန်းမေရှေ့မှာ မြင်ရခဲ့သော မျက်နှာမျိုး ကြည့်ကောင်းကောင်းနှင့်ပင် ငေးကြည့်နေခဲ့မိသည်။

ဒီအရွယ်နှမတစ်ယောက်ကို ကြင်နာနေပုံက ကလေးကလေးကို ကြင်နာသလိုမျိုး။ အစ်ကို တစ်ယောက်ဆိုပေမယ့် အမေတစ်ယောက်လို အရိပ်မိုးကာ အစစအရာရာ ဂရုစိုက် အနစ်နာခံလုပါသည်။

ဆန်းမေက အခန်းထဲသို့ ဝင်မသွားတော့ဘဲ တိတ်တိတ်စွာ ပြန်လှည့်ထွက်လာသည်။ ပြီးတော့ ဆန်းမေတို့ အိပ်ခန်းအပြင်ဘက် ဝရန်တာလေးမှာ ထွက်ရပ်ရင်း ကောင်းကင်ကြီးကို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝင်စညမို့ လေက အေးမြမြရှိလှသည်။ ဆန်းမေ ကိုယ်ပေါ်မှ ညဝတ်အင်္ကျီ အဖြူလေးက ဝရန်တာနှင့် အိပ်ခန်းကို ခြားထားသည့် ခန်းဆီးစဖြူဖြူလေးနှင့်အတူ တဖျပ် ဖျပ် လွင့်လျှပ်နေသည်။ တဖြည်းဖြည်း အေးစိမ့်လာသော်လည်း ဆန်းမေ ဆက်ရပ်နေမိသည်။ ဒီနေရာလေးက ဆန်းမေကို အသ ရှုချောင်စေသည်။

ဆန်းမေက ကောင်းကင်ကိုကြည့်နေရာမှ တစ်ဖ ခြံက ဆန်းမေတို့ အိမ်ကလေးကို လှမ်းကြည့်လိုက်ရင်း အမေ ဖက်အိပ်ခဲ့သည့် ညတွေကို လွမ်းသွားပါသည်။

နေ့လယ်က အမေ့ဆီ ဆန်းမေ ရောက်သွားတော အမေကက ဆန်းမေကို ဆုံးမလွှတ်လိုက်သည်။

"အမေနဲ့ အိမ်ချင်းကပ်နေတာပဲဆိုပြီး အမေ့ဆီ ခဏခ မလာရဘူးနော် ဆန်းမေ၊ အိမ်ထောင်သည်ဖြစ်သွား ကိုယ့်အိမ်ထောင်ထဲမှာပဲ အာရုံနှစ်ထားရမယ်၊ အိမ်ထော ကျသွားတဲ့ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်မိဘ အစ်ကို မောင်နှမတွေ၊ ကိုယ့်အပေါင်းအသင်းတွေဆီ အ အာရုံစိုက်လွန်း၊ အရမ်းပတ်သက်လွန်း၊ အသွားအလာ လွန်းတာ မကောင်းဘူး၊ ယောကျ်ားကလည်း အပြစ် တတ်တယ်၊ အမေနဲ့ သမီး ဘယ်လောက်ချစ်ချစ် ခု သမီးရဲ့ အဓိကမိသားစုဘဝက သမီးယောကျ်ားနဲ့ အ နေတဲ့ အိမ်မှာပဲရှိတယ်၊ အမေ့ကို လွမ်းလည်း ခဏ မလာနဲ့၊ အမေ အသက်လည်း မကြီးသေးဘူး၊ ကျန်းမာ





လည်းကောင်းတယ်၊ အတူနေပေးတဲ့ အဖော်လည်း ရှိတယ်၊ ငွေရေးကြေးရေးလည်း အခက်အခဲမရှိဘူး၊ တစ်ခုခုကိစ္စရှိရင် သမီးဆီပြေးလာရင်လည်း အနီးကလေးရယ်၊ အမေ့အတွက် တော့ နောက်ဆန်မငင်နဲ့ ... ကြားလား"

အမေက အဲ့ဒီလို ရင့်ကျက်ပြတ်သားသည့် အမေမျိုး င်။

အမေ ဆုံးမတော့လည်း ဆန်းမေ နာခံရသည်။ တစ်နေ့လုံး သုသုရဲ့ ဝေယျာဝစ္စဖြင့်သာ အချိန်ကုန်ရသည်။

မင်္ဂလာဆောင်ပြီးစ ရက်ဆိုသော်လည်း ဦးက သူ့ ကိုသွားပါသည်။ ညနေပြန်လာတော့ သုသုနဲ့အတူ တီဗီကြည့် း စကားပြော၊ ခြံထဲမှာ သုသုနှင့် ဆော့၊ ပြီးတော့ ... ကာတွန်း တ်ပြပြီး သိပ်။ ခုထိ ဆန်းမေနှင့် အေးအေးဆေးဆေး မျက်နှာ ချင်း မဆိုင်ရသေးပါ။

"ဆန်းမေ ..."

နောက်ဘက်က ခေါ်သံကြောင့် ဆန်းမေက စိတ် ပ်ရှားသွားကာ ဦးကို လှည့်ကြည့်လိုက်သည်။ အမိုးမရှိသည့် န်တာပြင်ကျယ်ကြီးရဲ့အစွန်း လက်ရန်းနားမှာ ဦးနှင့် ဆန်းမေ က်နှာချင်းဆိုင် ရပ်မိသွားသည်။

ဦးက ရင်တစ်ခြမ်းဖုံးပြီး ခါးကြိုးချည်ပတ်ရသည့် ညဝတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ဝိုင်ခွက်ကို လက်မှာကိုင်ထား သည်။ ဦး ဘယ်အချိန်က အခန်းထဲဝင်လာပြီး အဝတ်လဲလိုက် သလဲဆိုတာ ဆန်းမေ မသိလိုက်ပါ။



www.burmeseclassic.com

"လေကှ အေးတယ်၊ အအေးမိနေဦးမယ်၊ အထဲဝင်တော့
လေ ..."

"မဝင်ချင်သေးဘူး ဦး၊ ဆန်းမေ ဒီနားလေးမှာ ရပ်နေရတာ
သဘောကျလို့ပါ"

"အိုခေလေ ..."

သူက ခေါင်းတစ်ချက်ဆတ်ပြီး အေးအေးဆေးဆေး
လှည့်ထွက်သွားသည်။ ဆန်းမေက ဝရန်တာဘက် ပြန်လှည့်၍
ရပ်နေလိုက်သည်။ ထိုတစ်ခဏလေးမှာ ဆန်းမေ ပခုံးပေါ်သို့ နွေး
ထွေးသော အထိအတွေ့တစ်ခု လွှမ်းတင်လာသည်။ ငုံ့ငဲ့ကြည့်
တော့ ဆန်းမေ ဝတ်နေကျ ဆွယ်တာလက်ရှည် အပါးလေး
ဆန်းမေ နောက်ကို လှည့်ကြည့်မိတော့ ဦးကို တွေ့ပါသည်။ ဦး
အနွေးထည်ကလေးကို မေးဆတ်ပြလိုက်ရင်း ...

"ဝတ်ထားလိုက်၊ အအေးမိနေဦးမယ်"

ဟု ပြောသည်။ သူ့အသံက မနူးညံ့သော်လည်း
စေတနာ အငွေ့အသက်ပါသည်။

ဆန်းမေက အနွေးထည်လေးကို ဝတ်လိုက်သည်။
ရင်ထဲမှာတော့ ပီတိဖြာစပြုပြီ ...။

သူက ထွက်မသွားသေးဘဲ ဆန်းမေနှင့် ဘေးချင်း
ယှဉ်၍ ခပ်လှမ်းလှမ်းမှာရပ်လိုက်သည်။ ဆန်းမေကို လှည့်မကြည့်
ဘဲ ရှေ့တူရှုက ကြယ်မှုန်မွှားကလေးတွေ လှဲ့နေသည့် ကောင်းကင်
ကို ငေးကြည့်ရင်း ဝိုင်တစ်ကျိုက် သောက်လိုက်သည်။ ပြီးတော့
ဆန်းမေကို မကြည့်ဘဲ မေးသည်။





"မနက်က အိပ်ရာနိုးတော့ တစ်ယောက်တည်း ဖြစ်နေတာ
ဆိုတော့ ဆန်းမ ကြောက်နေသေးလား ..."

အင်း ... မေးဖော်ရသေးသားပဲ ဦးကျော်ဝိရ ...။
ဆန်းမေက မဖြေဘဲ ငြိမ်နေလိုက်သည်။

"ဟင် ... ဆန်းမေ၊ ကြောက်နေသလား"

သူက ဆန်းမေဘက်ကိုလှည့်ပြီးမေးတော့မှ ဆန်းမေ
က ...

"ဟုတ်ကဲ့၊ နည်းနည်းတော့ ကြောက်သွားပါတယ်၊ ဟိုတယ်
မှာ ဆန်းမေ တစ်ယောက်တည်း မနေဖူးဘူးလေ"

"ဆောရီး ...၊ ကိုယ်လည်း သုသု နိုးရင် ဂျိကျနေမှာစိုးလို့
ပြန်သွားနှင့်တာ၊ ဆန်းမေ ကိုယ့်ကို ဖုန်းခေါ်သေးတယ်
မဟုတ်လား"

"ဟုတ်ကဲ့ ... ခေါ်ပါတယ်၊ ဦး မကိုင်ဘူး"

"ကိုယ် ရုံးရောက်မှ missed call တွေ့တယ်၊ အဲ့ဒီအချိန်က
ကိုယ် ရေချိုးခန်းဝင်နေတဲ့ အချိန်ပဲ၊ ထပ်ပြီး ဆောရီးပါ"

သူက ဝိုင်တစ်ကျိုက် သောက်လိုက်ပြန်သည်။
ပြီးတော့ ဝိုင်ခွက် ကိုင်မထားသော လက်ဖြင့် ဆန်းမေရဲ့ လက်
ကလေး တစ်ဖက်ကို လှမ်းဆွဲဆုပ်ကိုင်လိုက်ပြီး ...

"လက်တွေ အေးနေပါလား ဆန်းမေ၊ လေတိုက်ထဲမှာ
အကြာကြီး ရပ်နေတာကိုး၊ နွေးသွားအောင် ဝိုင်နည်းနည်း
သောက်မလား"

www.burmeseclassic.com



သူက ဝိုင်ခွက်ကို ဆန်းမေရှေ့သို့ တိုးပေးရင်း ပြော လိုက်သည်။ ဆန်းမေက ခေါင်းခါရင်း ...

"ဆန်းမေ မသောက်ချင်ဘူး၊ ဝိုင်ရဲ့ အရသာကို မကြိုက် ဘူး"

"သောက်တော့ သောက်ဖူးတယ်ပေါ့ ..."

"ဆန်းမေ အလုပ်ရှင် မမကေသီ မွေးနေ့တုန်းက နည်းနည်း သောက်ကြည့်ဖူးတယ်၊ မကြိုက်လို့ ဆက်မသောက်တော့ တာ ..."

"ဝိုင်သောက်တာ မကြိုက်ဘူးဆိုတော့ ဘာသောက်ရတာ ကြိုက်သလဲ ..."

"မန်ကျည်းဖျော်ရည် သောက်ရတာ အကြိုက်ဆုံးပဲ၊ ထန်း လျက်နဲ့ မန်ကျည်းသီးနဲ့ဖျော်တာလေ၊ နွေရာသီဆို သောက် လိုက်ရင် ရင်အေးသွားတာပဲ၊ ဝိုင်လိုလည်း ရင်မပူဘူး ဝမ်းလည်းမှန်တယ်၊ အပူလည်း ငြိမ်းတယ်"

"ဪ ... ဪ ... ဟုတ်လား"

သူ လှစ်ခနဲ ပြုံးသွားတာ မြင်လိုက်ရသည်။ သူက ဆန်းမေလက်ကို လွှတ်ပေးလိုက်ပြီး လက်ကျန် ဝိုင်ကို အကုန် မော့သောက်လိုက်ပြီး ဝိုင်ခွက်ကို အနားက စားပွဲပေါ်သို့ လှမ်းထား လိုက်ရင်း ...

"ဒါနဲ့ ... မမကေသီဆိုလို့ ဆန်းမေ အလုပ်ရှင်ကို အလုပ် ထွက်မယ်ဆိုတာ ပြောလိုက်ပြီးပြီလား ..."

"မပြောရသေးဘူး ဦး"





"ပြောလိုက်တော့လေ ..."

ဆန်းမေက ခဏနှုတ်ဆိတ်သွားတော့ ဦးက ဆန်းမေ ကို ငုံ့ကြည့်ရင်း ...

"ဘာဖြစ်လို့ ငြိမ်သွားတာလဲ ..."

ဟု မေးလိုက်သည်။ ဆန်းမေက သတ္တိကလေး မွေး ကာ ဦးကို မော့ကြည့်လိုက်ရင်း ...

"ဆန်းမေ အလုပ်မထွက်ရင် ဖြစ်မလား ဦး ..."

"ဆန်းမေက ဒီအလုပ်ကို ဆက်လုပ်ချင်လို့လား ..."

"ဟုတ်ကဲ့ ...၊ ဦး ခွင့်ပြုရင် ဆက်လုပ်ချင်ပါတယ်၊ ဦးရဲ့ ဇနီးတစ်ယောက်အဖြစ်နဲ့ ဒီလို သူများဝန်ထမ်း ဆက်လုပ် ဖို့ မသင့်ဘူးဆိုတာတော့ သိပါတယ်၊ ဒါပေမယ့် ဒီအလုပ် က ဆန်းမေ ဝါသနာပါတဲ့အလုပ် ဖြစ်နေလို့ပါ၊ အလုပ်ရှင် မမကေသီကလည်း ဆန်းမေကို အားထားတာမို့လို့ပါ"

ဦးက အဖြေမပေးဘဲ ငြိမ်သွားသည်။ ဦးမျက်နှာ နည်းနည်း မှိုင်းညို့သွားတာကို ဝရန်တာထောင့်ရှိ မီးပွင့်မှိန်မှိန် လေး၏ အလင်းရောင်နဲ့တောင် သေချာမြင်လိုက်ရသည်။ ဆန်းမေ က ဦးမျက်နှာကို မော့ကြည့်ရင်း ဦးရဲ့တုံ့ပြန်မှုကို ရင်ခုန်စွာ စောင့် မျှော်နေလိုက်မိသည်။

ဦးရဲ့ သက်ပြင်းချသံကို အထင်အရှား ကြားရပြီး နောက်မှာ ဦးရဲ့ အေးစက်စက်အသံကို ကြားလိုက်ရပါသည်။

"ဆန်းမေက အလုပ်ထွက်လုပ်နေတော့ သုသုကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



အဖော်လုပ်ပေးမှာလဲ၊ သုသုမှာ အဖော်မရှိဘဲ ဖြစ်နေမှာပေါ့။ သုသုက ဆန်းမေနဲ့ အတူနေရတာကို ပျော်တယ်လေ ...”

ဦး စကားကြောင့် ဆန်းမေ ရင်ထဲအောင့်သွားသည်။ ဦး ပြောတဲ့သဘောက သုသု ပျော်ဖို့အတွက် ဆန်းမေဖြစ်ချင်တာတွေ၊ လုပ်ချင်တာတွေနဲ့တကွ ဆန်းမေရဲ့ အချိန်တွေအားလုံး တစ်ဘဝလုံးကို စတေးထားရမယ့်သဘောလား ...။ 'ဆန်းမေကို ဦး ယူလိုက်တာ သုသုကို အဖော်လုပ်ပေးဖို့သက်သက်ပဲလားဟင်' ဟု မေးခွန်းတွေ တရစပ် မေးလိုက်ချင်သော်လည်း ဆန်းမေက မျိုသိပ်ထားလိုက်သည်။ အထွေအထူး မေးစရာမှမလိုပဲလေ၊ ဒါတွေကို သိသိကြီးနဲ့ ဦးကို ဆန်းမေ လက်ထပ်ခဲ့တာပဲ မဟုတ်လား။

နာကျင်စွာဖြင့် ဦးကိုကြည့်မိသည့် ဆန်းမေရဲ့ မျက်ဝန်းတွေကို ဦးကတော့ မြင်မှာမဟုတ်ပါ။ ဆန်းမေက အလင်းရောင်ကို ကျောပေး၍ရပ်နေတာမို့ ဆန်းမေ မျက်နှာပေါ်မှာ မှောင်ရိပ်ကျနေသည်။

ဦးမျက်နှာပေါ်မှာတော့ အလင်းရောင် ဝပ်ဝပ်လေး ဖြာကျနေသဖြင့် ဦးမျက်နှာပေါ်က နုမဲ့ဖော့ကို မြင်ရသည်။ ဒီညီမလေးနဲ့ ပတ်သက်ရင် အရာရာအပေါ် လောဘကြီးတတ်တာ၊ အစိုးရိမ်ကြီးတတ်တာ၊ ပျာယာခတ်အောင် ဂရုစိုက်တတ်တာ၊ ဒီလေးအတွက်ဆို တခြား ဘာကိုမှ ငဲ့မကြည့်တတ်တာတွေအားလုံးဟာ ပုံမှန်ထက်ပိုပြီး အစွန်းရောက် စိတ္တဇဆန်လှသည်။

“ဒီလိုဆိုလည်း ဆန်းမေ အလုပ်ထွက်လိုက်ပါ့မယ် ဦး ...”





ဦးမျက်နှာက ပြန်လည် ကြည်လင်လာပြီး အပြုံးကလေး တစ်ချက်တောင် လက်သွားသည်။

“အိုခေ ... ဆန်းမေ၊ ကျေးဇူးအားရမ်းတင်တယ်၊ ဆန်းမေသာ အိမ်မှာ အမြဲရှိနေရင် သုသုအတွက် ကိုယ် စိတ်ချပြီ ...”

“ဒါပေမယ့် တစ်ခုတော့ ခွင့်ပြုပေးပါ ဦး ...”

“အင်း ... ပြောလေ”

“ရှေ့လလောက်ဆို မမကေသီတို့ဆီမှာ အပ်ထည်တွေ များတော့မှာ၊ အကယ်ဒမီပွဲအတွက် စပွန်ဆာပေးမယ့် အထည်တွေလည်း အရမ်းများနေလို့လေ၊ ကျွမ်းကျင်တဲ့ လူသစ်ကလည်း အလွယ်တကူ ရှာလို့မလွယ်ဘူး၊ လူသစ်ရှာရရင်လည်း ချက်ချင်း အသားကျ အဆင်ပြေဖို့ဆိုတာ မလွယ်ဘူး၊ ဆန်းမေကို မမကေသီက ဒီဇိုင်းပညာကို ဂရုတစိုက် သင်ပေးထားတာ၊ တတ်လည်းတတ်သွားရော အလုပ်ကလည်း ထွက်သွားရောဆိုတော့ အရမ်းအားနာစရာ ကောင်းလို့ပါ၊ ဒီဇင်ဘာတစ်လလောက်တော့ ဆန်းမေ မမကေသီကို ကူပေးချင်တယ်၊ အဲ့ဒီတစ်လပြီးတာနဲ့ ဆန်းမေ အလုပ်က အပြီးထွက်ပါ့မယ်”

ဦးက ချက်ချင်း ခေါင်းမညိတ်ပါ။

ဆန်းမေက အသနားခံသလိုမျိုး လက်ညှိုးလေးတစ်ချောင်း ထောင်ပြရင်း ...

“တစ်လတည်းပါ ဦး၊ တစ်သက်လုံးအတွက် ဒီတစ်လပဲ ခွင့်ပြုပါ၊ ဒီတစ်လပြီးရင် ဆန်းမေရဲ့ အချိန်အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဦးနဲ့ သုသုအတွက် ပေးမှာပါ၊ ဆန်းမေဘဝကို ဦး
ပိုင်ပါတယ်”

ဦးက ဆန်းမေကို ငေးကြည့်နေသည်။ ပြီးတော
ဆန်းမေရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ရင်း ဆန်းမေမျ
နှာကို နီးနီးကပ်ကပ်ငုံ့ကြည့်လျက် အတန်ငယ် နူးညံ့သော လေ
ဖြင့် ...

“ကိုယ် ခွင့်မပြုချင်လို့ မဟုတ်ပါဘူး၊ မင်းကို ကိုယ်ကို
တိုင် အကြိုအပို့လုပ်ပေးချင်လို့ ကိုယ့်အချိန်ကို တွက်ချ
စဉ်းစားနေတာပါ”

အို ... တကယ်ပဲလားရှင်။ ဦး ဆန်းမေကို ဒီလော
လေး ဂရုစိုက်လာမယ်လို့တောင် ဆန်းမေ မမျှော်လင့်ရဲခဲ့တာ

“ကျေးဇူးပါ ဦး ...”

ဆန်းမေ အသံက အနည်းငယ်တုန်ရင်သွားသည်
ပီတိဖြင့် စိတ်လှုပ်ရှားရလို့ပင်။

ဆန်းမေက နည်းနည်း ရဲတင်းလာကာ ...

“ဦး ... ဟန်းနီးမွန်း ထွက်ဦးမှာလားဟင်”

“ဆန်းမေ ထွက်ချင်လို့လား”

“ဆန်းမေက တစ်ခါမှ ဟန်းနီးမွန်း မထွက်ဖူးတော့ ဟ
နီးမွန်းထွက်တယ်ဆိုတာ ဘယ်လိုမျိုးလေးလဲဆိုတာ
သိချင်ပါတယ်၊ ဒါပေမယ့် ဦး မအားလို့ အဆင်မပြေ
မထွက်ဘူးဆိုလည်း ရပါတယ်၊ ထွက်ရမှ ကျေနပ်မယ်
တော့ မဟုတ်ပါဘူး၊ ထုံးစံမို့ မေးကြည့်တာပါ”





ဦးက နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ရင်း ဆန်းမေခေါင်း
ကို လက်ဖဝါးတစ်ဖက်ဖြင့် အုပ်၍ဖိချလိုက်ရင်း ...

“ဘယ်သူကရော ထွက်ဖူးလို့လဲ ကျောင်းသူလေးရဲ့”

“ဆန်းမေ ကျောင်းသူမဟုတ်တော့ဘူး၊ အိမ်ထောင်တောင်
ကျနေပြီလေ၊ လူကြီး ဖြစ်နေပါပြီ”

“ကိုယ့်အမြင်မှာတော့ မင်းက လူကြီးယောင်ဆောင်နေတဲ့
ကလေးပဲ ရှိပါသေးတယ်”

သူက မျက်ဝန်းတွေ အနည်းငယ် ရယ်ရွှန်းလျက်
ပြောပါသည်။ ဆန်းမေက ဖိချထားသည့် သူ့လက်အောက်မှ
ဆန်းမေ၏ ခေါင်းကလေးကို ငုံ့စောင်းကာ ရုန်းထွက်လိုက်သည်။

သူနဲ့ ဆန်းမေကြားမှာ နည်းနည်း ရင်းနှီးလာသလို
ထင်မိသည်။

သူက ဝရန်တာလက်ရန်းကို မှီ၍ လက်ပိုက်ရပ်
လျက် ဆန်းမေကို ခပ်စိုက်စိုက်ကြည့်ရင်း ...

“ကိုယ်လည်း တစ်ခါမှမထွက်ဖူးတော့ ဟန်းနီးမွန်း ထွက်
ချင်ပါတယ်၊ ဒါပေမယ့် ကိုယ်တို့နှစ်ယောက်လုံး သူ့ရှေ့
က ပျောက်သွားရင် သုသုက သောင်းကျန်းမှာပဲလေ၊ သုသု
သောင်းကျန်းရင် အန်တီထွေးလည်း မနိုင်ဘူး၊ နောက်ဆန်
ငင်နေရမှာဆိုတော့ မသွားတာပဲ ကောင်းမယ်ထင်ပါတယ်၊
နောက်မှ သုသုကို ခေါ်ပြီး နီးနီးနားနား ချောင်းသာလောက်
ဖြစ်ဖြစ် သွားတာပေါ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဦး သဘောပါ ..."

ဆန်းမေ အသံက အင်အားမပါဘဲ နုံးပျော့နေပါ သည်။ ဟုတ်သားပဲ ... သုသုကို ငှဲရမယ်ဆိုတာ ဆန်းမေ စဉ်းစာ တတ်ရမှာပေါ့။ မကျေနပ်တာ မဟုတ်သော်လည်း ဝမ်းနည်းသလို တော့ ခံစားလိုက်ရသည်။

"တကယ်ပဲ ကိုယ့်သဘောလား ..."

ဦး မေးခွန်းက အထာပါသဖြင့် ဆန်းမေက ဦး စိုက်ခနဲ ကြည့်မိသွားသည်။ ဦးက နှုတ်ခမ်းထောင့်စွန်းကလေ မသိမသာကွေးကာ မချိုမချဉ်လို ပြုံးထားရင်း ဆန်းမေကို စို ကြည့်နေသည်။ ဦးအကြည့်တွေက ရှုတ္တာဖြင့် ဆွဲငင်မှုအပြ ရှိပါသည်။ အဲ့ဒါ ကြောင်က ကြွက်ကို ကစားတော့မည့် အကြ မျိုးလေ။ ဟင့်အင်း ... အဲ့ဒီလို မကြည့်ပါနဲ့ ...။

ဦးကို 'မကြည့်နဲ့' ဟုသာ စိတ်ထဲက တောင်းဆို မိပေမယ့် အကြည့်ခံသူက သူ့အကြည့်မှာ ငြိတွယ်ကာ တစ်ဦး တစ်ဦး ကြာမြင့်စွာ စိုက်ကြည့်ငြိမ်သက်ရင်း ဆန်းမေရဲ့ အေး သော ခန္ဓာကိုယ်လေးဟာ ပြန်လည်နွေးထွေးလာနေပါသည်။ နှုတ်ခမ်းဖျားဆီက မထိတရိ အပြုံးကလေးလည်း ကွယ်ပျော သွားကာ သူ့မျက်နှာက ပန်းသွေးရောင် စိုကြွလာသည်။

သူက ဝရန်တာကို မှီရပ်နေရင်းက ရုတ်တ ဆန်းမေရဲ့ လက်ကလေးတစ်ဖက်ကို ခပ်ကြမ်းကြမ်း လှမ်းဆွဲလို သဖြင့် ဆန်းမေ၏ ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ဆီ အမ်ကျ ကာ အင့်ခနဲ အသံကလေးတစ်ချက် ထွက်လာသည်။ တစ်





ည်းမှာပဲ ဆန်းမေရဲ့ နှုတ်ခမ်းကလေးထက်သို့ နွေးထွေးပြင်းရှ သော အနမ်းတစ်ခု ကျရောက်လာခဲ့ပါသည်။ ရှည်ကြာထက်သန် သော သူ့အနမ်းနှင့်အတူ မျောလွင့်နေခဲ့ပြီးမှ မခံမရပ်နိုင်တော့ အောင် မောဟိုက်ပန်းလျလာခဲ့တာမို့ ဆန်းမေက 'ဟင့်အင်း'ဟု သော မသဲမကွဲ အသံကလေးတစ်ခုနှင့်အတူ လူးလွန့်ကာ ခေါင်း ဆးကို ငဲ့စောင်း ရုန်းထွက်လိုက်သည်။

သူက ဆန်းမေရဲ့ ခန္ဓာကိုယ်လေးကို ဖြေလျော့လွှတ် ဆးလိုက်ပြီး ...

"ဘာဖြစ်လို့လဲ ဆန်းမေ ..."

ဆန်းမေက အောက်နှုတ်ခမ်းလေးကို ကိုက်ထား ိက်ပြီးမှ ...

"အသက်ရှူ မရတော့လို့ ..."

"ဆောရီး ... ကိုယ် နည်းနည်းလွန်သွားတယ်"

"ရပါတယ်၊ ဆန်းမေက ဦး ဇနီးပဲ၊ ဒီလိုလုပ်ဖို့ ဦးမှာ ပါမစ်ရှိပါတယ် ..."

"ပါမစ် ... ! ... ဟဟ ..."

သူက မျက်ခုံးပင့်၍ ရေရွတ်လိုက်ပြီး လှုငယ်ကလေး ခပ်ဟဟလေး ရယ်လိုက်သည်။ ဆန်းမေက စိတ်တိုလာမိကာ

"ဦး သွားအိပ်နှင့်တော့၊ ဆန်းမေ ဒီညတော့ ဦးနဲ့မအိပ်ချင် သေးဘူး"

သူက မျက်ခုံးတစ်ချက် ပင့်သွားပြီးမှ ...

"အိုခေ ... no problem ပါ ကလေးမ၊ ကိုယ် သွားအိပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ ဒီမှာအကြာကြီးတော့ ဆက်ရပ်မနေနဲ့၊ အအေး
မိလိမ့်မယ်၊ အခန်းထဲဝင်လာလည်း မင်း ဆန္ဒမရှိရင် မင်း
ကို ကိုယ် လက်ဖျားနဲ့ မထိပါဘူး၊ နောက် ၁၀ မိနစ်
လောက်ဆိုရင်တော့ ဝင်ခဲ့တော့ ... ဟုတ်ပြီလား ... အိုခေ
ကဲ ... good night"

ဦးက ဆန်းမေ နဖူးလေးကို ခပ်ဖွဖွလေး တစ်ချက်
ငုံ့နမ်းလိုက်ပါသည်။ ထို့နောက် ဆန်းမေကိုယ်ပေါ်က ဆွယ်တာ
လက်ရှည်လေးကို ဆွဲစေ့ကာ ကြယ်သီးကလေး တပ်ပေးခဲ့ပြီး
ဆန်းမေပခုံးကို တစ်ချက်ပုတ်၍ ကြည်လင်စွာ ပြုံးပြ လှည့်ထွက်
သွားပါသည်။

ဆန်းမေ ရင်ထဲမှာတော့ ဒွိဟများဖြင့် လှုပ်ခါကျန်ခဲ့
သည်။ ကြင်နာသော သူ့အပြုအမူလေးက ဆန်းမေစိတ်ကို ပျော့
ပြောင်းလာစေသည်။ သူ့ထံမှာ ဆန်းမေနဲ့ ပတ်သက်ရင် ရမ္မက်
တစ်ခုပဲ ရှိတာပါပဲဟု ခံပြင်း နာကျင်သွားမိသော်လည်း သူ့ရဲ့
ကြင်နာ ငဲ့ညှာမှုကလေးနှင့်အတူ သူ့ထံမှာ ရမ္မက်အပြင် အချစ်
လည်း ရှိဦးမှာပါပဲဟု ယုံကြည်ချင်လာသည်။ ကြမ်းရှသည့် ဒ
အနမ်းက ဆန်းမေကို နာကျင်စေပေမယ့် နဖူးဆီက နူးညံ့သန့်စင်
သည့် အနမ်းလေးတစ်ပွင့်က ဆန်းမေကို ပျော်ရွှင်လာစေပါသည်။
သူ ဒီလိုလည်း ဖြူဖြူစင်စင် နမ်းတတ်သားပဲ။

"ဦး ..."

ဆန်းမေ ခေါ်သံကြောင့် သူ့ခြေလှမ်းတွေ ရပ်တန့်
သွားခဲ့သည်။ ပို၍ အေးမြလာပြီဖြစ်သော ဆောင်းတွင်းလေ





ပ်ခန်းပြတင်းပေါက်ဆီက ခန်းဆီးစများနှင့်အတူ ဆန်းမေရဲ့
ဝတ်ဂါဝန်ဖြူလေးကိုပါ လွင့်ပါးလှုပ်ခတ်နေစေသည်။

ဆန်းမေက သူ့ထံသို့ ခြေလှမ်းဖွဖွဖြင့် လှမ်းလာခဲ့
ြီး သူ့ခါးကို နောက်မှ ဖွဖွသိုင်းဖက်ထားလျက် သူ့ကျောပြင်မှာ
ါးကလေးအပ်၍ ငြိမ်သက်နေမိသည်။ သူကလည်း ဆန်းမေလိုပဲ
ငြိမ်သက်နေသည်။ အဲ့ဒီနောက် သူ့ခါးဆီက ဆန်းမေရဲ့ လက်
လေး တစ်ဖက်ကို ဆွဲယူပြီး သူ့နှုတ်ခမ်းဖြင့် ဖွဖွလေး ထိကပ်
မ်းရှိုက်လိုက်သည်။ အဲ့ဒါဟာ ဆန်းမေအတွက်တော့ အရည်ပျော်
နမ်းပဲ ဖြစ်ပါသည်။

သူက သူ့ခါးဆီက ဆန်းမေရဲ့ လက်ကလေးကို
ည်သာစွာ ဖြုတ်ဖယ်လိုက်ပြီး ဆန်းမေနှင့် မျက်နှာချင်းဆိုင်လိုက်
ည်။ ပြီးတော့ ... ဆန်းမေကို ပွေ့ချီလိုက်တာမို့ ဆန်းမေက
သူ့လည်ပင်းကို ဖက်တွယ်လျက် သူ့ရင်ဘတ် နွေးနွေးမှာ မျက်နှာ
ထားဆဲမှာ သူက အခန်းဆီသို့ တစ်လှမ်းချင်း လှမ်းဝင်လာ
လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... ဆန်းမေ ..."

"ဟယ် ... သော်တာ ..."

ဆန်းမေတို့ လမ်းနှင့် အနီးဆုံးက သားငါးဈေး

သည့် ဈေးရှေ့မှာ ဆန်းမေနှင့် သော်တာ ဆုံမိသွားတာမို့

ယောကျ်ားလုံး ဝမ်းသာအားရ သံပြိုင် နှုတ်ဆက်လိုက်မိကြသည်

ဆန်းမေက ဈေးဝယ်လာသည့် ပလတ်စတစ် လက်ဆွဲအိတ်

ကို စက်ဘီးရှေ့ခြင်းကလေးထဲ လှမ်းထည့်လိုက်ပြီး သော်တာ

ကို လှမ်းဆွဲလိုက်ရင်း ...

"သော်တာရယ် ... နင်ကလည်း နေနိုင်လိုက်တာ၊ အိမ်

လေးဘာလေးတောင် လာဖော်မရဘူး"

"ငါက အလိုက်သိတတ်တယ်လေ၊ ညားခါစ လင်မယား

အိမ်ကို ခဏခဏ လာလည်လို့ ဘယ်ဖြစ်မှာလဲ ..."

ဆန်းမေက ခပ်ဟဟလေး ရယ်လိုက်မိရင်း ...

"ဟာဟ ... ညားခါစ ယောကျ်ားက နေ့တိုင်းရုံးသွား





သူ့မိန်းမလေးက သူ့ညီမလေးနဲ့ဆော့နေရတာပါ သော်တာ ရယ် ..."

"ဟင် ... အဲ့လိုကြီးလား၊ မမိုက်လိုက်တာဟာ၊ ဒါနဲ့ နင်တို့ ဟန်နီးမွန်းလေး ဘာလေး မထွက်ကြဘူးလား ..."

"မထွက်ဖြစ်ပါဘူး၊ သုသုကို ထားခဲ့ရမှာ စိတ်မချလို့လေ"

"ဟင် ... ဒါလည်း မမိုက်ပြန်ဘူး၊ ဒါနဲ့ နင်က ဒီကိုဘာ လာလုပ်တာလဲ ..."

"ဈေးလာဝယ်တာလေ၊ သုသုက ညနေကျရင် အိမ်ကဟင်း မစားချင်ဘူး၊ ငါးသလောက်ဥပဲ စားချင်တယ်ဆိုလို့ ငါး သလောက်ဥ လာဝယ်ရတာ ..."

"ကျွတ် ... မဖြစ်သင့်ပါဘူးဟာ"

သော်တာက စိတ်ပျက်သလို ခေါင်းတစ်ချက် ယမ်းရင်း ပြောသည်။

"ဘာလို့လဲ ..."

"နင်က ဦးကျော်ဝီရရဲ့ ဇနီးလေ ...၊ ဦးကျော်ဝီရက နိုင်ငံခြားက ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံချင်တဲ့ သူတွေကို စီးပွားရေးဆိုင်ရာ အခြေအနေတွေ တွက်ချက် ဆွေးနွေးအကြံပေးတဲ့ ပညာရှင် သူဌေးလေ၊ ဒီလိုလူရဲ့ မိန်းမက ခုလို စက်ဘီးလေးနဲ့ သားငါးဈေးမှာ ငါးသလောက်ဥ လာဝယ်တာ မသင့်တော်ပါဘူးဟာ ..."

"နင်ပြောမှပဲ ငါ့ကိုယ်ငါ တော်တော် ကြီးကျယ်ခမ်းနားမှန်း သိတော့တယ် သော်တာရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ရယ်ဟဟလေး ပြောမိပါသည်။ တကယ် လည်း သော်တာ တွေးသလို မတွေးမိခဲ့တာ အမှန်ပါပင် ... ကိုယ်ချစ်တဲ့သူနဲ့ အတူနေရတာ၊ အိမ်ထောင်သည် ဖြစ်သွားတာ လွဲရင် ကိုယ့်ဘဝကြီးတစ်ခုလုံး ထူးခြားမြင့်မား တင့်တယ်တော လာသည်ဟု မထင်မိပါ။ ဦးရဲ့ အချစ်ကလွဲရင် ဘာကိုမှလည်း လောဘ မတက်မိပါ။

"အေးပါ ... ရယ်ပါ၊ ငါက တကယ် အမြင်မတော် ပြောတာ၊ ဈေးဝယ်ချင်လည်း ကားနဲ့ ဘာနဲ့ City Mart ဘာတို့မှာ စမတ်တကျ သွားဝယ်ပါလား ..."

"City Mart မှာ ငါးသလောက်ဥမှ မရှိတာ၊ ပြီးတော့ ဒီလောက်နီးတဲ့ ဈေးကို ကားနဲ့လာရင် လမ်းမှာ ကားကျပ် နေတာနဲ့ တော်တော်နဲ့ ရောက်မှာမဟုတ်တော့ဘူး၊ ဒီအချိန် ရွှေတောင်ကြားလမ်းတွေမှာတောင် ကားက အရမ်းကျပ် တာ၊ စက်ဘီးလေးနဲ့ဆိုတော့ ကားကြိုကားကြားကနေ လာရင် မြန်မှမြန် ..."

"ဈေးက နင်ဝယ်မှလား၊ နင့်အိမ်က ကောင်မလေးရော ဘယ်ရောက်နေလို့လဲ ..."

"သူသူက ငါကိုယ်တိုင် ဈေးဝယ်မှ လတ်ဆတ်တယ် စားကောင်းတယ် ထင်တာဟ"

"နင့်မှာလည်း ဝဋ်ကြီးလိုက်တာဟယ်၊ လာဟာ ... ငါ ဟိုရှေ့က ရှမ်းခေါက်ဆွဲဆိုင်မှာ ထိုင်ရအောင်၊ နင်နဲ့လည်း မတွေ့ရတာကြာပြီ၊ နင် အချိန်ရတယ် မဟုတ်လား ..."





"အေး ... နည်းနည်းတော့ ရပါတယ်"

"နင့် ငါးသလောက်ဥကရော ကြာလို့ဖြစ်ရဲ့လား"

"ဖြစ်တယ်လေ၊ ရေခဲဘူးလေး ယူလာပြီး ထည့်ထားတာ"

"ဟယ် ... သားငါးဝယ်တာတောင် ရေခဲဘူးနဲ့လား"

"သူသူက သိပ်မလတ်ဆတ်တာ စားရင် ဝမ်းသွားတတ် လို့လေ၊ ပလတ်စတစ်အိတ်နဲ့ ထုပ်ပေးလိုက်တာလည်း မကြိုက်လို့ လမ်းမှာ ပူပြီး သိုးမသွားအောင် ရေခဲဘူးကလေး ယူလာတာ ..."

"အံမယ်လေး ... အသေးစိတ်လိုက်တာဟယ်၊ နင့်အစား ငါတောင် ရင်မောတယ်"

သော်တာက ရင်ဘတ်လေးဖိကာ ပြောပြီး လေပူ လေး မှုတ်ထုတ်ပြလိုက်သည်။

ရှမ်းခေါက်ဆွဲဆိုင်မှာ ထိုင်မိတော့ သော်တာက ရှမ်း ခေါက်ဆွဲတစ်ပွဲ မှာစားသည်။ ဆန်းမေက အိမ်က စားခဲ့တာမို့ သံပရာရည်ပဲ မှာသောက်ရင်း စကားပြောဖြစ်ကြပါသည်။

"ဦးကျော်ဝီရက နင့်ကို ဂရုစိုက်ရဲ့လား ဆန်းမေ"

"သူ့စတိုင်လ်နဲ့သူတော့ ဂရုစိုက်ပါတယ်"

"ဟမ် ...၊ ဘာလဲဟ၊ နားမလည်ဘူး ..."

"ဟို ... ဘယ်လိုပြောရမလဲ၊ ဒီလိုဟာ ... တို့တွေ ရုပ်ရှင် တွေဘာတွေထဲမှာ ကြည့်ဖူးသလိုမျိုး၊ ဇနီးငယ်ငယ်လေးကို တအား ကြင်ကြင်နာနာ ကဲကဲပိုပို ပျာယာတွေ ခတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်တာမျိုးတော့ မဟုတ်ဘူးပေါ့၊ ခပ်စိမ်းစိမ်း ခပ်တည် တည် နေရင်းကပဲ တစ်ချက်တစ်ချက် အာရုံစိုက်ပေးတာ မျိုးပေါ့၊ အဲ့ဒီလောက်ပါပဲ”

“ဟင် … ပျင်းစရာကြီးပေါ့၊ ဒါနဲ့ သုသုနဲ့ နှင်နဲ့ရော အဆင် ပြေရဲ့လား”

“အဆင်မပြေစရာ မရှိပါဘူး၊ သူ ဉာဏ်ရှိသလောက်လေး ပူဆာသမျှကို ငါလုပ်ပေးပြီး သူ ဂျီကျတာကို နားလည် ခွင့်လွှတ်ပေးရုံပါပဲ၊ သုသုက သနားစရာတော့ ကောင်းပါ တယ်”

“သူ့အစ်ကို အလိုလိုက်လွန်း ဂရုစိုက်လွန်းတာတွေကို နင် စိတ်မညစ်ဘူးလား”

“စိတ်မညစ်ပါဘူး၊ စိတ်မကောင်းတော့ ဖြစ်တယ်၊ ဦး သုသုအပေါ်ထားတဲ့ မေတ္တာက စိတ္တဇဆန်သလိုပဲလို့ ငါ ခံစားရလို့လေ …”

“စိတ္တဇဆန်တယ် …”

“ဟုတ်တယ်၊ သုသုကို ဦး ချစ်တာ ပုံမှန်မဟုတ်ဘူး အရမ်းစိတ္တဇဆန်တယ်၊ ဘာမဟုတ်တာလေးနဲ့လည်း သုသု အတွက် စိုးရိမ်သွားတတ်တယ်၊ အဲ့ဒီအချိန်ဆို ဦးက တုန် လှုပ်သလိုဖြစ်ပြီး ချွေးတွေလည်း ထွက်၊ မျက်နှာလည်း ဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်လုံးတွေကလည်း တအား သနား စရာကောင်းတယ် …၊

“သူ့ညီမ တစ်ခုခု လိုချင်ပြီဆို သူ့အနေနဲ့





သွားအပ်တဲ့နေရာ ဟုတ်မဟုတ် မစဉ်းစားဘူး၊ ချက်ချင်း ထွက်သွားတာပဲ၊ ခိုင်းစရာလူမရှိရင် ဒီလို သားငါးဈေးတန်း ထဲ လာပြီး ငါးအစိမ်းတွေ ရွေးဝယ်ရမယ်ဆိုရင်တောင် ဝယ်မယ့် ပုံပဲ၊ သုသုနဲ့ ပတ်သက်လာရင် ဂုဏ်သိက္ခာတို့၊ နေရာတို့၊ အချိန်အခါတို့ ဘာမှထည့်မတွက်ဘူး၊ သုသုကို ထိပါးလာတဲ့သူဆို ဘယ်လိုလူမျိုးဖြစ်ဖြစ် အမှုန့်ချေပစ် လိုက်မယ်ဆိုတဲ့ လူမျိုးပဲ …”

“ဟယ် … အဲ့ဒီလောက်တောင်ပဲလား”

သော်တာက အံ့ဩစွာ ရေရွတ်သည်။

“အဲ့ဒါထက် ပိုတာတွေတောင် ရှိဦးမယ်၊ ငါ မသိသေးလို့ သာ …”

“သုသုက ကျပ် … အဲ … ဉာဏ်ရည်မမီတဲ့ ကလေးမို့ သနား တာ၊ ပုံမှန်ထက်ပိုပြီး ကာကွယ်စောင့်ရှောက်ချင်တာ ဖြစ် မယ်ထင်တယ်နော် ဆန်းမေ၊ ဒါပေမယ့် နှင်ပြောသလိုဆို သူ စောင့်ရှောက်တာက သိပ်အိုဗာဖြစ်ပြီး စိတ္တဇဆန်နေ သလိုပဲ …”

ဆန်းမေက သံပရာရည် လက်ကျန်ကို စုပ်သောက် လိုက်ပြီး …

“သုသုအတွက် သူ တစ်ခုခု ခံစားရပြီဆိုရင် ဘာမှမမြင် တော့ဘူး၊ ငါ့ကိုတောင် မမြင်တော့ဘူး၊ အဲ့ဒီအချိန်ဆို သူက သနားစရာလည်း ကောင်းတယ်၊ ကြောက်စရာလည်း ကောင်းတယ်၊ သူ့ကို သနားတာနဲ့ပဲ သူ့အနေအထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလုပ်အပ်တဲ့ အသေးအမွှား ကိစ္စလေးတွေ သူ လုပ်ပြီး သူ့အစား ငါပဲဝင်ပြီး အပင်ပန်းခံ လုပ်ပေးဖြစ်တော့တယ် ငါကတော့ သာမန် မိန်းကလေးပဲလေ၊ သူက ပညာရှ သူဌေး မဟုတ်လား၊ တောက်တိုမည်ရတွေ သူလုပ်တာ ငါမကြည့်ရက်လို့ပါ၊ ခုလည်းပဲ သုသု စားချင်တာ မစား ဘူးလို့သာ သူသိရင် ဝူးဝူးဝါးဝါးနဲ့ ကျန်တဲ့သူတွေကို ပ ရမ်းပြီး သူကိုယ်တိုင် အလုပ်ပစ် အကိုင်ပစ် ဆိုင်တာ လျှောက်ရှာဝယ် မလားတောင် မသိလို့ ငါ အမြန်ပြေးထ ဝယ်ရတာ ..."

"ဟင် ... မလွယ်ပါလားဟယ်၊ ငါထင်တော့ ထင်ပါတယ် နင်တို့ မင်္ဂလာဆောင်နေ့တုန်းကလည်း အဲလိုပဲလေ ... သုသု ပန်းကြိုချင်တယ်ဆိုတာနဲ့ သူ ဘာမှ အားမနာဘေ ဘူး၊ ပန်းကြိုမယ့် ကောင်မလေးက သေချာပြင်ဆင် စောင့်နေတာ အသင့်တောင်ဖြစ်နေပြီ၊ ငါတောင် ကြာ က အားနာသွားတယ်၊ သုသုကလွဲရင် သူ ဘယ်သူ့မှ ဂ မစိုက်သလိုပဲနော်၊ သူက အဲဒီလိုကြီးဆိုတော့ နင် သုသု မမုန်းဘူးလား"

"မမုန်းပါဘူး၊ ငါ သုသုကို ချစ်ပါတယ်၊ သူချစ်တဲ့ တန်ဖိုးထားတဲ့ အရာအားလုံးကို ချစ်ဖို့ တန်ဖိုးထားဖို့လည်း ဆုံးဖြတ်ထားပါတယ်"

"သူကရော နင့်လိုသဘောထား ရှိပါ့မလား"

"အဲ့ဒါတော့ ငါလည်း မသိဘူး"





သော်တာက သက်ပြင်းချပြီး ရှမ်းခေါက်ဆွဲကို အပြီးသတ် စားလိုက်ပြီးမှ ...

"မမီလည်း နိုင်ငံခြား ပြန်ထွက်သွားပြီဟ ..."

"ဟုတ်လား ..."

"နိုင်ငံခြားမှာ အပြီးနေမှာဆိုလားပဲ၊ သြော် ဟဲ့ ... ငါမေးဖို့ မေ့တော့မလို့၊ နင့်အလုပ်က ဘယ်လိုလုပ်မှာလဲ၊ ထွက်မှာလား ... ဆက်လုပ်မှာလား ..."

"ဦးက ထွက်စေချင်တော့ ထွက်ရမှာပေါ့ဟာ၊ ဒါပေမယ့် ဒီ[redacted]တော့ ငါ မမကေသီကို ကူညီဖို့ ခွင့်တောင်းတော့ [redacted] ခွင့်ပြုတယ်"

"အဲ့ဒါဆို တော်သေးတာပေါ့၊ မမကေသီလည်း နင့်ကို အရမ်းအားထားတာလေ ..."

"မမကေသီဆီ ငါ ဖုန်းဆက်ထားတယ်၊ နင်လည်း သေချာ ပြောပြလိုက်ဦး၊ ဆက်ဆက်လာခဲ့မယ်လို့နော်၊ ကဲ ... ငါလည်း သွားတော့မယ်၊ သုသု ညနေစာစားဖို့ ငါးသလောက်ဥ အချိန်မီရောက်မှ ဖြစ်မှာ"

"အေးပါ ... အေးပါ"

ဆန်းမေက သော်တာ့ကို နှုတ်ဆက်ပြီး စက်ဘီးလေးကို ခပ်သွက်သွက်လေး နင်းထွက်လာခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

ဆန်းမေတို့ အခန်းထဲကွင် ဆလင်းဒီယွန်၏ The power of love သီချင်းသံလေးက ခပ်တိုးတိုးလေး ထွက်ပေါ်နေသည်။ ဆန်းမေက အိပ်ခန်းထောင့်က ခုံလေးမှာထိုင်၍ မဂ္ဂဇင်းတစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေသယောင်ပြုပြီး ဦး အဝတ်အစားလဲနေတာကို တစ်ချက် တစ်ချက်မှာ လှမ်းခိုးကြည့်နေမိသည်။

ဒီအခန်းထဲမှာ ဆန်းမေတစ်ယောက်တည်း ရှိလျှင် CD player ထဲသို့ သီချင်းခွေတစ်ခွေ ထည့်ကာ တိုးတိုးဖွင့်ထားမြဲပင်။ တိတ်ဆိတ်နေသော အခန်းထဲမှာ အဖော်မဲ့သလို ခံစားချက်မျိုးကို သီချင်းသံလေးက နှစ်သိမ့်ပေးနိုင်သည်။

သုသု၏ ဝေယျာဝစ္စတွေ ပြီးသောအချိန်၊ သုသု အိပ်နေသောအချိန်တွေမှာ ဒီအခန်းထဲမှာပဲ စာဖတ်၍ဖြစ်စေ၊ အင်္ဂလိပ် ဒီဗိုင်း ကတ်တလောက် စာအုပ်တွေ ကြည့်၍ဖြစ်စေ၊ တီဗီကြည့်၍ဖြစ်စေ တစ်ယောက်တည်းနေရင်း ဦးပြန်အလာကို စောင့်မိမြဲ





ဒီညတော့ ဦးက dinner တစ်ခုကို သွားစရာရှိတာမို့ အိမ်အပြန်နောက်ကျခဲ့သည်။

ဦး ကား ခြံထဲဝင်လာတာကိုတောင် ဆန်းမေ မသိလိုက်ဘဲ အခန်းထဲသို့ ဦး ဝင်လာတော့မှ ဆန်းမေက ဦး လက်ထဲက တုတ်အင်္ကျီနှင့် အိတ်ကို လှမ်းယူကာ ကြိုဆိုရသည်။ ဦး တို့ အဝတ်အစားကိုတော့ ဦးက သူ့ဘာသာ ရွေးချယ်လေ့ရှိသည်။ ဦးရဲ့ အဝတ်အစား အသုံးအဆောင်တွေဟာ တန်ဖိုးကြီး အဆင့်မြင့်တွေချည်းပဲမို့ ဘာက ဘယ်လိုတန်ဖိုးရှိ၍ ဘယ်လိုနေရာမှာ ဝတ်ဆင်သည်ဆိုတာ ဆန်းမေ နားမလည်ပါ။ တစ်ခါကဆို ခပ်ဖိလင့်လို့ ခေါ်တဲ့ တန်ဖိုးကြီး လက်ကြယ်သီး အစုံလိုက်တပ်၍ ဝတ်ဆင်ရသော ဦးရဲ့ လက်ကြယ်သီးမပါတဲ့ တန်ဖိုးကြီး ရှပ်အင်္ကျီတွေမှာ ကြယ်သီးပြုတ်နေတာပဲဟုထင်ကာ စေတနာပိုပြီး လက်ကြယ်သီး သွားတပ်ပေးမိသဖြင့် ဆန်းမေ ရှက်ခဲ့ရသည်။

ဆန်းမေတို့ အခန်းထဲမှာ အဲကွန်း စိမ့်နေအောင်ဖွင့်ထားရင်တောင်မှ ဒီအခန်းထဲကို ဦး ဝင်လာတာနဲ့ အခန်းလေးက နွေးသွားသည်ဟု ထင်ခဲ့မိသည်။ အခန်းကလေး နွေးသလို ဆန်းမေ၏ ခန္ဓာကိုယ်လေးသည်လည်း ဝေးဝေးက ကိုယ်ငွေ့ဖြင့်ပင် နွေးရပါသည်။

ဦးက ခုတင်ဘေး ဗီရိုနားမှာရပ်ပြီး သူ့ကိုယ်ပေါ်က ဘာလင်းလင်း ကိုယ်ကျပ် ရှပ်အင်္ကျီကို ချွတ်နေသည်။ ဦး ခန္ဓာကိုယ်က အရင်လိုပဲ ကျစ်လျစ်စွာ ကြည့်ကောင်းမြဲပင် ...။ ဆန်းမေကလည်း ဘယ်နှခါတွေ့တွေ့ ငေးမိသားပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေထက် ၁၀ နှစ်ဝန်းကျင်လောက် ကြီးပေမယ့်လည်း ဆန်းမေခေါ်သလို 'ဦး' အရွယ် မဖြစ်သေးသော ဦးကို 'ကိုကို'ဟု တစ်ခါလောက် ခေါ်ကြည့်ချင်သော်လည်း မခေါ်ရဲဘဲ ခေါ်နေကျအတိုင်းသာ နှုတ်ကျိုးနေပါသည်။

ဆန်းမေက ဦးကို ခိုးခိုးကြည့်ရင်း မနက်ဖြန်ကိစ္စကို ဘယ်လို စကားစရင် ကောင်းမလဲဟု စဉ်းစားနေမိသည်။ မနက်ဖြန် ဒီဇင်ဘာ ၁ ရက်မို့ ဆန်းမေ အလုပ်ပြန်ဝင်ပေးရမှာပင်။ ဦး သတိမရမှာစိုးတာမို့ ဆန်းမေက အသိပေးချင်သည်။

"ဆန်းမေ ... ဆိုဒ် ဘယ်လောက်ဝတ်လဲ"

အဝတ်အစားလဲနေရင်း ဦးက ဆန်းမေကို လှည့်မကြည့်ဘဲ လှမ်းမေးလိုက်သည်။

ဘာကိုမေးတယ်ဆိုတာ ဆန်းမေ နားမလည်တာမို့ ချက်ချင်း ပြန်မဖြေနိုင်။

"အဝတ်အစားဝတ်ရင် ဆိုဒ်ဘယ်လောက်ဝတ်လဲ မေးတာ"

"မီဒီယမ်ပါ ဦး ..."

"ရော် ... မီဒီယမ်မှန်းတော့ သိတာပေါ့၊ လက်မဆိုဒ်ကို ပြော ..."

ဆန်းမေက ဦး ဘာကြောင့်မေးမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်နေဆဲ ...

"ခါးဆိုဒ်က ၂၄ လောက် ရှိမလား ..."

အယ် ... မှန်းချက်ကလည်း ကွက်တိပါလား ...

"ဟုတ် ... ၂၄ ပါ"





"ရင်က ..."

"အဲ ... ၃၂"

"တင် ..."

"ဟို ... ၃၆ ..."

"ဖိနပ်ဆိုဒ်က ၃၇ လောက် ရှိမယ်ထင်တယ်"

"ဟုတ် ... ဟုတ်ကဲ့"

"အိုခေ၊ ဒါဆို ကိုယ် ဝယ်လာတာတွေ မင်းနဲ့တော်မှာပါ၊ ကိုယ်ယူလာတဲ့ အထုပ်တွေ တွေ့လား၊ အဲ့ဒါ မင်းအတွက် ဝယ်လာတာ၊ နေ့လယ်က MK ကိုရောက်ဖြစ်တာနဲ့ မင်းနဲ့ အဆင်ပြေမယ်ထင်တာလေးတွေ ဝယ်လာခဲ့တယ်၊ မနက်ဖြန် အလုပ်ပြန်ဝင်ရမှာ မဟုတ်လား၊ ကိုယ် ဝယ်လာတာတွေ ဝတ်သွားပေါ့ ... ဟုတ်ပြီလား"

သူကတော့ ဘာထူးခြားတာမှ မလုပ်ခဲ့သူလို ပေါ့ပေါ့ပါးပါး ပြောလိုက်တာပင်။ ဆန်းမေမှာတော့ အသည်းထဲ အေးခနဲ ဖြစ်သွားကာ ခုတင်ခြေရင်းက စားပွဲပေါ်မှာ စုပြုံတင်ထားသည့် အိတ်တွေကို သွားဆွဲယူပြီး ဖွင့်ကြည့်လိုက်ချိန်မှာ လက်တွေတောင် တုန်နေသည်။

အို ... ကြည့်စမ်းပါဦး၊ အင်္ကျီအဝတ်အစားသာမက ဖိနပ်၊ ခါးပတ်၊ အိတ် ... ။ ပြီးတော့ ... ဒါက ဘာလေးတွေပါလိမ့်။

ဆန်းမေက နောက်ဆုံး တစ်အိတ်ကို ဆွဲယူနိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိတော့ အလွန်လှပသော အတွင်းခံ ဘရာစီယာနှင့် ဆင်တူ အတွင်းခံဘောင်းဘီ အစုံလိုက်တွေ အများကြီး ပါလာပါသည်။

ဆန်းမက ရင်ထဲ တုန်ရင်ဒိုချင်လာကာ သူ့ကိုလှမ်း ကြည့်လိုက်သည်။ သူက ဆန်းမေကို မကြည့်ဘဲ အဝတ်အစား လဲနေသည်။ ပြီးမှ သူ့ရှေ့ဆံပင်ကို လက်နှစ်ဖက်ဖြင့် တစ်ချက် ပင့်လှန် သိမ်းဆည်းလိုက်ရင်း အညောင်းဖြေသလို အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ပြီး မျက်စိမှိတ် ငြိမ်သက်သွားသည်။

"ဦး ... ကျေးဇူးပါ"

သူက မျက်စိမှိတ်လျက်ပင် လက်ဖဝါးလေးတစ်ဖက် ထောင်ပြသည်။ ကိစ္စမရှိဘူးဆိုသည့်သဘော ...။

ဆန်းမေက ပစ္စည်းတွေကို သပ်သပ်ရပ်ရပ် ပြန်ထည့် လိုက်ရင်း ...

"ဦး ... ရေမချိုးဘူးလား"

"အိပ်ခါနီးမှပဲ ရေနွေးစိမ်ပြီး အေးအေးဆေးဆေး ချိုးတော့ မယ်၊ ခုတော့ ကိုယ် ညောင်းပြီး အရမ်းပင်ပန်းလာလို့ ခဏ လေး ကျောစန့်အညောင်းဖြေလိုက်ဦးမယ် ..."

သူက တကယ်ပဲ ပင်ပန်းလာပုံ ရပါသည်။ အိပ်ရာ ပေါ်မှာ ဒူးတစ်ဖက်ထောင်၍ ပက်လက်စန့်စန့် လှဲနေသည်။ မျက် ကိုလည်း ဆက်မှိတ်ထားဆဲ ...။

ဆန်းမေက အလိုက်တသိ ငြိမ်သက်သွားသော သူ့ထံက အကြည့်မလွှဲမိ ...။





ဆန်းမေ ကြည့်နေဆဲမှာ သူက ဘယ်လက်တစ်ဖက် သို့ ဘေးသို့ဆန့်ထုတ်ကာ မွေ့ရာကို ဖွဖွပုတ်ပြလိုက်ရင်း ...

"ဆန်းမေ ... လာ ... ဒီကို ..."

ဟု ခေါ်လိုက်သည်။

ဆန်းမေက သူ့ဘယ်ဘက်နံဘေး နေရာလွတ်လေး မှာ သွားထိုင်မိသည်။ သူက သူ့ဘယ်လက်ကို ဆန့်ထုတ်ထား လျက်ဖြင့် ...

"ဒီမှာ ခေါင်းလာအုံး ..."

"ဟို ... ဦး လက်နာမှာစိုးလို့"

"ရတယ်၊ ကိစ္စမရှိဘူး"

ဆန်းမေက မရဲတရဲဖြင့်ပင် သူ့နံဘေးမှာ အသာ အယာ လှဲလျောင်းလျက် သူ့လက်မောင်းကို ခေါင်းအုံးလိုက်သည်။

သူက မျက်လုံးမှိတ်လျက်ပင် ဆက်လက်ငြိမ်သက် နေသည်။ ဆန်းမေကလည်း တိတ်ဆိတ်စွာဖြင့်ပင် မျက်လုံးမှေး မှိတ်လျက် သူ့လက်မောင်းကို ခေါင်းအုံးရင်း စိတ်နှလုံး အေးမြငြိမ်း ချမ်း လုံခြုံနေသည်။

ဆန်းမေတို့ အခန်းထဲမှာတော့ ဆလင်းဒီယွန်၏ သီချင်းသံ လေးသာ တိုးသဲ့သဲ့ ပျံ့လွင့်နေလေသည်။

ဘဝက ခုလိုတော့လည်း သာယာမှု အပေါင်း ညောင်း ချမ်းသာနေသားပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

＊ ＊ ＊

"ခေတ်ဆန်းမေတို့ကတော့ ဒီအချိန်ဆို လာကြိုတဲ့ ရည်းစ
နဲ့ တွေ့ရတော့မယ့် အပိုဖြုန်းလေးလို ဖလန်းဖလန်း ဖြစ်
ပြီ"

"ဟုတ်တယ် မမကေသီရေ... ညနေဆို နာရီကြည့်
မလိုဘူး၊ ဆန်းမေ လှုပ်လှုပ်ရှရှ ဂဏှာမငြိမ် ဖြစ်လာပြီ
ညနေ ၆ နာရီပဲ"

ဦး လာကြိုမည့် အချိန်နားနီးပြီမို့ နှုတ်ခမ်းနီကလေး
ဆိုး၊ ခေါင်းကလေးဖြီး၊ ဘုတ်ဘုတ်လေး ပုတ်နေသော ဆန်း
ကို မမကေသီရော ဆိုင်က ကောင်မလေးတွေပါ ဝိုင်းစနေကြ
မို့ ဆန်းမေက ပြုံးစိစိကလေး လုပ်နေမိသည်။

ခဏနေတော့ ဆန်းမေ ဖုန်းထဲကို message
သံလေး ကြားလိုက်ရသည်။

kessage box ကို ဖွင့်ဖတ်လိုက်တော့ 'ကိုယ်
ပြီ' ဆိုသည့် message လေးကို တွေ့ရသည်။ အိုခေ။





ဆန်းမေက စလင်းခါက်အိတ်လေးကို ကောက်လွယ်လိုက်ရင်း...

"အားလုံးပဲ တာ့တာ၊ ဆန်းမေ သွားလိုက်ပါဦးမယ်"

ဟု ခပ်မြူးမြူးလေးပြောကာ ဆိုင်မှ ထွက်လာခဲ့သည်။

ဆန်းမေ အလုပ်ပြန်ဝင်သည့်နေ့မှ စကာ ဦးနဲ့ သမီးရည်းစား ဖြစ်ရသလို ခံစားမှုမျိုးကို ရလာခဲ့တာပင်။

မနက်ဆို ဦးက ဆန်းမေကို အရင်ပို့လေးပြီးမှ သူ့ရုံးကိုသွား၊ အပြန်ဝင်ကြို၊ လမ်းမှာ မုန့်တစ်ခုခုဝင်စား၊ ဒီလိုတော့လည်း လောကကြီးက သာသောင့်သာယာ နိုင်လှပါသည်။ ဦးရဲ့ဂရုစိုက်မှုလေးတွေကြောင့်ပဲ သူသူကို ဘာပဲလုပ်ပေးရပေးရ မငြိုငြင်နိုင်ဘဲ ဘာမဆို ခံနိုင်ရည်ရှိနေလေသလားပင်...။

ဦးရဲ့ ဂရုစိုက်မှုကြောင့်ပင် ဦး ဆန်းမေကို ချစ်လာမလားဟူသော မျှော်လင့်ချက်လေးကလည်း လှပစွာကြီးထွားလာခဲ့ရပါသည်။

ကားပါကင်နားရောက်တော့ ဦးကားကို လှမ်းမြင်ရသည်။ ဦးက ကားကိုမှီကာ လက်ပိုက်ရပ်နေသည်။ အိမ်ထဲမှာတွေ့နေမြင်နေကျ လူဆိုပေမယ့် ခုလိုလေး အပြင်မှာ အဝေးကလှမ်းမြင်ရတာလေးက တစ်မျိုး ရင်ခုန်စရာကောင်းပြီး ဆန်းသစ်သည်။ ကော်လံဖျားကလေးက အနီရင့်ရောင်ကလေးဖြစ်ပြီး ကိုယ်ထည်က ပန်းနုဖျော့အစင်း ဘော်ဒီဖစ်ရှပ်လက်ရှည်နှင့်...၊ ခြေချင်းဝတ် အထက်အထိလေးပဲ ရှည်သည့် ကြက်သွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်ကို ခါးပတ်အဖြူလေး ပတ်၍ ဝတ်ထားပုံက လူငယ် ဆန်သည်။ ဖြူဖွေးရှင်းသန့်သည့် ခြေထောက်လေးမှာ half sho သမင်ရောင်ကလေး ဝတ်ထားပုံက ပေါ့ပေါ့ပါးပါးဟန် ပေါက်ေ သည်။ ဆံပင်ညိုပျော့တွေကတော့ မျက်နှာတစ်ခြမ်းပေါ် ဘေးတ စောင်း ဖွေကျနေပါသည်။ ဦးက အလုပ်သွားလည်း ခုလို လူငယ် ဆန်ဆန်လေးတွေ တစ်ခါတစ်ခါ ဝတ်တတ်သည်။ တကယ်တော လည်း အသက် ၃၀ စွန်းစွန်းဆိုတာ သိပ်မှမကြီးသေးတာပဲလေ ...

ဆန်းမေက ဦးဆီကို ခပ်သွက်သွက်လေး လျှော လာလိုက်သည်။

"ဦး ... စောင့်နေရတာ ဆောရီးနော်"

"တွေ့တိုင်း ဒီစကားပဲ ပြောနေတော့တာပဲ၊ ဆောရီးမနေ ကိုယ် မစောင့်ရပါဘူး၊ ကိုယ် မတ်ဆေ့ပို့လိုက်တဲ့ အချိ မင်းရောက်လာတဲ့အချိန်နဲ့ သုံးမိနစ်ပဲ ကွာတယ်၊ မြန်လို တာ ... ဆိုင်အပေါ်ထပ်ကနေ ခုန်ဆင်းချလာသလား ထ ရတယ်"

"အဟင်း ... ဆန်းမေက ဦး စောင့်နေရမှာကို အားနာ ပါ"

ဆန်းမေက ကားတံခါးကို ကိုယ့်ဘာသာ သွက်သွ ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

သူက ကားမောင်းထွက်လာရင်း နှုတ်ဆိတ်နေသော ဆန်းမေက သူ့ကို ငဲ့ကြည့် ငဲ့ကြည့် အကဲခတ်နေလိုက်မိသည် သူက စကား မစတော့ ဒီနေ့အဖို့ အပြင်မှာ မုန့်စားချင်သေး





ကို ဘယ်လို စကားစရပါ့ ...။ သူနဲ့ ကိုယ်ဟာ လင်မယားဆိုသော် လည်း သူ့ကို လန့်ရှိန်နေသည့်စိတ်ဟာ ဖျောက်မရသေး ...။

ခန္ဓာကိုယ်ချင်း ရင်းနှီးတဲ့ လင်မယားတိုင်း စိတ်ချင်း ရင်းနှီးတာမှ မဟုတ်ဘဲ။ အခြေအနေ ကွာဟတဲ့ လူနှစ်ယောက်ဟာ ချစ်သူရည်းစားဘဝကို ဖြတ်သန်းမှုလည်း မရှိ၊ တစ်ယောက်ကို တစ်ယောက်လည်း ချစ်တယ်မပြောဘဲ လင်မယားဘဝ ရောက်ရတဲ့ အခါ အလွယ်တကူတော့လည်း ဘယ်ရင်းနှီးနိုင်ပါ့မလဲ။ ပြီးတော့ သူက သုသုအတွက် ဆန်းမေကို လက်ထပ်ခဲ့တာလေ။ ဒီအချက် ကို သူကလည်း မငြင်းဆို၊ ကိုယ်ကလည်း တပ်အပ်စွပ်စွဲကာ ရင်ထဲမှာ ကျိတ်၍နာသည်။ သို့သော် ... သူ့ကို မချစ်တာတော့ မဟုတ်။ နာသော်လည်း ချစ်ရသည်။ ကြောက်သော်လည်း ပျော် သည်။ သူ ဂရုစိုက်တဲ့အချိန်တွေမှာ တိမ်တွေပေါ် မျောလွင့်သွ ပေါ့ပေါ်ပျော်ရွှင်ရပါသည်။

"ဦး ... ဒီနေ့ကော ဆန်းမေကို မုန့်ကျွေးဖို့ အစီအစဉ် ရှိမှရှိ သိပါရစေ ..."

ဆန်းမေက အရဲစွန့် စကားစလိုက်တော့ သူက စချက်ရယ်လိုက်ရင်း ...

"အဟင်း ... မင်း မေးခွန်း မေးတဲ့ လေသံက လွှတ်တော် ထဲက လေသံမျိုး ဖြစ်နေပါလား ...၊ မင်း ဘာစားချင်လို့ လဲ"

"ရေခဲမုန့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ထင်သားပဲ၊ အဲ့ဒါကြောင့် ရေခဲမုန့်ဆိုင်ရှိတဲ့ဘက်က လှည့်မောင်းလာတာ၊ ဟိုရှေ့နားက ဆိုင်မှာ ရေခဲမုန့်ရတယ် ဆိုင်က ကိုယ်တို့မောင်းလာတဲ့ ယာဉ်ကြောရဲ့ ဆန့်ကျင် ဘက်မှာဆိုတော့ ကားပြန်မကွေ့တော့ဘူး၊ ဒီနားက ယာဉ် ကြောရှုပ်တယ်၊ ဒီဘက်ခြမ်းမှာ ကားရပ်ခဲ့ပြီး ဟိုဘက် လမ်းဖြစ်ကူးသွားရင် ဖြစ်မလား"

"ဖြစ်တယ် ... ဦး"

ဦးက ကားကို လမ်းဘေးချပြီး ရပ်ခဲ့လိုက်သည်။ လမ်းဖြတ်ကူးဖို့ ကားအရှင်း စောင့်နေပြီးမှ ဦးက ရှေ့ကနေ ဦး ဆောင်ကာ ခြေလှမ်းကျဲနှင့် ဖြတ်ကူးလိုက်တာမို့ ဆန်းမေ သွက်သွက်လေး လိုက်လာမိဆဲ ...

"လာ ..."

သူက ဆန်းမေ လက်ကို ဖျတ်ခနဲ လှမ်းဆွဲဆုပ်ကိုင် ပြီး ခြေလှမ်းကျဲဖြင့် ဖြတ်ကူးသွားတာမို့ ဆန်းမေက ခြေလှမ်းစိပ် စိတ်လေးဖြင့် အပြေးကလေး လိုက်လာရင်း အသံကလေးထွက် ကာ ပြုံးမိသည်။ သူက ဆန်းမေကို လှည့်ကြည့်ရင်း ...

"ဘာပြုံးတာလဲ ..."

"ဘာမှ မဟုတ်ပါဘူး"

ဆန်းမေက ခပ်တည်တည် ခေါင်းခါပြသည်။ ပြန်လှည့်သွားတော့ အသံမထွက်အောင် ဆက်ရယ်လိုက်မိ သည်။ ရုတ်တရက် မိုးဖွဲလေးတွေ ကျဲကျဲဖွဲဖွဲ ရွာကျလာသော သူက ...





"ကဲ ... ပြေးမယ်"

"ဟုတ် ..."

လက်ချင်းတွဲကာ မိုးဖွဲတွေကြားမှာ ပြေးလာရင်း ဆန်းမေ အပျော်ကြီးပျော်ခဲ့ရသည်။ ဒီအချိန်မှာ သူသာ ဆန်းမေကို ငုံ့ကြည့်လျှင် သွားကလေးတွေ အကုန်ပေါ်ကာ ပြုံးရယ်နေသော ဈက်နှာကလေးကို မြင်ရမည်။

ဒီအချိန်လေးက ဆန်းမေ ကြိုက်လှသည့် ရေခဲမုန့် ထက် ပို၍ ချိုလှအေးလှပါသည်။

ဒီလိုနေ့တွေ အများကြီး လိုချင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

မုန်တိုင်းမလာခင် လေပြည်ကလေး အရင်လာတယ် လို့ပဲ ပြောရမလား။

နာကြည်းစရာကိစ္စတွေ ဖြစ်မလာခင် ပျော်စရာတွေ အရင်လာတယ်လို့ပဲ ပြောရမလား ...။

ဒီရက်ပိုင်းတွေမှာ သုသုကလည်း သိပ်ကျိမကျ၊ သူက လည်း ဆန်းမေအပေါ် အာရုံစိုက်လှပါသည်။

တနင်္ဂနွေ တစ်ရက်မှာ သူက ခါးကို တဘက်ဖြူကြီး ပတ်ကာ ရေချိုးခန်းထဲမှ ထွက်လာသည်။ ဆန်းမေက သူ့ကို ပထမဦးဆုံး တွေ့ခဲ့သည့်အချိန်ကို ပြန်သတိရကာ ကျိတ်ပြုံးလိုက် မိပြီးမှ ...

"ဦး ... ရေကူးမလို့လား"

"အွန်း ... မင်းကို ရေကူးသင်ပေးမလို့"

"ဟင် ... မသင်ချင်ပါဘူး"

"မင်း ရေကူးချင်တာကို ကိုယ်သိပါတယ်၊ ကိုယ်နဲ့ စတွေ့





တုန်းကတည်းက မင်းက ရေကူးကန်ကို စိတ်ဝင်စားနေတာ ပဲ ..."

"ဒါ ... ဒါပေမယ့် ..."

"ရော့ ... ဝတ်လိုက် ..."

သူက တစ်စုံတစ်ရာကို လုံးထွေးပြီး ဆန်းမေဆီ ပစ်ပေးလိုက်တာမို့ ကမန်းကတန်း လှမ်းဖမ်းရသည်။ ဖြန့်ကြည့် မိတော့ ရေကူးဝတ်စုံကလေး ...။

"ဒါကြီးကို ဝတ်ရမယ် ...!"

"အင်းလေ၊ ဒါဝတ်ပြီး ကူးရမှာပေါ့၊ မင်း ရေကူးချင်မှန်း သိလို့ ကိုယ် ဝယ်လာတာ ..."

ဆန်းမေက ကျောဟိုက်၊ ရင်ဟိုက်၊ ချိုင်းဟိုက်၊ ပေါင်ဟိုက်၊ ဟိုက်လေးဟိုက်ဖြင့် ပြည့်စုံသော ရေကူးဝတ်စုံ အနီရဲရဲ လေးကို ဖြန့်ကြည့်ကာ ပခုံးတွန့်လိုက်ရင်း ...

"မလုံမခြုံ ရှိလိုက်တာ ..."

"ဒါ အလုံဆုံးပဲ ကလေးမ ...၊ သနားလို့ two pieces ဝယ်မလာတာ ..."

"ဦး ဝယ်လာလည်း ဆန်းမေ မဝတ်ရဲပါဘူး၊ ဒါကြီးလည်း မဝတ်ရဲဘူး"

"နေစမ်းပါဦး ... မင်းက ကိုယ့်ရှေ့မှာမို့ ဒါမျိုး မဝတ်ချင် တာလား၊ မင်းနဲ့ကိုယ်နဲ့ ဘာတော်လဲ ... ပြန်စဉ်းစား"

"စဉ်းစားစရာ မလိုပါဘူး၊ လင်မယားမှန်း သိပါတယ်၊ ဒါပေမယ့် သုသုတို့ အန်တီထွေးတို့ ရှေ့မှာတော့ ဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဝတ်ရဲပါဘူး၊ အိမ်ပေါ်က လှမ်းကြည့်ရင် ရေကူးကန်ဘက် ကို မြင်နေရတာကို”

“အန်တီထွေးက အားအားယားယား မင်းကို ထိုင်ကြည့် မနေဘူး၊ သုသုလည်း မနိုးသေးဘူး၊ ကဲ … မြန်မြန်ဝတ်”

သူက စိတ်မရှည်သလို ပြောတာမို့ ဆန်းမေ ရေကူးဝတ်စုံလေးကို ကိုင်ကာ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

ရေကူးဝတ်စုံလဲပြီးပြန်ထွက်လာတော့ ဦးက ဆန်း ကို စိုက်ကြည့်လိုက်ရင်း …

“မဆိုးပါဘူး …”

ဟုပြောလိုက်သည်။ ဆန်းမေက သူ့ကို မျက်စောင်း တစ်ချက် ထိုးမိတော့ သူက ဟွန့်ခနဲ ရယ်လိုက်ပြီး တဘက် ကြီး တစ်ထည်ကို ဆတ်ခနဲ လှမ်းဆွဲယူကာ ဆန်းမေရဲ့ခန္ဓာကို ကို တဘက်ဖြူဖြင့် ဆွဲပတ်ပြီး ဖျတ်ခနဲ ပွေ့ချီလိုက်သည်။ ဆန်း က လူးလွန့်လိုက်ရင်း …

“ဦး … လွှတ်၊ ဆန်းမေ ကိုယ့်ဘာသာ သွားမယ်”

“ငြိမ်ငြိမ်နေ …”

သူက ခပ်တည်တည် တစ်ခွန်းပြောတော့ ဆန်း ငြိမ်သွားသည်။

သူက ဆန်းမေတို့ အခန်းဘေး အပြင်လှေကား အောက်သို့ဆင်းလာပြီး ရေကူးကန်ဘက်သို့ လျှောက်လာသည် ရေကူးကန်နား ရောက်ချိန်မှာတော့ ဆန်းမေကို ရေကူးကန်ထဲ ပစ်ချလိုက်လေသည်။





“အမလေး …”

“ဗွမ်း …”

ဆန်းမေ အော်ဟစ်ရင်း ရေထဲသို့ မြုပ်သွားချိန်မှာ သူက ရေထဲသို့ ဒိုင်ဗင်ထိုး၍ ဆင်းလာသည်။ ဆန်းမေက ကြောက် လန့်တကြား ခြေကန်ကာ ရေပြင်ပေါ် ထိုးတက်လာတော့ သူနှင့် မျက်နှာချင်းဆိုင်မိသွားသည်။

“ဦး … ဘာလုပ်တာလဲ၊ ဒါ ဘာလုပ်တာလဲ”

ဆန်းမေက စိတ်လည်းဆိုး၊ လန့်လည်းလန့်ကာ အော်လိုက်တော့ သူက မထိတထိ ပြုံးရင်း …

“ရေကူးသင်တာလေ၊ ဒီလိုသင်တာ အတတ်မြန်တယ်”

“အဲ့ဒါမျိုး သင်စရာလား ဦးကျော်ဝီရရဲ့ …”

ဆန်းမေက စိတ်ဆိုးတော့ သူက ကြွက်ကို ကျီစယ် သော ကြောင်ရဲ့ သဘောကျခြင်းမျိုးဖြင့် ဆန်းမေကို ကြည့်နေ သည်။ ဆန်းမေက ရေတွေကို လက်ဖြင့်ယက်ရင်း သူ့မျက်နှာကို တအား ကြုံးပက်လိုက်တော့ သူက ပြန်ပက်သည်။ ထိုအချိန်မှာပဲ စိတ်ဆိုးခြင်းနေရာမှာ ကြည်နူးခြင်းက အစားဝင်လာသည်။

ဒီလူ …

ဆန်းမေကို ချစ်သလား …

ဆန်းမေ သိချင်လှပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

လေပြည်နေ့ရက်များ အပြီးမှာတော့ မုန်တိုင်းက ရောက်ရှိလာခဲ့လေသည်။

ထိုနေ့က ဆန်းမေတို့ ဆိုင်ထဲမှာ လူရှုပ်နေသည်။ အင်္ကျီလာအပ်သည့်သူ၊ လာရွေးသည့်သူ၊ ဖက်ရှင်ပုံစံ လာဆွေးနွေးသည့် မင်းသမီးတစ်ယောက်လည်း ရောက်နေသည်။

"ဆန်းမေ ... မင်းသမီးကို သေချာလေး ဂရုစိုက်ပေးလိုက်နော်၊ သူက နည်းနည်း ဂဂျီဂဂျောင် များတယ်"

"ဟုတ် ... မမကေသီ"

"ဖစ်တင်ချနေတဲ့ အင်္ကျီတွေကို ဆန်းမေ သေချာသွားကြည့်ပေးလိုက်ဦး ..."

"စိတ်ချပါ ..."

ဆန်းမေက အင်္ကျီကိုယ်တိုင်း ယူရ၊ ဖစ်တင်ချရနှင့် အလုပ်များနေသလို မမကေသီကလည်း ဧည့်သည်နှင့် တွေ့





စကားပြောနေသည်။ ဝန်ထမ်း မိန်းကလေးတွေကလည်း နောက်ဘက် အခန်းထဲမှာ အလုပ်ရှုပ်နေပါသည်။

ထိုအချိန်မှာပဲ ဆန်းမေ အလုပ်လုပ်နေသည့် အပေါ်ထပ် လှေကားထိပ်ဆီမှ အသံတစ်သံ ဟိန်းထွက်လာသည်။

"ဆန်းမေ ..."

"ဟင် ... ဦး ..."

ဆန်းမေက ဦးကို အံ့သြစွာ ကြည့်မိသည်။ ဒီလိုနေရာထိ ဦး လိုက်လာတာ ထူးဆန်းလှသည်။

"ဦး ... ဘာ ... ဘာကိစ္စ ..."

"မင်းကို လာခေါ်တာ၊ လာ ... ပြန်မယ်၊ အလုပ်ထွက်တဲ့ အကြောင်း တစ်ခါတည်း ပြောလိုက် ..."

"ဟင် ..."

ဦးလုပ်ပုံက မဟုတ်။ ဦး စကားကြောင့် ဆိုင်ထဲက ရှိသမျှ လူတွေရဲ့အကြည့်က ဆန်းမေတို့ဆီသို့ စုပြုံရောက်ရှိလာသည်။

"ဦး ... ဟို ... ပြောစရာရှိရင် ဆန်းမေဆီ ဖုန်းအရင်ဆက်လိုက်ရောပေါ့ ..."

"ကိုယ် ဆက်တယ်၊ မင်း မကိုင်ဘူး"

"ဆန်းမေ အလုပ်ရှုပ်နေလို့ ဖုန်းသံ မကြားလိုက်မိဘူး"

"အေး ... မင်းက ဒီမှာလာပြီး နှစ်ပဲခြောက်ပြားအတွက် အလုပ်ရှုပ်နေ၊ မင်း ပစ်ထားတဲ့ ငါ့ညီမက အိမ်မှာ လှေကားပေါ်က ပြုတ်ကျလို့ ခြေထောက်ကျိုးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဦး ဆီကနေ မထင်မှတ်သော စကားအသုံးအနှုန်း မထင်မှတ်သော လေသံ၊ မထင်မှတ်သော အပြုအမူကို မြင်တွေ့ ကြားသိလိုက်ရတာမို့ ဆန်းမေမှာ ဘာမှပြန်မပြောနိုင်ဘဲ shoc ရနေသည်။ ဒီလိုတွေ လာပြောနေတဲ့ ဦးဟာ ဦးကျော်ဇိရ မဟုတ် သလိုပင်။ ဒါ ဦး စတိုင်လ်မဟုတ်။ ဦး စတိုင်လ်က လူကြီး ကောင်းဆန်သည်လေ။ သွေးအေးသည်လေ။

အားလုံးရဲ့ အကြည့်တွေကြားမှာ ဆန်းမေ ဆွံ့ တုန်လှုပ်နေဆဲ မမကေသီက ရှေ့ဘက်သို့ ထွက်လာကာ ...

"ဆန်းမေ ... ဘာဖြစ်သလဲ"

"ခင်ဗျား ကျွန်ပြုထားတဲ့ ဆန်းမေကို ကျုပ် လာခေါ် နောက် ဘယ်တော့မှ ခင်ဗျား သူ့ကို မခေါ်ပါနဲ့၊ ဆန်း လာခဲ့ ..."

သူက ဆန်းမေလက်ကို ဆောင့်ဆွဲခေါ်လိုက်သ ဆန်းမေက ငိုက်ခနဲ ပါသွားသည်။

"ဦး ... လွှတ်ပါ၊ ဆန်းမေ လိုက်ခဲ့ပါ့မယ်၊ သုသုအတွ ဆန်းမေလည်း စိတ်ပူပါတယ်"

ဆန်းမေက ဘာပြောပြော ဦးက ဂရုမစိုက်၊ ေ တွေ တင်းနေအောင် အံကြိတ်လျက် ဆန်းမေလက်ကို တ ဆုပ်ကိုင် ဖျစ်ညှစ်ဆွဲခေါ်လာသဖြင့် လက်ရော စိတ်ပါ နာ စွာဖြင့် လိုက်ပါလာခဲ့ရသည်။

■ ■ ■



* * *

"ခွင့်လွှတ်ပေးလိုက်ပါ သမီးရယ် ...၊ သမီးလည်း သိတဲ့ အတိုင်းပဲ၊ သူက သုသုနဲ့ ပတ်သက်လာရင် သွေးရူးသွေး တန်း ဖြစ်တတ်တယ်လေ ...၊ နေ့လယ်တုန်းက အန်တီ တွေးကလည်း သုသုကို သေချာ စောင့်မကြည့်လိုက်မိဘူး၊ အိပ်နေတယ်ထင်လို့ အောက်ထပ်ကို ဆင်းလာခဲ့တာ ...၊ အိမ်က ကောင်မလေးတွေကလည်း သန့်ရှင်းရေး မီးပူတိုက် လုပ်နေကြတော့ တစ်ယောက်မှ မအားဘူးလေ၊ သုသု အိပ်ရာနိုးတော့ အိပ်ချင်မူးတူးနဲ့ လှေကားပေါ်က ဆင်းရင်း ခြေချော်ကျတာပဲ၊ သိပ်အမြင့်ကြီးက ပြုတ်မကျလို့ တော် သေးတာပေါ့၊ ခြေထောက်က အရိုးအက်ရုံပါ၊ သိပ်အခြေ အနေ မဆိုးပါဘူး"

အန်တီတွေးက ဆန်းမေနားကပ်ကာ တီးတိုးရှင်းပြ ခဲ့သည်။ ဦးကတော့ အခန်းကျယ်ရဲ့ထောင့်က ခုတင်ပေါ်မှာ နေသည့် သုသုဘေးမှာ ထိုင်နေရင်း သုသု ခြေထောက်ကို ငုံ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ကိုင်ကြည့်၊ နာသလား မေး ... စသဖြင့် သည်းသည်းလှု
နေပါသည်။ ဆန်းမေက သက်ပြင်းချရင်း ...

"ဦးကို ဆန်းမေ နားလည်ပါတယ် အန်တီထွေးရယ်၊ သူ
ကိုလည်း ဆန်းမေ ချစ်ပါတယ်၊ ဒါပေမယ့် ဦးလုပ်ပုံ
ရုပ်ဆိုးလွန်းတယ်၊ ဟိုပတ်ဝန်းကျင်မှာ ဆန်းမေ ဘယ်
မျက်နှာပြန်ပြရမလဲ၊ မမကေသီကိုရော ဆိုင်ကိုလာတဲ့
တွေကိုပါ အရမ်းအားနာစရာ ကောင်းတယ်"

"သူက သုသု တစ်ခုခုဖြစ်ရင် ဒီလိုပဲ ပတ်ရမ်းနေကျ
အိမ်မှာလည်း တစ်ခါတည်း ဝုန်းဒိုင်းကြဲသွားတာပဲ၊ အန်
ထွေးတောင် အဆူခံရတယ်၊ ကောင်မလေးတွေလည်
ကြောက်လွန်းလို့ တုန်နေတာပဲ၊ အန်တီထွေးတို့ ဂရုမစိုက်
လို့ ဒီလိုဖြစ်တာလို့ သူကထင်တာ၊ ဆေးခန်းခေါ်သွားတော
လည်း တဗျစ်တောက်တောက် ပြောနေရင်းက ဆန်း
မရှိလို့ ဒီလိုဖြစ်တာလို့ ပြောပြန်ရော၊ သူ့ဘာသာ ဂ
မငြိမ်၊ ဒေါ်တွေပွ၊ လူတကာ ပတ်အပြစ်တင်ပြီး သမီး
ထွက်သွားတာ၊ အန်တီထွေးလည်း မတားလိုက်နိုင်ဘူး

ဆန်းမေက အန်တီထွေး ပြောပြနေတာကို
ထောင်ရင်း ဦးကို လှမ်းငေးနေမိသည်။ ဦးက ဆန်းမေ
အာရုံမရောက်ပါ။ သုသုကိုသာ ဂရုစိုက် စကားပြောဆိုနေပါသည်

ဆန်းမေက သက်ပြင်း တစ်ရှိုက် ရှိုက်မိရင်း

"ဦးကို ဆန်းမေ စိတ်မဆိုးပါဘူး၊ အံ့သြတာပဲ ရှိပါတ
အလုပ်ထွက်ဖို့ကလည်း ၅ ရက်ပဲ လိုတော့တာပဲ





၅ ရက်လေး အောင့်အည်းနေနိုင်ရင်တော့ ဆန်းမေလည်း သိက္ခာရှိရှိ အလုပ်ထွက်ခဲ့နိုင်တာပေါ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဒီနေ့ကစပြီး ဦး ဖြစ်စေချင်သလိုပဲ ဆန်းမေ နေပါတော့မယ်၊ ခေတ်ဆန်းမေက သုသု ကစားဖို့ ဦး ဝယ်ပေးတဲ့ အရုပ်ပါ"

"သမီးရယ် ... ဒီလိုတော့လည်း ..."

ဆန်းမေက နောက်ထပ် သက်ပြင်းတစ်ရှိုက်နှင့်အတူ အခန်းထဲမှ ထွက်လာခဲ့မိပါသည်။

ဝရန်တာကို ရပ်၍ ကောင်းကင်ကြီးကို ကြည့်သော်လည်း မွန်းကျပ်မှုက မပြေ ... ။ လတ်ဆတ်သည့် လေကို ရှူသော်လည်း လူက လန်းမသွား။

ဒီနေ့ အိမ်ပြန်ရောက်ကတည်းက ဆန်းမေက သုသုကို ကြင်ကြင်နာနာ ဂရုစိုက် ပြုစုပါသော်လည်း ဦးကတော့ ဆန်းမေကို ဂရုမစိုက်သလို မျက်နှာထား သုန်မှုန်နေသည်။ ဆန်းမေ မျက်နှာကိုတောင် ကြည့်ဖော်မရ ... ။

ဒီနေ့ကိစ္စမှာ သူကမှန်ပြီး ဆန်းမေကမှားလို့ ဆန်းမေကို မကြည်မလင် အပြစ်မြင်နေသလိုမျိုး။ ဒီက ခေတ်ဆန်းမေက မှားလုပ်ထားလို့ ဒဏ်ခတ်ခံထားရသလိုမျိုး ... ။

ဆန်းမေက ကောင်းကင်ကို မော့ကြည့်ရင်းကပဲ စိတ်ထဲ ပေါ့သွားအောင် ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ရင်ထဲကတော့ မွန်းကျပ် နာကျင်နေမိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဟို … မမဆန်းမေ … သုသုကလေ အေးရီတို့ မီးပူတိုက်တာ သူ့အင်္ကျီ ကျွမ်းသွားလို့တဲ့၊ သူ့အဝတ်အစားတွေကို မမဆန်းမေပဲ တိုက်ပေးပါတဲ့ …"

အေးရီ စကားကြောင့် ဆန်းမေရဲ့ ခန္ဓာကိုယ်လေးက တောင့်ခနဲ မတ်သွားပါသည်။ ငယ်ငယ်တုန်းက ခတ်လိုက်ခဲ့ သော နေ့ကို မြန်တွေးမိကာ အသည်းထဲ တုန်အေးသွားသည်။

"သုသု ဘယ်မှာလဲ …"

"မီးပူတိုက်တဲ့ အခန်းထဲမှာ …"

"ငါ လာခဲ့မယ် …"

ဆန်းမေက သုသုရှိနေသည့်အခန်းဘက်သို့ လျှောက် လာခဲ့သည်။ အခန်းနားနီးလာကတည်းက သုသုရဲ့ ငိုသံကို ကြား ရသည်။ ဆန်းမေက စိုးထိတ်လျက် အပြေးတစ်ပိုင်းဖြင့် အခန်း ရှေ့သို့ ရောက်လာသည်။ အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သည် နှင့် သုသုရဲ့ ငိုသံကျယ်ကြီးက နားဝသို့ ဆောင့်ဝင်လာသည်





"အီးဟီး … သူတို့လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ အေးရီ လုပ်လို့ သုသုကြိုက်တဲ့ အင်္ကျီလေး မီးကျွမ်းသွားပြီ၊ အီးဟီး … ဆန်းမေ တိုက်ပေး၊ သုသု အဝတ်အစားတွေ ဆန်းမေပဲ မီးပူတိုက်ပေး၊ အေးရီတိုက်တာ သုသု မကြိုက်ဘူး၊ အီး … ဟီး ဟီး …"

ဆန်းမေက သုသုရှေ့သို့ ပြေးသွားလိုက်ရင်း …

"သုသုရယ် … မငိုနဲ့နော် … တိတ်နော်၊ အသစ်ဝယ်ပေးမယ် နော်"

"အီးဟီး … အသစ်မလိုချင်ဘူး၊ ဒါကို အကောင်းဖြစ်အောင် ပြန်လုပ်ပေး …"

သုသုက မီးကျွမ်းထားသည့် အင်္ကျီကို မြှောက်ကိုင် ရင်း ငိုသံပါကြီးဖြင့် အော်ပြောလိုက်သည်။

"ဒါကို အသစ်ဖြစ်အောင် လုပ်လို့မရတော့ဘူး သုသုရဲ့၊ ဒါ့ထက် လှတာလေး ဝယ်ပေးမယ်နော် …"

"တကယ်လား …"

"တကယ် … တကယ် …"

"ပြီးရော …"

သုသုက ချက်ချင်း အငိုတိတ်သွားသဖြင့် စိတ်အေး ဘာမလား မှတ်သော်လည်း …

"အခု … အဲ့ဒါတွေ ဆန်းမေပဲ မီးပူတိုက်တော့ …"

ဆန်းမေက သူထိုင်နေသည့် ဆိုဖာရှေ့ ကြမ်းပြင် ကို ငေးငေါ့ပြရင်း ပြောလိုက်သည်။ ကြမ်းပြင်ပေါ်မှာ အေးရီ



www.burmeseclassic.com

www.burmeseclassic.com



တိုက်လက်စ မီးပူနှင့် ဖြန့်ခင်းထားသည့် ဇောင်ပေါ်မှာ မီးပူမတိုက် ရသေးသည့် သုသု အင်္ကျီတွေ ပုံနေသည်။ မီးပူပလပ်ကို အိတ် စတန်းရှင်း အခွေမှာ ထိုးစိုက်ထားပြီး အိတ်စတန်းရှင်းက ထွက် သည့် ကြိုးစရှည်ရှည်ဟာ နံရံဆီက ပလပ်ပေါက်ထိ သွယ်တန်းနေ သည်။ မီးပူနှင့် ပလပ်ပေါက်ကို တစ်လှည့်စီ ကြည့်ရင်း ဆန်းမေ ချွေးတွေစိမ့်ထွက်လာသည်။

"သုသုရယ် ... ဆန်းမေ မီးပူတိုက်လို့ မဖြစ် ..."

"မဖြစ် ဖြစ်ဖြစ် ဆန်းမေပဲ တိုက်ပေး၊ ဆန်းမေ တိုက် ကောင်းမှာ၊ ဆန်းမေ တိုက်တာပဲ ဝတ်ချင်တာ ..."

"သုသုရယ် ... ဆန်းမေကလေ ..."

" ဘာဖြစ်နေကြတာလဲ ..."

အခန်းဝဆီက မေးသံခပ်ဆတ်ဆတ်နှင့်အတူ ဦး အခန်းထဲသို့ ဝင်လာနေသည်။ ဦးက အခုမှ အလုပ်ကပြန်လာ ပင်။ ဦး မျက်နှာက တည်တင်းကာ မျက်မှောင်ကုပ်ကျနေသည်

"ကိုကို ပြန်လာပြီ၊ သုသု အင်္ကျီကို အေးရီ တိုက် မကြိုက်လို့ ဆန်းမေကို တိုက်ခိုင်းနေတာလေ ..."

"ဆန်းမေ တိုက်ပေးလိုက်လေ ..."

သူ့အမိန့်က ဆန်းမေရဲ့ ခန္ဓာကိုယ်ထဲက ရှိသ အားအင်တွေကို စုပ်ယူလိုက်သလိုပင် ...။

"ဟို ... ဆန်းမေ မတိုက် ..."

"မီးပူတိုက်တာ ဘာခက်လို့လဲ၊ အေးရီကို မေးပြီး တိုး လိုက်၊ သုသု ... ညီမလေး ခြေထောက်က နာသေးလာ





"မနာတော့ဘူး ကိုကို၊ ပတ်တီးဖြည်ပြီးကတည်းက မနာ တော့ဘူး၊ ကိုကို သုသု မှာတဲ့ ချောကလက် ပါလား ..."

"ပါတာပေါ့၊ ရော့ ... ဒီမှာ"

ဆန်းမေသည် ဦးရဲ့ အသံနှစ်မျိုးကို နားထောင်ရင်း အံ့သြ ဝမ်းနည်းလှပါသည်။ ဆန်းမေကို ခပ်ဆတ်ဆတ် ပြောပြီး ချက်ချင်း လေသံပျော့ပျောင်းကာ သုသုနှင့် ပြောဆိုနေပုံက တစ် ဆယာက်စီလား ထင်ရသည်။

ဆန်းမေသည် သူတို့ မောင်နှမကို ကျောခိုင်းလိုက် ပြီး ကြမ်းပြင်မှာ ထိုင်ချကာ မီးပူကို ဆတ်ခနဲ ကောက်ကိုင်လိုက် သည်။ သို့သော် မီးပူလက်ကိုင်ကို ဆုပ်ကိုင်ထားသည့် လက်က တုန်ရင်နေသည်။ အေးစက်လာသည်။ ချွေးစေးတွေ စိမ့်ထွက်လာ သည်။ ရင်ထဲ ကတုန်ကရင်ဖြင့် ခေါင်းတွေမူးနောက်လာသည်။ ဆောက်လိုက်ခံခဲ့ရစဉ်က ကျဉ်စက်နဲ့ အတို့ခံရသလို ဆတ်ခနဲဖြစ် ပြီး လူကို တွန်းထုတ်ခံလိုက်ရသလို ခံစားမှုမျိုးကို ပြန်သတိရကာ မျက်လုံးတွေ ပြာလာပါသည်။

"ကဲ ... လာ ... သုသု၊ ညီမလေး စားဖို့ ပီဇာလည်း ဝယ် လာသေးတယ်ကွ၊ ထမင်းစားခန်းမှာ သွားစားရအောင်၊ လာ ..."

"စားမယ် ... ဝါးမယ် ... ခနတန်တန်၊ ဆန်းမေ မီးပူတိုက် ထားပေးနော်၊ ဆန်းမေ စားဖို့ ပီဇာ ချန်ထားမယ်နော်၊ ပြီးရင် လာစားနော်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်နှမက အခန်းထဲမှထွက်သွားပြီ။ ဆန်းမေက အောက်နှုတ်ခမ်းလေးကို ဖိကိုက်လျက် တုန်ရင်ပြာဝေနေသည်။

"မမ ... မမ ဘာဖြစ်တာလဲဟင်၊ နေမကောင်းဘူးလား ခေါင်းမူးနေတာလား ..."

အေးရီက မူပျက်နေသော ဆန်းမေကို သတိထား သွားသည်။

"ပေး ... ပေး ... မီးပူ ကျွန်မကို ပေး၊ ကျွန်မ တိုက်လိုက်မယ်၊ ကျွမ်းသွားတဲ့ အင်္ကျီအသားက ကျွန်မ မတိုက်ဖူး အင်္ကျီအသားမို့လို့ပါ၊ ဒါတွေက ကျွန်မ တိုက်နေကျ သုသု မေးရင် မမ တိုက်တယ်လို့ ပြောလိုက်ပေါ့၊ ကျွန် မြန်မြန်လေး တိုက်လိုက်မယ်"

အေးရီက ဆန်းမေ လက်ထဲက မီးပူကို လှမ်း ယူပြီး မြန်မြန်သွက်သွက်လေး တိုက်လိုက်သည်။

ဆန်းမေကတော့ မျက်စိကို မှိတ်ပစ်လိုက်ပြီး ဘတ်ကိုဖိကာ နံရံကိုမှီ၍ ဖြေလျှော့ခွေ ငြိမ်သက်နေလိုက်မိ သည်။

■ ■ ■



* * *

"ဆန်းမေ ချက်ပေး ... နော် ... နော်"

"သမီးရယ် ... အန်တီထွေး ချက်နေကျပါ၊ အန်တီထွေး စားကောင်းအောင် ချက်ပေးမှာပေါ့ ..."

"ဟင့်အင်း ... အန်တီထွေး ချက်တာ ရိုးနေပြီ၊ ဆန်းမေ ချက်တာပဲ စားချင်တယ် ..."

ဆန်းမေသည် ပူဆာဂျီကျနေသည့် သုသုကို ငေး ကြည့်ရင်း စားလက်စ မနက်စာ မုန့်ဟင်းခါးကိုပင် မျိုမကျနိုင် အောင် ဖြစ်လာသည်။

စားပွဲထိပ်ခုံမှာထိုင်၍ ယူရိုပီယမ် ဘရိတ်ဖတ်ကို စား၊ ခက်ရင်းဖြင့် အေးအေးဆေးဆေး သုံးဆောင်နေသော ဦးကို ခွေ ကြည့်မိသည်။ ဦးက ဘာမှဝင်မပြောသေးသော်လည်း ဦး မျက်နှာ ထားက အေးစက်စက်နိုင်လှသည်။

ဆန်းမေကို အလုပ်ကနေ ပြန်ခေါ်လာတဲ့ နေ့ ကတည်းက ဦးက ဆန်းမေကို အေးစက်စက် ဆက်ဆံနေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေကလည်း ဦးကို ဘာမှရှင်းမပြချင်တော့။ အရွဲ့သာ တိုက်ချင်လာသည်။

အန်တီထွေးက ဆန်းမေကို လှမ်းကြည့်ရင်း ...

"သုသု တစ်ယောက်ကလည်း အမျိုးမျိုး ပူဆာနေတော့တာပဲ ဆန်းမေရေ၊ ဆန်းမေ ချက်တဲ့ ဟင်းမှ စားချင်တယ်တဲ့ ..."

"ဆန်းမေ မချက်တတ်ဘူး အန်တီထွေး ..."

ဆန်းမေက အေးစက်စက် လေသံဖြင့် ပြန်ပြော[illegible]သည်။ ဦးက ဆန်းမေကို မကြည့်ဘဲ အသားပြားတစ်ခုကို လှီးဖြ[illegible]နေရင်းက ...

"မိန်းကလေးဆိုတာ အိမ်မှုကိစ္စတော့ နိုင်နင်းရမှာပေါ့ ... မချက်တတ်ရင် ချက်တတ်အောင် သင်ရမယ်လေ၊ ဟိုတ[illegible] စားဖိုမှူးဟောင်းတစ်ယောက် ဖွင့်ထားတဲ့ စားဖိုမှူးသင်တ[illegible] တစ်ခုရှိတယ်၊ လိပ်စာစုံစမ်းပြီး အပ်ပေးမယ်၊ သွားတ[illegible] လိုက် ..."

ဟု ခပ်တည်တည် လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့ ... သွားတက်လိုက်ပါ့မယ်"

ဆန်းမေကလည်း အေးစက်စက်ပင် ပြန်ပြောလို[illegible]သည်။

ပျော်စရာ နေ့ရက်တွေ ကုန်ဆုံးသွားတာ မြန်[illegible]လွန်းပါသည်။

■ ■ ■



* * *

ဆန်းမေသည် သိုင်းကြိုးအရှည်ပါသည့် ဂျင်းအပျော့[illegible]သား အိတ်ကို စလွယ်သိုင်း၍လွယ်လျက် ပလက်ဖောင်းအတိုင်း [illegible]လျှောက်နေပါသည်။

ဆန်းမေ ဝတ်ထားတာက ဂျင်းဘောင်းဘီရှည်နှင့် [illegible]ရှပ်အနက်၊ ခြေထောက်မှာ ခပ်ပါးပါး ကြိုးသိုင်းဖိနပ်။ ပခုံး[illegible]ကျော်ထိ ရှည်လာပြီဖြစ်သော ဘေးခွဲဆံပင် ထူထူဖြောင့်ဖြောင့်[illegible]လးပေါ်မှာတော့ လျှာထိုးဦးထုပ် အနီရောင်လေး ဖိဆောင်းလျက်။ [illegible]ဘာမှ လိမ်းခြယ်မထားသော ပြောင်မွတ်မွတ် မျက်နှာကလေးပေါ်[illegible] ချွေးစက်တွေ ဥသီးနေပါသည်။

ဒီလိုပုံစံမျိုးနှင့် တစ်ယောက်တည်း လျှောက်မသွား[illegible]သေမယ့် အချက်အပြုတ်သင်တန်း စတက်ရမည့်နေ့ကတည်းက [illegible]င်တန်းချိန်တွေမှာ တစ်ယောက်တည်း လျှောက်သွား၊ စားချင်[illegible] ဝင်စား၊ အေးအေးဆေးဆေး ထိုင်လို့ရသည့်နေရာရောက်လျှင် [illegible]ဒေးတွေးတွေး ကျောက်ချထိုင်ရင်း စိတ်လေနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပုနှင့် မီးဖိုကို ကိုင်တွယ်ဖို့ကြောက်တတ်သေး
ကိုယ့်စိတ္တဇကိုလည်း ဦး သိအောင် ပြောမပြချင်တော့ပါ။ သူ
အတွက်ဆို အာဏာရှင်ဆန်လှသော ဦးရဲ့ အမိန့်ပေးမှုတွေ
ခေါင်းညိတ်လက်ခံရင်း အရွဲ့တိုက်ချင်နေမိသည်။

ဒရိုင်ဘာ မောင်းသည့် ကားက ဆန်းမေကို
တန်းရှေ့နားထိ နေ့တိုင်း လိုက်ပို့သည်။ ကားထွက်သွားမှ
ဆန်းမေက သင်တန်းရှိရာ အဆောက်အဦထဲသို့ ဝင်မသွား
ကွေ့လျှောက်နောက်ပြန်လှည့်ထွက်သွားသည်။ ညနေ ကားလာ
ချိန်နီးလျှင်တော့ သင်တန်းရှေ့ကို ပြန်လာစောင့်နေပြီး ဟန်မ
အိမ်ပြန်လိုက်သွားသည်။

ဒီနေ့တော့ ရှော့ပင်းစင်တာ တစ်ခုထဲ ပတ်
ညောင်းတော့ မုန့်ထိုင်စားကာ သင်တန်းဆင်းချိန်နီးတော့ တ
ငှားကာ ပြန်လာသည်။ တက္ကဆီကို သင်တန်းနဲ့ ခပ်ဝေး
ရပ်ခိုင်းပြီး သင်တန်းရှိရာသို့ ပလက်ဖောင်းအတိုင်း သွက်
လျှောက်လာခဲ့တာပင် ...။

အချိန် နည်းနည်း နောက်ကျနေတာမို့ ဆန်း
သွက်သွက်လေး လျှောက်လာကာ လမ်းတစ်ဖက်ခြမ်းသို့ ကူ
ပြင်ဆဲ အိမ်က ကားက ဆန်းမေရှေ့မှာ ခပ်ကြမ်းကြမ်း ဘ
အုပ်၍ ရပ်လိုက်ပါသည်။

ဆန်းမေကတော့ ဒရိုင်ဘာ လာကြိုတာဟုပဲ
လိုက်မိသည်။ သို့သော် ... ကားမောင်းလာသူက ဦး ပင်။ ကား





က လျှော့ခနဲ ကျသွားကာ ဦးက ဆန်းမေကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ရင်း ...

“ဒါ ... ဘယ်ကပြန်လာတာလဲ”

“ဟိုဘက်နားက ...”

ဆန်းမေက လာရာလမ်းဘက်ကို လက်ညှိုးညွှန်၍ ဖြေလိုက်သည်။

“ဟိုဘက်နား ဆိုတာက ...”

“ရှော့ပင်းစင်တာ ...”

“ကျွတ် ... ကဲ ... လာ ... ကားပေါ်တက်”

ဆန်းမေက ကားရှေ့ခန်းတံခါးကို သွက်သွက်ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ သူက ကားမောင်းလာရင်း ...

“မင်း ... သင်တန်းမတက်ဘဲ လျှောက်သွားနေတာလား ဆန်းမေ ...”

“ဟုတ်ကဲ့ ...”

ဆန်းမေက ခပ်တည်တည် ဝန်ခံလိုက်သည်။ပြီးတော့ ဘာမှမခံစားရသလို မထုံတတ်သေးရုပ်ဖြင့် ရှေ့တူရူသို့သာ ကြည့်နေလိုက်သည်။

“နေ့တိုင်း ဒီလိုပဲလျှောက်သွားနေတာလား”

“ဟုတ်ကဲ့ ...”

ခပ်ပေါ့ပေါ့ ပုံစံဖြင့် ခေါင်းညိတ်မိပြန်သည်။

“မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ ...”

“သင်တန်း တက်ရမှာ ပျင်းလို့ပါ”

www.burmeseclassic.com



"ဘာ ..."

သူက ခပ်ဆတ်ဆတ်အော်တော့ ဆန်းမေက အေ
စက်စက်ဖြင့် သူ့ကို စွေကြည့်လိုက်ရင်း ...

"ဆန်းမေ ထမင်းဟင်း မချက်ချင်ဘူးလေ၊ မီးဖိုနားလည်း မကပ်ချင်ဘူး၊ မီးဖိုချောင်ထဲတောင် မဝင်ချင်ဘူး၊ အိမ်မှာ ကောင်မလေးတွေလည်း ရှိသားပဲ၊ အုပ်ချုပ်စီမံနေတဲ့ အန်
ထွေးလည်း ရှိတာပဲ၊ ဦးက သူဌေးမဟုတ်လား၊ ဆန်းမေ
ဦး မိန်းမဆိုတော့ သူဌေးကတော်ပေါ့၊ သူဌေးကတော်
တာ မဖြစ်မနေ ထမင်းချက်ဖို့ လိုလို့လား ဦးရဲ့၊ အဟင်း
ဟင်း ... သူဌေးကတော်ဆိုတာ ကိုယ်မလုပ်ချင်တဲ့ အလု
ကို သူများကို ပိုက်ဆံပေးပြီး လုပ်ခိုင်းလို့ရတာပဲ၊ ဦး
သူဌေးပဲ ... သုသုအတွက် ဟိုတယ် စာဖိုမှူးအဆင့်လော
တောင် ငှားပေးလို့ရတာပဲ၊ ဆန်းမေ မချက်ပေးလည်
ဘာအရေးလဲ ..."

မျက်ခုံးလေးပင့်ကာ ခပ်တည်တည်ပုံစံဖြင့် သွေးအေ
စွာ ပြောနေသော ဆန်းမေကြောင့် ဦးက အံတင်းတင်းကြိတ်
လီဗာကို ဆောင့်နင်းလိုက်တာမို့ ကားက အရှိန်မြင့်စွာ ပြေးထွ
သွားသည်။ ဆန်းမေက ထိုင်ခုံနောက်မှီသို့ ကျောကပ်သွား
မျက်လုံးပြူးလျက် လန့်ဖျပ်သွားပြီး ထိုင်ခုံခါးပတ်ကို ခပ်မြန်
ဆွဲပတ်ထားလိုက်သည်။

သူက ကန်တော်ကြီးထဲသို့ ကွေ့ဝင် မောင်းလာ
လူရှင်းသောနေရာမှာ ဘရိတ်ဆောင့်အုပ်၍ ရပ်လိုက်ပါသည်





အရှိန်မြင့်၍ မောင်းတုန်းက နောက်သို့ကပ်သွားသော ဆန်းမေ၏ နောက်ကိုယ်လေးမှာ သူ တအားကွေ့ချလိုက်ချိန်မှာ ဘေးသို့ယိုင်သွားပြီး ဘရိတ်အုပ်လိုက်တော့ ရှေ့သို့ ဆတ်ခနဲ ငိုက်ကျသွားသည်။ ဆန်းမေ ရုတ်တရက် ခေါင်းတွေမူးနောက်ကာ ပျို့အန်ချင်လာသည်။

သူက ကားတံခါးကို ဆောင့်တွန်းဖွင့်ကာ ကားထဲမှ ထွက်သွားပြီး ဆန်းမေဘက်ခြမ်းသို့ ခြေလှမ်းကျဲဖြင့် ကွေ့လျှောက်လာသည်။ ပြီးတော့ ဆန်းမေဘက်က ကားတံခါးကို ဆောင့်ဆွဲဖွင့်လိုက်ပြီး ...

"ကဲ ... လာ ... ဆင်း၊ မင်း အခု ဆင်းလာခဲ့"

ဟု ခေါ်ရင်း ဆန်းမေ ပတ်ထားသည့် ထိုင်ခုံခါးပတ်ကို ခပ်မြန်မြန် ငုံ့ဆွဲဖြုတ်လိုက်ပြီး ဆန်းမေကို လက်မောင်းရင်းမှ ကိုင်၍ ကားထဲမှ ဆွဲထုတ်လိုက်ပါသည်။

ဆန်းမေက အံ့ဩလန့်ဖျပ် ကြောက်ရွံ့လျက် သူ့လက်ထဲမှာ ဝရုန်းသုန်းကား ပါသွားသည်။ သူက ဆန်းမေကိုယ်လေးကို ကားဘေးဘက်မှာ ဆွဲကပ်လျက် သူ့လက်တွေကို ဆန့်တန်းကာ ဆန်းမေရဲ့ ပခုံးနှစ်ဖက်ကို ကားဘက်သို့တွန်း၍ ညှပ်ချုပ်ထားလိုက်ရင်း ဆန်းမေ မျက်နှာကို စေ့စေ့ကြည့်ကာ ...

"မင်း အခု ဘာဖြစ်နေတာလဲ ... ပြော၊ ဘာလို့ ဒီလို အပေါ်စား စကားတွေ ပြောနေတာလဲ ပြော၊ မင်း ဘာကို မကျေနပ်ဖြစ်နေတာလဲ၊ သုသုကို မင်း မကျေနပ်ဘူးလား၊ စေတနာ မရှိဘူးလား၊ သည်းမခံနိုင်ဘူးလား ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဦးက ဘယ်လိုထင်လို့လဲ ..."

သွေးပူ ဆူပွက်နေသော သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ဆန်းမေက အေးစက်စက် ပြန်မေးလိုက်သည်။ သူက နှုတ်ဆိတ်သွားကာ ဆန်းမေကို စိုက်ကြည့်ရင်း ...

"မင်း ငါ့ကို အရွဲ့တိုက်နေတာလား ..."

ဟု အံကြိတ်သံဖြင့် ခပ်တိုးတိုး မေးလိုက်ပါသည်။

"ဦးက ဘယ်လိုထင်လို့လဲ ..."

ဆန်းမေက ခပ်အေးအေး မေးလိုက်ပြန်တာမို့ ဦးက မျက်မှောင်ကြုတ်ကာ ဆန်းမေ မျက်နှာကို စေ့စေ့စိုက်ကြည့် ငြိမ်သက်သွားသည်။ ဆန်းမေကလည်း သူတွန်းကပ်ထားသည့်အတိုင်း ကားကို ကျောမှီကပ်ကာ ငြိမ်သက်ရင်း သူ့မျက်လုံးတွေကို စူးစူးရှရှ ရင်ဆိုင်ကြည့်နေလိုက်မိပါသည်။

"ဟာကွာ ... မင်း ..."

သူက မချင့်မရဲဖြစ်သလို ရေရွတ်လိုက်ရင်း သူ့လက်တွေကို ဖြုတ်ပယ်လျက် မျက်နှာလွှဲသွားသည်။ ပြီးတော့ ချာခနဲ ကျောခိုင်းကာ ခါးထောက်ရပ်နေလိုက်သည်။

ဆန်းမေသည် ဖက်တွယ်ပါးအပ်ခဲ့ဖူးသော သူ့ကျောပြင်ကို လှမ်းကြည့်ရင်း ရင်ထဲ ဆို့တက်လာကာ မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်လာသည်။ ဖိတ်လျှံစီးကျလာသော မျက်ရည်တစ်စက်ကို လက်ညှိုးကွေးလေးဖြင့် ပွတ်၍ ဖယ်ရှားလိုက်ရသည်။

သူက အတန်ကြာ ကျောခိုင်းရပ်နေပြီးမှ ဆန်းမေဘက်သို့ ပြန်လှည့်လာကာ ...





"မင်း ... အခု ဘာကိုမကျေနပ်တာလဲ၊ ဘာဖြစ်ချင်တာလဲ ဆိုတာ ကိုယ့်ကို ပြောပြပါ ဆန်းမေ ..."

"အဟင်း ..."

ဆန်းမေက အသံသဲ့သဲ့လေး ထွက်၍ ပြုံးလိုက်တော့ သူ့မျက်ဝန်းတွေထဲမှာ နားမလည်နိုင်မှုတွေ အံ့သြမှုတွေ ဖြတ်ပြေးသွားသည်။

"ပြောပြမှ သိမယ်ဆိုရင်တော့လည်း မပြောပြတော့ဘူးလေ ဦး ...၊ ဒီနေ့ကစပြီး ဦး ပြောတာကိုပဲ ဆန်းမေ နားထောင်တော့မယ်၊ အဲ့ဒီလိုဆို ဦး စိတ်ချမ်းသာမယ်မဟုတ်လား၊ ဆန်းမေ ပြန်ချင်ပြီ ဦး ..."

ဆန်းမေက အေးအေးဆေးဆေး ပြောပြီး ကားတံခါးကို ဆွဲဖွင့်၍ ဝင်ထိုင်နေလိုက်သည်။ ပြီးတော့ ကားကက်ဆက်ထဲသို့ ဖွင့်နေကျ သီချင်း CD တစ်ချပ် ထည့်ဖွင့်ထားလိုက်သည်။

သူ ခဏ ဆက်ရပ်နေပြီးမှ ကားထဲဝင်ထိုင်လိုက်သည်။ ထို့နောက် တိတ်ဆိတ်စွာပင် ကားမောင်းထွက်ခဲ့သည်။ ဆန်းမေကလည်း နှုတ်ဆိတ်စွာပင် လိုက်ပါလာခဲ့သည်။

အေးစက် တိတ်ဆိတ်နေသော ကားထဲမှာတော့ သီချင်းသံကလေးသာ တိုးတိုးလေး ထွက်ပေါ်နေခဲ့သည်။

*"ရင်မှာ ခံစားရတဲ့အဖြစ်ကို xx မင်းက နားမလည်ဘူး xx ငါ့ရဲ့ ဒဏ်ရာတွေ ခုထိတိုင် ရင်ထဲမှာ မကျက်သေးဘူး၊ ချိုသာတဲ့ စကားလေးများစွာ ပြောသမျှ အဟုတ်ထင်ခဲ့ xx ခုတော့ မှန်ရာကို မှားတယ် ကြုံလာပြီမို့ မြင်လာပြီမို့ xx"*



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရင်းဇင်မာမြင့်၏ သီချင်းသံကလေးက ရင်ထဲ
လာရိုက်သည်။ လူက မွန်းကျပ် မူးနောက် ဆို့ကျင်ကာ ငိုချလို
ချင်သော်လည်း မငိုမိအောင် ထိန်းထားမိသည်။

*"နှင် ကျေနပ်လို့ ပျော်တယ်ဆိုရင် ငါ ရင်ကွဲပြီး ငိုရလည်း*
*ရှိပစေ x x ဂရုမစိုက်နဲ့လေ x x မင်း ကြိုက်ရာကိုရွေး x x"*

သီချင်းသံနှင့်အတူ ဆန်းမေက ကားအပြင်ဘက်သို့
မျက်နှာလှည့်လိုက်ရင်း နာကျင်စွာ ပြုံးလိုက်မိပါသည်။

ဦးရယ် ...

ဦး ပျော်တယ်ဆိုရင် ပြီးတာပါပဲ ...

ဦးကို နာကြည်းသလောက် ဆန်းမေ ချစ်ပါတယ်

ဦးရဲ့ ရက်စက်တဲ့နှလုံးသားနဲ့ သင်ကြားပေးခဲ့တဲ့
အချစ်ကို ဆန်းမေရဲ့ နူးညံ့တဲ့ နှလုံးသားထဲမှာ အမြဲ သိမ်းဆည်း
ထားပါ့မယ် ...။

■ ■ ■



✿ ✿ ✿

"စား ... သမီးလေး ... စား၊ သမီး လာစားမယ်မှန်းသိရင်
ဟင်းကောင်းကောင်း ချက်ထားပါတယ်၊ ကြိုပြောရောပေါ့
သမီးရယ် ..."

အမေက ဆန်းမေနှင့်အတူ ထမင်းစားရင်း ဆန်းမေ
ကို အရိပ်ကြည့်လျက် ကြည်ကြည်နူးနူးလေး ပြောနေသည်။

ဆန်းမေက အမေ့လက်ရာ ငါးခြောက်နှင့် ကုလားပဲ
ချက်ဟင်း၊ ကညွတ်ကြော်နှင့် ပုစွန်ချဉ်သုပ်ကို အားရပါးရ စားနေ
ရင်းက ...

"ဒီလောက်ဟင်းကောင်းတာ ရှိဦးမလား အမေရဲ့၊ ကောင်း
မှကောင်းပဲ၊ အမေ ချက်ရင် ဘာချက်ချက် ကောင်းတာပဲ၊
အမေ့လက်နဲ့ထိရင် ရွှေ ..."

"အံမယ် ... မိချွဲ ..."

အမေ ပြုံးပြုံး ပြုံးပြုံးနှင့် သဘောကျနေသလို

www.burmeseclassic.com



ဆန်းမေကလည်း အမေ့အိမ်မှာ ထမင်းစားရတာ ပျော်ရွှင်ကျေ လှပါသည်။

အမေ့အိမ်လေးသို့ ရောက်လာတိုင်း အမေနှင့်အ နေခဲ့သော အချိန်လေးတွေကို ဆန်းမေ လွမ်းလှပါသည်။ ဆန်း ရဲ့ ကျောင်းဝတ်စုံကလေးတွေကို အမေကိုယ်တိုင် မီးပူတိုက် ခဲ့တာ၊ ဆန်းမေကို မီးဖိုထဲ အဝင်မခံဘဲ ထမင်းပွဲရေ ရောက် ခပ်ကျွေးခဲ့တာ။

ဟိုဘက်အိမ်မှာ ဆန်းမေ ဘာတွေလုပ်နေသလဲ တာ အမေသိရင် စိတ်ကောင်းမှာ မဟုတ်ပါ။

မီးပူတိုက်နိုင်ဖို့ ရင်ထဲ အသည်းထဲ ဆတ်ဆတ်တု ပြီး ချွေးတွေ ပေါက်ပေါက်ကျလာသည်အထိ ကြောက်စိတ် တွန်းကန်ပြီး အကြိမ်ကြိမ် ကြိုးစားမိတဲ့ နေ့တွေ၊ မီးဖိုခလုတ် ဖွင့်လိုက်တိုင်း ဆတ်ခနဲ တုန်သွားတဲ့ကြားကပဲ ဟင်းချက်ဖို့ ကြ စားခဲ့မိသေးတာ ...။ နေ့ရက် တော်တော်ကြာ တစ်ယောက်တည် တိတ်တဆိတ် ကြိုးစားကြည့်သော်လည်း မအောင်မြင်ဘဲ လ လျှော့ခဲ့ရတာ ...။

အဲ့ဒီလောက်ထိကိုပဲ ဆန်းမေ ကြိုးစားကြည့်ခဲ့ပါ တယ် ဦးရယ်။ ဦးကတော့ ဒါတွေကို ဘယ်သိပါ့မလဲ ...။

နေ့စဉ်နဲ့အမျှ ဦးရဲ့ သံသယအကြည့်တွေကို ရင် ရတာလည်း ဝမ်းနည်းစရာ ကောင်းလှသည်။

သုသုနဲ့ ဆန်းမေ နှစ်ယောက်တည်းရှိနေသည့် အ





တွေမှာ အခန်းတံခါးဝမှာ ဦးကို ရိပ်ခနဲ တွေ့လိုက်ရတာမျိုး၊ စ်ယောက်သား စကားကျယ်ကျယ် ပြောနေပြီဆို အပြေးအလွှား ပြုန်းခနဲ ရောက်ချလာကာ သံသယတွေ လျှံကျနေသည့် စိတ္တဇ ဆန့်ဆန့် မျက်လုံးမျိုးဖြင့် ကြည့်လိုက်တာမျိုး။ ဆန်းမေနဲ့ သုသု တူရှိနေချိန်တွေမှာ မလှမ်းမကမ်းကနေ စောင့်ကြည့်အကဲခတ် တာမျိုးတွေ ကြုံရပါများတော့ ဦးဟာ ဆန်းမေကို မယုံကြည်တော့ ူးဆိုတာ အလိုလို ခံစားမိလာသည်။

သို့သော် ... သုသု အပေါ်ထားသည့် ဦးရဲ့ ဖခင် ွယ် သံယောဇဉ်ကို သိတာမို့ ဦးကို အပြစ်မတင်ဘဲ ဥပေက္ခာ ာ ပြုထားခဲ့ရပါသည်။

"သမီး ... မောင်ကျော်ဝီရနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ် အမေရဲ့ ...၊ ဦးက ဆန်းမေကို ဂရုစိုက်ပါတယ်၊ အမေ့ ထမင်းနည်းနည်း ထပ်ပေးဦး၊ ခိခိ ... ဒီနေ့တော့ ဗိုက်ပေါက်အောင် စားပစ်မယ်၊ အမေ့အိမ်ရောက်ရင် ခံတွင်းက လိုက်သလား မမေးနဲ့၊ အမေက ခဏခဏ ဒီဘက်အိမ် ကူးမလာနဲ့ဆိုလို့သာ ... နောက်မို့ဆို အမေ့အိမ်မှာ နေ့တိုင်း ထမင်းလာစားမှာ ..."

"ကိုယ့်ယောက်ျားနဲ့ ကိုယ်သာ စားပါ မယ်မင်းကြီးမလေးရယ်၊ ရော့ ... ရော့ ... ထမင်း ... တော်ပြီလား"

"အဟဲ ... နည်းနည်း ပိုထည့်လိုက်ပါဦး"

"ဒီလောက်ဆို ရပြီလား ..."

"အဟဲ ... ရပြီ အမေ ... တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက ဇလုံထဲမှာ ထမင်းရော... ပဲဟင်းရော... ပုစွန်ချဉ်သုပ်တွေပါ ရောနှောနယ်ဖတ်ကာ အားရပါးရ စားဆဲ...

"ဆန်းမေရေ... ဆန်းမေ"

"ဟော... သုသုပါလား၊ လာ... သမီးလေး"

အိမ်ရှေ့ဆီက သုသု၏အော်ခေါ်သံကြောင့် ဆန်းမေ လက်ထဲက ထမင်းလုတ်ကို ပြန်ချကာ အိမ်ရှေ့သို့ လှမ်းမျှော်ကြည့် မိသည်။

အမေက လှမ်းခေါ်သော်လည်း သုသုက အိမ်ထဲ မဝင်ဘဲ တံခါးဝမှာ ရပ်နေလိုက်ရင်း...

"ဟင်... ဆန်းမေ သစ္စာဖောက်၊ သုသုကဖြင့် ထမင်းအ စားချင်လို့ လိုက်ရှာနေတာကို၊ ဆန်းမေက ဒီမှာလာ နှင့်နေတယ်"

"တစ်ခါတလေ အမေနဲ့ အတူစားချင်လို့ပါ သုသုရ ဒီနေ့ သုသု ကိုကို အလုပ်မသွားဘူးလေ၊ ကိုကိုနဲ့ အတူ လိုက်လေ၊ ဆန်းမေ ဒီမှာ ပြီးအောင်စားလိုက်ဦးမယ်နော် သုသု ပြန်နှင့်နော်..."

"ဟင့်အင်း... ခုပြန်လိုက်ခဲ့၊ ဆန်းမေ ပြန်လိုက်မှ သုသု ထမင်းစားမယ်၊ ဆန်းမေနဲ့မှ အတူတူစားမယ်"

သုသုက ခြေတစ်ချက် ဆောင့်ကာ တဂျီဂျီပြော ဆဲ...

"ဟုတ်သားပဲ... ဆန်းမေ၊ ပြန်လိုက်ခဲ့ပြီး သုသုနဲ့ အတူ





လိုက်လေ၊ ဆန်းမေ မလိုက်ရင် သုသု အဆာလွန်ပြီး ဗိုက် အောင့်လိမ့်မယ်..."

သုသုရဲ့ နောက်ဘက်ဆီမှ ဦးအသံကို ကြားလိုက် ရပြီး ဆန်းမေတို့ အိမ်တံခါးဝမှာ ရပ်လာသော ဦးကို တွေ့လိုက် ရသည်။ ဦးက သုသု နောက်မှာ ရပ်လျက် ဆန်းမေကို ခပ်တည် တည် လှမ်းကြည့်နေသည်။ ဦး မျက်ဝန်းထဲမှာ အေးစက်မှုနှင့် အာဏာရှင် ဆန်ခြင်းကို မြင်ရသည်။

"ဟုတ်သားပဲ သမီးရယ်၊ သွား... သွား... လိုက်သွား၊ အမေ့အိမ်မှာက ဘယ်တော့ လာစားစား ဖြစ်တာပဲ၊ အဲ့ဒီ လိုပဲ မောင်ကျော်ဝီရရေ... သမီးက တစ်ခါတစ်ခါ အမေ့ အိမ်လာပြီး ကလေးလို ချွဲချင်တုန်း..."

အမေက ပျာပျာသလဲ ပြောရှာသည်။ ဆန်းမေက ဦး မျက်ဝန်းတွေနှင့် ရင်ဆိုင်ကြည့်နေလိုက်ပြီးမှ လက်ဆေးခွက် ထဲမှာ လက်နှစ်၍ ဆေးလိုက်ပြီး...

"ကောင်းပါပြီ ဦး၊ ကျွန်မ ပြန်လိုက်ခဲ့ပါ့မယ်"

ဟု အေးစက်စက် ပြောလိုက်ရင်း မတ်တတ်ထရပ် လိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်လျှင် ခေတ်ဆန်းမေသည် ဦးတို့မောင်နှ နှင့်အတူ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။ ဆန်းမေမျက်နှ ပေါ်မှာ ဘာခံစားမှု အရိပ်အယောင်မျှ မပါ။ ခံစားချက်မဲ့ ဗလာ မျက်နှာသေဖြင့် ကိုယ့်ရှေ့က ထမင်းပန်းကန်သို့ ဟင်းတွေ ခ ခပ်ထည့်ပြီး ရောနှောနယ်ဖတ်လိုက်သည်။ ပြီးတာနှင့် တစ်ဇွန်းပြီ တစ်ဇွန်း အဆက်မပြတ် စားနေလိုက်သည်။

ပန်းကန်ထဲက ထမင်းဟင်းတွေ ကုန်တော့ နော ထပ် ထမင်းရော ဟင်းပါ မောက်လျှံနေအောင် ခပ်ထည့် နယ်ဖတ် လိုက်ပြန်သည်။ ရင်ဝထိ ပို့တက် ပြည့်အင့်လာသော်လည် ဆန်းမေက မရပ်ဘဲ သိမှတ်မဲ့စွာ တစ်လုတ်ပြီးတစ်လုတ် အဆ မပြတ် စားနေသည်။

"သမီး ... ဆန်းမေ အဆင်ပြေရဲ့လား ..."

"ပြေပါတယ် အန်တီထွေး၊ အရမ်းစားကောင်းလို့ပါ ..."





ပလုတ်ပလောင်းဖြင့် ပြန့်ပြောပြီး အဆက်မပြတ် းနေသော ဆန်းမေကို ဦးက မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

"ခိခိ ဆန်းမေ အစားပုပ်ကြီး ..."

သုသုက ဆန်းမေကိုကြည့်ရင်း ရယ်သည်။ အန်တီ ထွေးက မျက်လုံးပြူးလျက် ဘာလုပ်ရမှန်းမသိ ဖြစ်နေပါသည်။

"ဆန်းမေ ... တော်တော့"

ဦးက ခပ်ဆတ်ဆတ် လှမ်းပြောသည်။

"စားလို့ ကောင်းလို့ပါ ဦး ..."

ဆန်းမေက ပို့တက်လာသော ထမင်းကို ကြိုးစား၍ ချရင်း ပြန်ပြောမိသည်။

စားရင်း စားရင်း ဆန်းမေမျက်နှာတစ်ခုလုံး ထူပူ းဖိန်းကာ ချွေးတွေ တအားထွက်လာသည်။ အန်ချင်လှသော် ည်း ဆန်းမေက အောင့်အည်း ကြိတ်မှိတ်ကာ နောက်တစ်ဇွန်း ပ်စားလိုက်ပြန်သည်။

"ဆန်းမေ ... တော်တော့"

ဦးက ခပ်ဆတ်ဆတ်အော်လိုက်သော်လည်း ဆန်းမေ နောက်တစ်ဇွန်း ခတ်၍ စားလိုက်ချိန်မှာ လူက လုံးဝမခံနိုင် ာ့ဘဲ အော့ခနဲ ပို့တက်လာသည်။ သို့သော် လက်က နောက် စ်ဇွန်း ခပ်ပြန်သည်။

"တော်တော့လို့ ပြောနေတယ်လေ ..."

ဦးက တစ်ချက်အော်လိုက်ပြီး ထိုင်ရာမှ ဝုန်းခနဲ ကာ ဆန်းမေ ရှေ့က ထမင်းပန်းကန်ကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက နှစ်ချက် သုံးချက် ဆက်တိုက် ပျို့လာကာ ထမင်း[illegible] ပွဲမှ ထ၍ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်လာပြီး ရေချိုး ခန်းထဲသို့ ပြေးဝင် အန်ချလိုက်မိပါသည်။

ရေချိုးခန်းထဲမှာ မျက်ရည်ရော နှပ်တွေရော ထွ[illegible] လျက် ဆန်းမေ ဖြစ်ချင်တိုင်း ဖြစ်နေသည်။ ရင်ထဲမွန်းကြပ်[illegible] အော်ဟစ်ပစ်ချင်လာသည်။

အအန် ရပ်သွားတော့မှ ပလုတ်ကျင်း မျက်နှာ[illegible] ပြီး ရေချိုးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ရေချိုးခန်းရှေ့မှာ လက်ပိုက်ရပ်လျက် ဆန်းမေ[illegible] စောင့်နေသော ဦးက ...

"မင်း ဘာဖြစ်တာလဲ ဆန်းမေ"

"ထမင်းစားတာလေ ..."

"မင်း ငါ့ကို အရွဲ့တိုက်နေတာလား ..."

"ဦး စကားကို နားထောင်နေတာလေ၊ ဦးက အမေ့[illegible] ထမင်းဆက်မစားစေချင်မှန်း သိလို့ ပြန်လာတယ်[illegible] သုသုနဲ့ အတူစားဆိုလို့ စားတယ်လေ၊ ဦးစကားကို[illegible] ထောင်မိတာ ဆန်းမေ အပြစ်လား ..."

"မရွဲ့နဲ့ ဆန်းမေ ..."

"မရွဲ့ပါဘူး ဦးရဲ့၊ ဦးကို အရမ်းချစ်လို့ ဦး ပြော[illegible] နားထောင်တာလေ ... ဟင်း ဟင်း ..."

ဆန်းမေက ခနိုးခနဲ့လေး ပြောကာ ခေါင်း[illegible] မော့ရင်း ဦးဘေးမှ ဖြတ်ကျော် လျှောက်လိုက်စဉ် ...





"ဆန်းမေ ..."

"အမေ့ ..."

ရုတ်တရက် ဦးက ဆန်းမေ လက်ကို ဆောင့်ဆွဲကာ ဆန်းမေခါးကို တအားဆွဲပွေ့လျက် သူ့ရင်ခွင်ထဲ မြုပ်သွားအောင် ဘင်းတင်းကျပ်ကျပ် ဖက်ထားလိုက်လေသည်။

ဆန်းမေက လူးလွန့်ရုန်းဖယ်လေ သူက ပို၍ တိုးကာ ဖက်လေဖြင့် ဆန်းမေ တဖြည်းဖြည်း အသက်ရှုကျပ်လာသည်။ အောဟိုက် တုန်ရင်လာသည်။

"မင်း ကိုယ့်ကို ချစ်တယ်ဆိုတာ တကယ်လား"

သူ့အသံက တိုးတိတ် တုန်ခါနေသည်။

"ဟင့်အင်း ... ရွဲ့ပြောတာ"

သူ့လက်တွေ ပြေလျော့သွားသည်။

သူက ဆန်းမေကို သူ့ရင်ခွင်ထဲမှ ခွာထုတ်လိုက် ပြီး ဆန်းမေ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် ဆန်းမေ မျက်နှာ ကို ငုံ့မိုးကြည့်လိုက်သည်။ သူ့အကြည့်တွေက နက်ရှိုင်းတောက်ပ လှပါသည်။

"ကိုယ်ကတော့ မင်းကို သိပ်ချစ်ခဲ့တယ် ..."

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် လူက မသိမသာ ဆတ်ခနဲ တုန်သွားကာ သူ့ကို မော့ကြည့်လိုက် မိသည်။

ဒီစကား ကြားရဖို့ မျှော်လင့်ခဲ့တာ မင်္ဂလာဦးည ကတည်းကလေ ...။



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်း ကြားချင်ခဲ့တဲ့ စကားတစ်ခွန်းလေ ...။

သူ့စကားကြောင့် ရင်တလှပ်လှပ် တုန်သည်အထိ ပျော်ရွှင် စိတ်လှုပ်ရှားရသော်လည်း ယုံကြည်ဖို့လည်း မဝံ့ရဲနိုင်ပေ ...။

ဆန်းမေက နှုတ်ဆိတ်စွာပင် သူ့ကို မော့ကြည့်နေလိုက်မိသည်။ သူ့မျက်ဝန်းတွေကို စိုက်ကြည့်ရင်း အချစ်ရဲ့ အရိပ်အယောင်ကိုရှာရင်း သူ့ရဲ့ အေးစက်စက်နိုင်မှုတွေ ... ဆန်းမေကို ရင်နာစေသော အဖြစ်အပျက်တွေကို ပြန်ပြောင်း သတိရလာသည်။

"မယုံဘူး ... ဦး ..."

ဆန်းမေက သူ့ကိုစိုက်ကြည့်၍ အေးစက်လေးပင်စွာ ပြောလိုက်ပါသည်။

■ ■ ■



* * *

ခေတ်ဆန်းမေ အိပ်ရာမှ ဖျပ်ခနဲ လန့်နိုးလာချိန်တွင် ဆန်းမေ ခန္ဓာကိုယ်လေး နွေးထွေးနေတာကို ပထမဦးစွာ ခံစားမိလေသည်။

ဦးရဲ့ လက်တစ်ဖက်က ဆန်းမေ၏ ပခုံးလေးကို ဖက်ပွေ့ထားပြီး ဆန်းမေက ဦးရင်ခွင်ထဲမှာ အံဝင်ခွင်ကျ ထွေးပွေ့ခြင်းကို ခံထားရသည်။ ဦးကတော့ အိပ်မောကျနေဆဲ ဖြစ်လေသည်။

ညတုန်းက ဦးက ထူးခြားစွာ နူးညံ့နေခဲ့သည်။

"ကိုယ် မင်းကို ဖက်အိပ်ပါရစေ ..."

ဟု ခွင့်တောင်းကာ ဆန်းမေကို ညင်သာစွာ ထွေးပွေ့လျက် အိပ်ပျော်သွားခဲ့သည်။ သူ အိပ်ပျော်ပြီး မကြာခင် ဆန်းမေလည်း အိပ်ပျော်ခဲ့ရသည်။

သူ့ ခပ်စိမ်းစိမ်း ပြောဆိုပြုမူမှုတွေကြောင့် ရက်ပေါင်းတော်ကြာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နိုင်ခဲ့သော ဆန်းမေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ညကတော့ နွေးထွေးလုံခြုံစွာ အိပ်မောကျခဲ့ရသည်။ ခုလည်း လန်းဆန်းစွာ အိပ်ရာမှနိုးလာခဲ့ရသည်။

ဆန်းမေ နာရီကြည့်မိတော့ မနက် ၅ နာရီခွဲပဲ ရှိ သေးသည်။

ပြန်အိပ်လို့လည်း မရတော့တာမို့ ဆန်းမေက ဆန်း မေ၏ ပခုံးပေါ်က သူ့လက်ကို ဖွဖွဆွဲယူ၍ ဘေးမှာချလိုက်ပြီး အိပ်ရာမှ ညင်ညင်သာသာ ထထိုင်လိုက်သည်။

ရေချိုးခန်းထဲ ဝင်ကာ မျက်နှာသစ် သွားတိုက်ပြီး သည့်အထိ ဦးက နိုးမလာသေး...၊ တစ်အိမ်လုံးလည်း တိတ်ဆိတ် လျက်ရှိတာမို့ ဆန်းမေက စာဖတ်ရင် ကောင်းမလား စဉ်းစား ခုတင်ဘေး စားပွဲပေါ်က မဂ္ဂဇင်းစာအုပ်ကို လှမ်းယူလိုက် လည်း စာအုပ်က ဖတ်ပြီးသားမို့ ပြန်ချထားလိုက်ပါသည်။

"ဦးစာကြည့်ခန်းထဲမှာ စာအုပ်သွားရှာဦးမှပါပဲ၊ သော့ ထားရင်တော့လည်း အခက်ပေါ့..."

ဆန်းမေက ကိုယ့်ဘာသာ တီးတိုးရေရွတ်ပြီး အ ထဲမှ ခြေလှမ်းဖွဖွဖြင့် ထွက်လာခဲ့ပါသည်။

ဒီအိမ်အပေါ်ထပ်မှာ ဦးရဲ့ စာကြည့်ခန်းတစ် ရှိနေပါသည်။ ဦးရဲ့ အလုပ်စားပွဲတစ်ခုလည်း ရှိပါသည်။ ဦး သူတစ်ယောက်တည်း အနားယူချင်သည့် အချိန်မျိုးမှာ ထိုအ ကို အသုံးပြုလေ့ရှိသည်။ ထိုအခန်းထဲမှာ စာဖတ်နေသည့် အ တွေ ရှိသလို အလုပ်ကိစ္စတွေ ဖုန်းပြောနေသော အချိန်တွေ ရှိခဲ့သည်။





ထိုအခန်းထဲကို ဆန်းမေ တစ်ခါသာရောက်ဖူးသည်။ ဦးရဲ့ private အခန်းမို့ သီးသန့်အခန်းမို့ ဦး မရှိချိန်မှာ ဝင်ပြီး စပ်စုတာမျိုးလည်း မလုပ်မိပါ။

ဆန်းမေက အခန်းရှေ့မှာရပ်ပြီး အခန်းတံခါး လက်ကိုင်ဘုကို လှည့်ဖွင့်ကြည့်လိုက်တော့ တံခါးက ပွင့်သွားသည်။

တော်ပါသေးရဲ့...။ ညက ဦး ဒီအခန်းထဲဝင်ပြီး သော့ခတ်ဖို့ မေ့ခဲ့ပုံရသည်။

ဆန်းမေက အခန်းထဲဝင်လာကာ မီးခလုတ်ကိုစမ်း၍ ဖွင့်လိုက်သည်။ ထို့နောက် ဦးရဲ့ အလုပ်စားပွဲနောက်က နံရံကပ် စာအုပ်စင်ဆီသို့ လျှောက်လာခဲ့လိုက်ပါသည်။

ဆန်းမေက စာအုပ်စင်ပေါ်က ဘာသာပြန် ဝတ္ထု အချို့ကို လှမ်းဆွဲယူပြီး စားပွဲပေါ်သို့ တင်ထားလိုက်သည်။ ပြီးတော့ ဦး ထိုင်ခုံပေါ်မှာ ခဏဝင်ထိုင်ကာ စာအုပ်တွေကို လှန်လှောကြည့်နေဆဲ စားပွဲရှေ့တည့်တည့် နံရံပေါ်က တီဗီကို သတိပြုမိသွားပါသည်။

ဆန်းမေ ဒီအခန်းထဲကို တစ်ခါ ဝင်ကြည့်တုန်းက တီဗီ ရှိမနေသေးပါ။

ဆန်းမေ အိမ်မှာရှိချိန်မှာ တီဗီသယ်လာတာ၊ ဦး အခန်းထဲ လာတပ်တာကိုလည်း မမြင်မိပါ။

ဆန်းမေက စာအုပ်စင်ထဲက ထုတ်ယူလိုက်သည့် စာအုပ်တွေကိုလည်း သိပ်စိတ်မဝင်စားတာမို့ တီဗီ ခဏဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု စဉ်းစားကာ စားပွဲပေါ်က ရီမုကို လှမ်းယူပြီး ခလုတ်နှိပ်လိုက်ပါသည်။

"ဟင် ..."

တီဗီ ဖန်သားပြင်မှာ ပေါ်လာသော မြင်ကွင်းကြောင့် ဆန်းမေ အံ့သြသွားမိသည်။ တီဗီပေါ်မှာ ဘယ်ချယ်နယ်လိုင်းမှ ပေါ်မလာဘဲ CCTV ကင်မရာဖြင့် ရိုက်ထားသောပုံရိပ်တွေ အကန့်လိုက် ပေါ်လာတာမို့ပင်။

"ဟင် ... ဒီအခန်းတွေက ..."

သေချာ စူးစိုက်ကြည့်လိုက်တော့မှ အဲ့ဒီအခန်းတွေဟာ သူသု ကစားသည့် အခန်း၊ ညှော်ခန်းနှင့် ထမင်းစားခန်းတွေ ဖြစ်နေတာကို တွေ့လိုက်ရသည်။ နောက် ခလုတ်တစ်ခုကို ထပ်နှိပ်တော့ ရေကူးကန်ကိုပါ မြင်လိုက်ရသည်။

ဘုရားရေ ... ဒါဆို အဲ့ဒီနေရာတွေမှာ CCTV ကင်မရာတွေ တပ်ထားပြီး ဦးက ဒီအခန်းထဲကနေ ကြည့်နေခဲ့တာပေါ့။

ဆန်းမေသည် ဗြုန်းခနဲ ထိုင်ရာမှထလိုက်ပြီး အခန်းအလယ်မှာ ရပ်လျက် တီဗီကို ကြောင်ကြည့်နေမိသည်။ ထို့နောက် အခန်းပြင်သို့ ပြေးထွက်လာပြီး သုသု ကစားသည့် အခန်းထဲသို့ ပြေးဝင်ကာ မျက်နှာကြက် အမိုးနှင့် နံရံထောင့်တွေကို မော့ကာ မော့ကာ ကြည့်ရင်း CCTV ကင်မရာကို ရှာဖွေလိုက်ပါသည်။

ဟော ... ဟိုမှာ တွေ့ပါပြီ။





မျက်နှာကြက် တစ်နေရာမှာ တပ်ထားသည့် စီစီတီဗီ ကင်မရာကို မော့ကြည့်ရင်း ဆန်းမေ ငြိမ်သက်သွားသည်။ ပြီးတော့ အသည်းထဲ အူထဲက ဆတ်ဆတ်တုန်အောင် နာကျင်လာသည်။

ဦး မယုံခဲ့ဘူးပေါ့ ...။

ဒီအိမ်ကို ဆန်းမေ ရောက်လာပြီးမှ ဒီကင်မရာတွေကို တပ်ခဲ့တာဆိုတော့ ဦး ဆန်းမေကို မယုံတာ သေချာတာပေါ့။

ဆန်းမေက ရပ်တန့် မောဟိုက်တုန်ရင်နေဆဲမှာပဲ

"မင်း ... ဒီမှာ ဘာလုပ်နေတာလဲ ဆန်းမေ"

အခန်းဝဆီက ဦးအသံကြောင့် ဆန်းမေက ချာခနဲ လှည့်ကြည့်လိုက်မိသည်။

ဆံပင်ညိုတွေ မျက်နှာပေါ် တချို့တစ်ဝက် ဖွာကျနေသော ဦးက အိပ်မှုန်စုန်မွှားဖြင့် အခန်းဝမှာ ရပ်နေသည်။

ဆန်းမေက သူနှင့် မျက်နှာချင်းဆိုင်လိုက်ရင်း ...

"ဦးကရော ဘာတွေလုပ်ထားတာလဲ ..."

ဟု ခပ်ဆတ်ဆတ် အော်လိုက်မိတော့ သူက မျက်မှောင်ကုပ်သွားကာ ...

"ဘာဖြစ်နေတာလဲ ..."

ဆန်းမေက မျက်နှာကြက်ကို လက်ညှိုးဖြင့် ထိုးညွှန်ပြလိုက်ရင်း ...

"ဒါ ဘာလဲ ဦးကျော်ဇီရ၊ ဒါဘာလဲဟင် ...၊ ရှင် ကျွန်မကို မယုံလို့၊ ကျွန်မ သုသုကို တစ်ခုခု လုပ်ကြဲလိမ့်မယ်လို့ ထင်ခဲ့လို့ ဒါကို တပ်ခဲ့တာမဟုတ်လား၊ ဒါတင် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ ညှော်ခန်းမှာ ... ထမင်းစားခန်းမှာ ... ရေကူးကန်မှာ CCTV ကင်မရာတွေ တပ်ပြီး ကျွန်မကို စောင့်ခဲ့တာ မဟုတ်လား ...၊

"ကျွန်မက ဘာမို့လို့လဲ ဦးကျော်ဝီရရဲ့၊ ကျွန်မက ဒီအိမ်ကို ဦးကျော်ဝီရ ဇနီးအဖြစ် ရောက်လာတာလား၊ သုသုရဲ့ အထိန်းတော်အဖြစ် ရောက်လာတာလား၊ ကျွန်မက အိမ်ဖော်မို့လို့ နာနီမို့လို့ သုသုအပေါ် မဟုတ်တာ မလုပ်အောင် စောင့်ကြည့်ခဲ့တာလား ...၊

"ရှင် သိပ်တရားလွန်သွားပြီ ဦးကျော်ဝီရ ... သုသုအပေါ်ထားတဲ့ ကျွန်မရဲ့ သံယောဇဉ်ကို ရှင် စော်ကားတယ်၊ ကျွန်မရဲ့ လွတ်လပ်ခွင့်ကို စော်ကားတယ်၊ ကျွန်မဘဝကို တန်ဖိုးမထားဘူး၊ သုသုအတွက် အရုပ်လက်ဆောင်ဝယ်ပေးသလိုမျိုး ရှင် ကျွန်မကို လက်ထပ်ခဲ့တာ မဟုတ်လား၊ သုသုအတွက်ပဲ တွေးပြီး ကျွန်မ ခံစားချက်ကိုတော့ ရှင် လျစ်လျူရှုခဲ့တယ် မဟုတ်လား ..."

ဆန်းမေက စိတ်လိုက်မာန်ပါ အဆက်မပြတ်ပြောရင်း မျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာသည်။

သူက ရှေ့သို့ တစ်လှမ်းတိုးလာရင်း ...

"သုသုနဲ့ ပတ်သက်လာရင် ငါ ဘယ်သူ့ကိုမှ မယုံကြည်ဘူး ဆန်းမေ ..."

သူ့စကားကြောင့် ဆန်းမေရဲ့ မျက်ရည်တွေတော့ ရပ်တန့်သွားသည်။





"သူ့အတွက်ဆို ငါ ဘာမဆို လုပ်နိုင်တယ်"

ဆန်းမေက သူ့ကို အံ့သြစွာ စိုက်ကြည့်နေမိသည်။ ထို့နောက် နာကျင်ပြုံးလေးနှင့်အတူ အေးဆေးစွာ ပြောခဲ့ပါသည်။

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျွန်မတို့ ကွာရှင်းကြတာပေါ့ ..."

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

ခေတ်ဆန်းမေသည် ကိုယ့်ရှေ့ စားပွဲပေါ်က အသံ
မထွက်ဘဲ တုန်ခါနေသည့် ဖုန်းလေးကို ခပ်တွေတွေလေး စိုက်
ကြည့်ငြိမ်သက်နေပါသည်။

သော်တာက ဆန်းမေကို ကြည့်ကာ သက်ပြင်းချ
ရင်း ...

"အန့်တီထွေး ခေါ်နေတာ မဟုတ်လား၊ ကိုင်လိုက်ပါလား
ဆန်းမေရယ် ..."

ဆန်းမေက အသာအယာ ခေါင်းယမ်းပြလိုက်မိရင်း
"အန့်တီထွေးက ငါ့ကို အိမ်ပြန်လာဖို့ပဲ ပြောမှာလေ၊ ငါ
မပြန်နိုင်တဲ့အတူတူ ပြန်ပါ့မယ်လို့လည်း ညာမပြောချင်ဘူး
အတိုက်အခံ ပြောရမှာလည်း လူကြီးကို အားနာတယ်
အဲ့ဒါကြောင့် ငါ ဖုန်းမကိုင်တော့တာ"

"ဦးကျော်ဝီရကော နင့်ဆီ ဖုန်းဆက်လား ..."

"အဟင်း ..."





ဆန်းမေက ကြင်နာစွာ ရယ်သွမ်းသွေးလိုက်ရင်း ...

"မဆက်ပါဘူး ..."

"ဒီလူကလည်း နေစိမ့်လိုက်တာဟာ ..."

"အဲ့ဒါ သူ့စတိုင်လ်ပဲလေ"

သော်တာက ဆန်းမေကို ခပ်တွေတွေကြည့်ရင်း ...

"နင် သူနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ပြီးပြီလား"

"အေး ..."

"နင် တကယ်ပြတ်နိုင်တယ်ပေါ့ ..."

"ပြတ်နိုင်ရမှာပေါ့ ..."

"နင် ဒီလောက် ချစ်ခဲ့တာကို ..."

"သူကမှ ငါ့ကို မချစ်တာ"

"သူလည်း ချစ်ခဲ့မှာပါဟာ ..."

"သူ ငါ့ကို မယုံခဲ့ဘူးလေ၊ ငါ့ကိုချစ်ရင် ယုံကြည်ခဲ့ရမှာ
ပေါ့ ..."

"တစ်ခါတစ်ခါကျတော့ ချစ်တာနဲ့ ယုံတာနဲ့က ထပ်တူ
မကျတတ်ဘူး ဆန်းမေရဲ့၊ မယုံနိုင်ပေမယ့်လည်း ချစ်နေ
မိတာတွေ ရှိတာပဲ ..."

ဆန်းမေက နှုတ်ခမ်းလေး တင်းတင်းစေ့ကာ ငြိမ်
သက်နေလိုက်မိသည်။

အဲ့ဒီနေ့က ဆန်းမေကို ကြည့်နေသည့် သူ့ရဲ့ အေး
ဆက်စက် မျက်ဝန်းတွေကို သတိရသည်။ သူသူနဲ့ ပတ်သက်လို့
အတိုင်းမကျ ဖြစ်လာတိုင်း စိတ္တဆောန်ဆန် ပျာလောင်ခတ်ချ

www.burmeseclassic.com



မငြိမ်မသက်ဖြစ်လာတတ်သော မျက်ဝန်းတွေကို မြင်ယောင်သည်။ အဲ့ဒီမျက်ဝန်းတွေကို မုန်းမိသော်လည်း ဆန်းမေကို စိုက်ကြည့်တတ်သည့် ပြင်းရှ နွေးထွေးသည့် မျက်ဝန်းတွေက ခုထိ ဆန်းမေကို ရင်ခုန် တွယ်ငြိစေတုန်းပင်။

အဲ့ဒီညက မခံမရပ်နိုင်သော နာကျင်ဒေါသဖြင့် အိမ်မှ ထွက်လာခဲ့သော ဆန်းမေဟာ အမေ့အိမ်ကိုလည်း မသွား... မမကေသီကိုခွင့်တောင်းကာ ဆိုင်အပေါ်ထပ် ထပ်ခိုးပေါ်က အခန်းလွတ်လေးမှာ ခဏနေနေခဲ့တာပင်။ သူ့ဆီက ဖုန်းကို မျှော်ခဲ့သော်လည်း သူက ဆန်းမေဆီ ဖုန်းမခေါ်ခဲ့ဘဲ အန်တီထွေးသာ ဆ... တိုက်လို ဖုန်းခေါ်နေခဲ့တာပင်...။ ကျွန်မဆီ ဖုန်းဆက်လိုက်... ရှင့်မာနကို ထိခိုက်မှာစိုးလို့လား ဦးကျော်ဝီရရယ်...။

"ဦးကျော်ဝီရက အတ္တကြီးလားဟင် ဆန်းမေ..."

သော်တာ့ မေးခွန်းကြောင့် ဆန်းမေ နာကျင်... ပြုံးမိပြန်သည်။

"သူ့အတ္တက တစ်နေရာမှာပဲ ကြီးတာပါ"

"ဘယ်လို..."

"သုသုနဲ့ ပတ်သက်လာရင် အရမ်း အတ္တကြီးတယ်၊ ... တဲ့ ကိစ္စတွေမှာတော့ ပုံမှန် မျှတတဲ့ လူတစ်ယောက်... လူတစ်ကိုယ် စိတ်နှစ်မျိုးနဲ့ နေနေသလားတောင် အော... မေ့ရတယ်"

ဆန်းမေက ပြောရင်း စိတ်တိုလာကာ...





"နင်ပဲ စဉ်းစားကြည့်ပါ သော်တာရယ်၊ ငါက သူ စီစီတီဗီကင်မရာတပ်ပြီးတော့တောင် စောင့်ကြည့်ရမယ့် လူလား၊ သုသု သည်းညည်းကို ငါခံလာခဲ့တာ ဘယ်နနှစ်ရှိပြီလဲ၊ သူ့ဘာသာ ဘယ်လောက်အတ္တကြီးကြီး သုသုကိုတော့ ငါ ချစ်တာပဲ၊ သနားတာပဲ...၊ သူ့ကို အမြင်ကတ်တာက သပ်သပ်၊ သုသုကို သနားတာက သပ်သပ်ပဲ...၊

"သူ့အကျင့်ကိုက အဲ့ဒီလိုမျိုးပဲ၊ မမီနဲ့တုန်းကလည်း သုသု ကိုယ်ပေါ်မှာ အသံဖမ်းစက် တပ်ပေးလိုက်ပြီး သူက စောင့်နားထောင်နေခဲ့တာလေ...၊ သူ့မှာ စပိုင်ကျင့် စပိုင်ကြံကို ရှိနေတာ..."

ဆန်းမေက စိတ်လိုက်မာန်ပါ ပြောရင်း ဒေါသထွက်လာကာ မျက်နှာကလေး နီမြန်းလာသည်။

"အဲ့ဒီလူကြီးက အကျင့်ကို မကောင်းတာ၊ ခုလည်း ကြည့်ပါလား၊ ငါ ဆင်းလာတော့ ဖုန်းတစ်ချက် ဆက်ဖော်ရသလား..."

"သြော်...လက်စသတ်တော့ လင်တော်မောင် ဖုန်းမဆက်လို့ စိတ်ကောက်နေတာပါလား"

"အိုး...ဘာလို့ ကောက်ရမှာလဲ၊ နာတာ...စိတ်နာတာ၊ ရင်ထဲ အသည်းထဲက နာနေတာ..."

ဆန်းမေသည် ကိုယ့် ရင်ဘတ်လေးကို ကိုယ်... ...ခံချက်ဆင့်၍ ပုတ်ပြလိုက်ရင်း မျက်ရည်နှစ်စက် လိမ့်ဆင်းလာသည်။ ပြောရင်း ဝမ်းနည်းလှတာမို့ မျက်ရည်က ဘယ်လိုမှ ထိန်း



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်ပါ။ အသည်းခိုက်အောင် ချစ်မိတဲ့ အဖြစ်ကြီးကို ခွဲဖယ် ဖျက်ဆီးလို့လည်း မရနိုင်ပြန်ပါ။

သော်တာက ဆန်းမေရဲ့ လက်ကလေးကို ခွဲယူဖျ ညှစ်လိုက်ရင်း ...

"ဆန်းမေရယ် ... ဦးကျော်ဝီရကို နင် ဒီလောက်ချစ်တာ နင် မမေ့နိုင် မပြတ်နိုင်ပါဘူးဟာ ..."

"ငါ ကြိုးစားမှာပါ ..."

သော်တာက အသာအယာခေါင်းယမ်း၍ သက်ပြ ချလိုက်ပြီး နာရီတစ်ချက်ကြည့်ကာ ...

"၅ နာရီတောင် ထိုးပြီ၊ နင့်အမေ လာတော့မယ်၊ မျက်ရေ လေး ဘာလေး သုတ်ဦး၊ နင်ကလည်း အိမ်ပေါ်ကဆ လာတာ အမေ့အိမ် မသွားဘဲ ဒီကိုလာရတယ်လို့ ...၊ အမေခမျာ စိတ်ပူနေရှာတာ၊ ငါ သွားပြောတုန်းက ချ ချင်း ထလိုက်ပါ့မယ် လုပ်နေလို့ အလုပ်ပိတ်ရက်မှ လာ မှာခဲ့ရတာ ..."

ဆန်းမေက လက်ခုံဖြင့် မျက်ရည်ပွတ်သုတ်လို ရင်း ...

"အိမ်ချင်းကပ်နေတာကြီးကို အမေ့အိမ် ငါဆင်းသွား အန်တီထွေးက ချက်ချင်း လာခေါ်မှာပေါ့ဟဲ့၊ အ လည်း အတင်းပြန်လိုက်ပို့မှာမို့လို့ ဒီကိုလာရတာပေါ့ ..."

"အေးပါ ... ဟုတ်ပါပြီ၊ ငါလည်း ပြန်တော့မယ်၊ နေ နေ့မှ ထပ်လာခဲ့ဦးမယ်"





"အေးပါ ... နင် မအားရင်လည်း မလာနဲ့၊ ရတယ်"

သော်တာက နှုတ်ဆက်ပြီး ပြန်ဖို့ပြင်ချိန်မှာ အောက် ထပ်က ဘဲလ်သံမြည်လာပါသည်။

"ဟော ... နင့်အမေ လာပြီထင်တယ်၊ ငါသွားပြီနော်၊ နင် ဆင်းမလာနဲ့တော့၊ အန်တီ့ကို ငါ တံခါးဖွင့်ပေးခဲ့မယ်"

သော်တာ ဆင်းသွားပြီး ခဏနေတော့ အမေက ဆန်းမေ နေသည့် အခန်းကလေးရှိရာ အပေါ်ထပ်သို့ တက်လာ ပါသည်။

အမေက ဆန်းမေကို တွေ့တွေ့ချင်း ပြစ်တင်စကား ဆိုသည်။

"သမီး ဘာလို့ ဒီလိုလုပ်ရတာလဲကွယ်၊ အမေဖြင့် စိတ်ပူ လွန်းလို့ အိပ်လို့တောင်မပျော်ဘူး၊ သမီး အန်တီထွေးလည်း အရမ်း စိတ်ပူနေတယ်၊ သမီးထွက်သွားတဲ့ ညက မောင် ကျော်ဝီရ ခမျာလည်း တစ်ညလုံး မအိပ်ဘဲ ခြံထဲဆင်းထိုင် နေတယ်တဲ့ ..."

"သူ ကော်ဖီသောက်တာ များသွားလို့ ရင်တုန်ပြီး အိပ် မပျော်တာ ဖြစ်မှာပါ အမေရယ်"

"ဟဲ့ ... နင် ဒီလို ပေါ့ပေါ့မပြောနဲ့၊ သူ့ခမျာ ဘယ်လောက် စိတ်ပူနေရှာမလဲ၊ မမထွေး ပြောပြလို့ အမေလည်း သိပြီးပြီ၊ သမီး ဓာတ်လိုက်ခံခဲ့ရဖူးလို့ မီးပူ မကိုင်ရဲတာကို ဘာလို့ ပြောမပြခဲ့တာလဲ ...၊ သမီး အမှန်အတိုင်း ပြောပြရင် သူ ဘယ်ခိုင်းပါ့မလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြချင်စိတ် မရှိတော့လို့ပါ အမေရယ် ..."

"ညည်းက အရွဲ့တိုက်ချင်တာကိုး၊ အိမ်ထောင်ရေးမှာ တစ်ယောက်နဲ့ တစ်ယောက် မတရားဘူးထင်ရင် ပွင့်ပွင့်လင်းလင်း ပြောပြီး ညှိရမှာပေါ့၊ မကျေနပ်တာကို မကျေနပ်တဲ့အတိုင်း ပြောပြပေါ့၊ မကျေနပ်တာကို ကျေနပ်သလို ကျိတ်မြိုဟန်ဆောင်နေရင် တစ်ချိန်ကျ ပေါက်ကွဲပြီး လမ်းခွဲတဲ့အထိ ဖြစ်သွားနိုင်တယ်၊ အိမ်ထောင်ရေးကို ပေါ့ပေါ့မမှတ်နဲ့ ..."

"ဒါပေမယ့် အမေ ... သူ စီစီတီဗီ ကင်မရာ တပ်ထားတဲ့ကိစ္စက မလွန်ဘူးလား"

အမေက သက်ပြင်းချလိုက်ရင်း ...

"အဲ့ဒါတော့ သူ့စိတ္တဇပေါ့ သမီးရယ်၊ သမီးကိုမှ မဟုတ်ဘူးတဲ့၊ ဘယ်သူ့ကိုမှ မယုံဘူးတဲ့၊ သုသုကို စိုးရိမ်တဲ့စိတ်က စိတ္တဇလိုကို ဖြစ်နေခဲ့တာ သုသု ငယ်ငယ်ကတည်းကပဲတဲ့၊ သုသုနဲ့ ပတ်သက်ပြီး စိတ်ဒဏ်ရာ အကြီးအကျယ်ရခဲ့ဖူးတယ်လို့တော့ မမထွေးက ပြောတာပဲ သမီး ..."

အမေ့စကားကြောင့် ဆန်းမေ နှုတ်ဆိတ်ငိုင်တွေသွားရပါသည်။

စိတ္တဇတဲ့ ...

သူ့စိတ္တဇဟာ ဘယ်လိုမျိုးလဲ ...

ဆန်းမေ သိချင်လှပါသည်။

အမေက ငိုင်နေ သော ဆန်းမေကို ကြည့်ရင်း





"သမီးကို အမေ ပြောစရာရှိတယ် ..."

ဟု တွေးတွေးဆဆ ပြောပြီး စကားဆက်ရမှာဝန်လေးသလို ငြိမ်နေသည်။

"ပြောလေ ... အမေ"

"မောင်ကျော်ဝီရကတော့ ဒီကိစ္စကို သမီး မသိပါစေနဲ့လို့ ပြောထားပေမယ့် ဒီအချိန်မှာတော့ အမေ ပြောသင့်တယ်ထင်လို့ ပြောပြတာပါ၊ တကယ်တော့ အခု အမေ နေနေတဲ့ခြံကို မောင်ကျော်ဝီရ ဝယ်ထားတာ ကြာပြီ ... သမီး"

"ဟင် ... ဘယ် ... ဘယ်လို အမေ ..."

"သမီးပဲ စဉ်းစားကြည့်လေ၊ သူများခြံထဲမှာ အမေတို့နှစ်ပေါင်းများစွာ နေခွင့်ရထားတာ ဆန်းတယ်လို့ မထင်ဘူးလား"

ဆန်းမေက အမေ့ကို ခပ်တွေတွေ ကြည့်နေမိသည်။

"ဒီလိုအခွင့်ရေးမျိုး တစိမ်းဆီက ဘယ်ရနိုင်မှာလဲ သမီးရဲ့၊ ဒီခြံပိုင်ရှင် မမသီဂီတို့က သမီး ဆယ်တန်းနှစ်မှာ ခြံကိုရောင်းဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဝယ်သူလည်း ပေါ်ခဲ့တယ်၊ ဝယ်မယ့်သူကလည်း ငွေချေပြီးတာနဲ့ ဒီခြံမှာ ချက်ချင်းဂိုထောင်ဆောက်ပြီး ပစ္စည်းလာထားစရာ ရှိတယ်၊ သူတို့လုပ်ငန်းသုံးပစ္စည်းတွေ ထားစရာနေရာမရှိလို့ ဒီခြံကို အားချင်း ဝယ်ရတဲ့သဘောဆိုတော့ အမေတို့ကလည်း မြန်မြန်ပြောင်းရွှေ့ပေးရမယ့် သဘောပဲပေါ့၊ အရောင်းအဝယ်ဖြစ်ပြီးရင် သမီး စာမေးပွဲရက်အတွင်းမှာပဲ အမေတို့ ပြောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ရမှာလေ၊ အဲ့ဒီအကြောင်းကို မသီဂီတို့ မိသားစုဆီကနေ မောင်ကျော်ဝီရ ကြားလာခဲ့တယ်၊ နောက်ဆုံး တိုတိုပြောရရင် သူကပဲ ဈေးပိုပေးပြီး အမေတို့နေတဲ့ ခြံကို ဝယ်လိုက်တယ်၊ ပြီးတော့ အမေတို့ကို ဟန်မပျက် ဆက်နေစေခဲ့တယ် ..."

"အဲ့ဒီအကြောင်းတွေ အမေ ဘယ်လိုသိခဲ့တာလဲ ..."

"မသီဂီ ပြောပြလို့ သိတာ၊ မောင်ကျော်ဝီရက အမေ့ကို မပြောပါဘူး၊ မသီဂီနဲ့ လမ်းမှာ အမှတ်တမဲ့ဆုံဖြစ်ရင်း ပြောပြသွားတာ၊ အဲ့ဒီအကြောင်းကို သမီး မင်္ဂလာဆောင်ပြီးမှ အမေ သိတာ၊ အမေ မောင်ကျော်ဝီရကို ကျေးဇူးတင်ကြောင်း သွားပြောတော့မှ သူက ဒီကိစ္စကို ဆန်းမေကို မပြောဖို့ ပိတ်လိုက်တာ၊ သူ စေတနာ သန့်သန့်နဲ့ ကူညီတဲ့ ကိစ္စအတွက် သမီး အားနာ အနေခက်ရမှာမျိုး မဖြစ်ချင်ဘူးတဲ့၊ ဒီကိစ္စအတွက် သမီးဆီက အမှတ်မယူချင်ဘူး ထင်ပါတယ် ..."

ဆန်းမေသည် သက်ပြင်းဖွဖွလေးရှိုက်မိရင်း ၁၀ တန်းတုန်းက အကြောင်းတွေကို ပြန်သတိရလာမိလေသည်။ သူစာသင်ပေးခဲ့တဲ့ နေ့ရက်တွေကို ပြန်စဉ်းစားမိတော့ နှလုံးသားက လှုပ်ခနဲ့သွားသည်။ စာရှင်းပြနေတဲ့ သူ့မျက်နှာကို ခိုးငေးနေတဲ့ ကျောင်းပေါက်အရွယ် ကောင်မလေးရဲ့ နှလုံးသား နုနုဆီက ရင်ခုန်သံကို ခုပင် ပြန်ကြားရသလို ထင်မိသည်။

ဆန်းမေက မချိတရိလေး ပြုံးမိရင်း ...





"ဒါလည်း သုသု အဖော်မဲ့သွားမှာစိုးလို့ သမီး အဝေးမရောက်အောင် လုပ်လိုက်တာဖြစ်မှာပါ အမေရယ် ..."

"သမီးက အဲ့ဒီလိုပဲ ထင်တာလား၊ အဲ့ဒီလိုပဲ ခံစားရတာလား သမီး၊ အမေထင်တယ် ... သမီး သူ့အချစ်ကို မခံစားမိဘဲတော့ မနေပါဘူး၊ သမီးကိုယ် သမီး ညာနေတာလည်း ဖြစ်နိုင်တယ်လေ ...၊ သမီး သေချာ စဉ်းစားပါ၊ သမီး သူ့အချစ်ကို တကယ် မယုံဘူးလား၊ သမီးကရော သူ့ကို လုံးဝ မေ့ထားနိုင်တော့ဘူးလား၊ အဲ့ဒါကိုပဲ သမီး စဉ်းစား၊ ပြီးရင် သမီးဘာသာ ဆုံးဖြတ်၊ သမီးလည်း အရွယ်ရောက်ပြီပဲ၊ သမီးကိစ္စကို အမေ ဝင်မစွက်ဖက်ဘူး၊ သမီး မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ဖို့ပဲ အမေ ဆုတောင်းပေးမယ်၊ ဟုတ်ပြီလား ... သမီး"

ဆန်းမေက အမေ့ကို ငေးကာ ငြိမ်သက်နှုတ်ဆိတ်နေခဲ့လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ဆန်းမေ အိမ်ပေါ်ကဆင်းလာပြီး ၅ ရက်မြောက် နေ့ ညမှာ ဦးကျော်ဝီရဆီက ဖုန်း call ဝင်လာခဲ့လေသည်။

ဆန်းမေသည် အောက်နှုတ်ခမ်းလေးကို ဖိကိုက် လျက် ဖုန်း display ကို ငုံ့ကြည့်နေမိသည်။

မကိုင်ဘူး ... လုံးဝ မကိုင်ဘူး။

ဆန်းမေက အားတင်းကာ ဖုန်းကို စားပွဲပေါ်လှမ်း တင်လိုက်ပြီး အိပ်ရာပေါ် ပစ်လှဲ လျက် စောင်ခေါင်းမြီးခြုံ တစ်ဖက်သို့ လှည့်နေလိုက်သည်။

ဖုန်း Ring tone သီချင်းသံက ဆက်တိုက် ထွက်ပေါ် နေသည်။

ဖုန်းမြည်သံလေး တိတ်သွားတော့ စောင်ကို ဆ ခနဲဖယ်ကာ တံတောင်ဆစ်ကွေးဖြင့် ထောက်၍ ထလိုက်ပြီး ဖုန်း ငုံ့ကြည့်မိသည်။ missed call ဟု ပေါ်နေတာလေးက တကယ် လွမ်းဆွတ်စရာ ကောင်းနေသလိုပင် ...။





တော်ပြီလား ... တစ်ခေါက်ပဲလား ...၊ တစ်ခါခေါ် မရတာနဲ့ လက်လျှော့လိုက်ပြီလား ...၊ နောက်တစ်ခါ ခေါ်ရမှာ ပျင်းသလား ...။

နောက်ထပ် ဖုန်းဝင်မလာတော့တာမို့ အိပ်ရာပေါ် ပြန်ပစ်လှဲကာ ငြိမ်သွားသော ဆန်းမေရဲ့ မျက်ဝန်းထဲမှာ မျက်ရည် စလေးတွေ ရစ်သီလာပါသည်။

*"ငါ ခံစားလို့ နေရလည်း x x နှင်စိတ်ချမ်းမြေ့တယ်ဆိုရင် ပြီးတာပဲ x x"*

"ဟင် ..."

နောက်တစ်ကြိမ် ဖုန်းမြည်သံလေး ထွက်ပေါ်လာ လျှင် ဆန်းမေက ဆတ်ခနဲ ထထိုင်ကာ ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို ..."

"ဆန်းမေ ..."

သူ့အသံ ကြားရတော့ ဆန်းမေ ငိုချင်လာသည်။ သူ့အသံက အနည်းငယ် နွေးထွေးသည်ဟု ထင်ရသည်။

"ဟုတ်ကဲ့ ... ပြောပါ"

ဆန်းမေက အသံကို မတုန်အောင် ထိန်းကာ ခပ် စိမ်းစိမ်း ပြန်ပြောလိုက်ပါသည်။

"နေကောင်းလား ဆန်းမေ ..."

"ဟုတ်ကဲ့ ... ကျန်းမာပါတယ်"

သူက ခဏတိတ်ဆိတ်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုလိုနေရတာ ပျော်သလား ..."

ဒါ ဆန်းမေ မျှော်လင့်သည့် စကားမှမဟုတ်တဲ့ ...။

ဆန်းမေက အပေါ်နှုတ်ခမ်းလေးတွန့်ကွေးကာ ပြုံးလိုက်ရင်း ရင်ထဲမှာ တစ်ချက် နာသွားသည်။

"ဟုတ်ကဲ့ ... ပျော်ပါတယ်၊ ခုလိုနေရတာ အေးချမ်းပါတယ်"

သူ တိတ်ဆိတ်သွားပြန်သည်။ သူ ဘာပြောမလဲဆိုတာ ဆန်းမေက ရင်ခုန်စွာ စောင့်မျှော်နေလိုက်မိသည်။

"ဟုတ်မှာပါ ... ကိုယ်တို့ မောင်နှမ ဒဏ်ကို ဘယ်သူမှ မခံနိုင်ဘူးဆိုတာ ကိုယ် နားလည်ပါတယ်"

ဟင့်အင်း ... အဲ့ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ဆန်းမေကို ရှင် နားမလည်ပါလား ဦးကျော်ဝိရရယ် ...။ မိန်းကလေး တစ်ယောက်ရဲ့ အထာကို ပါးပါးလေးတောင် သဘောမပေါက်ဘူးလား ... ညံ့လွန်းပါတယ် ရှင်။

"ကောင်းပြီလေ ... မင်း ပျော်သလိုပဲနေပါ၊ ဘာပဲလိုအပ်လိုအပ် ချက်ချင်း ဖုန်းဆက်ပါ၊ မင်းလိုချင်တာမှန်သမျှ ကိုယ် အားလုံး ပို့ပေးပါ့မယ်"

"ဘာမှ မလိုအပ်ပါဘူး ဦး ..."

ဆန်းမေက ဖုန်းချလိုက်ပြီး မျက်နှာကိုမော့ကာ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်၍ မျက်ရည်တွေကို မျက်လုံးအိမ်ထဲက ကျမလာအောင် ကြိုးစားလိုက်မိသည်။





မျှော်လင့်တာက တခြား ...

ပြောလာတာက တခြား ...

ဘယ်လောက်တောင် လွဲမှားနေဦးမှာလဲ ဦးကျော်ဝိရရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

* * *

နောက် သုံးရက်အကြာ ညနေခင်းတွင် ဆန်းမေထံ သို့ သတင်းဆိုးတစ်ခု ရောက်ရှိလာခဲ့သည်။

"သုသု ကားတိုက်ခံရလို့တဲ့ သမီး၊ အခု ဆေးရုံကနေ အိမ် ပြန်ခေါ်လာပြီ၊ သမီး အမြန်ပြန်ပါ"

အမေ့ဆီက ဖုန်းရရချင်း ဆန်းမေ ဆိုင်မှပြေးထွက် လာခဲ့သည်။ တက္ကဆီငှားပြီး အိမ်သို့ပြန်နေသည့် လမ်းတစ်လျှောက် လုံးမှာ မျက်လုံးစုံမှိတ်၍ လက်အုပ်ကလေးချီကာ 'သုသု ဘာမှ မဖြစ်ပါစေနဲ့'ဟု ဆုတောင်းလာခဲ့သည်။

သုသုနဲ့ ပတ်သက်ပြီး ဦးကို နာကြည်းခဲ့ရပေမယ့် လည်း သုသုကို ဆန်းမေချစ်ပါသည်။ သုသု စိတ်မှာရော ကိုယ် မှာပါ ဘာဒဏ်ရာမှ မရစေချင်ပါ။ ဦး မြတ်နိုးသည့် သက် သက်မဲ့ ဘယ်အရာကိုမဆို ဆန်းမေလည်း တန်ဖိုးထားမိပါသည်။

အိမ်ရှေ့မှာ ကားရပ်ရပ်ချင်း ဆန်းမေက အိမ်ထဲ ပြေးဝင်လာခဲ့သည်။





"အေးရီ... သုသုကော၊ သုသု ဘယ်မှာလဲ..."

"သုသု အိမ်ပေါ်ထပ်မှာ သမီး"

"အန်တီထွေး..."

ဆန်းမေက အန်တီထွေးဆီ အပြေးသွားကာ အန်တီ ထွေး လက်တွေကို ဆုပ်ကိုင်ထားလိုက်ရင်း...

"အန်တီထွေး... သုသု ဘာဖြစ်သွားလဲဟင်၊ ဆန်းမေလေ ဆန်းမေ..."

ဆန်းမေသည် စကားဆုံးအောင် မပြောနိုင်ဘဲ မျက် ရည်တွေတွေ ကျလာသည်။

အန်တီထွေးက ဆန်းမေ၏ ပခုံးလေးကို ဖွဖွပုတ် လိုက်ရင်း...

"စိတ်မပူပါနဲ့ သမီး၊ သုသု ဒဏ်ရာက မပြောပလောက် ဘူး၊ ခေါင်း နည်းနည်းထိပေမယ့် အပေါ်ယံပဲ၊ လက်မောင်း မှာ နည်းနည်း ပွန်းမိတာလေးပဲ ရှိတယ်"

ဆန်းမေက နည်းနည်း စိတ်သက်သာရာ ရသွားကာ

"ဘယ်လိုက ဘယ်လို ဖြစ်ရတာလဲဟင်... အန်တီထွေး"

"သုသုက သမီး အိမ်ကထွက်သွားကတည်းက သမီးကို အမြဲမေးတယ်၊ ပြန်ခေါ်ပေးဖို့ ပူဆာတယ်၊ တစ်ခါတလေ ခြံစောင့်အလစ်မှာ အပြင်ထွက်သွားပြီး သမီးကို လိုက်ရှာ မယ်လုပ်နေလို့ အမြဲ စောင့်ကြည့်နေရတာ၊ ဒီနေ့တော့ အန်တီထွေး ဘုရားဝတ်ပြုနေတဲ့အချိန်မှာ လစ်ထွက်သွား ရင်း လမ်းဖြတ်အကူးမှာ တိုက်မိတာပဲ၊ တိုက်တယ်ဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ထိမိရုံပဲဆိုပါတော့၊ သူ့ဝိတ်သူ မထိန်းနိုင်လို့ ပစ်
ပြီး နဖူးနဲ့ ခေါင်းအစပ်မှာ ကွဲသွားတာ၊ ခုတော့ ... အကို
အခဲပျောက်ဆေး အရှိန်နဲ့ မှိန်းရင်း အိပ်ပျော်သွားပြီ ...”

အန်တီထွေးက သုသုအကြောင်း ပြောပြသော်လည်း ဆန်းမေကို အပြစ်မတင်ပါ။

“တောင်းပန်ပါတယ် အန်တီထွေး၊ ဆန်းမေ အပြစ်ပ

“ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ အန်တီ
ထွေး သမီးကို နားလည်ပါတယ်၊ သမီးဘက်ကကြည့်
လည်း စိတ်ကွက်စရာတွေ ရှိခဲ့တာကိုး ...”

“ဦးရောဟင် ...”

“အပေါ်ထပ်က သုသု ကစားတဲ့အခန်းထဲမှာ သမီး၊ ဒီ
အချိန်မှာတော့ သူ့စိတ်ဒဏ်ရာဟောင်းတွေ ပြန်ပေါ်လာ
ကယောက်ကယက် ဖြစ်နေဦးမှာပဲ”

“ရှင် ...”

ဆန်းမေက အန်တီထွေးကို မေးခွန်းထုတ်သ ကြည့်လိုက်မိသည်။

“ဘာ ... ဘာကိုလဲဟင် အန်တီထွေး၊ ဦးက အခု ဘာ
ဘာဖြစ်နေလို့လဲ ...”

“သမီး သူနဲ့တွေ့ပြီး စကားပြောလိုက်ပါ၊ သူ သမီး
ပြောပြမှာပါ၊ လာ ... သမီး၊ အပေါ်သွားရအောင်”

အန်တီထွေးက ရှေ့မှဦးဆောင်ကာ အပေါ်ထပ် တက်သွားပြီမို့ ဆန်းမေက နောက်မှ လိုက်တက်လာခဲ့ပါသည်





သုသုရဲ့ ကစားစရာများနှင့် သူတို့မောင်နှမ၏ ဓာတ်ပုံများစွာရှိနေသော အခန်းရှေ့ရောက်တော့ အန်တီထွေးက တံခါးစ်ချက်ခေါက်ပြီး အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

ဦး ...

အခန်းကျယ်ကြီးရဲ့ အဆုံး ထောင့်စွန်းနံရံကို မှီလျက် ကြမ်းပြင်ပေါ်မှာထိုင်နေသော ဦးကို ဘေးတိုက်အနေအထားဖြင့် လှမ်းမြင်လိုက်ရတာမို့ ဆန်းမေက နှုတ်ခမ်းလေး လှုပ်ရှုံ့ တီးတိုး ရေရွတ်လိုက်မိသည်။

ဦးက သူ့မျက်နှာချင်းဆိုင် နံရံ ပေါ်မှာ ချိတ်ဆွဲထားသည့် သုသုရဲ့ ဓာတ်ပုံလေးတွေကို တိတ်ဆိတ်ရီဝေစွာ ငေးမော့ကြည့်နေခဲ့သည်။

အခန်းထဲမှာ မီးတွေအားလုံး ဖွင့်မထားဘဲ ဦး ထိုင်နေသည့် နေရာတစ်ဝိုက်မှာသာ ကွက်ကွက်လေး လင်းနေသည်။ ထိုအလင်းရောင် ဖျော့ဖျော့အောက်မှာ တွေဝေငေးမောစွာ ထိုင်နေသော ဦးပုံစံက မှိုင်းညို့ဆုတ်နစ်နေသည်။

ဒူးတစ်ဖက်ထောင်လျက် ဒူးပေါ်လက်တင်ကာခေါင်းကခပ်စောင်းစောင်းမော့နေသည်။ ချွန်သောနှာတံက ဘေးတစောင်းမှ ပိုပြီးကြည့်ကောင်းကာ ဆံပင်ညိုပျော့တွေက မျက်နှာပေါ် ခပ်ရှိုင်းရှိုင်း စင်းကျနေသည်။

တံခါးခေါက်သံကိုလည်း ဦးက ကြားပုံမရ၊ ဆန်းမေ တို့ ဝင်လာတာကိုလည်း ဦးက မြင်ပုံမရဘဲ သိမှတ်မဲ့စွာ မျောလွင့်နေသလိုမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝီရ ..."

အန်တီထွေးက အခန်းဝမှာရပ်လျက် လှမ်းခေါ်လိုက်သည်။

သူက တံခါးဝဆီ လှမ်းကြည့်လိုက်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူ ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီးတော့ အခန်းတံခါးဝဆီသို့ မပြေးရုံတမည် လျှောက်လာပြီး အန်တီထွေးရဲ့ လက်ဖဝါးနှစ်ဖက်ကို ဖမ်းဆွဲ ဆုပ်ကိုင်လိုက်သည်။

သူ့မျက်လုံးတွေက ပြူးနေပြီး ထိုမျက်ဝန်းထဲမှာ မျက်ရည်စတွေ စွတ်စိုနီရဲနေသည်။ မျက်ဆံက အလျင်အမြန် ရွေ့လျားနေကာ တဏှာမငြိမ် ဖြစ်လျက်ရှိသည်။ တစ်ခဏချင်းမှာပဲ သူ့နဖူးပေါ်မှာ ချွေးတွေ စိမ့်ထွက်လာသည်။ သူ့ပုံစံက အလွန်အမင်း တုန်လှုပ်ချောက်ချား စိုးရိမ်မှုကို သိသာစွာ ဖော်ပြလျက်ရှိသည်။

သူက အန်တီထွေးရဲ့ လက်တွေကို လှုပ်ယမ်းလိုက်ရင်း ...

"အန်တီထွေး ... သုသုဒဏ်ရာက စိတ်ချရပါ့မလားဟင်၊ အတွင်းထဲအထိ သွေးတွေဘာတွေ စိမ့်လာရင် ဘယ်လိုလုပ်မလဲ ...၊ ညီမလေး သေသွားရင် ဘယ်လိုလုပ်မလဲ၊ ဆန်းမေ ... ကိုယ့်ညီမလေး မသေနိုင်ပါဘူးနော်၊ မသေလောက်ပါဘူးနော်"

သူက အန်တီထွေးကို ပြောရင်းကပဲ ဆန်းမေ့





လှည့်ကြည့်ကာ တိုင်တည် အားကိုးဟန်ကလေးဖြင့် မေးလိုက်ပုံကလေးက ဘယ်လို သနားစရာကောင်းမှန်း မသိပေ ...။

ဆန်းမေ တစ်ခါမှ မမြင်ဖူးခဲ့သော အားကိုးတကြီးပုံစံ၊ ကလေးငယ်သဖွယ် ပုံစံလေးက ဆန်းမေရဲ့ နှလုံးသားကို အရည်ပျော်သွားစေသည်။ သူ့ခံစားချက်တွေ ပုံမှန်မဟုတ်တာကို ဆန်းမေ ခံစားသိမြင်လာရသည်။

ဆန်းမေက သူ့လက်ဖဝါးတွေကို လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း ...

"ဦး ... သုသု မသေနိုင်ဘူး၊ ယုံပါ ဦး ... သုသု ဘာမှမဖြစ်ဘူး၊ မသေဘူး"

"ဟုတ် ... ဟုတ်ပါ့မလား ..."

"ဟုတ်တယ် ... သေချာတယ်၊ ဦး ... ဆန်းမေကို ကြည့်၊ ဆန်းမေ မျက်လုံးတွေကို သေချာကြည့် ...၊ ဆန်းမေ ပြောတာ သေချာနားထောင်၊ သုသု မသေနိုင်ဘူး၊ ယုံပါ ဦး ...၊ ယုံလိုက်ပါ၊ ဆန်းမေ ပြောတာ ယုံပါ"

ဆန်းမေက ဦး မျက်လုံးတွေကို စိုက်ကြည့်ပြီး ပြတ်ပြတ်သားသား တစ်လုံးချင်း ပြောလိုက်သည်။ ဦးက ဆန်းမေရဲ့ မျက်လုံးတွေနှင့် ရင်ဆိုင်ကြည့်နေရင်းက တဖြည်းဖြည်း ငြိမ်သက်သွားပါသည်။

အန်တီထွေးက တိတ်ဆိတ်စွာပင် အခန်းထဲမှ ထွက်သွားသည်။ ဆန်းမေတို့ နှစ်ယောက်သာ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်ရင်း ရပ်တန့်ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမေက သူ့ကို နွေးထွေးစွာကြည့်ရင်း သူ့လက်တွေကို ဆက်လက် ဆုပ်ကိုင်ထားလိုက်သည်။

သူ့မျက်လုံးအကြည့်တွေက တဖြည်းဖြည်း တည်ငြိမ်လာသည်။ အေးစက်နေသော သူ့လက်တွေ တဖြည်းဖြည်း ပြန်နွေးလာသည်။

"ဦး ... အသက်ပြင်းပြင်း ရှူပြီး စိတ်ကိုဖြေလျှော့လိုက်ပါ၊ ဦးရဲ့ စိုးရိမ်စိတ်တွေကို ဖျောက်လိုက်ပါ ..."

သူက သက်ပြင်း တစ်ချက်ရှိုက်လိုက်သည်။ ဆန်းမေ ဆုပ်ကိုင်ထားသော သူ့လက်တွေ ပျော့ပျောင်းလာသည်။ ပြီးတော့ သူ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပါသည်။

ဆန်းမေက သူ့ရှေ့မှာ ရပ်တန့်လျက် သူ့ကိုငုံ့ကြည့်နေပြီးမှ သူ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ခေါင်းကို ဆန်းမေ၏ ရင်ခွင်ထဲသို့ ဆွဲသွင်းပွေ့ပိုက်ထားလိုက်ရင်း ...

"ဦး ... ပြောပြပါ၊ ဦး ရင်ထဲမှာ မွန်းကျပ်နေတာတွေ၊ ဦး ခံစားနေရတာတွေကို ဆန်းမေကို ပြောပြပါ၊ ဦး ရင်ထဲမှာ အရမ်းပေါ့ပါးသွားအောင် ရင်ဖွင့်ပြောပြပါနော် ..."

ဟု တီးတိုးညင်သာပြောလိုက်သည်။ သူက ကလေးငယ်သဖွယ် ဆန်းမေကို ပြန်ဖက်ထားလိုက်ရင်း ...

"ကိုယ် ကြောက်တယ် ဆန်းမေ ...၊ ကိုယ့်ညီမလေးကို ကိုယ် ဆုံးရှုံးရမှာ ကြောက်တယ်၊ ကိုယ့်ညီမလေးက အရမ်းကံဆိုးခဲ့တယ် ..."

ဟု တီးတိုးတုန်ရင်စွာ ပြောလေသည်။ ဆန်းမေက





သူ့ရှေ့ မျက်နှာချင်းဆိုင်မှာ တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး သူ့လက်တွေကို လှမ်းဆွဲဆုပ်ကိုင်ထားလိုက်ရင်း သူ့မျက်နှာကိုကြည့်ကာ သူ့စကားကို စောင့်နားထောင်နေလိုက်မိပါသည်။

သူက နံရံဆီက သူ့ညီမလေးနှင့်အတူ ရိုက်ထားသည့် ဓာတ်ပုံလေးကို လှမ်းမျှော်ငေးရင်း တစ်ချက်ပြုံးလိုက်သည်။ သူ့အပြုံးက တောက်ပနူးညံ့လှလေသည်။

"ကိုယ့်အသက် ၁၃ နှစ်မှာ ညီမလေးကို ကိုယ်ဝန်ရှိလာတော့ ကိုယ် အရမ်းပျော်ခဲ့ရတာပေါ့ ..."

သူ့မျက်လုံးတွေက အတိတ်ဆီကို ပြန်သွားနေသလိုမျိုး။ လွင့်မျော ကြည်နူးနေခဲ့သည်။

"ကိုယ်က တစ်ဦးတည်းသော သားလို နှစ်တွေအကြာကြီး နေခဲ့ရတော့ ညီလေးဖြစ်ဖြစ် ညီမလေးဖြစ်ဖြစ် တစ်ယောက်လောက်ရရင် အရမ်းကောင်းမှာပဲလို့ အရမ်း စိတ်ကူးယဉ်ခဲ့ရတာ ...၊

"နှစ်တွေ အကြာကြီးနေမှ မမျှော်လင့်ဘဲ ကိုယ့်မေမေမှာ ကိုယ်ဝန်ရှိလာတော့ ကိုယ်က မေမေ့ထက်တောင် ပျော်ခဲ့တာပေါ့ ...၊

"တစ်နေ့ တစ်နေ့ မေမေ့ဗိုက်ကိုပဲ အရိပ်ကြည့်နေခဲ့တာလေ ...၊ မေမေ့ဗိုက် တစ်ခုခုဖြစ်မှာ ကိုယ်ကြောက်တယ်၊ အဲ့ဒါကြောင့် မေမေ့အခန်းက ရေချိုးခန်း အိမ်သာကို ကိုယ်ကိုယ်တိုင် တိုက်တယ်၊ မေမေ ဈေးဝယ်ဖို့ ဈေးခြင်းကလေး ဆွဲပြီး ထွက်လာရင် အဲ့ဒီဆွဲခြင်းနဲ့ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ကိုယ် ပြေးလုပြီး ဈေးကိုပြေးတာပဲ၊ သားငါးဟင်းရံတွေ ကိုယ့်ဘာသာ ကြည့်ဝယ်လာတာပဲ၊ ဈေးရောင်းတဲ့ အဒေါ်ကြီးတွေနဲ့ ခင်သွားတော့ ဗိုက်ကြီးသည်က ဘာတွေကို စားသင့်ပြီး ဘာတွေကို ရှောင်ရမလဲလို့ ကိုယ် လိုက်မေးခဲ့တယ်၊ အဒေါ်ကြီးတွေက ကိုယ်မေးရင် ရယ်ရယ်မောမော ပြောပြကြတယ်လေ ...၊

"ကိုယ် ပျော်နေတဲ့အချိန်မှာ ထူးဆန်းနေတာက ကိုယ့် အဖေပဲ ...၊

"ကိုယ့်မေမေမှာ ကိုယ်ဝန်ရှိကတည်းက ဖေဖေဟာ မေမေ့ကို အမျိုးမျိုး အပြစ်ရှာ ဆဲဆိုရိုက်ပုတ်တယ်၊ ဖေဖေ ဘာ့ကြောင့် အဲ့ဒီလို လုပ်တယ်ဆိုတာ ကိုယ်မသိခဲ့ဘူး၊ ဖေဖေနဲ့ မေမေ ရန်ဖြစ်ပြီဆို ကိုယ်က သူတို့ကြားထဲပြေးဝင်ပြီး မေမေ့ ဗိုက်ကို ဖက်ကွယ်ထားတယ်၊ မေမေ့ဗိုက်ကို မထိနဲ့လို့ အော်ပြီးပြောတယ်၊ မေမေ့ရှေ့မှာ လက်နှစ်ဖက်ကားပြီးရပ်ရင်း ဖေဖေ့ကို ရင်ဆိုင်တယ် ...၊

"အဲ့ဒီတော့ ဖေဖေက ကိုယ့်ကိုပါရောပြီး ရိုက်ခဲ့တာပေါ့ ...၊ အဲ့ဒီလိုနေ့မျိုးတွေမှာ ကိုယ် အသားဘယ်လောက်နာနာ ကိုယ် အံကြိတ်ခံနိုင်ပေမယ့် ညဘက်ဆို ကိုယ် အိပ်မပျော်တော့ဘူး၊ တရေးနိုးလည်း မေမေ့ဗိုက်ကို ထစမ်းတယ်၊ ဗိုက်ထဲက ကလေး တစ်ခုခုဖြစ်သွားမလား ဒီဗိုက်ကြီးပိန်သွားမလား ...၊ အထဲက ကလေးလေး စိတ်တွေဆင်းရဲနေမလား အမျိုးမျိုးတွေးပြီး အိပ်နေတဲ့ မေမေ့





အနားမှာ ငုတ်တုတ်ထိုင်စောင့်ရင်း မိုးလင်းသွားတဲ့နေ့တွေလည်း ရှိခဲ့တယ် ...၊

"တချို့ညတွေမှာ ဖေဖေက မေမေ့ ဗိုက်ကို လက်သီးနဲ့ ထိုးတယ်လို့ အိပ်မက် မက်ပြီး ကိုယ် ဝုန်းခနဲ ထထိုင်မိတယ်၊ အဲ့ဒီလို ညတွေမှာ ကိုယ် မေမေ့ ခုတင်ခြေရင်းမှာ ထိုင်ပြီး ဖေဖေ ဝင်လာနိုင်မယ့် တံခါးဝဘက်ကို စောင့်ကြည့်ရင်း ငုတ်တုတ် မိုးလင်းရတယ်၊ မေမေ့မှာ ကိုယ်ဝန်ရှိကတည်းက မေမေနဲ့ ဖေဖေက တစ်ခန်းတည်း မအိပ်တော့တာလေ ...၊

"မေမေ့ဗိုက်ကို ပွတ်ပြီး အထဲက ကလေးလေးကို သီချင်းလေးဆိုပြခဲ့တဲ့အချိန်တွေကို ကိုယ် ခုထိမမေ့ဘူး၊ ညီမလေးကို မမြင်ရခင်ကတည်းက ကိုယ် အရမ်းချစ်ခဲ့ပြီး သူ့သေမှာကို စိုးရိမ်ခဲ့ရတာပါ ...၊

"ဒီလိုနဲ့ ညီမလေးကို မေမေ မွေးတဲ့နေ့မှာ ဖေဖေက အိမ်ကထွက်သွားခဲ့တယ်၊ မေမေကလည်း အမြဲငူငူငိုင်ငိုင်နဲ့ ညီမလေးကို စိတ်မဝင်စားဘူး၊ နို့လည်းမတိုက်ဘူး၊ ညီမလေးကို ကိုယ်ပဲ နို့ဘူးတိုက်ခဲ့ရတယ်၊ ဈေးကလူသေးကလူ မွေးခဲ့တယ်၊ ကိုယ်ပဲအမေ ကိုယ်ပဲ အဖေ ဖြစ်ခဲ့ရတာပေါ့ ဆန်းဇေ ...၊

"ဖေဖေဟာ ကိုယ့်ညီမလေးကို သူ့သမီးလို့ မယုံကြည်ခဲ့ဘူး၊ မေမေ့ကို အမျိုးမျိုး စွပ်စွဲပြောဆို ရန်လုပ်ပြီး ညီမလေး မွေးတော့မှ အိမ်ကထွက်သွားတော့တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သားကြောဖြတ်ထားခဲ့လို့တဲ့လေ ...။ သားကြောဖြတ်ထားရက်နဲ့ ကလေးရလို့တဲ့လေ၊ သားကြောဖြတ်ထားရက်နဲ့လည်း အခန့်မသင့်ရင် ကလေးပြန်ရနိုင်တာကို မသိဘဲ အမျိုးမျိုး စွပ်စွဲနှိပ်စက်ခဲ့တာတဲ့လေ၊ ဘယ်လောက် အဖြစ်ဆိုးသလဲ ဆန်းမေ ...။

"ကိုယ့်မေမေဟာ မီးတွင်းထဲမှာကတည်းက ငူငူငိုင်ငိုင်နဲ့ လုံးဝ စကားမပြောတော့ဘဲ စိတ္တဇလို ဖြစ်သွားခဲ့တယ် ...။

"ကိုယ့်မေမေမှာက အမေ မရှိတော့ဘူး၊ အဖေက နိုင်ငံခြားမှာ နောက်အိမ်ထောင်နဲ့၊ ကိုယ့်အဖေဘက်က မိဘတွေကတော့ အဖေဘက်ကပါပြီး ကိုယ်တို့ကို လှည့်မကြည့်ခဲ့ဘူးပေါ့ ...။

"ညီမလေး နှစ်နှစ်အရွယ်မှာ မေမေက ကိုယ်တို့ကို ထားပြီး အိမ်ကထွက်သွားခဲ့တယ်၊ အဲ့ဒီညကို ကိုယ်မမေ့ဘူး၊ ကိုယ့်ညီမလေးကိုချီပြီး ကိုယ် တစ်ညလုံး မေမေကို လိုက်ရှာခဲ့ရတယ်၊ မေမေ သွားတတ်တဲ့ နေရာတွေကို လိုက်ရှာရင်း ကိုယ် အရမ်းပင်ပန်းပြီး အိပ်ချင်လာတာနဲ့ ဘတ်စ်ကားမှတ်တိုင် ထိုင်ခုံလေးပေါ်မှာ ခဏထိုင်နားလိုက်မိတယ်၊ နောက်တော့ ကိုယ် ဘယ်လိုကဘယ်လို အိပ်ပျော်သွားမှန်း မသိလိုက်ဘူး၊ ကိုယ် နိုးလာတော့ ကိုယ့်အနားမှာ ကိုယ့်ညီမလေး မရှိတော့ဘူး ...။

"ကိုယ် အရူးတစ်ပိုင်း ဖြစ်သွားတယ်၊ အခ





အနားတစ်ဝိုက်ကို ပြေးသွားပြီး ညီမလေးကို အော်ခေါ်ရင်း ကိုယ် ရှိုက်ကြီးတငင် ငိုနေမိတယ်၊ ညီမလေး သေပြီလား၊ ကားတိုက်သွားပြီလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ရူးမတတ်ပါပဲ ...။

"ကိုယ် အဲ့ဒီလို ပြေးလွှားရှာနေရင်း လမ်းပေါ်က ကားဘရိတ်အုပ်သံ အကျယ်ကြီးကို ကြားလိုက်ရပြီးဟာ ... ကလေး ကလေး ဆိုတဲ့ အသံတွေကိုပါ ကြားလိုက်ရတယ် ...။

"ကိုယ် အဲ့ဒီကို ပြေးသွားပြီး လူအုပ်ကြားထဲကို တိုးဝင်လိုက်တော့ လူအုပ်အလယ်မှာ မျက်လုံးလေး အကြောင်သားနဲ့ မတ်တတ်လေးရပ်ပြီး တုန်ယင် ကြောက်လန့် မင်သက်နေတဲ့ ညီမလေးကို တွေ့လိုက်ရတယ် ...။

"ကိုယ် ညီမလေးကို ပြေးဖက်ပွေ့ချီလိုက်တော့လည်း ညီမလေးက ခပ်ကြောင်ကြောင်လေး ပါလာတယ်၊ ငိုလည်း မငိုဘူး၊ ညီမလေးက အရမ်းလန့်ပြီး ကြောင်သွားသလိုမျိုး ဖြစ်နေတယ်၊ နောက်တော့ ကိုယ့်ညီမလေး ဉာဏ်ရည် မမီ့တာကို ကိုယ် တဖြည်းဖြည်း သတိထားမိလာခဲ့တယ် ...။

"သိပ်မကြာခင်မှာပဲ ကိုယ့် မေမေ ကားတိုက်ခံရပြီး ဆုံးသွားတယ်ဆိုတာ ကိုယ် သိခဲ့ရတယ်၊ ကိုယ့်ဖေဖေကိုတော့ သတင်းအစအန မရခဲ့ပါဘူး၊ အဲ့ဒီအချိန်တွေဟာ ကိုယ်တို့ မောင်နှမအတွက်တော့ တကယ့် ငရဲခန်းပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ကိုယ့် မေမေရဲ့ အဖေက နိုင်ငံခြားက ပြန်လာပြီး ကိုယ်တို့ မောင်နှမကို ခေါ်သွားခဲ့တယ်၊ အဘိုးက အရမ်းချမ်းသာတဲ့သူဆိုတော့ ကိုယ်တို့ ပြည့်ပြည့်စုံစုံ နေခဲ့ရပါတယ်၊ ဒါပေမယ့် အဘိုးရော သူ့မိန်းမပါ အလုပ်များတဲ့သူဆိုတော့ ကိုယ်တို့ကို နွေးနွေးထွေးထွေးတော့ ဂရုမစိုက်ပေးနိုင်ဘူးပေါ့၊ အဘိုးဆီမှာ လာမှီခိုနေရတဲ့ အန်တီထွေးကတော့ ကိုယ်တို့ကို ဂရုစိုက်ခဲ့ပါတယ် …

"နောက်တော့ ကိုယ် ကျောင်းတက်တယ် အလုပ်လုပ်တယ်၊ အဘိုးဆီက အမွေတွေ ရတယ်၊ ကိုယ့် အလုပ်တွေ အောင်မြင်လာတယ် ဆိုပါတော့၊ ဒါပေမယ့် ကိုယ် ဘယ်လို အခြေအနေပဲရောက်ရောက် ဘယ်လောက် နှစ်တွေကြာကြာ ညီမလေး သေမှာစိုးတဲ့ ကိုယ့် စိုးရိမ်စိတ် က ပျောက်မသွားခဲ့ဘူး …၊

"ကိုယ့်ညီမလေးနဲ့ ပတ်သက်ပြီး တစ်ခုခု စိုး စရာ ပေါ်လာပြီဆိုတာနဲ့ ကိုယ့် တစ်ကိုယ်လုံး အေးစက် ချွေးတွေထွက်လာတယ်၊ လူက ကတုန်ကယင် ကယော ကယက် ဖြစ်လာတယ်၊ ညီမလေးကလွဲပြီး ဘယ်သူ ကိုယ့်စိတ်ထဲမှာ မရှိတော့ဘူး၊ ကိုယ် အရမ်းပျာယာခ လာတယ်၊ ဒေါသကြီးလာတယ်၊ လူတွေကို မယုံ ဘူး …၊

"နိုင်ငံခြားမှာကတည်းက ကိုယ့်မိတ်ဆွေ





ကိုလော့ဂျစ် (psychologist-စိတ်ရောဂါ ပညာရှင်) တစ်ယောက်ကို ကိုယ့်အကြောင်း ပြောပြခဲ့ဖူးတယ်၊ သူ ပြောတာရော၊ ကိုယ့်ဘာသာ သုံးသပ်မိသလောက်ရော ဆိုရင်တော့ ကိုယ့်မှာ Anxiety neurosis ဆိုတဲ့ စိုးရိမ်စိတ် ဖိစီးမှုဝေဒနာ အပျော့စားလေးဖြစ်တဲ့ သဘောမျိုးပဲ၊ ဒါ စိတ်ရောဂါကြီးတော့လည်း မဟုတ်ဘူးပေါ့၊ ငယ်ငယ်ကတည်းက ရခဲ့တဲ့ အကြီးစား စိတ်ဖိစီးမှုကနေ ညီမလေးနဲ့ ပတ်သက်တဲ့ စိုးရိမ်သောကက ပုံမှန်ထက်ပိုပြီး ဖြစ်တတ်တဲ့ သဘောပဲပေါ့ …၊

"အဲ့ဒီစိတ်ကြောင့်ပဲ ကိုယ် ရည်းစားတွေထားတိုင်း ကွဲခဲ့ရတာ မိမိမိုးဦး အထိပဲ …၊ ကိုယ် တွဲခဲ့တဲ့ မိန်းကလေးတွေဟာ ကိုယ့် ညီမလေးကို မနှစ်မြို့ခဲ့ကြဘူး၊ ကိုယ့်ကွယ်ရာမှာ ညီမလေးကို စိတ်ဒဏ်ရာရစေတဲ့ အပြုအမူ အပြောအဆိုတွေ လုပ်ခဲ့ ပြောခဲ့ကြတယ်၊ အဲ့ဒါကြောင့်ပဲ ကိုယ့်မှာ မယုံသင်္ကာ စိုးရိမ်စိတ်တွေ ပိုပြီး တိုးလာခဲ့ရတယ်၊ သူတို့နဲ့ ကွဲရတိုင်းလည်း ကိုယ် ဘယ်လိုမှ မခံစားခဲ့ရပါဘူး၊ ညီမလေးကို သူတို့မကြည်ဖြူဘူးဆိုတာ သိလိုက်တာနဲ့ ကိုယ့်စိတ်မှာ သူတို့ဟာ သူစိမ်းပြင်ပြင် ဖြစ်သွားတတ်တယ် …၊

"မင်းကျတော့ ဒီလို မဟုတ်ဘူး၊ မင်းကို ကိုယ့် အကျင့်အတိုင်း မယုံသင်္ကာဖြစ်ခဲ့ပေမယ့် မင်း ထွက်သွားတဲ့ အချိန်မှာ ကိုယ် အရမ်းခံစားရတယ် …၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ မောင်နှမရဲ့ ဘဝအခြေအနေအရ ကိုယ့်မှာ စိတ်ဖိစီးမှုတွေ ပေါ်လာတိုင်း အစွန်းရောက်တဲ့ စိုးရိမ်သောကစိတ်ကြီးနဲ့ မင်းအပေါ် ရက်စက်သလိုတွေ ဖြစ်ခဲ့ရတယ် ...၊

"ကိုယ် တကယ်အားနာပြီး တကယ်ပဲ တောင်း ပန်ပါတယ် ဆန်းမေ ...၊

"ကိုယ်လိုလူ တစ်ယောက်နဲ့ အတူတူနေရင် မင်း မပျော်ရွှင်နိုင်ဘူးဆိုတာ သိလို့ မင်းကို ကိုယ် အတင်း ပြန်မခေါ်ရက်တာပါ ...၊

"ကိုယ် တစ်ခုတော့ ဝန်ခံပါတယ်၊ ညီမလေး အတွက် မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် မင်း ကိုယ် တကယ် ချစ်လာခဲ့ပါတယ် ..."

သူ့ရဲ့ အဆုံးသတ် စကားက သူ့ကို သနားစိတ် နူးညံ့နစ်မျော ငြိမ်သက်နေသော ဆန်းမေရဲ့ နှလုံးသားကို တစ် ချက် ဆွဲခါလိုက်သည်။

ဆန်းမေက သူ့မျက်လုံးတွေကို စိုက်ကြည့်နေ ရင်း ...

"ဘယ်အချိန်က စချစ်ခဲ့တာလဲ"

"မင်္ဂလာဆောင်တဲ့နေ့က မင်း အလှပြင်နေတဲ့ အခန်း ဝင်လာတဲ့ ကိုယ့်ကို လှမ်းကြည့်လိုက်တဲ့ မင်းမျက်လုံး တွေကို မြင်လိုက်ချိန်ကတည်းကပါ ..."





သူ့စကားက နှလုံးသားကို နောက်တစ်ချက် ဆွဲခါ လိုက်ပြန်သည်။

"ပြီးတော့ ... အဲ့ဒီမတိုင်ခင်ကတည်းက မင်းက ကိုယ့်စိတ် ထဲမှာ ရှိနေခဲ့ပါတယ်"

သူ့မျက်လုံးတွေက ပိုပြီး နူးညံ့လာပါသည်။

"ကိုယ် မင်းကို တကယ်ချစ်ခဲ့ပါတယ် ... ယုံပါ ဆန်းမေ၊ မင်း ကိုယ့်အနားမှာ မနေနိုင်လည်း မင်းယုံရင် ကိုယ် ကျေနပ်ပါပြီ ..."

သူ့မျက်လုံးတွေကို ဆန်းမေ စိုက်ကြည့်နေလိုက်မိ သည်။

အဲ့ဒီမျက်ဝန်းတွေက သူ မညာဘူးဆိုတာကို ဖော်ပြ နေသည်။

ဆန်းမေတို့ နှစ်ယောက်ကြားက လွမ်းမော ကြည်နူး ဖွယ်ရာ အမှတ်တရတွေကို ဖော်ပြနေသည်။

အချစ်ရဲ့အငွေ့အသက်လေးတွေဖြင့် စိုစွတ်တောက်ပ သော ထိုမျက်ဝန်းတစ်စုံရဲ့ အကြည့်ကို ဆန်းမေဘဝနှင့် ပုံ၍ ယုံကြည်လိုက်ပါသည်။

"ချစ်တယ် ..."

ဆန်းမေက သူ့ကို စိုက်ကြည့်၍ ပြောလိုက်ပြီး သူ့ကို ညင်သာစွာ ဖက်ပွေ့လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ချစ်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခွန်း ထပ်ပြောရင်း သူ့ခေါင်းကို ပါးဖြင့် ဖိအပ်ထားလိုက်မိသည်။

"ရှင့်အနားမှာ အမြဲနေပါ့မယ် ..."

နောက်ဆုံး တစ်ခွန်း ပြောလိုက်ချိန်မှာတော့ သူ့မျက်နှာအပ်ထားသည့် ခေတ်ဆန်းမေ၏ ပခုံးစွန်းကလေး စွတ်စိုသွားတာကို သိလိုက်လေသည်။

မငိုပါနဲ့ ဦးရယ် ...

ဦးရဲ့ မျက်ရည်တွေကို အကြင်နာလက်နဲ့ သုတ်ပါ့မယ် ...။

ပုညခင်

1 : 18 Am

12.9.2013



www.burmeseclassic.com